www.foreverspace.com.mm

# LIVING COLOR

ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်
စီးပွားရေးသတင်းမဂ္ဂဇင်း

No. 180,JULY, 2010



## အုတ်ကျစ်ကျော်အေး မန္တလေးမှသည် ကော့စမိုပိုလီတန် မန္တလေးဆီသို့

www.foreverspace.com.mm

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.foreverspace.com.mm

This magazine is founded and managed by
board of directors of Myanmar Partners Think Tank Group
in june, 1995 underlicensed of Living Color.

RECYCLE
KEEP THE WORLD GREEN.

၁ ။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်း၊ သတင်းဆောင်းပါး၊ ဆောင်းပါးနှင့် အခြား ဖော်ပြချက်အားလုံး ကလောင်အမည် ဖော်ပြထားသည်ဖြစ်စေ၊ ကလောင်အမည် မဖော်ပြဘဲ ထားသည်ဖြစ်စေ၊ LIVING COLOR အယ်ဒီတာအဖွဲ့၏ အာဘော် ဖြစ်သည်။

၂ ။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို LIVING COLOR မဂ္ဂဇင်းမှ ရရှိကြောင်း ဖော်ပြ၍ လွတ်လပ်စွာ ကိုးကားနိုင်ပါသည်။

၂ ။ ဤစာအုပ်၏ မြန်မာ့စီးပွားရေးသတင်းကဏ္ဍတွင် ဖော်ပြထားသော သတင်းများ ( အထူးသဖြင့် ဘောင်ခတ် ဖော်ပြထားသောသတင်းများ ) ကို နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေနေသော မီဒီယာတစ်ခုခုပေါ်မှ အပိုဒ်လိုက် သော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ဘာသာပြန်ဆိုဖော်ပြခြင်းကို လုံးဝ (လုံးဝ) တားမြစ်သည်။ ဘာသာပြန်ဆိုဖော်ပြလိုပါက LIVING COLOR ၏ ခွင့်ပြုချက် ရယူရမည် ဖြစ်ပါသည်။

www.foreverspace.com.mm

## Editorial

# စီးပွားရေးအပြောင်းအလဲနှင့် မြို့တော်များ

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တော်နှင့် စီးပွားရေးဒုတိယမြို့တော်ဖြစ်သည့် မန္တလေးမြို့တော်တို့၏ စီးပွားရေးအခြေအနေနှင့် အခွင့်အလမ်းများ နှိုင်းယှဉ်ကြည့်သောအခါ ထူးခြားမှုတစ်ရပ်ကို မြင်တွေ့ရပါသည်။

အဆိုပါမြို့တော်နှစ်ရပ်၏ ပြည်သူများ ရာစုကြီး စီးပွားရေးလှုပ်ရှားလုပ်ကိုင်ပုံများကို နှိုင်းယှဉ်ကြည့်ခဲ့ပါလျှင် မန္တလေးမြို့တော်သည် ပို၍သက်ဝင်လှုပ်ရှားသည်ကို သိသာစွာ တွေ့ရပေသည်။ အလားတူအခြေအနေမျိုးကို ဈေးကွက်စီးပွားရေးခေတ်ဦးအစ ၁၉၉၀ ပြည့်လွန်နှစ်များတွင် တစ်ကြိမ် သိသာစွာ မြင်တွေ့ခဲ့ရဖူးပါသည်။

ဈေးကွက်စီးပွားရေးခေတ်ဦးအစဖြစ်သော ၁၉၉၀ ပြည့်လွန်နှစ်များတွင် မြို့တော်ရန်ကုန်သည် သိသာစွာ နိုးထလာခဲ့ခြင်းမရှိခဲ့သော်လည်း မန္တလေးမြို့တော်၏ ရောင်းဝယ်ဖောက်ကားမှုပုံသဏ္ဍာန်မှာ သိသာစွာ ပြောင်းလဲသွားပြီး ရုတ်ခြည်းစီးပွားဖြစ်သွားခဲ့သည်ကို တွေ့ခဲ့ရဖူးပါသည်။ ယနေ့မြန်မာနိုင်ငံတွင်ခေတ်စားနေပြီဖြစ်သည့် စင်တင်တေးဂီတပွဲများမှာ မန္တလေးမြို့တော်၏ အနောက်တောင်ကျုံးထောင့်မှ ၁၉၉၀ ပြည့်လွန်နှစ်များတွင် စတင်ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။ ထိုကာလများက မန္တလေးမြို့တော်၏ မြေကွက်ဈေးနှုန်းများသည် ရန်ကုန်ဈေးနှုန်းများကို ကျော်လွန်သွားခဲ့သည်ကို တွေ့ခဲ့ရသည်။

ယခုအခါ မန္တလေးမြို့တော်နှင့် ရန်ကုန်မြို့တော်အကြား ကွာဟမှုပုံသဏ္ဍာန်သည် ၁၉၉၀ ပြည့်လွန်နှစ်များနှင့် အလားတူဖြစ်လာနေသည်ကို တွေ့ရပြန်ပါသည်။ မန္တလေးမြို့တော်တွင် ဖြစ်ပေါ်နေသော အရောင်းအဝယ်များနှင့် လှုပ်ရှားသွားလာမှုပုံသဏ္ဍာန်၊ ဝယ်လိုအား၊ ရောင်းလိုအားများ၊ မြေကွက်ဈေးနှုန်းများသည် မဟာရန်ကုန်ထက် များစွာသက်ဝင်သည်ကို သိသာစွာ တွေ့မြင်နေရပြန်ပါသည်။

အခြေအနေအရပ်ရပ်ကို သုံးသပ်ကြည့်ရသည်မှာ စီးပွားရေးပုံသဏ္ဍာန်တစ်ခုပြောင်းတိုင်း ဗဟိုချက်နှင့်ဝေးသော မန္တလေးကဲ့သို့ မြို့တော်များတွင် ဗဟိုကိုမှုမတည်သည့်၊ တစ်နိုင်ငံလုံးကိုမှုတည်သည့်၊ နယ်စပ်ကိုမှုတည်သည့် စီးပွားရေးလုပ်ငန်းများ အရင်ဦးစွာဖြစ်ထွန်းလေ့ရှိပြီး ဗဟိုချက်ကိုမှုတည်သည့် စီးပွားရေးမြို့တော်သည် ဗဟိုချက်မ၏ပြောင်းလဲမှုနှုန်းထားအတိုင်း လိုက်ပါရသူဖြစ်၍ နှေးကွေးစွာဖြစ်ထွန်းသည်ဆိုသည့်သဘောဖြစ်မည်လား မဆိုနိုင်ပေ။ များစွာသေချာသည်မှာ သာမန်ပြည်သူများအနေဖြင့် မန္တလေးမြို့တော်တွင် ပို၍ဝင်ငွေကောင်း၍ အလုပ်အကိုင်ကောင်းမွန်သည်ဆိုသောအချက်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ဈေးကွက်စီးပွားရေးဆိုသည်မှာ နိုင်ငံတစ်ဝန်း နိုင်ငံသားတိုင်း အညီအမျှ တိုးတက်ဖွံ့ဖြိုးခြင်းကို ရည်ရွယ်လုပ်ကိုင်ရသည့်အားလျော်စွာ စီးပွားရေးမြို့တော် ရန်ကုန်သည်လည်း ၁၉၉၀ ပြည့်လွန်စီးပွားရေးခေတ်သစ် ဒုတိယပိုင်းကာလမှာကဲ့သို့ ပြန်လည်ဖွံ့ဖြိုးလာဦးမည်ဟု မျှော်လင့်ပါသည်။

**အယ်ဒီတာ**

**(၉-၆-၂၀၁၀)**

# LIVING COLOR

www.foreverspace.com.mm

LIVING COLOR. No.180, JULY. 2010.


1 အယ်ဒီတာ့အာဘော်

6 ယခုလအကြိုက်ဆုံးဝန်ဆောင်မှု

7 ယခုလသတင်းအညွှန်း

5 ယခုလအကြိုက်ဆုံးကြော်ငြာ

8 မြန်မာ့စီးပွားရေးသတင်း

17 မျက်နှာဖုံးဆောင်းပါး

အုတ်ကျစ်ကျော်အေးမန္တလေးမှသည် ကော့စမိုပိုလီတန်မန္တလေးဆီသို့

ကျော်ကျော်မင်း ၊ နိုင်မင်းဝေ

18 "မန္တလေးသားမဟုတ်ပေမယ့် မန္တလေးမှာ နေရတာဂုဏ်ယူတယ်"

မန္တလေးမြို့အခြေပြုကုသိုလ်ဖြစ်အခမဲ့ဆေးခန်းများကို အထောက်အကူပြုပေးနေသူ ဒေါက်တာကျော်ဦးနှင့် တွေ့ဆုံခြင်း

ကျော်ကျော်မင်း

23 "အမိုက်လိုက်ကောက်တယ်ဆိုတဲ့ကိစ္စက ရန်ကုန်မှာတော်တော်ခေတ်စားနေတာ၊ အခု ဒီမှာပါ Change လာတယ်"

မန္တလေးသားမြို့အခြေစိုက် Tip Top Capacity Development Center တည်ထောင်သူ ဦးဇော်မင်းထွန်းနှင့် တွေ့ဆုံခြင်း

ကျော်ကျော်မင်း

46 မြန်မာ့စီးပွားရေးမြင်ကွင်း

စီးပွားရေးလုပ်ငန်းကြီးများ၏နောက်ကွယ်မှ ဒေါက်တိုင်များ(SMEs)

မိုးခိုင်

52 မြန်မာ့တတိယဆန်အိုးရွှေဘို

နိုင်မင်းဝေ

56 ဝတ်စားဆင်ယင်မှုနှင့် ရိုးရာယဉ်ကျေးမှု

ဆွေငြိမ်းအေး ၊ ချမ်းငြိမ်းဖြူ

68 မသန်စွမ်းသူတို့ ရောင်နီသန်းချိန်

ကျော်ဇေယျာထွန်း ၊ မြနှင်းအေး

76 ရန်ကုန်ကုန်စည်ဈေးကွက်

နိုင်မင်းဝေ ၊ ဇာလီကျော်

82 တွေ့ဆုံခြင်း

"အပြင်မှာ ဖန်တီးလို့မရတဲ့ စိတ်ကူးယဉ်ဆန်ဆန်ရိုက်ချက်မျိုးတွေမှာ သုံးတယ်"

'နတ်ဖြစ်ရတဲ့ဒုက္ခ' မြန်မာရုပ်ရှင်ဇာတ်ကားတွင် ပထမဦးဆုံးအကြိမ် 3D Animation ပြုလုပ်ဖန်တီးခဲ့သူ ဦးနေလင်းထွန်းနှင့် တွေ့ဆုံခြင်း

နွယ်နွယ်

36 မြန်မာ့စီးပွားရေးအမြင်

နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တော်တို့၏ စီးပွားရေး

ကျော်စွာ

40 မန်းတောင်ရိပ်ခို

ပါမောက္ခဒေါက်တာအောင်ထွန်းသက်




www.foreverspace.com.mm

LIVING COLOR. No.180, JULY. 2010.


42 စီးပွားရေးလုပ်ငန်းငယ်များ ဆုံးရှုံးရခြင်း၏ အကြောင်းရင်းခံများ

မှူးခန့်စံ

84 ရက်စွဲမှတ်တမ်း

123 တစ်ဦးတည်းကိုယ်စားလှယ်

88 တွေ့ဆုံဆွေးနွေးမှုများ

114 ဘယ်ပစ္စည်းဘာ့ကြောင့်

87 မြန်မာပြည်တွင်လုပ်သည်

94 ဈေးဝယ်လမ်းညွှန်

96 ကာတွန်း

ဒါရိုက်တာအောင်ကြူကြူ

စိုးသော်တာ

90 ထင်ရှားကျော်ကြား မြန်မာ့စီးပွား

124 အတွေးအမြင်

ကျွန်တော်သိသော အောင်ဆန်းသူရိယလှသောင်း

ကိုကိုအေး (မြို့မ)

128 သူ့ခေတ်နဲ့တော့သူ တွင်ကျယ်ကြသည်

မောင်မောင်တင်

132 ဘာသာစကားတန်ဖိုး

မြသန်းသန်းနု

148 ဆူဟာတိုပြောသည့် သူ့သမိုင်း (၁၂)

တင်ညွှန့်

136 သူတို့ဆီက သတင်းစာများ

ကိုဝမ်း

142 မြို့ပတ်ရထားတောလား

ဂျီအောင်ဘန်း

154 သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၃၄)

ဦးလှဝင်း (လေသူရဲတစ်ဦး)




www.foreverspace.com.mm

# Contents


## Board of Editors

**Chief Editor** – ကျော်မင်းဆွေ
**Deputy Chief Editor** – ဖေယျာသူ
**Editor In Charge (Production)** – မင်းဇင်
**Managing Editor** – ကျော်နိုင်
**Senior Executive Editor** – ရဲမင်းဦး
**Research & Development Editor** – နွေးအိငြိမ့်
**Executive Editors** – ခိုင်ချိုဇော်ဝင်းတင်၊ ဇင်ဇင်သော်၊ နွဲ့ကေခိုင်၊ သီရိဇော်
**News Editor** – ကျော်ဆန်းမင်း
**Editors** – လှိုင်းသစ်ဇင်ဝေ၊ မြနှင်းအေး
**Photo Editor** – မိုးကျော်လွင်
**Chief Reporter** – ကျော်ကျော်မင်း
**Senior Reporters** – တင်လင်း၊ နိုင်မင်းဝေ၊ ဇာလီကျော်၊ စိုးယုဝေ
**Editorial Assistant** – ဆွေငြိမ်းအေး
**Staff Reporters** – အောင်စိုး၊ ကျော်ဖေယျာထွန်း၊ ကျော်မျိုးထွန်း၊ မင်းမျိုး၊ ဇာဏီထွဏ်း၊ ကြူကြူသင်း(မိုးမြေ)
**Freelance Reporters** – Associated News ၊ ခင်ဌေးကြွယ်၊ ဖြိုးဝေစိုး၊ မိုးခိုင်၊ နွယ်နွယ်၊ မင်းသုခိုင်၊ ရဲဝင်းနိုင်၊ ရဲဝင်းနောင်၊ နေလင်းထိုက်၊ အေးကျော့ခိုင်

## DTP Department

**Manager** – မခိုင်
**Assistant Manager** – ၄ဝါခိုင်
**Senior Operator** – အေးမို့မို့အောင်
**Staff Operators** – ခင်မာလွင်၊ ချိုချိုဇင်

## Finance Department

**General Manager** – ဖေအောင်ဇင်
**Manager (Admin and Finance)** – စန်းသီတာ
**Deputy Manager (Account)** – ထက်ထက်ငြိမ်း
**Assistant Manager** – နုဝါဝင်း
**(Marketing/Distribution Accounts)**

## Marketing Department

**Manager** – ကျော်သန်း
**Deputy Manager** – ဖြူဖြူသီ
**Assistant Manager** – စန္ဒာလှိုင်
**Marketing Supervisors** – မင်းအောင်၊ ပြည့်ဖြိုးအောင်
**Marketing Assistant** – လှဲ့ရည်ဦး
**Designer** – သိန်းအောင်ထွဋ်
**Receptionist** – ဆုအိန္ဒြေဦး

## Production Department

**Manager (Production & External Relation)** – အောင်ကျော်ဆန်း

## Distribution Department

**General Manager** – မင်းဇင်
**Manager** – ထက်ခေါင်
**Deputy Manager** – ခင်မျိုးချစ်
**Distribution Assistants** – ဂျက်တူးတူး၊ ထက်အောင်

## Creation Department

**Art Director** – စိုးသော်တာ
**Cover Idea / Design** – ဖေသစ်တည်
**Cover Logo** – အောင်မင်း၊ ဘဌေးကြည်၊ မြင့်မောင်ကျော်
**Illustrator** – ဖေသစ်တည်



## Publisher

ဒေါ်ဝင်းကလျာဆွေ (ယာယီမှတ်ပုံတင်အမှတ်–၁၁၅၉)
အမှတ် ၁၄၈–B ၊ အေဝမ်းလမ်း၊ ရှစ်မိုင်ခွဲ၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## Press

Hnit Thit Oo ပုံနှိပ်တိုက်
နဝဒေးရပ်ရှင်ရုံဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## Office

သမ္မတဟိုတယ် (Business Suite)
အမှတ် (၅)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း/ ဖက်စ်– ၂၄၂၄၂၄၊ ၃၉၃၁၉၂၊
Marketing –၂၄၂၄၂၄၊ ၃၉၃၁၉၂၊ ၇၃၀၃၀၀၄၇၊ ၀၉–၅၁၇၆၈၃၅၊
Distribution –၀၉–၅၁၇၆၈၃၁

## E-mail

Chief Editor - c-editor@myanmar.com.mm
News Room - myanfo@myanmar.com.mm
Marketing - paz@myanmar.com.mm
livingcolor@mail4u.com.mm

## Web Site Link - www. foreverspace.com.mm

Photographer – မိုးကျော်လွင်
B/W Film – PERFECT
Binding – သစ္စာ စာအုပ်ချုပ်

## Upper Myanmar Distributor

ထွန်းဦးစာပေ၊ မန္တလေး။
Cover Permission – ၅၄၀၅၉၅၀၆၁၀
Circulation – ၁၀၀၀
Distribution Price – ၁၆၅၀ ကျပ်


Copyright – Living Color ( **ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်** )


## ကျေးဇူးတင်လွှာ

ဤမဂ္ဂဇင်းပါ သတင်း၊ ဆောင်းပါးနှင့် ကုန်ဈေးနှုန်းများအတွက် အကူအညီပေးခဲ့ကြသော OK အီလက်ထရောနစ်၊ ဂမုန်းပွင့်ကုန်တိုက်၊ ကျောက်မြောင်းစတိုး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၊ ရွှေအိုးဆန်ဆိုင် (သက်န်းကျွန်း)၊ ဦးဘစိန် အဆင့်မြင့်လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်၊ Mr.Slim, Ever Fine, KMD Computer Center, Client Focus Technology Group, စာပေလောက (၃) တို့နှင့် ညောင်ပင်လေးဈေး၊ မင်္ဂလာဈေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်းဆရာနှင့် မိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ ဖလင်၊ စာအုပ်ချုပ်အဖွဲ့၊ ရောင်းဝယ်သူများ၊ ငှားရမ်းသူများ၊ ဖတ်ရှုအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။

www.foreverspace.com.mm




# ADVERTISEMENT OF THE MONTH

# ယခုလအကြိုက်ဆုံးကြော်ငြာ

ယခုလအကြိုက်ဆုံးကြော်ငြာအဖြစ် မြန်မာဂိုးလ်ဒင်းစတား ကုမ္ပဏီလီမိတက်က ထုတ်လုပ်ဖြန့်ချိသော စတားကိုလာ အချိုရည်ကြော်ငြာကို ရွေးချယ်လိုက်ပါသည်။ ထိုကြော်ငြာတွင် ကြော်ငြာလိုသည့် ကုန်ပစ္စည်း၊ သရုပ်ဆောင် မော်ဒယ်လ်၊ ဇာတ်လမ်းရိုက်ကွင်းနှင့် နောက်ခံတေးသီချင်းတို့လုံးဝမပါဝင်ဘဲ ပန်းချီစုတ်တံ ရေးချက်ဖြင့် စတားကိုလာ Logo ကိုရေးဆွဲသရုပ်ဖော်ထားကာ စုတ်တံ၏ ရေးခြစ်သံ၊ အချိုရည်ဘူးဖောက်သံ ၊ အချိုရည်ကို လည်ချောင်းအတွင်းသို့ မျိုချသံနှင့် ကျေနပ်အားရစွာဖြင့် 'Simply the Best Cola' ဟုဆိုလိုက်သံကို ပူပြင်းသည့်ကာလ သို့မဟုတ် ရေငတ်နေချိန်၌ သောက်ချင်စဖွယ်ပီပြင်စွာ တင်ဆက်ဖော်ပြထားသဖြင့် ရွေးချယ်ရခြင်းဖြစ်ပါသည်။

| | | |
|---|---|---|
| ဒါရိုက်တာ | – | အောင်ကိုလတ် |
| Animation | – | ကိုစိုင်းမွန် |
| ကြာမြင့်ချိန် | – | ၂၀ စက္ကန့် |
| ထုတ်လုပ်သူ | – | အောင်ကိုလတ်ရုပ်ရှင်ထုတ်လုပ်ရေး |



www.foreverspace.com.mm

## SERVICE OF THE MONTH

# ယခုလအကြိုက်ဆုံးဝန်ဆောင်မှု

ယခုလအကြိုက်ဆုံးဝန်ဆောင်မှုအဖြစ် မန္တလေးမြို့၏ အများပြည်သူသုံးလမ်းများပေါ်တွင်ထားရှိသည့် အခမဲ့ အသုံးပြုနိုင်သော ကျန်းမာရေးအထောက်အကူဖြစ်စေရန် တပ်ဆင်ထားသည့် ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ရေးကိရိယာ များကို ရွေးချယ်ပါသည်။

ပြည်သူတစ်ဦးချင်းစီ၏ ကျန်းမာရေးကောင်းမွန်မှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ ညွှန်ကိန်းတစ်ခုလည်းဖြစ်ရာ အများပြည်သူတို့ ကျန်းမာရေးကို ဂရုတစိုက်ရှိလာစေရန်အတွက် အများပြည်သူလက်လှမ်းမီသောနေရာတွင်ပင် တပ်ဆင် ပေးထားသဖြင့် အဆိုပါကိရိယာများကို ရွေးချယ်ခြင်းဖြစ်သည်။

**အယ်ဒီတာ**



www.foreverspace.com.mm



# NEWSMAKER OF THE MONTH

# ယခုလ သတင်းအညွှန်း

'ယခုလသတင်းအညွှန်း' ကဏ္ဍကို တစ်လအတွင်းဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့်သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကိုမှတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သောသတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအား သတိပြုမိစေလို၍ ဖော်ပြခြင်းဖြစ်ပါသည်။ **အကြောင်းအရာရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာ အဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏အာဘော်အတိုင်း ဖြစ်ပါသည်။**

ကြေညာချက် အမှတ် (၁/၂၀၁၀)

**7day News ဂျာနယ်၏ တိုင်ကြားချက်အရ ရုပ်ရှင်သရုပ်ဆောင် ထက်ထက်မိုးဦးနှင့် ပတ်သက်သည့်**

**မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ထုတ်ပြန်ကြေညာချက်**

၁။ 7day News ဂျာနယ်၏ တိုင်ကြားချက်အရ ရုပ်ရှင်သရုပ်ဆောင်ထက်ထက်မိုးဦးနှင့်ပတ်သက်သည့် ကိစ္စကို ကြီးသောအမှုငယ်အောင်၊ ငယ်သောအမှုကို ပပျောက်စေရအောင် လူမှုရေးအရကူညီဖြေရှင်းပေးရန်အတွက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က 7day News ဂျာနယ်မှ သတင်းထောက်မအေးသူစံအား ၂၀၁၀ ပြည့်နှစ် မေလ ၂၃ ရက်နေ့တွင်လည်းကောင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ရုပ်ရှင်သရုပ်ဆောင် ထက်ထက်မိုးဦးအား ၂၀၁၀ ပြည့်နှစ် မေလ ၂၆ ရက်နေ့ကလည်းကောင်း တွေ့ဆုံညှိနှိုင်းခဲ့ကြရာ အောက်ဖော်ပြပါ အချက် (၃) ချက်ကို ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

(က) မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့ ညှိနှိုင်း၍ ရုပ်ရှင်သရုပ်ဆောင် ထက်ထက်မိုးဦးက မအေးသူစံနှင့် စာနယ်ဇင်းသမားများအား လူသိရှင်ကြား တောင်းပန်စေရေးအတွက် ညှိနှိုင်းပေးရန်၊

(ခ) အထက်ပါအစီအစဉ်အတိုင်း ရုပ်ရှင်သရုပ်ဆောင်ထက်ထက်မိုးဦးက ဆောင်ရွက်ပေးလျှင် တရားရုံးတိုက် လျှောက်ထားမှုကို မအေးသူစံမှ ရုပ်သိမ်းရန်၊

(ဂ) ရုပ်ရှင်သရုပ်ဆောင်ထက်ထက်မိုးဦးက မအေးသူစံနှင့် စာနယ်ဇင်းသမားများအား အထက်ပါအစီအစဉ်အတိုင်း တောင်းပန်မှုမပြုလျှင် မအေးသူစံဆန္ဒအတိုင်း ဆောင်ရွက်ရန်တို့ကို ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ပါသည်။

၂။ သို့သော်ရုပ်ရှင်သရုပ်ဆောင်ထက်ထက်မိုးဦးအနေဖြင့် အထက်ဖော်ပြပါအချက်များကို လိုက်လျောသဘောတူညီမှု လုံးဝမပြုလုပ်နိုင်ကြောင်း ယင်း၏သဘောထားကို ပြန်ကြားပြောဆိုခဲ့ပါသည်။

၃။ သို့ဖြစ်၍ စာပေနှင့်အနုပညာသမားများဘဝတူအချင်းချင်း ဗုဒ္ဓဘာသာမြန်မာလူမျိုးအချင်းချင်း အပြန်အလှန် ရှိုင်းပင်းစာနာ နားလည်သည်းခံခွင့်လွှတ်ရမည့်အစား လွန်စွာရိုင်းပျခဲ့သည့်အပြင် လူမှုရေးအရဖြေရှင်းပေးခဲ့သည်ကို လိုက်လျောမှုမရှိသည့် ရုပ်ရှင်သရုပ်ဆောင် ထက်ထက်မိုးဦး၏လုပ်ရပ်ကို မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ဝမ်းနည်းစွာရှုတ်ချလိုက်သည်။

ဉာဏ် (ကိုယ်စား)

အတွင်းရေးမှူး

ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)

ယခုလသတင်းအညွှန်းအဖြစ် ၂၀၁၀ ပြည့်နှစ် ဇွန်လဆန်းအတွင်းထုတ်ဝေဖြန့်ချိသည့် ပုံနှိပ်မီဒီယာဂျာနယ်အသီးသီးတွင် ဖော်ပြထားသော 7 Day News ဂျာနယ်၏ တိုင်ကြားချက်အရ ရုပ်ရှင်သရုပ်ဆောင်ထက်ထက်မိုးဦးနှင့်ပတ်သက်သည့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ထုတ်ပြန်ကြေညာချက်၊ ကြေညာချက်အမှတ် (၁/၂၀၁၀) ကိုရွေးချယ်ဖော်ပြလိုက်ပါသည်။

www.foreverspace.com.mm

# မြန်မာ့စီးပွားရေးသတင်း

**B U S I N E S S N E W S**

အမှတ် ၁၈၀ | ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ

## သဘာဝဘေးအန္တရာယ်အတွက် မြန်မာ့အာမခံ အရန်ငွေကြေးများ စုဆောင်းထားဟုဆို

**ရန်ကုန်၊ မေ ၂၇**

မြန်မာနိုင်ငံအတွင်း၌ ၂၀၀၈ ခုနှစ် မေလအတွင်းက တိုက်ခတ်သွားခဲ့သော ဆိုင်ကလုန်းမုန်တိုင်းနာဂစ်ကြောင့် စံချိန်တင် လျော်ကြေးပေးလျော်ခဲ့ရသော မြန်မာ့အာမခံလုပ်ငန်းတွင် သဘာဝဘေးအန္တရာယ်အာမခံအတွက် ရန်ပုံငွေကြေး သီးခြားစုဆောင်း ထားရှိထားကြောင်း အဆိုပါလုပ်ငန်း အထွေထွေမန်နေဂျာ ဒေါက်တာမောင်မောင်သိမ်းက ပြောကြားသည်။

ယနေ့ကမ္ဘာတစ်ဝန်းတွင် သဘာဝဘေးအန္တရာယ်များစွာဖြစ်ပေါ်နေခဲ့ရာ နိုင်ငံအချို့တွင် သဘာဝဘေးအန္တရာယ်အာမခံ အတွက် အရှုံးပေါ်သည်အထိဖြစ်ခဲ့ပြီး ယင်းအာမခံကိုမထားတော့သည့်အခြေအနေအထိ ရောက်ရှိခဲ့ကြောင်းနှင့် အဆိုပါသဘာဝ ဘေးအန္တရာယ်ကြောင့်ပင် စံချိန်တင်လျော်ကြေးပေးလျော်ခဲ့သည့် မြန်မာ့အာမခံလုပ်ငန်း၏အနေအထားကို "အဲဒီအတွက် ရန်ပုံငွေ တွေ ရှိနေတယ်။ ဒါပေမဲ့ မြန်မာပြည်မှာ လောလောဆယ် အဲဒီလောက်အထိ စိုးရိမ်ဖို့မလိုသေးဘူး။ သို့သော်လည်း အဆိုးဆုံး အခြေအနေမှာ လျော်နိုင်ဖို့အတွက်တော့ မြန်မာ့အာမခံအနေနဲ့ ရန်ပုံငွေတွေ သီးခြားစုဆောင်းထားတယ်" ဟု ၎င်းက ရှင်းပြသည်။

သဘာဝဘေးအန္တရာယ်အာမခံနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအနေအထားနှင့်မူ စိုးရိမ်စရာမရှိသေးကြောင်း၊ မြန်မာ့အာမခံ အနေဖြင့်ပေးလျော်ခဲ့ရသည်မှာ နာဂစ်မုန်တိုင်းတစ်ခုသာရှိသေးပြီး ယင်းမှာလည်း နှစ် ၇၀ အတွင်းမှ တစ်ကြိမ်ခန့်သာလျော်ခဲ့ရ သည့်အနေအထားမျိုးဖြစ်၍ မြန်မာနိုင်ငံအနေနှင့် သဘာဝဘေးအန္တရာယ်ကြောင့် အာမခံလုပ်ငန်းအရှုံးပေါ်ရန်မှာ မဖြစ်နိုင်ဟု မဆိုနိုင်သေးသော်လည်း ဝေးကွာဦးမည်ဖြစ်ကြောင်း ၎င်းကသုံးသပ်သည်။

## နိုင်ငံတစ်ဝန်း မသန်စွမ်းဦးရေ ဧရာဝတီတိုင်းတွင် အများဆုံးဖြစ်

**ရန်ကုန်၊ မေ ၁၈**

လူမှုဝန်ထမ်းဦးစီးဌာနနှင့် TLMI (The Leprosy Mission-Myanmar) တို့ ပူးပေါင်းကာ ၂၀၀၉-၂၀၁၀ ပြည့်နှစ်အတွင်း နိုင်ငံတစ်ဝန်းကောက်ယူခဲ့သော စစ်တမ်း တစ်ရပ်အရ မြစ်ဝကျွန်းပေါ်ဒေသ ဧရာဝတီ တိုင်းတွင် မသန်စွမ်းအရေအတွက် အများ ဆုံးဖြစ်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနထံ မှ စုံစမ်းသိရှိရသည်။

တိုင်းနှင့်ပြည်နယ် ၁၇ ခုရှိ အိမ် ထောင်စု ၁၀၈,၀၀၀ တွင် ကောက်ယူခဲ့ သော မသန်စွမ်းသူများ စာရင်းဇယား ကောက်ယူရေးလုပ်ငန်းအရ မြန်မာနိုင်ငံ လူဦးရေ၏ ၂ ဒသမ ၃၂ ရာခိုင်နှုန်းမှာ မသန် စွမ်းသူများဖြစ်ပြီး လူဦးရေအားဖြင့် မသန် စွမ်းသူ ၁ ဒသမ ၃ သန်းရှိကြောင်း၊ ပြည် နယ်နှင့်တိုင်းအလိုက်ကောက်ယူသော စစ် တမ်းအရ ဧရာဝတီတိုင်းတွင် မသန်စွမ်း သူ ၃ ဒသမ ၂၇ ရာခိုင်နှုန်းရှိပြီး နိုင်ငံ တစ်ဝန်း အဆိုပါဒေသတွင် မသန်စွမ်းသူ အများဆုံးတွေ့ရကြောင်း လူမှုဝန်ထမ်း ဦးစီးဌာနမှ ထုတ်ပြန်သော စာရင်းများအရ သိရသည်။

"ဧရာဝတီတိုင်းမှာ ကိုယ်အင်္ဂါမသန် စွမ်းဖြစ်နေတာ ၂ ဒသမ ၄၃ ရာခိုင်နှုန်း၊

www.foreverspace.com.mm





ကျန်းမာရေးအသိပညာနည်းပါးခြင်းနှင့် တတ်ကျွမ်းနားလည်သူများနှင့် ပြသဆွေးနွေးခွင့်မရရှိခြင်းတို့ကြောင့်ဖြစ်သည်

**မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မသန်စွမ်းသူအရေအတွက်**

| ပြည်နယ်/တိုင်း | အရေအတွက် (ရာခိုင်နှုန်း) |
|---|---|
| ဧရာဝတီတိုင်း | ၃.၂၇ |
| ပဲခူး | ၂.၀၇ |
| ကရင် | ၂.၁၉ |
| မွန် | ၂.၇၈ |
| ရန်ကုန် | ၂.၇၅ |
| ကချင် | ၂.၇၀ |
| ကယား | ၂.၅၆ |
| စစ်ကိုင်း | ၂.၁၉ |
| တနင်္သာရီ | ၂.၃၉ |

**Source ။ ။ လူမှုဝန်ထမ်းဦးစီးဌာန နှင့် TLMI**

အကြားအာရုံချို့ယွင်းနေတာက ၀ ဒသမ ၂၆ ရာခိုင်နှုန်း၊ အမြင်အာရုံချို့ယွင်းနေတာက ၀ ဒသမ ၃၃ ရာခိုင်နှုန်း၊ သင်ကြားရာမှာ ခက်ခဲတဲ့သူ (အသိဉာဏ်ပိုင်းဆိုင်ရာချို့တဲ့သူ) က ၀ ဒသမ ၂၅ ရာခိုင်နှုန်းရှိတော့ ကိုယ်အင်္ဂါမသန်စွမ်းဖြစ်တဲ့လူတွေ အရမ်းများတာ တွေ့ရတယ်။ ဒါပေမဲ့ မသန်စွမ်းဖြစ်တဲ့လူတွေထဲမှာ လေဖြတ်တဲ့လူအရမ်းများတာ တွေ့ရတယ်။ အဲလောက်ဘာဖြစ်လို့ တအားများတာလဲဆိုတာကို သုတေသနလုပ်သင့်တယ်လို့ ကျွန်တော်ထင်တယ်" ဟု TLMI မှ Country Director Dr. Mike က မေလ ၁၂ ရက်နေ့တွင် ပြောကြားသည်။

မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၂ တွင် နိုင်ငံတော်မှ မသန်စွမ်းသူများကို ကြည့်ရှုစောင့်ရှောက်ရန် ဖော်ပြပါရှိသောကြောင့် လူမှုဝန်ထမ်းဦးစီးဌာနသည် မသန်စွမ်းသူများဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို ၂၀၁၀ မှ ၂၀၁၂ ခုနှစ်အထိ နိုင်ငံတစ်ဝန်းရှိ မသန်စွမ်းသူများကို ဦးတည်ဆောင်ရွက်သွားမည်ဟု အဆိုပါစီမံချက်ထုတ်ပြန်ထားချက်အရ သိရှိရသည်။

# မုံရွာချင်းတွင်းရတနာဈေး ဆိုင်ခန်းပေါင်း ၂၁၇ ခန်း နေရာချထားပေးမည်

**မန္တလေး၊ ဇွန် ၁၆**

မြန်မာနိုင်ငံ၏အနောက်ဘက်တွင် စီးပွားရေးအရ ဖွံ့ဖြိုးမှုအရှိဆုံး စစ်ကိုင်းတိုင်းမြို့တော်ဖြစ်သည့် မုံရွာ၏အထင်ကရဈေးဖြစ်သော ချင်းတွင်းရတနာဈေး မီးလောင်မှုတွင် ပါသွားခဲ့သည့် ဆိုင်ခန်းပေါင်း ၄၀၀ ကျော်အနက် ဆိုင်ခန်းပေါင်း ၂၁၇ ခန်းကိုနေရာချထားပေးရန် အစီအစဉ်များစတင်လုပ်ဆောင်နေသည်ဟု ဇွန်လ ၉ ရက်နေ့တွင် ယင်းဈေး၏အုပ်ချုပ်ရေးမှူးရုံးမှ စုံစမ်းသိရှိရသည်။

မီးသင့်ခံရသော ဆိုင်ခန်းများ နေရာချထားပေးမှုတွင် ချင်းတွင်းရတနာဈေး၏ မီးမလောင်သည့် အနောက်ဘက်ဈေးရုံ အပေါ်ထပ်ရှိဆိုင်ခန်းပေါင်း ၅၁ ခန်းနှင့် ယင်းဈေးတစ်ဖက်တွင်ရှိသည့် မြသလွန်ဈေးအပေါ်ထပ်တွင် ၉၈ ခန်းနှင့် မြသလွန်ဈေးကွင်းပြင်နေရာတွင် ရှစ်ပေပတ်လည် ဆိုင်ခန်းပေါင်း ၆၈ ခန်းကို စည်ပင်ကဆောက်လုပ်ပေးကာ နေရာချထားပေးပြီးဖြစ်ကြောင်း၊ မီးလောင်ရာတွင်ပါဝင်သည့် ချင်းတွင်းရတနာဈေးမှ ငါးပိ၊ ငါးခြောက်နှင့်လက်ဖက်ရောင်းဝယ်သူများနှင့်အလုကုန်၊ အဝတ်အထည်၊ ကုန်ခြောက်ဆိုင်ခန်းပိုင်ရှင်များကို ဈေးနှစ်ခုစလုံး၏ ယခင်လစ်လပ်လျက်ရှိသော ဆိုင်ခန်းများ အရေအတွက်အတိုင်း နေရာချထားပေးမည့်အပြင် သိမ်တော်လမ်းနှင့် စောင်ချမ်းပင်လမ်းနေရာများတွင် မိမိအစီအစဉ်နှင့် ကိုယ်တိုင်ဆောက်လုပ်စေပြီး နေရာချထားပေးမည်ဟု ယင်းဈေးရုံထံမှ ထပ်မံစုံစမ်းသိရှိရသည်။ ■

www.foreverspace.com.mm

# မသန်စွမ်းတေးဂီတအဖွဲ့ ဖွဲ့စည်း

**ရန်ကုန်၊ မေ ၂၀**

မသန်စွမ်းသူများကိုယ်တိုင်တီးမှုတ်သီဆိုဖျော်ဖြေမည့် သံစဉ်ပန်းမသန်စွမ်းသူများ အနုပညာအဖွဲ့ကို ၂၀၁၀ ပြည့်နှစ် ဧပြီလအတွင်းက ပထမဦးဆုံးဖွဲ့စည်းပြီး လေ့

**မသန်စွမ်းသူများကိုယ်တိုင် တီးမှုတ်သီဆိုဖျော်ဖြေမည်ဖြစ်သည်**




ကျင့်လျက်ရှိကြောင်း ယင်းအဖွဲ့ကို တည်ထောင်ပံ့ပိုးသည့် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း အတွင်းရေးမှူး ဦးအေးကိုကိုက ပြောကြားသည်။

ကိုယ်အင်္ဂါမသန်စွမ်းသော်လည်း ဝါသနာပါတတ်ကျွမ်းသည့်အနုပညာတစ်မျိုးမျိုးဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေတင်ဆက်နိုင်ရန် အသင်းဝင်မသန်စွမ်းသူများဖြင့် အဆိုပါအဖွဲ့ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ မည်သည့်ဧည့်ခံပွဲမဆို လိုက်လံဖျော်ဖြေတင်ဆက်နိုင်ရန် ပြင်ဆင်ထားပြီး ရရှိသောဝင်ငွေကို အသင်းရန်ပုံငွေအတွက်အသုံးပြုသွားမည်ဖြစ်ကြောင်း စီစဉ်သူတစ်ဦးက ဆိုသည်။

မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းကို ၂၀၀၄ ခုနှစ် ဇူလိုင်လတွင် တည်ထောင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ ဘိုကလေး၊ တောင်ငူ၊ ဟသ်ာတနှင့် ဒေးဒရဲမြို့တို့တွင် အသင်းရုံးခွဲများဖွင့်လှစ်ထားကာ အသင်းဝင်မသန်စွမ်းသူဦးရေ ၂၀၀၀ ကျော်ရှိသည်။

# ရန်ကုန်မြို့တော်တွင်ပြေးဆွဲရန် စီးတီးဘတ်စ် ၃၀၀ တင်သွင်းမည်

**ရန်ကုန်၊ ဇွန် ၁၃**

ရန်ကုန်မြို့တော်အတွင်းရှိ ခေတ်မမီတော့သည့်ခရီးသည်တင်ယာဉ်များနေရာတွင် အစားထိုးပြေးဆွဲရန်အတွက် စီးတီးဘတ်စ်ယာဉ်ကြီး ၃၀၀ ကို တင်သွင်းရန် စီစဉ်လျက်ရှိကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ထံမှ တစ်ဆင့်သိရှိရသည်။

အဆိုပါစီးတီးဘတ်စ်ကားအစီး ၃၀၀ ကို ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် တင်သွင်းသွားမည်ဖြစ်ပြီး ယင်းစီးတီးဘတ်စ်ကားသစ်ဝယ်ယူတင်သွင်းလိုသူများသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ဆက်သွယ်ညှိနှိုင်းနိုင်သည်ဟု မေလ ၃၁ ရက်နေ့စွဲဖြင့် UMFCCI က ထုတ်ပြန်သော သတင်းတစ်ရပ်တွင် ဖော်ပြပါရှိသည်။

ရန်ကုန်မြို့တွင်းပြေးဆွဲရန်အတွက် ခရီးသည်တင်ဘတ်စ်ကားများကို ယခင်က ရန်ကုန်တိုင်းမော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီနှင့် ဗန္ဓုလခရီးသည်သယ်ယူပို့ဆောင်ရေးတို့၏ကြီးကြပ်မှုဖြင့် အများစုတင်သွင်းခဲ့ကြပြီး ရန်ကုန်တိုင်းတယကအနေဖြင့်တင်သွင်းသည်မှာ ထူးခြားကြောင်း မြို့တွင်းခရီးသည်တင် မော်တော်ယာဉ်ပိုင်ရှင်တစ်ဦးက ပြောကြားသည်။

လူဦးရေ ခြောက်သန်းကျော်ခန့် နေထိုင်သော ရန်ကုန်မြို့တော်တွင် ခရီးသည်တင်ယာဉ်လိုင်း ၂၀၀ ကျော်က ယာဉ်စီးရေ ၅၀၀၀ ခန့်ဖြင့် မြို့တွင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး ဒုတိယကမ္ဘာစစ်လက်ကျန် ဘတ်စ်ကားများနှင့် ဒိုင်နာကားများ မြို့တွင်းဧရိယာပြေးဆွဲမှုကို လွန်ခဲ့သော ၂၀၀၉ ခုနှစ်တွင် စတင်၍ ကန့်သတ်ခဲ့သည်။

ရန်ကုန်မြို့တော်တွင်နေ့စဉ်ခရီးသွားနေသော လူဦးရေအရေအတွက်မှာ ၃ ဒသမ ၃ သန်းရှိကြောင်း ၂၀၀၉ ခုနှစ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ တရားဝင်ထုတ်ပြန်သော စာရင်းများအရ သိရှိရသည်။

**Associated News**

www.foreverspace.com.mm



# ချင်းတွင်းရတနာဈေး မီးသင့်ဆိုင်ခန်းဆိုင်များကို ငွေထုတ်ချေးမည်ဟုဆို

**မန္တလေး၊ ဇွန် ၇**

မုံရွာမြို့ ချင်းတွင်းရတနာဈေးကြီး၌ ဇွန်လ ၃ ရက်နေ့ နံနက်က မီးလောင်ကျွမ်းသွားခဲ့ရသည့်ဆိုင်ခန်းများ၏ ပိုင်ရှင်များကို သက်ဆိုင်ရာ၏အစီအစဉ်ဖြင့် ငွေထုတ်ချေးမည်ဖြစ်ကြောင်း ယင်းဈေးအကျိုးတော်ဆောင်အဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မီးလောင်ကျွမ်းမှုအပြီး ချင်းတွင်းရတနာဈေးအကျိုးဆောင်အဖွဲ့သည် ဈေးသူဈေးသားများနှင့် တွေ့ဆုံရာ၌ ဒေသဆိုင်ရာ အာဏာပိုင်တာဝန်ရှိသူတစ်ဦးက ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

"မြန်မာ့စီးပွားရေးဘဏ်ကပဲလား၊ ပုဂ္ဂလိကဘဏ်တစ်ခုခုကပဲလားဆိုတာတော့ သေချာမသိရသေးပါဘူး" ဟု မီးသင့်ဆိုင်ခန်းရှင်တစ်ဦးက ဆိုသည်။

ချင်းတွင်းရတနာဈေးမီးလောင်မှု၌ နှစ်ထပ်ဆောင်နှစ်ဆောင်အနက် အရှေ့ဘက်ခြမ်းအဆောင်ရှေ့အပေါ်ထပ်ဆိုင်ခန်း ၂၅၃ ခန်း၊ အောက်ထပ်ဆိုင်ခန်း ၁၅၃ ခန်း စုစုပေါင်း ၄၀၆ ခန်း မီးလောင်ကျွမ်းခဲ့ကာ ယင်းနေရာ၌ အဆောက်အအုံသစ် ပြန်လည်တည်ဆောက်သွားရန်ရှိကြောင်း၊ မီးသင့်ခံရသော ဆိုင်ခန်းရှင်များကို ပြန်လည်ရောင်းချမည်ဖြစ်ပြီး လတ်တလော ငွေပေးချေရမည်မဟုတ်ဘဲ အရစ်ကျစနစ်ဖြင့် ငွေပေးသွင်းရန်ရှိကြောင်း မုံရွာမြို့ခံများထံမှ စုံစမ်းသိရှိသည်။

"မီးမလောင်ဘဲကျန်ခဲ့တဲ့ ချင်းတွင်းရတနာဈေးအနောက်ဘက်ခြမ်းမှာ ဇွန်လ ၆ ရက်နေ့ကစပြီး ပြန်လည်ရောင်းချနေပါပြီ" ဟု ဈေးအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌက ပြောကြားသည်။

လတ်တလောတွင် မီးသင့်ခံရသောဆိုင်ခန်းများကို ယင်းဈေးအနောက်ဘက်ခြမ်းအပေါ်ထပ်နှင့် မြသလ္လာဈေးတို့ရှိ ဆိုင်ခန်းအချို့တွင် မဲနှိုက်ကာ ယာယီဖွင့်ခွင့်ပေးထားကြောင်း ၎င်းက ဆိုသည်။

# ရေသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှုများ စာပေအနုပညာရှင်များ စံချိန်တင်ပူးပေါင်းပါဝင်

**သတင်းဆောင်းပါး/ဓာတ်ပုံ – ကျော်နိုင်၊ ၆–၆–၂၀၁၀**

**ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းခြင်းတို့ကို ရင်ဆိုင်နေရပြီဖြစ်သော မြန်မာနိုင်ငံ၌ ယခုနှစ်နွေရာသီသည်စံချိန်တင်ရလောက်အောင် ပူပြင်းခြင်း၊ ရေပြတ်လပ်ခြင်းနှင့် မြစ်၊ ချောင်း၊ အင်းအိုင်များ ခန်းခြောက်ခြင်းတို့ကို ကြုံတွေ့ခဲ့ရသကဲ့သို့ ယင်းတို့နှင့်စပ်လျဉ်း၍ ပြည်သူလူထုသိရှိဆင်ခြင်နိုင်စေရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအဖွဲ့အစည်းများနည်းတူ စာနယ်ဇင်းမီဒီယာများ၊ ကဗျာဆရာ၊ ဒီဇိုင်နာ၊ ဓာတ်ပုံဆရာ၊ စာရေးဆရာစသည့် အနုပညာသမားများ၏ ပေါင်းစည်းလှုံ့ဆော်မှုမှာလည်း စံချိန်တင်ရလောက်အောင်ပင် ညီညွတ်ခဲ့ကြသည်။**



မြန်မာနိုင်ငံ၌ ယခုနှစ်ဧပြီလမှစတင်၍ ရန်ကုန်မြို့နှင့် နာဂစ်မုန်တိုင်းဒဏ်သင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအပါအဝင် ဒေသအချို့တွင် ရေတွင်း၊ ရေကန်များခန်းခြောက်ပြီး သောက်သုံးရေပြတ်လပ်မှုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရရာ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ NGO များ၊ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်များက ယင်းဒေသများသို့သွားရောက်ပြီး တစ်နိုင်တစ်ပိုင် သောက်သုံးရေများ ပံ့ပိုးလှူဒါန်းခဲ့ကြသကဲ့သို့ နိုင်ငံပိုင်မီဒီယာများနှင့် ပုဂ္ဂလိကစာနယ်ဇင်းများကလည်း ပြည်သူလူထုသိရှိအောင်

www.foreverspace.com.mm

ရေးသားဖော်ပြခဲ့ကြသည်။

ရေအလှူရန်ပုံငွေရရှိစေရန် Action Group of Myanmar Poem အဖွဲ့နှင့် စာပေလောက (၅) စာအုပ်ဆိုင်တို့ ပူးပေါင်းစီစဉ်မှုဖြင့် ကဗျာဆရာများ၏ စုပေါင်းပန်းချီရေးဆွဲသည့်အခမ်းအနားကို မေလ ၂၂ ရက်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း (အလယ်) ရှိ စာပေလောက (၅) စာအုပ်ဆိုင်၌ ပထမဦးဆုံးအကြိမ်ကျင်းပခဲ့ရာ ကဗျာဆရာများက ပန်းချီကား စုစုပေါင်း ၁၆ ကားကိုရေးဆွဲခဲ့

ယင်းပြပွဲတွင် ၎င်းတို့ကိုယ်တိုင်သွားရောက်မှတ်တမ်းတင်ရိုက်ကူးခဲ့သော ဧရာဝတီမြစ်ဖျားတစ်လျှောက် သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လပွတ္တာမြို့နယ်အတွင်းရှိ ဒီဒူးကုန်းကျေးရွာတွင် သောက်သုံးရေအခက်အခဲနှင့်ရင်ဆိုင်နေရပုံများကို ဂရပ်ဖစ်အနုပညာဖန်တီးပြုလုပ်ချက်များနှင့် ယှဉ်တွဲ၍ပြသခဲ့ကြသည်။

"ရေကြောင့်ဒုက္ခရောက်နေရတဲ့ကလေးတွေ၊ ဒေသခံတွေရဲ့ဘဝကို ဓာတ်ပုံရိုက်ပြီး




**လူထုလူတန်းစားအလွှာအသီးသီးက ပူးပေါင်းပါဝင်ကြရတော့မည်ဖြစ်သည်**

ပြသတာမျိုးထက် အနုပညာခံစားချက်ပါပေါ်လွင်အောင် ဂရပ်ဖစ်တွေ၊ ဒီဇိုင်းတွေသုံးထားတာပါ" ဟု ဦးမြင့်မောင်ကျော်က ရှင်းပြသည်။

"အခုဆို မီဒီယာတွေကရော၊ အင်တာနက်ကပါ သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်ပြီး ကိုယ်နဲ့မဆိုင်ဘူးမရှိရအောင် ရေးသားဖော်ပြလာကြတယ်။ ဒါကြောင့် စေ့ဆော်မှုများတဲ့အနေအထားမို့ လူတွေသဘာဝပတ်ဝန်းကျင်အပေါ် စိတ်ဝင်စားမှုများလာတယ်လို့ယူဆတယ်။ ပြီးတော့ ဒီလိုပြပွဲတွေရှိလာတာကလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့ စေ့ဆော်မှုတစ်ခုဖြစ်တယ်လို့မြင်ပါတယ်" ဟု ၎င်းက The Voice Weekly နှင့်တွေ့ဆုံမေးမြန်းခန်းတွင် ပြန်လည်ဖြေကြားထားသည်။

"အနုပညာမြောက်အောင်ပေးမှလည်း လူတွေရဲ့ရင်ကိုထိမှာ။ ဒီလိုလုပ်ဖို့က ကျွန်မတို့စာရေးဆရာတွေ၊ အနုပညာသမားတွေကလုပ်ကြရမှာဖြစ်သလို စာနယ်ဇင်းမီဒီယာတွေအနေနဲ့လည်း ဒါမျိုးတွေကို သတင်းပေးတာ၊ အသိပေးတာမျိုးတွေလုပ်ရမယ်" ဟု စာရေးဆရာမဂျူးက ဖြည့်စွက်ပြောကြားသည်။

"ကျွန်တော်တို့အနေနဲ့ ဒီလိုပြပွဲကနေ စေ့ဆော်မှုတစ်ခုအဖြစ် လူတွေကို ရေပြတ်

ကြသည်။ အဆိုပါ ပန်းချီကားရောင်းချရငွေများအပြင် အခြားသော စေတနာရှင်များ၏ပံ့ပိုးထည့်ဝင်လှူဒါန်းငွေများကို စုပေါင်းပြီး ဒလမြို့နယ်ရှိ ရေပြတ်လပ်မှုနှင့်ကြုံတွေ့နေရသူများဆီသို့ သွားရောက်ရေလှူဒါန်းခဲ့ကြကြောင်း စီစဉ်သူများထံမှ သိရှိရသည်။

ထို့အတူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆော်ဩဆောင်ရွက်နေသော ကိုမြင့်ဇော်၊ ဒီဇိုင်းဦးမြင့်မောင်ကျော်နှင့် စာရေးဆရာမဂျူးတို့ သုံးဦး ပူးပေါင်းစီစဉ်သည့် Heat Stroke (အပူရေစုပ်ချက်များ) အမည်ရ ဓာတ်ပုံပြပွဲကို ရန်ကုန်မြို့ ယောမင်းကြီးလမ်းရှိ Gallery 65 တွင် မေလ ၃၁ ရက်မှ ဇွန်လ ၂ ရက်နေ့အထိ သုံးရက်တိုင် ကျင်းပပြုလုပ်ခဲ့ကြသည်။



www.foreverspace.com.mm

လုပ်တဲ့နေရာမှာလှူဒါန်းနိုင်အောင်၊ ကူညီမှုတွေလုပ်လာနိုင်အောင် လုပ်နိုင်သလောက် လက်လှမ်းမီသလောက်လုပ်တာပါ။ ဒီလိုပွဲမျိုးတွေအပါအဝင် မီဒီယာတွေအနေနဲ့ ကိုယ်တတ်နိုင်တဲ့အပိုင်းကနေ လုပ်ပေးဖြစ်တာမျိုးကလည်း သဘာဝပတ်ဝန်းကျင်အတွက် စေ့ဆော်မှုတစ်ခုလို့ ယူဆပါတယ်" ဟု ကိုမြင့်ဇော်ကလည်း သုံးသပ်သည်။

"ခေတ်တစ်ခေတ်ရဲ့ အဖြစ်အပျက်တစ်ခုကိုသိပြီး အနုပညာနဲ့တင်ဆက်ပေးတဲ့ အပေါ်မှာ အနုပညာကိုခံစားပြီး အကူအညီပေးလာနိုင်မယ့်သူတွေကလည်းရှိလာမယ်လို့ မျှော်လင့်တယ်" ဟု ဂရပ်ဖစ်ဒီဇိုင်နာ ဦးမြင့်မောင်ကျော်က ဖြည့်စွက်သုံးသပ်သည်။

အလားတူ ရေသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပြပွဲများတွင် အင်အားအကောင်းဆုံးဟုဆိုရမည့် ဧရာဝတီမြစ်ကိုမှတ်တမ်းပြုသည့် အစီအစဉ်တစ်ခုဖြစ်သော ပန်းချီ၊ ဓာတ်ပုံ၊ ကာတွန်း၊ စာရေးဆရာ၊ ဂရပ်ဖစ်ဒီဇိုင်နာ အနုပညာရှင် ၅၀ ခန့်ပါဝင်သည့် တတိယအကြိမ်မြောက် 'ဧရာဝတီနှင့်စိမ်းလန်းနုလုံးသား' အမည်ရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အနုပညာပြပွဲကို ဇွန်လ ၅ ရက်တွင်ကျရောက်သည့် ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အဖြစ် ဇွန်လ ၅ ရက်မှ ၉ ရက်နေ့အထိ ငါးရက်တိုင် ယောမင်းကြီးလမ်းရှိ Gallery 65 ၌ပင် Green Heart Environment Network က စီစဉ်ပြသခဲ့သည်။

အဆိုပါပြပွဲတွင် ဧရာဝတီမြစ်စတင်စီးဆင်းရာ မြန်မာနိုင်ငံအထက်ပိုင်း ရေခဲတောင်များမှ မြစ်အောက်ပိုင်းမြစ်ဝကျွန်းပေါ်ဒေသအထိ ဧရာဝတီ၏လက်ရှိပကတိပုံရိပ်များ၊ ပန်းချီများ၊ ဂရပ်ဖစ်လက်ရာများ၊ ဓာတ်ပုံအက်ဆေးစုစည်းမှုပြကွက်များ စုစုပေါင်းအနုပညာလက်ရာ ၁၄၀ ကျော်ကို စုစည်းပြသခဲ့သည်။

"ဧရာဝတီမြစ်ကြီးရဲ့ လက်ရှိဆိုးရွားနေတဲ့အခြေအနေကို မှတ်တမ်းတင်တဲ့သဘောပါ။ နောင်နှစ်ပေါင်းများစွာကျရင် ပြန်မြင်ပြီး နှိုင်းယှဉ်ကြည့်လို့ရအောင်ပါ။ ကျွန်တော်တို့ ဧရာဝတီမြစ်တစ်လျှောက် ဗန်းမော်အထိသဘော်နဲ့သွားခဲ့တယ်။ ဧရာဝတီမြစ်ရိုးတစ်လျှောက်နေတဲ့သူတွေရဲ့ ပြောဆိုချက်နဲ့ အခုအခြေအနေကကွာခြားနေတယ်။ ရင်နင့်စရာပဲ။ ဒီလိုအနုပညာပြပွဲလုပ်တာက ကျွန်တော်တို့ တတ်နိုင်တဲ့ထောင့်က ပါဝင်တာပါ။ မြန်မာဖြစ်ရင် ဧရာဝတီနဲ့ကင်းလို့မရဘူး။ ဧရာဝတီရဲ့သားသမီးတွေဖြစ်တယ်။ ဧရာဝတီရဲ့အခြေအနေကို ထိန်းသိမ်းဖို့လိုနေပါပြီ" ဟု ယင်းပြပွဲကို အဓိကပံ့ပိုးသူ မြန်မာငှက်ဝါသနာရှင်အသင်းနှင့် တော်ဝင်နှင်းဆီဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးစိုးညွန့်က ဆိုသည်။

ဧရာဝတီမြစ်၏ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည့် အဓိကအကြောင်းအရင်းသုံးခုမှာ ရွှေကျင်ခြင်း၊ သစ်တောများခုတ်ထွင်ခြင်းနှင့် ရေကာတာများတည်ဆောက်ခြင်းတို့ပင်ဖြစ်ကြောင်း၊ တစ်ဖက်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သကဲ့သို့ တစ်ဖက်တွင်လည်း ရေရှည်တည်တံ့စေမည့် Sustainable Development ကို ကြည့်ရမည်ဖြစ်ကြောင်း၊ Development အတွက် ပြုလုပ်ပါက Environment ကို မထိခိုက်ရန်လိုကြောင်း၊ Environment ကို ထိခိုက်ပါက မကြာမီပြန်လည်ပေးဆပ်ရမည့်ပမာဏသည် ကြီးမားလှကြောင်း၊ ပေးဆပ်ရန်ကြိုးစားနေစဉ် သို့မဟုတ် မပေးဆပ်မီပင် အချိန်နှောင်းနေပြီဖြစ်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ပြပွဲဖွင့်ပွဲမိန့်ခွန်းတွင် ထည့်သွင်းသတိပေးပြောကြားသွားသည်။

"ကျွန်တော်တို့ ဒီဓာတ်ပုံမှတ်တမ်းတွေရဖို့ ၂၀၀၉ ဒီဇင်ဘာလက သဘော်နဲ့ ဧရာဝတီမြစ်ကြီးတစ်လျှောက် မှတ်တမ်းတင်ခဲ့ရတာပါ။ ကျွန်တော်တို့နိုင်ငံမှာ ဧရာဝတီနဲ့ပတ်သက်တဲ့မှတ်တမ်းနဲ့ သုတေသနကအားနည်းပါတယ်။ အစိုးရသာမကဘဲ အားလုံးနဲ့ဆိုင်တဲ့ကိစ္စပါ။ မြစ်ကိုသာမကဘဲ ပတ်ဝန်းကျင်တစ်လျှောက်မှာရှိတဲ့ သားငှက်တိရစ္ဆာန်တွေကိုပါ ထိန်းသိမ်းဖို့လိုနေပါပြီ" ဟု ဦးစိုးညွန့်က ဆိုသည်။

"ဧရာဝတီက နိုင်ငံရဲ့ အသက်သွေးကြောပဲ။ မြစ်နားနီးနီးနေတဲ့သူတွေသာမကဘဲ အဝေးမှာနေတဲ့ ကျွန်တော်တို့နဲ့ပါ ဆိုင်တဲ့ကိစ္စပါ" ဟု ၎င်းက ဖြည့်စွက်ပြောကြားသည်။

"ဧရာဝတီမြစ်ကြီးကောရင် မြန်မာနိုင်ငံရဲ့ရာဇဝင်ပါ ပြောင်းသွားလိမ့်မယ်။ ကယ်တင်ဖို့ အချိန်တန်ပြီ။ တစ်နိုင်ငံလုံး

**ပြပွဲဖြစ်မြောက်ရေးစီစဉ်သူ စာပေအနုပညာရှင်တစ်စု**



www.foreverspace.com.mm

အခိုင်းအတာနဲ့ စီမံကိန်းဆွဲလုပ်သင့်ပြီ" ဟု ပန်းချီဝင်းဖေမြင့်က အကြံပြုပြောကြားသည်။

ယင်းပြပွဲတွင် ခတ်ပုံတစ်ပုံ သို့မဟုတ် ပန်းချီကားတစ်ချပ်ရောင်းရငွေများကို ၃၀ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအထိ အနုပညာရှင်များက လှူဒါန်းသွားမည်ဖြစ်ပြီး ပန်းချီကားရောင်းရငွေများနှင့် Save the Ayeyawaddy အမှတ်တံဆိပ်ပါ တီရှပ်၊ လက်ဆွဲအိတ်၊ ကာတွန်းအော်ပီကျယ် လက်ရာပါ ဗလာစာအုပ်နှင့် အမှတ်တရပစ္စည်းရောင်းရငွေများဖြင့် နာဂစ်ဒဏ်သင့် မြစ်ဝကျွန်းပေါ်ဒေသတွင် သစ်ပင်များ ပြန်လည်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စီစဉ်သူများထံမှ သိရသည်။

# JICA က မိုး/ဇလဗေဒသို့ ဗီဒီယိုကင်မရာနှင့် ဆက်စပ်ပစ္စည်း ကန်ဒေါ်လာနှစ်သောင်းဖိုးထောက်ပံ့

**ရန်ကုန်၊ ဇွန် ၉**

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသို့ Japan International Cooperation Agency (JICA) က ဗီဒီယိုကင်မရာနှင့် ဆက်စပ်ပစ္စည်း အမေရိကန်ဒေါ်လာနှစ်သောင်းဖိုး မေလ ၂၆ ရက်နေ့တွင် ထောက်ပံ့ခဲ့ကြောင်း JICA ၏ထုတ်ပြန်ချက်အရ သိရသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ရာသီဥတုနှင့်သက်ဆိုင်သည့် တီဗီ အစီအစဉ်များရိုက်ကူးနိုင်ရေးအတွက် ထောက်ပံ့ခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် ရာသီဥတုနှင့်ပတ်သက်သော သတင်းအချက်အလက်များနှင့် အသိပညာကို လူအများရရှိစေရန်နှင့် အာရုံစိုက်မှုရှိလာစေရန်ဖြစ်ကြောင်း JICA ၏ ပြန်ကြားရေးတာဝန်ခံက ပြောကြားသည်။

အဆိုပါထောက်ပံ့ပစ္စည်းများကိုအသုံးပြု၍ ရာသီဥတုကြိုတင်ခန့်မှန်းချက်များနှင့် သတိပေးချက်များကို ရုပ်သံလိုင်းများတွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ထုတ်လွှင့်ခြင်းကြောင့် မြန်မာနိုင်ငံသားများအနေဖြင့် အကျိုးကျေးဇူးကောင်းများ ရရှိနိုင်မည်ဟု ယုံကြည်ကြောင်း အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

# ၂၀၁၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ နေပြည်တော်မှ ၃၃ ဒသမ ၅၉ ရာခိုင်နှုန်းနှင့် နေပြည်တော် ပျဉ်းမနားမြို့မှ ၂၇ ဒသမ ၀၅ ရာခိုင်နှုန်း အောင်မြင်ဟုဆို

**နေပြည်တော် ပျဉ်းမနား ၊ ဇွန် ၁၄**

အစိုးရအဖွဲ့ရုံးစိုက်ရာ မြို့တော်သစ် နေပြည်တော်ရှိ အ.ထ.ကကျောင်း ၁၂ ကျောင်းနှင့် ပြင်ပဖြေဆိုသူများအပါအဝင် ၂၀၁၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူစုစုပေါင်း ၂,၀၁၅ ဦးရှိရာ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ၆၇၇ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်း ၃၃ ဒသမ ၅၉ ရာခိုင်နှုန်းရှိကြောင်း နေပြည်တော် ပျဉ်းမနားမြို့ ပညာရေးမှူးရုံးထံမှ သတင်းရရှိသည်။

နေပြည်တော်မှ ၂၀၁၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများထဲတွင် ခြောက်ဘာသာဂုဏ်ထူး လေးဦး၊ ငါးဘာသာဂုဏ်ထူးသုံးဦး၊ လေးဘာသာဂုဏ်ထူးနှစ်ဦး၊ သုံးဘာသာဂုဏ်ထူး ၁၁ ဦး၊ နှစ်ဘာသာ ၁၇ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၆၅ ဦးပါဝင်ကြောင်း ယင်းသတင်းထုတ်ပြန်ချက်တွင်ပါရှိသည်။

ထို့အတူ နေပြည်တော် ပျဉ်းမနားမြို့ရှိ အ.ထ.က ကျောင်းခြောက်ကျောင်း၊ အ.ထ.က (ခွဲ) ကျောင်းငါးကျောင်း၊ တွဲဖက်အ.ထ.က ကျောင်းနှစ်ကျောင်းနှင့် အလွတ်ဖြေကျောင်းသားများမှ ၂၀၁၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုသူ စုစုပေါင်း ၄,၅၇၇ ဦးတွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ၁,၂၃၈ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်း ၂၇ ဒသမ ၀၅ ရာခိုင်နှုန်းဖြင့်အောင်မြင်ကြောင်း အဆိုပါ ပညာရေးမှူးရုံးထံမှ သိရသည်။

နေပြည်တော် ပျဉ်းမနားမြို့မှ ၂၀၁၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများထဲတွင် ခြောက်ဘာသာဂုဏ်ထူး သုံးဦး၊ ငါးဘာသာဂုဏ်ထူး ၁၀ ဦး၊ လေးဘာသာဂုဏ်ထူးနှစ်ဦး၊ သုံးဘာသာဂုဏ်ထူး ၁၀ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးနှစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူး ၈၉ ဦး ပါဝင်သည်။

ယမန်နှစ် ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နေပြည်တော်မှ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ၂၅၈၀ ဦးရှိရာ အောင်မြင်သူ ၆၉၂ ဦးနှင့် အောင်မြင်မှုရာခိုင်နှုန်း ၂၆ ဒသမ ၈၂ ရာခိုင်နှုန်းရှိခဲ့ပြီး နေပြည်တော် ပျဉ်းမနားမြို့မှ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ၂၄၂၉ ဦးရှိရာ အောင်မြင်သူ ၇၈၁ ဦးနှင့် အောင်မြင်မှုရာခိုင်နှုန်း ၃၂ ဒသမ ၁၅ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ယမန်နှစ် ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နေပြည်တော်မှ ခြောက်ဘာသာဂုဏ်ထူးတစ်ဦးနှင့် နေပြည်တော် ပျဉ်းမနားမြို့မှ ခြောက်ဘာသာဂုဏ်ထူးငါးဦးရှိခဲ့ကြောင်း ပျဉ်းမနားမြို့ ပညာရေးမှူးရုံးမှ မှတ်တမ်းများအရ သိရသည်။

**မင်းသုခိုင်**

# တွံတေးငါးကန်များအတွင်း ငါးသေဆုံးမှု ၈၀ ရာခိုင်နှုန်း လျော့ကျဟုဆို

**ရန်ကုန်၊ မေ ၃၀**

ငါးမွေးမြူရေးကန်များအတွင်း မတ်လမှစတင်၍ ငါးအစုလိုက် အပြုံလိုက် သေဆုံးမှုများဖြစ်ပေါ်ခဲ့သည့် တွံတေးမြို့နယ် ရွှေမုယင်းဒေသတွင် ယခုအခါ ငါးသေဆုံးမှုနှုန်း ယခင်ကထက် ၈၀ ရာခိုင်နှုန်းကျဆင်းသွားပြီဖြစ်ကြောင်း တွံတေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက မေလ ၂၆ ရက်နေ့တွင် ပြောကြားသည်။

မိမိတို့ဒေသတွင် ငါးကန်များအတွင်း အမိုးနီးယားဓာတ်များပြီး ရာသီပူပြင်းမှုကြောင့် ရေခန်းခြောက်ကာ မတ်လမှစ၍ ငါးများသောင်းဂဏန်းချီ၍ သေဆုံးခဲ့ကြောင်း၊ ယခုအခါ ဧရာဝတီမြစ်ရေမြင့်တက်လာမှုနှင့်အတူ ချောင်းများအတွင်း ရေဝင်ရောက်မှုများလာသဖြင့် ငါးကန်အတွင်း ရေဖြည့်တင်း လဲလှယ်နိုင်ခြင်းနှင့် မိုးရွာသွန်း၍ ရာသီဥတုအေးမြလာခြင်းတို့ကြောင့် ငါးအသေအပျောက်မရှိသလောက်နည်းပါးသွားကြောင်း၊ နောင်နှစ်များတွင် ယခုကဲ့သို့ ရာသီဥတုပူပြင်း၍ ရေခန်းခြောက်မှုမဖြစ်ပေါ်ရန်အတွက် ယခုနှစ်ဆောင်းရာသီမှစ၍ ငါးကန်အပြည့် ရေထည့်သွင်းထားမည်ဖြစ်ကြောင်း တွံတေးမြို့နယ် ရွှေမုယင်းဒေသမှ ငါးကန်ဧက ၅၀၀ မွေးမြူထားသူ လုပ်ငန်းရှင် ဦးလှခိုင်က ပြောကြားသည်။

တွံတေးမြို့နယ်တွင် ငါးမွေးမြူရေးကန် ဧက ၃၁,၆၃၂ ဧက၊ ကန်အရေအတွက်အားဖြင့် ၄၁၇၁ ကန်ရှိပြီး လုပ်ငန်းရှင် ၂၀၀၄ ဦး လုပ်ကိုင်လျက်ရှိကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနထံမှ စုံစမ်းသိရှိရသည်။

# မန္တလေးမြို့အိမ်၊ ခြံ၊ မြေဈေးကွက် မြို့သစ်ဦးဆောင်

**သတင်းဆောင်းပါး/ဓာတ်ပုံ–ကျော်ကျော်မင်း၊ ၁၂–၅–၂၀၁၀**

**မန္တလေး** မြို့တော်၏ ၂၀၁၀ ပြည့်နှစ် အိမ်၊ ခြံ၊ မြေဈေးကွက်မှာ မေလအတွင်းမှ စတင်လှုပ်ခတ်လာရာ ဈေးကွက်ဝယ်လိုအားကို မြို့သစ်ပိုင်းရှိ အိမ်၊ ခြံ၊ မြေများမှ ဦးဆောင်လျက်ရှိကြောင်း မန္တလေးမြို့အခြေစိုက် အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများထံမှ စုံစမ်းသိရှိရသည်။



လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ချောမွေ့သောကြောင့်ဖြစ်သည်

မန္တလေးမြို့တွင် စွယ်တော်အရှေ့ဘက် ၆၈ လမ်းမှ ၆၃ လမ်းကြား ဧက ၆၀ အကျယ်ခန့်တည်ဆောက်နေသည့် ကားကြီးဝင်းစီမံကိန်းအနီး မြေကွက်များသည် လက်တလော ဝယ်သူစိတ်အဝင်စားဆုံး မြေကွက်များဖြစ်နေကြောင်း၊ ပွဲရုံများ၊ ယာဉ်ရပ်နားစခန်းများ၊ စားသောက်ဆိုင်များ၊ ကုန်စည်ဒိုင်ချုပ်နှင့် မော်တော်ယာဉ်ဆက်စပ်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းများပါဝင်မည့် ယင်းစီမံကိန်းနှင့် ဆက်စပ်သည့် လူမှုစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်ရည်ရွယ်၍ ဝယ်ယူလိုသူများနေခြင်းဖြစ်ကြောင်း ဝါရင့်အိမ်ခြံမြေအကျိုးဆောင်တစ်ဦးက ပြောကြားသည်။

ယင်းစီမံကိန်းကိုအကောင်အထည်ဖော်ခဲ့သည့် ၂၀၀၉ ခုနှစ်က စတင်ကာ ဈေးတက်လာကြောင်း၊ ထို့ပြင် ၆၂ လမ်းကို အဓိကလမ်းမကြီးတစ်ခုအသွင် ဖောက်လုပ်နေခြင်း၊ ၆၆လမ်းနှင့် ၆၇လမ်းကို တံတားထိုးလိုက်ခြင်းတို့ကလည်း ယင်းနေရာကို စီးပွားရေးအရ အကွက်အကွင်းနေရာတစ်ခုအဖြစ် ပီပီပြင်ပြင် အသက်ဝင်စေကြောင်း ၎င်းက ရှင်းပြသည်။

"မြို့သစ်တွေ စည်ကားလာတာ လမ်းပန်းဆက်သွယ်ရေးကြောင့် အများကြီးပါတယ်" ဟု ၎င်းက ဆိုသည်။

www.foreverspace.com.mm

မြို့သစ်ပိုင်းဖြစ်သည့် မနော်ဟရီလမ်း၊ သိပ္ပံလမ်း၊ ၆၂ လမ်းများတစ်လျှောက် အခြေချနေထိုင်မှုများပြားလာသည်မှာ မြို့လေးတစ်မြို့လိုပင်ဖြစ်လာကြောင်း၊ လူတန်းစားပေါင်းစုံမြင်တွေ့နိုင်သည့်အပြင် ရေပေးဝေရေးစနစ်မှအစ မြို့ပြလိုအပ်ချက်အတော်များများပြည့်စုံနေသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့်ပင် မြို့လယ်ခေါင်ဧရိယာများကိုရောင်းချ၍ မြို့သစ်သို့ပြောင်းရွှေ့သူများပြားလာခြင်းဖြစ်ကြောင်း၊ မြို့သစ်၏လူဦးရေမှာလည်း အလျင်အမြန် တိုးပွားနေကြောင်း သိပ္ပံလမ်းပေါ်ရှိ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းတစ်ခုမှ တာဝန်ခံတစ်ဦးက ဆိုသည်။

"၆၆၊ ၆၅၊ ၆၂လမ်းတွေက မြို့သစ်ရဲ့နာမည်ကျော်လမ်းတွေပဲ" ဟု ၎င်းက ဆိုသည်။

ဦးကျားကြီးမီးဘေး၊ ပုလင်းဝင်းမီးဘေးတို့မှလူများကို ပြောင်းရွှေ့နေရာချထားပေးခဲ့ရာမှ ယင်းမြို့သစ်များ စတင်အသက်ဝင်လာခြင်းဖြစ်ပြီး ၁၉၉၅၊ ၁၉၉၆ ခုနှစ်များကဆိုလျှင် ယင်းနေရာများတစ်ဝိုက်အလျားပေ ၄၀၊ အနံပေ ၆၀ မြေကွက်များမှာ ကျပ်သိန်း ၄၀ ခန့်သာ ပေါက်ဈေးရှိခဲ့ပြီး၊ ယခုဆိုလျှင် လမ်းနေရာအကွက်အကွင်းပေါ်မူတည်၍ ကျပ်သိန်းထောင်နှင့်ချီ၍ တန်နေပြီဖြစ်ကြောင်း ၎င်းက ဆိုသည်။




ရထားသံလမ်းမြောက်ဘက်မှ မနော်ဟရီလမ်းအထိ ကျပ်သိန်းလေးထောင်ဝန်းကျင်ပေါက်ဈေးရှိပြီး၊ မနော်ဟရီမှ မြောက်ဘက် ရွှေဝါထွန်းလမ်းအထိ ကျပ်သိန်း ၃၀၀၀ မှ ၃၅၀၀ အထိပေါက်ဈေးရှိကြောင်း၊ လတ်တလောတွင် မနော်ဟရီလမ်းပေါ် ၆၆ လမ်းမှ အနောက်ဘက် ၇၃ လမ်းအထိ ကျပ်သိန်း ၁၀၀၀ မှ ၁၅၀၀ ကြား ပေါက်ဈေးရှိနေပြီး လွန်ခဲ့သော ၁၅ နှစ်ခန့်ကဆိုလျှင် ကျပ် ၁၅ သိန်းခန့်သာ ပေါက်ဈေးရှိခဲ့ကြောင်း မနော်ဟရီလမ်းပေါ် ၆၈ လမ်းမှ ၆၂ လမ်းအထိ ကျပ်သိန်း ၄၀၀၀ မှ ၅၀၀၀ ကြား ပေါက်ဈေးရှိကြောင်း စုံစမ်းသိရှိရသည်။

"အခုအသစ်ချပေးတဲ့ လမ်း ၆၀ နဲ့ ပြင်ဦးလွင်-မန္တလေးလမ်းကြားက ရဲမွန်တောင်တစ်ဝိုက်မှာတော့ အလုပ်မဖြစ်သေးဘူး၊ မြို့သစ်လောက်မဖွံ့ဖြိုးသေးဘူး" ဟု ဝါရင့်အိမ်ခြံမြေကျွမ်းကျင်သူတစ်ဦးက ဆိုသည်။

လမ်း ၆၀ နှင့် ၆၉ ကြား၊ သိပ္ပံလမ်းနှင့် ၃၅ လမ်းကြား မဟာမြိုင်ရပ်ကွက်တွင်မူ ဝယ်လိုအားရှိနေသော်လည်း စီးပွားရေးအရ အကွက်အကွင်းမကောင်းသဖြင့် ပေါက်ဈေးအနည်းငယ်နိမ့်ကြောင်း၊ ကြားကွက်များတွင် ကျပ်သိန်း ၅၀၀ နှင့် ၆၀၀ ကြား ပေါက်ဈေးရှိနေပြီး လမ်းမပေါ်ဖြစ်ပါက ကျပ်သိန်းနှစ်ထောင်ဝန်းကျင် ပေါက်

**မြို့လယ်ခေါင်လမ်းများတွင် ဝယ်လိုအားရှိသော်လည်း ရောင်းမည့်သူမရှိဟုဆိုသည်**



www.foreverspace.com.mm



ဈေးရှိကြောင်း ၎င်းက ရှင်းပြသည်။

"မဟာမြိုင်က လူနေရပ်ကွက်သက်သက်ပဲ၊ မြို့ထဲကနေ ရောင်းပြီးထွက်တဲ့သူတွေက မဟာမြိုင်ကိုလည်း စိတ်ဝင်စားကြတယ်" ဟု ၎င်းက ဆိုသည်။

မြို့လယ်ခေါင် လမ်း ၈၀၊ ၇၈ လမ်း၊ ၈၄ လမ်းတို့မှာ ဝယ်လိုအားရှိသော်လည်း ရောင်းမည့်သူမရှိတော့ကြောင်း၊ ဝယ်ယူထားသူအများစုမှာ လုပ်ငန်းများရင်းနှီးလုပ်ကိုင်ရန်အတွက်ဖြစ်ရာ ပြန်လည်ရောင်းချသူမရှိသလောက်ရှားကြောင်း၊ ထို့ကြောင့် အိမ်ခြံမြေအကျိုးဆောင်အများစုသည်ပင်လျှင် ယင်းမြို့သစ်များသို့ သွားရောက်အခြေစိုက်ထားကြကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

မန္တလေးမြို့သည် စီးပွားရေးအခွင့်အလမ်းကောင်းမွန်သဖြင့် နီးစပ်ရာဒေသများမှ လူဦးရေစီးဝင်မှုအပြင်၊ ယူနန်နွယ်ဖွားများ၊ အိန္ဒိယနွယ်ဖွားများစီးဝင်မှုများပါရှိလာရာ နယ်နိမိတ်ကို ခေတ်အဆက်ဆက်တိုးချဲ့ခဲ့ရကြောင်း မှတ်တမ်းများအရ သိရသည်။

၁၉၅၉ ခုနှစ်တွင် မြို့ပြနယ်နိမိတ် ၁၉ စတုရန်းမိုင်ခန့်နှင့် လူဦးရေ နှစ်သိန်းဝန်းကျင်သာရှိပြီး ၁၉၆၅ ခုနှစ်တွင် ၂၆ စတုရန်းမိုင်နီးနီး ကျယ်ပြန့်လာသကဲ့သို့ လူဦးရေလည်းတိုးလာခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် မြို့ဧရိယာ ၄၅ စတုရန်းမိုင်နှင့် လူဦးရေ ၉ သိန်းခန့်ရှိလာကြောင်း၊ ၂၀၀၈ ခုနှစ်တွင် ၆၄ စတုရန်းမိုင်နှင့် လူဦးရေ တစ်သန်းနီးပါးရှိလာကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ မှတ်တမ်းများအရ သိရသည်။

မန္တလေးမြို့ကို အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ ချမ်းမြသာစည်၊ မဟာအောင်မြေနှင့် ပြည်ကြီးတံခွန်မြို့နယ်တို့နှင့် ဖွဲ့စည်းထားသော်လည်း ဧရိယာအပြန့်ကျယ်လာမှုကြောင့် တောင်ဘက်ရှိ အမရပူရမြို့နယ်နှင့် မြောက်ဘက်ရှိ ပုသိမ်ကြီးမြို့နယ်တို့နှင့်ပါ တစ်ဆက်တစ်စပ်တည်းဖြစ်လာသည်ကို တွေ့ရသည်။ ■



# မင်္ဂလာဈေးအထည်ဆိုင်အများစု ပုဂ္ဂလိကအခန်းများတွင် ဖွင့်လှစ်

**ရန်ကုန်၊ ဇွန် ၉**

ရန်ကုန်မြို့တော်၏ စံချိန်တင်အကြာ ဆုံးမီးလောင်ကျွမ်းခံရသော အဆင့်မြင့်မင်္ဂလာဈေးတွင် မီးလောင်ကျွမ်းခံရမှုမရှိခဲ့သည့် အထည်ဆိုင်အများစုသည် ကိုယ်ပိုင်အစီအစဉ်ဖြင့် ပုဂ္ဂလိကပိုင်အခန်းများ ငှားရမ်းဖွင့်လှစ်ရောင်းချကြကြောင်း ယင်းအထည်ဆိုင်ဈေးကွက်အတွင်းထဲမှ စုံစမ်းသိရှိရသည်။

မီးလောင်ကျွမ်းခံရသည့်အထပ်မှ ဆိုင်ခန်းများကို မင်္ဂလာဈေးသစ်နှင့် မင်္ဂလာမွန်ဈေးများတွင်နေရာချထားပေးပြီး မီးလောင်ခြင်းမရှိသည့်အထပ်များမှ ဈေးဆိုင်ခန်းများကို မင်္ဂလာမွန်ဈေးအနောက်ဘက်ရှိ မြေကွက်လပ်တွင် ယာယီဈေးဆောက်ကာ ဖွင့်လှစ်ခွင့်ပေးမည်ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံမှ စုံစမ်းသိရှိရသည်။

"ကျွန်မတို့အထည်ပစ္စည်းတွေက နုတယ်။ ဒုတိယထပ်ယာယီဈေးပုံစံက အခွန်လွတ်ဈေးမျိုးလို ဖြစ်နေတယ်။ နောက်ပြီး မိုးထဲရေထဲမှာဆိုတော့ မရဘူး။ ဒါကြောင့် အခုပေးမယ့် ယာယီဈေးမှာ မဖွင့်ဖြစ်ဘူး" ဟု မီးဘေးသင့်အဆင့်မြင့်မင်္ဂလာဈေးမှ အထည်ဆိုင်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

မင်္ဂလာဈေးပတ်ဝန်းကျင်ရှိ တိုက်ခန်းများမှာ ဈေးနှုန်းကြီးမြင့်နေသည့်တိုင် ငှားရမ်းလိုမှုများပြားနေကြောင်း၊ ယင်းဈေးပတ်ဝန်းကျင်ရပ်ကွက်ရှိ မြေညီထပ်၊ ပထမထပ်၊ ဒုတိယထပ်များထိအောင် ဈေးဆိုင်ခန်းများလာရောက်ဖွင့်လှစ်ကြကြောင်း၊ အချို့အထည်ဆိုင်ခန်းများသည် ဆေးကုသခန်းများနှင့် ပါတွဲဖက်ဖွင့်လှစ်နေကြောင်း မအူကုန်းရပ်ကွက်အတွင်းနေထိုင်သူတစ်ဦးက ဆိုသည်။

"ကျွန်တော့်ဆိုင်မီးလောင်ခံရပြီးပြီးချင်း ဆိုင်ခန်းနေရာလိုက်ရှာတယ်။ ဈေးနှုန်းတွေကအရမ်းကြီးနေတယ်။ ဆိုင်ခန်းငှားခ တစ်လနှစ်သိန်းထားဦး၊ တစ်နှစ်ဆို ၂၄ သိန်းဖြစ်နေပြီ။ ကျွန်တော် ထပ်ပြီးမရင်းရဲဘူး။ ဒါကြောင့်အခုပြန်ပေးတဲ့ မင်္ဂလာဈေးမှာပဲ ယာယီဆိုင်ခန်းပြန်ဖွင့်ဖြစ်မှာပါ" ဟု မီးဘေးသင့်ဆေးဆိုင်လုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

www.foreverspace.com.mm

# နေပြည်တော်အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်နှင့် အမျိုးသားမော်ကွန်းတိုက်တည်ဆောက်မည်

**နေပြည်တော် ၊ ဇွန် ၅**

အစိုးရရုံးစိုက်ရာ နေပြည်တော်၌ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်နှင့် အမျိုးသားမော်ကွန်းတိုက်တို့ကို တည်ဆောက်ရန် မြေနေရာများသတ်မှတ်ထားကြောင်း ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနထံမှ စုံစမ်းသိရှိရသည်။

အဆိုပါနေပြည်တော်အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်နှင့်အမျိုးသားမော်ကွန်းတိုက်အဆောက်အအုံများကို နေပြည်တော်ရှိ ရာဇသင်္ဂဟလမ်းမကြီးအနောက်ဘက် ဥတ္တရသီရိမြို့လမ်းဆုံနှင့် ကန့်ကော်ပန်းအဝိုင်းအကြား မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအနီးရှိ မြေနေရာတွင်တည်ဆောက်သွားမည်ဖြစ်ပြီး ယခုအခါ တည်ဆောက်မည့်ဆောက်လုပ်ရေးကုမ္ပဏီများက မြေညှိခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း အထက်ပါဌာနမှသိရှိရသည်။




လက်ရှိအမျိုးသားစာကြည့်တိုက်ကို ရန်ကုန်မြို့တော် ကမ္ဘာအေးစေတီလမ်း သီရိမင်္ဂလာလမ်းသွယ်ရှိ ယခင်လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအဆောက်အအုံတွင်လည်းကောင်း၊ အမျိုးသားပြတိုက်ကို ပြည်လမ်းတွင်လည်းကောင်း၊ အမျိုးသားမော်ကွန်းတိုက်ကို ပြည်ထောင်စုရိပ်သာလမ်းတွင်လည်းကောင်း ဖွင့်လှစ်ထားသည်။

**မင်းသုခိုင်**

# မှတ်ပုံတင်မဲ့ဆိုင်ကယ်များ နိုင်ငံပိုင်သိမ်းဆည်းမည်၊ ရန်ကုန်ဆိုင်ကယ်ဈေးကွက် လှုပ်ခတ်ဖွယ်မရှိဟုဆို

**သတင်းဆောင်းပါး–မင်းမျိုး၊ ဓာတ်ပုံ–မိုးကျော်လွင် (၁၂–၆–၂၀၁၀)**

**မှတ်ပုံတင်မဲ့ဆိုင်ကယ်များကို ၂၀၁၀ ပြည့်နှစ် ဇူလိုင်လ ၁ ရက်နေ့မှစ၍ နိုင်ငံပိုင်သိမ်းဆည်းသွားမည်ဟု သတင်းထုတ်ပြန်လိုက်ပြီဖြစ်သော်လည်း ရန်ကုန်ဆိုင်ကယ်ဈေးကွက်လှုပ်ခတ်ဖွယ်မရှိကြောင်း ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ဆိုင်ကယ်ဝယ်ရောင်းဈေးကွက်အတွင်း စုံစမ်းသိရှိရသည်။**

ရန်ကုန်မြို့ပြင်ပ ရန်ကုန်မြောက်ပိုင်း၊ တောင်ပိုင်းခရိုင်နှင့် အခြားပြည်နယ်တိုင်းများတွင် ဆိုင်ကယ်မောင်းနှင်ခွင့်ပြုထားရာ တရားမဝင်ဆိုင်ကယ်များနှင့် တရားဝင်မှတ်ပုံတင်ရှိ ဆိုင်ကယ်များ မောင်းနှင်လျက်ရှိသဖြင့် တရားမဝင် တင်သွင်းလာသည့်ဆိုင်ကယ်များကို အများပြည်သူ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက်ရည်ရွယ်ပြီး ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှ ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီ ၃၁ ရက်နေ့အထိ အခွန်အခများပေးချေစေကာ တရားဝင်မှတ်ပုံတင်များထုတ်ပေးခဲ့ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ဌာနလေးခုနဲ့ တရားမဝင်တင်သွင်းတဲ့ဆိုင်ကယ်တွေ တရားဝင်မှတ်ပုံ

www.foreverspace.com.mm



တင်နိုင်အောင် မြန်မာတစ်ပြည်လုံး One Stop Service နဲ့ လုပ်ပေးခဲ့တာ။ မပြီးပြတ်သေးလို့ အချိန်တိုးပြီး လုပ်ပေးခဲ့တယ်” ဟု ယင်းဌာနတာဝန်ရှိသူက ဆိုသည်။

ယခုလ ၃၀ ရက်နေ့အထိ ယင်းသို့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ၂၀၁၀ ပြည့်နှစ် ဇူလိုင် ၁ ရက်နေ့မှစပြီး မှတ်ပုံတင်မဲ့ဆိုင်ကယ်များကို တရားဥပဒေနှင့်အညီ နိုင်ငံပိုင်သိမ်းဆည်းသွားမည်ဖြစ်ကြောင်း ယခုလ ၁၀ ရက်နေ့တွင် အဆိုပါဝန်ကြီးဌာနအောက်ရှိ ယင်းဦးစီးဌာနက သတင်းထုတ်ထားကြောင်း သိရသည်။

“ကျွန်တော်တို့ မသိသေးဘူး၊ ကျွန်တော်တို့ကြားထားတာက ၁၀ လပိုင်းအထိလို့ကြားထားတာ” ဟု ဒလမြို့ခံ ဆိုင်ကယ်ဝယ်ရောင်းလုပ်ကိုင်သူတစ်ဦးက ယခုလ ၁၁ ရက်နေ့တွင် ပြောကြားသည်။

“ဒီလိုမျိုးဆိုရင် ဆိုင်ကယ်ဈေး တက်နိုင်တယ်။ လိုင်စင်မဲ့တွေတော့ ဝယ်စီးတော့မှမဟုတ်ဘူး” ၎င်းက ဆက်လက်ပြောကြားသည်။

ပဲခူးမြို့မှ တင်သွင်းလာလေ့ရှိသည့် လက်ရှိလိုင်စင်မဲ့ ဆိုင်ကယ်သစ်တစ်စီးလျှင် ကျပ်ငါးသိန်း၊ ငါးသိန်းခွဲခန့်ရှိကြောင်း၊ တစ်ပတ်ရစ် လိုင်စင်မဲ့ဆိုင်ကယ်များသည် ငွေကျပ်သုံးသိန်းမှ နှစ်သိန်းခွဲခန့်ရှိကြောင်း၊ ဒလမြို့တစ်မြို့လုံးတွင် တရုတ်ဆိုင်ကယ်များသာ အသုံးများပြီး ယိုးဒယားဘီးကဲ့သို့ ပုံစံတူကြောင်း၊ လိုင်စင်ရှိဆိုင်ကယ်သစ်တစ်စီးလျှင် ခုနစ်သိန်းခန့်ရှိပြီး တစ်ပတ်ရစ် လိုင်စင်ရှိဆိုင်ကယ်ဖြစ်ပါက ငွေကျပ်လေးသိန်းမှ ငါးသိန်းဝန်းကျင်ရှိကြောင်း ဒလမြို့ခံ ဆိုင်ကယ်ဝယ်ရောင်းလုပ်ကိုင်သူများထံမှ စုံစမ်းသိရသည်။

“ကယ်ရီသမားတွေအနေနဲ့ အခုဆိုအရင်လောက် မကိုက်တော့ဘူး။ ဆီဖိုးနဲ့အုံနာကြေးရဖို့တောင် မနည်းရှာနေရတယ်။ အကုန်လုံး ဆိုင်ကယ်ကိုယ်စီဖြစ်နေကြပြီ။ ဒါကြောင့် တရားဝင်ဆိုင်ကယ်မှတ်ပုံတင်တာရပ်ပေမယ့်လည်း ဆိုင်ကယ်ဈေးတက်ဖို့မရှိဘူး” ဟု ဒလမြို့ခံ ကိုယ်ပိုင်ဆိုင်ကယ် ကယ်ရီမောင်းနှင်သူ ကိုမျိုးသန့်က သူ၏အမြင်ကို ယခုကဲ့သို့ ပြောဆိုသည်။

ဆိုင်ကယ်အများစုသည် တရုတ်ဘီးများဖြစ်ပြီး လိုင်စင်မဲ့ဆိုင်ကယ်သစ်မှာ ဒလမြို့တွင် ငွေကျပ်လေးသိန်းမှ ငါးသိန်းကြားတွင်ရှိပြီး လိုင်စင်ကြေး တစ်သိန်းရှစ်သောင်းပေးဆောင်ပြီးပါက ငွေကျပ်ခုနစ်သိန်း၊ ရှစ်သိန်းအထိ ပေါက်ဈေးရှိကြောင်း၊ လိုင်စင်ရှိဆိုင်ကယ် တစ်ပတ်ရစ်တစ်စီးလျှင် ငွေကျပ်သုံးသိန်းမှ သုံးသိန်းခွဲအထိပေါက်ဈေးရှိကြောင်း ၎င်းက ဒေသပေါက်ဈေးကို ဆက်လက်ပြောကြားသည်။

“တရားဝင်လိုင်စင်လုပ်မယ်ဆိုရင် ခေါက်ချိုးလောက်ကျတယ်။ ဒါကြောင့် လိုင်စင်ဝင်ပြီးတဲ့ အသစ်၊ အဟောင်း ဆိုင်ကယ်တစ်စီးကို အမျိုးအစားအလိုက် ငါးသိန်းကနေ ၁၀ သိန်းအထိရှိတယ်” ဟု ဆိုင်ကယ်အငှားကယ်ရီမောင်းသူတစ်ဦးက ဆိုသည်။

လက်ဝယ်ဆိုင်ကယ်မရှိသည့် အငှားမောင်းသူများအနေဖြင့် ဆိုင်ကယ်သစ်တစ်စီးလျှင် စပေါ်ငွေ ကျပ်ငါးသောင်း တင်ရပြီး တစ်ရက်လျှင် အုံနာကြေးငွေ ကျပ် ၂,၀၀၀ ပေးရကြောင်း၊ ဆိုင်ကယ်ဟောင်းပိုင်ရှင် သုံးလေးဦးပြောင်းမောင်းနှင်သူများသည် စပေါ်မတင်နိုင်ပါက တစ်ရက်လျှင် ငွေကျပ် ၁,၀၀၀ သို့မဟုတ် ၁,၅၀၀ ပေးရကြောင်း ၎င်းက ဆက်လက်ပြောကြားတယ်။

“အခုဆို ဒလမြို့မှာတင် ဆိုင်ကယ်လေးသောင်းလောက် ရှိတယ်၊ ကယ်ရီစီးမယ့်သူ မနည်းရှာရတယ်” ဆိုင်ကယ်ကယ်ရီမောင်းသူ ဦးမျိုးသန့်က ဆိုသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးမှုဌာနသည် အကောက်ခွန်ဦးစီးဌာန၊

**ဆိုင်ကယ်လိုင်စင်ရှိရန်လိုအပ်သလို စီးနင်းသူကလည်း ယာဉ်စည်းကမ်းလမ်းစည်းကမ်း လိုက်နာရန်လိုအပ်သည်**



www.foreverspace.com.mm

မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်းတို့နှင့်ပူးပေါင်းပြီး ဆိုင်ကယ်တရားဝင်မှတ်ပုံတင်ခြင်း (One Stop Service) ကို ရန်ကုန်တောင်ပိုင်းနှင့် မြောက်ပိုင်းခရိုင်တို့ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးပြင်ပ ၁၂ မြို့နယ်နှင့် ဒလ၊ ဆိပ်ကြီးခနောင်တို မြို့နယ်အပါအဝင် ၁၄ မြို့နယ်တို့တွင် ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၀ ပြည့်နှစ် ဇွန်လ ၃ ရက်နေ့အထိ တရားမဝင် ဆိုင်ကယ်ပေါင်း ၄၈၂၄ စီးကိုဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း ယင်းဌာန၏ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့တင်ပြသည့် အစီရင်ခံစာ စာရင်းအရ သိရသည်။

ဇူလိုင်လ ၁ ရက်နေ့မှ စတင်ပြီး တရားဥပဒေနှင့်အညီ နိုင်ငံပိုင်သိမ်းဆည်းသွားမည့် မှတ်ပုံတင်မဲ့ဆိုင်ကယ်များကို ပိုင်ရှင်ဖြစ်သူက ပြန်လည်ရယူလိုကြောင်း လျှောက်ထားလာလျှင် ဆိုင်ကယ်၏တန်ဖိုးနှင့် ကျသင့်သည့် အခွန်ငွေများကို ပေးဆောင်ရမည်ဖြစ်ကြောင်း၊ သို့မှသာ အစိုးရက တရားဝင်အဖြစ် သတ်မှတ်မှတ်ပုံတင်ပေးမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ တစ်နိုင်ငံလုံးအတွက် တရားဝင်သတင်းထုတ်ပြန်ထားချက်အရ သိရသည်။


# ရန်ကုန်-ပုသိမ်လမ်း အမှတ် (၄) ကတ္တား ခုနစ်တန်အထိကွာခြား

**ရန်ကုန်၊ ဇွန် ၁၂**

ရန်ကုန်–ပုသိမ် အဝေးပြေးကားလမ်းပေါ်ရှိ ကတ္တားလေးခုတွင် အမှတ် (၄) ကတ္တားသည် အခြားသောကတ္တားများထက် အလေးချိန်ခုနစ်တန်အထိ ပိုမိုကွာခြားလျက်ရှိကြောင်း ဘုရင့်နောင်ပွဲရုံအခြေစိုက် ရန်ကုန်–ပုသိမ် ကုန်တင်ယာဉ်မောင်းများက ပြောကြားသည်။

ရန်ကုန်–ပုသိမ် အဝေးပြေးလမ်းမပေါ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက B.O.T စနစ် လွှဲပြောင်းပေးခဲ့သော လှိုင်သာယာတိုးဂိတ်၊ ဗိုလ်မြတ်ထွန်းတိုးဂိတ်၊ အောင်ဇေယျတံတားမှ ပုဂ္ဂလိကသို့ လွှဲပြောင်းပေးခဲ့သော အမှတ် (၄) တိုးဂိတ်တို့ရှိရာ အမှတ် (၄) တိုးဂိတ်သည် အခြားသောကတ္တားများထက် အလေးချိန် သုံးတန်မှ ခုနစ်တန်အထိ အလေးချိန်ပိုနေသည်ကိုတွေ့ရကြောင်း၊ တန်ပိုကတ္တား ချိန်တွယ်ရာတွင် မမှန်ကန်သည့်အတွက် တန်ပိုကြေးကောက်ခံသူနှင့် ယာဉ်လုပ်သားများ မကြာခဏ အငြင်းပွားစကားများတတ်ကြောင်း၊ အဆိုပါလမ်းခရီးသည် မိုင် ၁၀၀ ဝန်းကျင်ရှိပြီး ကုန်တင်ယာဉ်များ တစ်လလျှင် အနည်းဆုံး ၁၀ ကြိမ်ခန့် ပြေးဆွဲတတ်ခြင်းကြောင့် ယင်းကတ္တားကို တစ်လလျှင် အကြိမ် ၂၀ ချိန်တွယ်ရကြောင်း၊ တစ်ကြိမ်လျှင် သုံးတန်အတွက် ၉၀၀ ကျပ်ဖြင့် တစ်လအတွက် ၂၀,၀၀၀ ကျပ်နီးပါး ပိုမိုကုန်ကျလျက်ရှိကြောင်း၊ ယင်းကဲ့သို့ ပိုမိုချိန်တွယ်ကောက်ခံမှုကြောင့် ကုန်တင်ယာဉ်ပိုင်ရှင်များအတွက် များစွာနစ်နာကြောင်း၊ ဧပြီလဆန်းမှစ၍ ရန်ကုန်–ပုသိမ် လမ်းအတွင်း လမ်းကြေးတိုးမြှင့်လာခြင်း၊ တံတားအသစ်နှစ်စင်း တံတားကြေးအသစ်တိုးချဲ့ကောက်ခံလာခြင်းများကြောင့် တန်ပိုကတ္တားချိန်တွယ်မှုမှာ မှန်ကန်စေလိုကြောင်း ကုန်တင်ယာဉ်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

**ရန်ကုန်–ပုသိမ်ကားလမ်းရှိ ကတ္တားတစ်ခု**



"ကျွန်တော့်ကားက ဗိုလ်မြတ်ထွန်း၊ လှိုင်သာယာ၊ အောင်ဇေယျကတ္တားတွေမှာ အားလုံးတန် ၅၀ ပဲ။ ဒါပေမဲ့ အမှတ် (၄) ကတ္တားတစ်ခုတည်း ၅၈ တန်ဖြစ်နေတယ်။ ဒီကတ္တားက အလေးချိန်ပိုယူနေတာကြာနေပြီ" ဟု ကိုယ်တိုင်ကြုံတွေ့ခဲ့သည့် ရန်ကုန်–ပုသိမ် ယာဉ်မောင်းတစ်ဦးက ပြောကြားသည်။

■

www.foreverspace.com.mm



# ရွှေဘိုပေါ်ဆန်း တစ်ဧက တင်း ၉၀ ကျော်ထွက်ဟုဆို

**ရန်ကုန်၊ ဇွန် ၈**

စစ်ကိုင်းတိုင်း ရွှေဘိုမြို့အနီးပတ်ဝန်းကျင်တွင်စိုက်ပျိုးသည့်ရာသီစပါး ဘောကြားခေါ် ရွှေဘိုပေါ်ဆန်းသည် တစ်ဧကတင်း ၉၀ ခန့်ထွက်ရှိကြောင်း ရွှေဘောကြားကုမ္ပဏီတာဝန်ရှိသူ ဦးအောင်ခန့်က ပြောကြားသည်။

ပေါ်ဆန်းမွှေးခေါ် ဘောကြားသည် နိုင်ငံကျော်အရည်အသွေးကောင်း ရာသီစပါးမျိုးဖြစ်ကြောင်း၊ မျိုးစေ့များတွင် ဗီဇနှင့် ပတ်ဝန်းကျင် (ရေမြေ) ပေါ်မူ တည်၍ပြောင်းလဲသည့်အလေ့အထရှိကြောင်း၊ မူလဗီဇက ရာသီစပါးဖြစ်သော်လည်း ရေမြေရာသီဥတုပြောင်းသွားပါက သက်တမ်းစပါးဖြစ်သွားလျှင် အထွက်တိုးကြောင်းနှင့် ရွှေဘိုပေါ်ဆန်းအထွက်နှုန်းကောင်းသည်ကိုကြားသိရကြောင်း စိုက်ပျိုးရေးပညာရှင် ဒေါက်တာမင်းအောင်က ပြောကြားသည်။

"အခုပေါ်ဆန်းက တင်း ၉၀ ထွက်လာတော့ လယ်သမားတွေအတွက် ကောင်းတာပေါ့" ဟု ဒေါက်တာမင်းအောင်က သုံးသပ်ပြောကြားသည်။

မြန်မာ့ဒေသမျိုးရင်းအရည်အသွေးမြင့် ရာသီစပါးဖြစ်သော ပေါ်ဆန်းမွှေးသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ရေချိုရေငန်စပ်ဒေသများတွင်သာ စိုက်ပျိုးဖြစ်ထွန်းပြီး တစ်ဧကလျှင် အများဆုံး တင်း ၅၀ ခန့်သာ ထွက်လေ့ရှိကြောင်း၊ ယခု အထက်အညာရွှေဘိုဒေသတွင် တင်း ၉၀ ခန့်ထွက်သည်ဟု ကြားသိရသည်မှာ ယုံနိုင်ဖွယ်ရာမရှိကြောင်း မြောင်းမြမြို့ ဆန်စက်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

မြန်မာနိုင်ငံတွင် စပါးမျိုးကွဲပေါင်းများစွာရှိသော်လည်း ယေဘုယျအားဖြင့် အုပ်စုနှစ်မျိုးသာရှိကြောင်း၊ အထွက်တိုးသက်တမ်းစပါးနှင့် ဒေသမျိုးရာသီစပါးမျိုးသာဖြစ်ကြောင်း၊ ရာသီစပါးဆိုသည့်အတိုင်း ရာသီဥတုပေါ်တွင်မူတည်စိုက်ပျိုးရပြီး အရည်အသွေးကောင်းသော်လည်း အထွက်နှုန်းနည်းပါးကြောင်း ဆန်စပါးသုတေသီတစ်ဦးက ဆိုသည်။

ရွှေဘိုဘောကြားဟုခေါ်သော ပေါ်ဆန်းမွှေးသည် ရွှေဘိုသီးလုံးကျေးရွာမှ လယ်သမားတစ်ဦးက လွန်ခဲ့သည့် ငါးနှစ်ခန့်တွင် ဖျာပုံမှမျိုးယူစမ်းသပ် စိုက်ပျိုးရာမှ မထင်မှတ်ဘဲ ရွှေဘိုဒေသတွင် အောင်မြင်ဖြစ်ထွန်းခဲ့ကြောင်း၊ တောင်သူအချင်းချင်း လက်ဆင့်ကမ်းမျိုးပွားစိုက်ပျိုးရာမှ စိုက်ဧကများလာပြီး နှာဂစ်လွန်နှစ်များအတွင်း ရန်ကုန်ဈေးကွက်သို့တင်ပို့နိုင်ပြီး ဦးဆောင်ဈေးနှုန်းရနေကြောင်း ဆန်ပွဲရုံပိုင်ရှင်တစ်ဦးက ဆိုသည်။ "ဈေးကောင်းရတော့ ဘောကြားကိုပဲ စိုက်ချင်ကြတော့တယ်" ဟု ၎င်းက ဆိုသည်။

ရွှေဘိုမြို့အနီးပတ်ဝန်းကျင်ရွာတိုင်း ဘောကြားကိုစိုက်၍မရကြောင်း၊ သီးလုံး၊ ချီပါ၊ ဆိပ်ခွံ၊ ပန်းရန်၊ လိပ်ချင်၊ ညောင်ပင်သာကျေးရွာများတွင်သာ အရည်အသွေးကောင်းပြီး ရွှေဘိုနှင့် ခုနစ်မိုင်ပတ်လည်ရွာများသာဖြစ်ကြောင်း၊ စနစ်တကျစိုက်ပျိုးမှ တင်း ၉၀ ကျော်ထွက်ကြောင်း စိုက်ပျိုးရေးကျောင်းဆင်းလည်းဖြစ်သူ ဦးအောင်ခန့်က ဆိုသည်။

ဘောကြားသည် စိုက်ပျိုးရက် သက်တမ်း ၁၃၅ ရက် (သက်ငယ်)၊ ရက် ၁၅၀ (သက်လတ်)၊ ရက် ၁၆၀ (သက်ကြီး) သုံးမျိုးစိုက်ပျိုးပြီး သက်ငယ်သည် အထွက်မကောင်းသဖြင့် စိုက်ပျိုးသူနည်းပြီး သက်ကြီးမှာ ရက်ရှည်သဖြင့် သိပ်မစိုက်ကြကြောင်း၊ အများစုက သက်လတ်မျိုးကိုသာ အဓိကစိုက်ပျိုးပြီး အထွက်နှုန်းလည်းကောင်းကြောင်း ဒေသခံတောင်သူများက ပြောကြားသည်။

ရွှေဘိုတံခွန်တိုင်ကျေးရွာသားဖြစ်သူ အသက် ၁၂ နှစ်သားကတည်းက လယ်လုပ်ပြီး ယခုအသက် ၅၂ နှစ်ရှိ ဦးဝင်းအောင်က ဘောကြား ငါးဧကစိုက်ပျိုးထားပြီး မျိုး၊ မြေဩဇာ၊ စိုက်စရိတ် စုစုပေါင်း တစ်ဧက နှစ်သိန်းခန့် ရင်းရပြီး ပြန်ရောင်းလျှင် ခြောက်သိန်းခွဲခန့်ရကြောင်း ၎င်း၏အမြင်ကို ပြောကြားသည်။

"ဘောကြားရောင်းပြီး မနော်ဝယ်စားတယ်။ ဘောကြားကို ဒီမှာသိပ်မစားကြဘူး" ဟု ဦးဝင်းအောင်က ဆိုသည်။

ပေါ်ဆန်းသည် ဧက ၈၀၊ ၁၀၀ စိုက်လျှင် အများဆုံး တင်း ၄၀ ခန့်သာ ထွက်ကြောင်း၊ ခြေနိုင်လက်နိုင် သုံးဧက စိုက်လျှင်မူ တစ်ဧက တင်း ၅၀ ခန့် ထွက်ကြောင်း၊ ပေါ်ဆန်းကို အထွက်ကောင်းရန်

**အထွက်ကောင်းသည့်ဘောကြားမျိုးကို စိုက်ပျိုးလိုကြသည်**



www.foreverspace.com.mm



တော်မြေသြဇာကျွေးလျှင်ရသော်လည်း ထမင်းချက်သည့်အခါ ထမင်းမကောင်းကြောင်း လပွတ္တာမြို့နယ် နာမည်ကျော် ပေါ်ဆန်းထွက်ရာ ကတ္တီပါကျေးရွာမှ တောင်သူတစ်ဦးက ပြောကြားသည်။

မဟာဗျူဟာစီးပွားရေးအမြင်အရ ကြည့်လျှင် အရင်းအနှီးနည်းပြီး အကျိုးအမြတ်များသည့်သီးနှံကို တောင်သူများအား လွတ်လွတ်လပ်လပ်စိုက်ပျိုးစေလျှင် အရေအတွက်သာမက အရည်အသွေးပါ တိုးလာကြောင်း၊ ကြားကာလတွင် ဈေးနှုန်းအပြောင်းအလဲရှိနိုင်သော်လည်း ကာလတစ်ခုရောက်လျှင် ဈေးနှုန်းတည်ငြိမ်သွားကြောင်း စီးပွားရေးပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

# နေပြည်တော်ပျဉ်းမနား အမှတ် (၁) မြို့မဈေးနှင့် အာဟာရသုခဈေး ဆိုင်ခန်းခများ တိုးမြှင့်

**နေပြည်တော်ပျဉ်းမနား၊ မေ ၂၄**

နေပြည်တော် ပျဉ်းမနားမြို့၏ အထင်ကရဈေးကြီးနှစ်ခုဖြစ်သော အမှတ် (၁) မြို့မဈေးနှင့် အာဟာရသုခဈေးတို့ရှိ ဆိုင်ခန်းခများကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်စတင်ချိန် ဧပြီလဆန်းမှစ၍ တိုးမြှင့်လိုက်ကြောင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီက သတင်းထုတ်ပြန်သည်။

နေပြည်တော်မပေါ်ထွန်းခင်က ပျဉ်းမနားမြို့မဈေးမှာ ဒေသခံပျဉ်းမနားမြို့သူ/မြို့သားများ ကုန်စည် လက်လီလက်ကားရောင်းဝယ်ရာဈေးကွက်တစ်ခုဖြစ်ခဲ့ကြောင်း၊ နေပြည်တော်ဖြစ်တည်စ နေပြည်တော်မြို့မဈေးနှင့် သပြေကုန်းဈေး မဆောက်ခင်တွင် နေပြည်တော်ရှိ အစိုးရဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် ပျဉ်းမနားမြို့ ဒေသခံပြည်သူများသည် နေပြည်တော် ပျဉ်းမနားမြို့မဈေးကြီးတွင် စုပြုံ၍ ရောင်းဝယ်ကြကာ စီးပွားရေးဖြစ်ထွန်းခဲ့ကြကြောင်း၊ ၂၀၀၈ ခုနှစ် မေလ ၈ ရက်နေ့တွင် နေပြည်တော် ပျဉ်းမနားမြို့ အရှေ့ဘက်၌ ကုန်စိမ်းနှင့် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများရောင်းချရာ အာဟာရသုခဈေး၊ ကုန်စိမ်းဈေးနှင့် ကုန်စိမ်းစားသောက်ကုန်ပစ္စည်း ပွဲရုံတိုက်ခန်းများ ဖွင့်လှစ်လိုက်သည့်အတွက် ပျဉ်းမနားမြို့မဈေးကြီးမှာ ရောင်းအားကျပြီး ဈေးကွက်ပြန့်ကျဲသွားခဲ့ကြောင်း ဒေသခံတစ်ဦးက ဆိုသည်။

ယခုနေပြည်တော် ပျဉ်းမနားမြို့ အမှတ်(၁) မြို့မဈေးကြီးနှင့် အာဟာရသုခဈေးတို့၏ ဈေးဆိုင်ခန်းခများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ အစည်းအဝေးအမှတ်စဉ် ၁၂/၂၀၁၀ အရ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ၂၀၁၀ ပြည့်နှစ်ဧပြီလမှစတင်၍ အောက်ပါအတိုင်း ကောက်ခံသွားမည်ဖြစ်ကြောင်း ပျဉ်းမနားမြို့မဈေးတွင် ကြေညာချက်ထုတ်ပြန်ထားသည်။

**မင်းသုခိုင်**

## နေပြည်တော် ပျဉ်းမနားမြို့မဈေး

| ဆိုင်ခန်းအမျိုးအစား | ယခင်နှုန်း (ကျပ်) | ယခုနှုန်း (ကျပ်) |
|---|---|---|
| RC အပြင်နှင့် အတွင်းထောင့်ခန်း(၈'x၈') | ၁၅၀၀ | ၂၅၀၀ |
| RC အတွင်းခန်း (၈'x၈') | ၁၀၀၀ | ၁၅၀၀ |
| RC အပေါ်ထပ်ဆိုင်ခန်း (၈'x၈') | ၈၀၀ | ၁၂၀၀ |
| အတွင်းကျောကပ်ဆိုင်ခန်း (၆'x၆') | ၈၀၀ | ၁၂၀၀ |
| D ရုံ ထောင့်ဆိုင်ခန်း (၈'x ၁၀') | ၂၀၀၀ | ၂၅၀၀ |
| D ရုံအပြင်ဆိုင်ခန်း (၈'x၁၀') | ၂၀၀၀ | ၂၅၀၀ |
| D ရုံအတွင်းကျောကပ် (၈'x ၁၀') | ၂၀၀၀ | ၂၀၀၀ |

## အာဟာရသုခဈေး

| ဆိုင်ခန်းအမျိုးအစား | ယခင်နှုန်း (ကျပ်) | ယခုနှုန်း (ကျပ်) |
|---|---|---|
| ကုန်စိမ်းဆိုင်ခန်း(၆'x၆') | ၅၀၀ | ၈၀၀ |
| ပွဲရုံတိုက်ခန်း (၂၀'x၃၀') | ၈,၀၀၀ | ၁၀,၀၀၀ |

www.foreverspace.com.mm



# တက္ကသိုလ်တောင်တက်အဖွဲ့ အီမောဘွန်းရေခဲတောင် တက်ရောက်မည်

**ရန်ကုန်၊ ဇွန် ၁**



**ချင်းပြည်နယ် ဘုံတလာတောင်နှင့်ရေတံခွန်**

တက္ကသိုလ်များခြေလျင်နှင့် တောင်တက်အသင်း၏ ဦးဆောင်စီစဉ်မှုဖြင့် တက္ကသိုလ်ဒီဂရီကောလိပ်အသီးသီးမှ အဖွဲ့ဝင်များပါဝင်သော လက်ရွေးစင်တောင်တက်အဖွဲ့သည် လာမည့် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလအတွင်း ကချင်ပြည်နယ် ဆော့လော်မြို့နယ်ရှိ ပင်လယ်ရေမျက်နှာပြင်အထက် ၁၃,၃၅၀ ပေမြင့်မားသော အီမောဘွန်းရေခဲတောင်ထိပ်သို့ တက်ရောက်ကြမည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနတွဲဖက်ပါမောက္ခ ဦးမျိုးသန့်က Living Color သို့ ပြောကြားသည်။

အဆိုပါခြေလျင်နှင့် တောင်တက်အဖွဲ့တွင် လိုက်ပါမည့်အဖွဲ့ဝင်များသည် မေလတတိယပတ်မှစတင်၍ ရန်ကုန်မြို့တွင်း အပတ်စဉ်လမ်းလျှောက်လေ့ကျင့်လျက်ရှိကြကြောင်း၊ ထို့အတူ အသင်း၏စီစဉ်မှုဖြင့် ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ပထမပတ်အတွင်း ချင်းပြည်နယ်တောင်ပိုင်း ကန်ပက်လက်မြို့နယ်၊ မင်းတပ်မြို့နယ်နှင့် မတူပီမြို့နယ်တို့အတွင်းရှိ ဝိတိုရိယတောင် (ခ) နတ်မတောင် (၁၀၅၀၀ ပေ)၊ လုံတိန်းတောင်၊ မောပိတောင်၊ ဘုံတလာရေတံခွန်တောင်နှင့် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ်ရှိ ပုပ္ပားတောင် ခြေလျင်တောင်တက်ခရီးစဉ်နှင့် ဧပြီလအတွင်းက တနင်္သာရီတိုင်း ထားဝယ်မြို့နယ်၊ လောင်းလုံးမြို့နယ်၊ ရေဖြူမြို့နယ်နှင့် သရက်ချောင်းမြို့နယ်တို့အတွင်း ခြေလျင်တောင်တက်နှင့် မောင်းမကန်ကမ်းခြေ နွေရာသီခရီးကြမ်းတို့ကို ထွက်ခွာသွားရောက်ခဲ့ကြကြောင်း၊ လာမည့်ဇူလိုင်လ တတိယပတ်အတွင်းတွင်လည်း မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ ဝေပုလ္လတောင်၊ ကေလာသတောင်၊ ကေလာသဖတောင်၊ မြသပိတ်တောင်နှင့် ဇင်းကျိုက်တောင်ထိပ်များသို့ မိုးရာသီခြေလျင်ခရီးကြမ်းလေ့ကျင့်ထွက်ခွာတက်ရောက်ကြမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

အီမောဘွန်းရေခဲတောင်ထိပ်သို့ ရန်ကုန်တက္ကသိုလ်ခြေလျင်နှင့်တောင်တက်အသင်းက ၂၀၀၀ ပြည့်နှစ် ဧပြီလဆန်းတွင် ပထမဆုံးအကြိမ် လမ်းကြောင်းရှာတက်ရောက်ခဲ့ကြရာ အမြင့် ၁၂,၄၀၀ ပေအထိရောက်ရှိခဲ့ကြပြီး ထိုနှစ် နိုဝင်ဘာလတွင် ဒုတိယအကြိမ်ထပ်မံတက်ရောက်ခဲ့ရာ တောင်ထိပ် ၁၃,၃၅၀ ပေသို့ အောင်မြင်စွာရောက်ရှိခဲ့ကြကြောင်း၊ ယခုတစ်ကြိမ်သည် တတိယအကြိမ်မြောက်ထပ်မံတက်ရောက်ကြခြင်းဖြစ်ကြောင်း တက္ကသိုလ်များခြေလျင်နှင့်တောင်တက်အသင်းမှတ်တမ်းများအရ သိရှိရသည်။

# ပိုလ်ချုပ်ဈေးသစ်ဆိုင်ခန်း နှစ်ပြည့်သွားသူများ အခက်ကြုံ

**ရန်ကုန်၊ ဇွန် ၁၀**

ဆေးဝါးဈေးကွက်၏ ဒုတိယအရန်ဈေးကွက်ဟုဆိုကြသည့် ပန်းဘဲတန်းမြို့နယ်ရှိ ဗိုလ်ချုပ်ဈေးသစ်တွင် ဆိုင်ခန်းငှားရမ်း၍ ရောင်းချနေသူများမှာ ရုတ်တရက်ဆိုင်ခန်းဈေးများ အဆမတန် မြင့်တက်သွားမှုကြောင့် နှစ်ပြည့်၍ ဆိုင်ခန်းငှားရမ်းမှုစာချုပ်အသစ်ထပ်မံချုပ်ဆိုကြရမည့် ဆိုင်ခန်းငှားသူများအနေဖြင့် ဆိုင်ရှင်များ၏ နှုန်းထား တိုးမြှင့်တောင်းခံခြင်းကြောင့် အခက်အခဲဖြစ်နေကြရကြောင်း အဆိုပါဈေးကြီးအတွင်းရှိ ဆိုင်ခန်းများမှ စုံစမ်းသိရှိရသည်။

ယင်းဈေးကြီးအတွင်း၌ ယခင်က တစ်လလျှင် ကျပ်တစ်သောင်း၊ တစ်သောင်းခွဲနှင့် ဆိုင်ခန်းငှားရမ်း၍ ဖွင့်လှစ်

www.foreverspace.com.mm

နေကြသည့် စက်ချုပ်ဆိုင်များရှိပြီး ယခဈေးနှုန်းဖြင့် ငှားရမ်းရမည်ဆိုပါက ငှားရန် မတတ်နိုင်ကြကြောင်း အဆိုပါဆိုင်ခန်းငှားရမ်းသူများက ဆိုသည်။

ထို့အတူ ဆေးပစ္စည်းရောင်းချမှု သက်တမ်း ၁၅ နှစ်ရှိပြီး ဇွန်လလယ်ခန့်တွင် ဆိုင်ငှားစာချုပ်ပြည့်တော့မည့်သူတစ်ဦးကလည်း "ကျွန်တော်တစ်လကို လေးသောင်းနဲ့ ငှားထားတာ အခုဆိုင်ရှင်က နှစ်သိန်းတောင်းတယ်။ မပေးနိုင်ရင်တော့ ဖယ်ရတော့မယ်။ ဒီမှာပဲရောင်းလာတာ ဒီကရွှေ့ရရင် ဘယ်သွားဖွင့်ရမလဲမသိသေးဘူး" ဟု လတ်တလော ၎င်းကြုံတွေ့နေရသည်ကို ပြောပြသည်။

ဈေးသာယာရေးအဖွဲ့ကလည်း မတရားသဖြင့် မတန်တဆဈေးသို့ မမြှင့်တင်ကြရန် ဈေးကြီးအတွင်း အသံချဲ့စက်များဖြင့်သတိပေးပြောကြားခဲ့ကြောင်းနှင့် ဆိုင်ခန်းငှားရမ်းမှုစာချုပ်ပြည့်၍ ဆိုင်ရှင်က လခတိုးတောင်းမှုနှင့် ကြုံတွေ့ရသူ နှစ်ဦး၊ သုံးဦးကိုလည်း ဈေးသာယာရေးအဖွဲ့က ပြေလည်အောင်ညှိနှိုင်းပေးခဲ့ကြောင်း အဆိုပါပုဂ္ဂိုလ်ထံမှ သိရသည်။

ဗိုလ်ချုပ်ဈေးသစ်တွင် ဆိုင်ခန်းငှားရမ်းရာ၌ နှစ်ချုပ်ဖြင့်ငှားရမ်းလေ့ရှိကြကြောင်း၊ လတ်တလောတွင် မင်္ဂလာဈေးမှ လာရောက်ငှားရမ်းသူများမှာ လပိုင်းဖြင့်သာ ငှားရမ်းမှုရှိကြပြီး ခြောက်လငှားရမ်းသူများပြားကြောင်း အဆိုပါဈေးကြီးတွင် ဆေးရောင်းချသည့် လုပ်ငန်းရှင်အမျိုးသမီးတစ်ဦးက ၎င်းသိရှိရသည်များကို ပြောပြသည်။

ပြီးခဲ့သည့် မေလ ၂၄ ရက်နေ့က မင်္ဂလာဈေးစတုတ္ထထပ်၌ မီးလောင်မှုဖြစ်ပွားခဲ့ပြီးချိန်တွင် အဆိုပါဈေးကြီး၌ ရောင်းချသူများမှာ ယင်းတို့နှင့်နီးစပ်သည့် ယုဇနပလာဇာ၊ တော်ဝင်ပလာဇာနှင့် မင်္ဂလာဈေးအနီးတစ်ဝိုက်ရှိနေရာများတွင် ဆိုင်ခန်းများငှားရမ်း၍ ဖွင့်လှစ်ရောင်းချနေခဲ့ရာ မင်္ဂလာဈေးမီးလောင်ရာတွင် ပါဝင်သွားခဲ့သည့် ဆေးဆိုင်အချို့မှာလည်း ရန်ကုန်မြို့တွင် ဒုတိယဆေးဝါးဈေးကွက်ဖြစ်သည့် ဗိုလ်ချုပ်ဈေးသစ်သို့ ပြောင်းရွှေ့လာကြရာ ဗိုလ်ချုပ်ဈေးသစ်ရှိ ဆိုင်ခန်းငှားရမ်းမှုဈေးနှုန်းများ ရုတ်တရက် တစ်ရှိန်ထိုးမြင့်တက်သွားခဲ့ခြင်းဖြစ်သည်။

အဆိုပါဈေးကြီးတွင် ယခင်က ဆိုင်ခန်းတစ်ခန်းလျှင် တစ်လ ၄၀,၀၀၀ ကျပ်မှ ၄၅,၀၀၀ ကျပ်အထိသာရှိ၍ အများဆုံးနှုန်းထားဖြစ်သည့် ၅၀,၀၀၀ ကျပ်ဖြင့် ငှားရမ်းထားသည့်ဆိုင်ခန်းအရေအတွက် ဆယ်ဂဏန်းခန့်သာရှိကြောင်း၊ ကျပ် ၂၅,၀၀၀ ဝန်းကျင်ဖြင့် ငှားရမ်းထားသည့် ဆိုင်ခန်းများပင်ရှိခဲ့ကြောင်း၊ မေလ ၂၅ ရက်နောက်ပိုင်းတွင်မှ ဆိုင်ခန်းငှားရမ်းခနှုန်းထားများမှာ တစ်ခန်းလျှင် အနိမ့်ဆုံးဈေးနှုန်း ၁၅၀,၀၀၀ ကျပ်မှ ၁၈၀,၀၀၀ ကျပ်အထိရှိပြီး အမြင့်ဆုံးမှာ ၂၅၀,၀၀၀ ကျပ်အထိသို့ မြင့်တက်သွားခဲ့ကြောင်း အဆိုပါဈေးကြီးအတွင်း ရောင်းချနေသည့်ဆိုင်များမှ သိရသည်။

"မင်္ဂလာဈေးမီးလောင်လို့ ဒီကို လာငှားတဲ့သူတွေက ခေတ္တပဲလာတာပါ။ ဒီလိုမျိုးဈေးတက်လည်း သူတို့က ငှားမှာပါပဲ။ ကျွန်တော်တို့က ဒီမှာနှစ်နဲ့ချီပြီး ရောင်းလာတာပါ။ ဒီဈေးမှာ ရေရှည်လုပ်ရမယ့် ကျွန်တော်တို့ကတော့ နစ်နာပါတယ်" ဟု အဆိုပါဈေးကြီးတွင် ရောင်းချသူတစ်ဦးက ၎င်း၏ခံစားချက်ကို ပြောပြသည်။

ဆိုင်ခန်းလာရောက်ငှားရမ်းလိုသူများမှာလည်း ကျပ်တစ်သိန်းဝန်းကျင်ဖြင့်သာ ငှားရမ်းလိုကြကြောင်း ဆက်လက်စုံစမ်းသိရှိရသည်။

# Red Light Running Camera ဖြင့် ဖမ်းဆီးခံရသည့်ယာဉ်စီးရေပိုမိုများပြား

**ရန်ကုန်၊ ဇွန် ၁၂**

Red Light Running Camera (CCTV)ကို ရန်ကုန်တိုင်း ကြိုးမဲ့နှင့် ယာဉ်ထိန်းတပ်ဖွဲ့က ယာဉ်မောင်းသူများ စည်းကမ်းလိုက်နာစေရေးအတွက် မီးပွိုင့်သုံးခုတွင် ယာဉ်များ၏ စည်းကမ်းချိုးဖောက်မှုများကို ဖော်ထုတ်နိုင်ရန် ၂၀၀၉ ခုနှစ် မေလမှစတင်တပ်ဆင် အသုံးပြုဖမ်းဆီးခဲ့ရာ ဖမ်းဆီးခံရသည့် ယာဉ်အစီးရေသည် ၂၀၀၉ ခုနှစ် ရှစ်လတာကာလထက် ၂၀၁၀ ပြည့်နှစ် သုံးလတာကာလတွင် ပိုမို တိုးတက်များပြားလာကြောင်း ရန်ကုန်တိုင်း ယာဉ်ထိန်းတပ်ဖွဲ့၏ ဖမ်းဆီးမှုမှတ်တမ်းများအရ သိရသည်။

"ဒီမီးပွိုင့်သုံးနေရာမှာ ယာဉ်မောင်းတွေအနေနဲ့ သတ်မှတ်ထားတဲ့ စည်းကမ်းဖောက်ဖျက်ကျူးလွန်ရင် ထိရောက်ပြစ်ဒဏ်အပြင် ဒဏ်ငွေထပ်ရိုက်ပါတယ်" ဟု အဆိုပါဌာနမှ အကြီးတန်းအရာရှိကဆိုသည်။

အဆိုပါ CCTV ကင်မရာများကို ရွှေဂုံတိုင်မီးပွိုင့် (အနောက်ရွှေဂုံတိုင်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်း)၊ မင်္ဂလာဈေးမီးပွိုင့်နှင့် ဘုရင့်နောင်မီးပွိုင့်တို့တွင် တပ်ဆင်ဖမ်းဆီးလျက်ရှိရာ ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလမှ မတ်လအထိ ဖမ်းဆီးခံရသည့်ယာဉ်စီးရေ ၁၆,၇၁၀ စီးရှိပြီး အမှုပေါင်း ၁၆,၇၁၀ မှုရှိခဲ့ကြောင်း၊ စတင်တပ်ဆင်သည့် ၂၀၀၉ ခုနှစ် မေလမှ ဒီဇင်ဘာလအထိ အဆိုပါမီးပွိုင့်သုံးခုတွင် ဖမ်းဆီးခံရသည့် ယာဉ်စီးရေမှာ ၁၅,၃၈၈ စီးရှိခဲ့ပြီး အမှုပေါင်း ၁၅,၄၆၀ မှုရှိခဲ့ကြောင်း အထက်ပါဌာနမှတ်တမ်းအရ သိရသည်။

ဖမ်းဆီးခံရသည့် ယာဉ်များသည် အထက်ပါမီးပွိုင့်များတွင် မီးနီဝင်ရောက်မောင်းနှင်ခြင်း၊ မဆင်မခြင်မောင်းနှင်ခြင်း (အရှိန်ပြင်း)၊ စည်းကမ်းချိုးဖောက်မောင်းနှင်ခြင်း၊ ယာဉ်၏ဘေးနောက် လူတင်ခြင်း၊ ယာဉ်ပေါ်မှအမှိုက်၊ ကွမ်းတံတွေးထွေးခြင်း၊ အမိုးပေါ်ဝက်ခြံတင်ပြီး မဝင်ရ

www.foreverspace.com.mm



လမ်းဝင်ခြင်း၊ နံပါတ်သေးတပ်ဆင်ခြင်း၊ ဘေးတံခါးဖွင့်ခြင်း (ခရီးသည်တင်ယာဉ်)၊ မီးပွိုင့်ဇရိယာတွင် လူအတင်/အချပြုလုပ်ခြင်း၊ မီးပွိုင့်အံခွက်ဇရိယာအတွင်း မရပ်ခြင်း၊ အံခွက်ပြောင်းခြင်း၊ မီးပွိုင့်တွင် ယှဉ်မောင်းကျော်တက်ခြင်း၊ မီးပွိုင့်တွင် ဂငယ်ကွေ့ကွေ့ခြင်းတို့ကြောင့်ဖြစ်ကြောင်း ယင်းဌာနအရာရှိ၏အဆိုအရ သိရသည်။

"ဒီလို Camera နဲ့ မှတ်သားဖမ်းဆီးခံရတာမှာ လိုင်းကားနဲ့ Taxi တွေများတယ်" ဟု ယာဉ်ထိန်းတပ်ဖွဲ့ဝင်တစ်ဦးက ဆိုသည်။

စည်းကမ်းဖောက်ဖျက်သည့် ယာဉ်များကို CCTV Camera ဖြင့် စစ်ဆေးဖမ်းဆီးလေ့ရှိသည်ကို ယာဉ်ပိုင်ရှင်အချို့က မသိရှိဘဲ ယာဉ်ထိန်းဌာနသို့လည်း အမှု ရှိ/မရှိလာရောက်စစ်ဆေးခြင်းမရှိကြောင်း၊ ယင်းကြောင့် ပိုင်ရှင်အနေဖြင့် မိမိယာဉ် မည်သည့်ပြစ်မှုကျူးလွန်သည်ကို မသိနိုင်ကြောင်း၊ ထိုအခါ မိမိယာဉ်၏ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအပေါ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရန် ထိန်းသိမ်းကြီးကြပ်နိုင်ခြင်းမရှိနိုင်ကြောင်း၊ ယင်းသို့နေခဲ့ပြီး အကြောင်းတစ်စုံတစ်ခု (ဝှီးတက်ပျောက်ခြင်း၊ ယာဉ်ပိုင်ရှင်စာအုပ်ပျောက်ခြင်း စသည့်) ဖြစ်သောအခါမှ လာရောက်စစ်ဆေးသည့်အခါ သို့မဟုတ် CNG စာအုပ် လာရောက်လုပ်သည့်အခါမှ မိမိယာဉ်အမှု အများအပြားရှိကြောင်းသိသောကြောင့် ဒဏ်ကြေးများဆောင်ရန် အခက်အခဲများရှိလာနိုင်ကြောင်း၊ ယင်းအတွက် ယာဉ်ပိုင်ရှင်များအနေဖြင့် ရဲမှုရှိ၊ မရှိ၊ CCTV အမှုများရှိ၊ မရှိကို လစဉ်ကွန်ပျူတာဖြင့် လာရောက်စစ်ဆေးသင့်ကြောင်း ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးက အကြံပြုပြောကြားသည်။

**၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလမှ မတ်လအထိ CCTV ဖြင့်ဖမ်းဆီးသည့် ယာဉ်စီးရေနှင့် အမှုပေါင်း**

| နေရာ (မီးပွိုင့်) | ယာဉ်စီးရေ | အမှုပေါင်း |
|---|---|---|
| ရွှေဂုံတိုင်(၁) အနောက်ရွှေဂုံတိုင်လမ်း | ၁၂၄၂၀ | ၁၂၄၂၀ |
| ရွှေဂုံတိုင်(၂) ကမ္ဘာအေးဘုရားလမ်း | ၁၇၁၄ | ၁၇၁၄ |
| မင်္ဂလာဈေး | ၄၄၇ | ၄၄၇ |
| ဘုရင့်နောင် | ၂၁၂၉ | ၂၁၂၉ |
| **စုစုပေါင်း** | **၁၆၇၁၀** | **၁၆၇၁၀** |

**၂၀၀၉ ခုနှစ် မေလမှ ဒီဇင်ဘာလအထိ CCTV ဖြင့်ဖမ်းဆီးသည့် ယာဉ်စီးရေနှင့် အမှုပေါင်း**

| နေရာ (မီးပွိုင့်) | ယာဉ်စီးရေ | အမှုပေါင်း |
|---|---|---|
| ရွှေဂုံတိုင်(၁) အနောက်ရွှေဂုံတိုင်လမ်း | ၁၁၁၇၉ | ၁၁၂၅၁ |
| ရွှေဂုံတိုင်(၂) ကမ္ဘာအေးဘုရားလမ်း | ၁၁၉၂ | ၁၁၉၂ |
| မင်္ဂလာဈေး | ၂၄၅ | ၂၄၅ |
| ဘုရင့်နောင် | ၂၇၇၂ | ၂၇၇၂ |
| **စုစုပေါင်း** | **၁၅၃၈၈** | **၁၅၄၆၀** |

# ရန်ကုန်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲအချို့ နေရာပြောင်းရွှေ့

**ရန်ကုန်၊ ဇွန် ၄**

မြန်မာနိုင်ငံတွင် ဘဏ်ခွဲအရေအတွက်အများဆုံးဖွင့်လှစ်ထားသော မြန်မာ့စီးပွားရေးဘဏ်၏ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ငွေစုဘဏ်ခွဲ (၃)၊ ငွေစုဘဏ်ခွဲ (၂) နှင့် ဘဏ်ခွဲ (၃) တို့ကို ဇွန်လ ၇ ရက်နေ့မှစတင်၍ နေရာပြောင်းရွှေ့ဖွင့်လှစ်လိုက်ကြောင်း မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများနှင့် ယင်းဘဏ်ခွဲများတွင် စာရင်းဖွင့်လှစ်ထားသူများက ပြောကြားသည်။

ငွေစုဘဏ်ခွဲ (၂) နှင့် ငွေစုဘဏ်ခွဲ (၃) တို့ကို ဆူးလေဘုရားလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ အဆောက်အအုံသို့လည်းကောင်း၊ ဘဏ်ခွဲ (၃) ကို ဆူးလေဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ အဆောက်အအုံ (ယခင်ငွေစုဘဏ်ခွဲ (၃)အဆောက်အအုံ) သို့လည်းကောင်း ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများထံမှ သိရှိရသည်။

■

www.foreverspace.com.mm

# စက်သုံးဆီဆိုင်ပေါင်း ၂၄၉ ဆိုင် စက်သုံးဆီတင်သွင်းဖြန့်ဖြူး လွှဲပြောင်းခွင့်ပြု

**ရန်ကုန်၊ ဇွန် ၂၁**

စွမ်းအင်ဝန်ကြီးဌာနက နှစ် ၂၀ ခန့်ကြာ ထိန်းချုပ်လုပ်ကိုင်ခဲ့သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စက်သုံးဆီအရောင်းဆိုင် ၂၄၉ ဆိုင်ကို ပြီးခဲ့သည့် ဇွန်လ ၁၀ ရက်နေ့မှစတင်၍ ပုဂ္ဂလိကလုပ်ငန်းရှင် ၂၀ ဦးခန့်ထံသို့ လွှဲပြောင်းပေးလိုက်ပြီဖြစ်ကြောင်း စက်သုံးဆီတင်သွင်းဖြန့်ဖြူးသည့် လုပ်ငန်းရှင်တစ်ဦးက Living Color သို့ ပြောကြားသည်။

ယင်းဆီဆိုင်များအနက် နီလာရိုးမထရေးဒင်းကုမ္ပဏီလီမိတက်၏ ဆီဆိုင်အချို့သည် ဧပြီလတွင်းမှ စတင်၍ဖွင့်လှစ်နိုင်ပြီး ကျန်ဆီဆိုင်အများစုမှာ ဇွန်လ ၁၀ ရက်နေ့ခန့်မှ စတင်၍ ဖွင့်လှစ်ရောင်းချခဲ့သည်။

**စွမ်းအင်ဝန်ကြီးဌာန စက်သုံးဆီတင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊**
**လုပ်ငန်းလုပ်ပိုင်ခွင့် ခွင့်ပြုလျာထားသည့်ဆိုင်များစာရင်း**

**အဏ္ဏဝါလွှမ်းကုမ္ပဏီလီမိတက် (ဦးခင်စိုး)**

| စဉ် | မြို့နယ် | ဆိုင်အမှတ် | အမည် | ပြည်နယ်/တိုင်း |
|---|---|---|---|---|
| ၁။ | သန်လျင် | ၀၁၄၀ | ဦးခင်စိုး | ရန်ကုန်တိုင်း |
| ၂။ | သုံးခွ | ၀၁၆၁ | ။ | ။ |
| ၃။ | ခရမ်း | ၁၆၅ | ။ | ။ |
| ၄။ | ကွမ်းခြံကုန်း | ၀၁၈၁ | ။ | ။ |
| ၅။ | ကော့မှူး | ၀၁၈၇ | ။ | ။ |
| ၆။ | ကျောက်တန်း | ၀၁၈၈ | ။ | ။ |
| ၇။ | ဒလ | ၀၂၇၂ | ။ | ။ |
| ၈။ | ရွှေတောင် | ၀၉၀၃ | ။ | ပဲခူး(အနောက်) |
| ၉။ | ပေါင်းတည် | ၀၉၄၂ | ။ | ။ |
| ၁၀။ | ကြို့ပင်ကောက် | ၀၉၄၄ | ။ | ။ |
| ၁၁။ | သာယာဝတီ | ၀၉၄၅ | ။ | ။ |
| ၁၂။ | တိုက်ကြီး | ၀၉၆၈ | ။ | ရန်ကုန်တိုင်း |
| ၁၃။ | ဥက္ကံ | ၀၉၆၉ | ။ | ။ |
| ၁၄။ | သုံးဆယ် | ၀၉၇၀ | ။ | ပဲခူး(အနောက်) |

**ထူးထရေးဒင်းကုမ္ပဏီ (ဦးတေဇ)**

| စဉ် | မြို့နယ် | ဆိုင်အမှတ် | အမည် | ပြည်နယ်/တိုင်း |
|---|---|---|---|---|
| ၁။ | ဒဂုံ(မြောက်) | ၀၂၆၉ | ဦးတေဇ | ရန်ကုန်တိုင်း |
| ၂။ | ကျောက်ပန်းတောင်း | ၀၃၄၀ | ။ | မန္တလေး |
| ၃။ | ညောင်ဦး | ၀၃၆၆ | ။ | မန္တလေး |
| ၄။ | မြစ်ကြီးနား | ၀၆၂၈ | ။ | ကချင်ပြည်နယ် |
| ၅။ | မတ္တရာ | ၀၆၄၆ | ။ | မန္တလေး |
| ၆။ | ကသာ | ၀၆၆၁ | ။ | စစ်ကိုင်း |
| ၇။ | ထားဝယ် | ၀၈၆၅ | ။ | တနင်္သာရီ |
| ၈။ | မြိတ် | ၀၈၆၆ | ။ | ။ |
| ၉။ | ဥသျှစ်ပင် | ၀၉၇၆ | ။ | ပဲခူးတိုင်း |

www.foreverspace.com.mm



## ပြည်ခိုင်ဖြိုးအသင်း

| စဉ် | မြို့နယ် | ဆိုင်အမှတ် | အမည် | ပြည်နယ်/တိုင်း |
|---|---|---|---|---|
| ၁။ | ပုသိမ် | ၀၁၃၉ | ပြည်ခိုင်ဖြိုးအသင်း | ဧရာဝတီတိုင်း |
| ၂။ | တောင်ငူ | ၀၁၄၅ | ။ | ပဲခူးတိုင်း(အရှေ့) |
| ၃။ | မင်္ဂလာတောင်ညွန့် | ၀၂၁၃ | ။ | ရန်ကုန်တိုင်း |
| ၄။ | ဗိုလ်တထောင် | ၀၂၁၇ | ။ | ။ |
| ၅။ | စမ်းချောင်း | ၀၂၆၁ | ။ | ။ |
| ၆။ | မရမ်းကုန်း | ၀၂၇၄ | ။ | ။ |
| ၇။ | မိတ္ထီလာ | ၀၃၄၁ | ။ | မန္တလေးတိုင်း |
| ၈။ | တောင်တွင်းကြီး | ၀၃၄၅ | ။ | မကွေးတိုင်း |
| ၉။ | နေပြည်တော် ပျဉ်းမနား | ၀၃၅၁ | ။ | မန္တလေးတိုင်း |
| ၁၀။ | ပခုက္ကူ | ၀၃၅၂ | ။ | မကွေးတိုင်း |
| ၁၁။ | ဝွေးချို | ၀၃၇၀ | ။ | ။ |
| ၁၂။ | မန္တလေး(တမ္ပဝတီ) | ၀၆၁၈ | ။ | မန္တလေးတိုင်း |
| ၁၃။ | မန္တလေး (မြစ်ငယ်) | ၀၆၁၉ | ။ | ။ |
| ၁၄။ | မုံရွာ | ၀၆၄၀ | ။ | စစ်ကိုင်းတိုင်း |
| ၁၅။ | မော်လမြိုင် | ၀၈၆၁ | ။ | မွန်ပြည်နယ် |
| ၁၆။ | ပြည် | ၀၉၄၀ | ။ | ပဲခူးတိုင်း(အနောက်) |
| ၁၇။ | ကျိုင်းတုံ | ၀၉၄၀ | ။ | ရှမ်းပြည်နယ်(အရှေ့) |

## ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်

| စဉ် | မြို့နယ် | ဆိုင်အမှတ် | အမည် | ပြည်နယ်/တိုင်း |
|---|---|---|---|---|
| ၁။ | ဖြူး | ၀၁၄၄ | ဦးပိုင် | ပဲခူးတိုင်း(အရှေ့) |
| ၂။ | ပဲနွယ်ကုန်း | ၀၁၆၄ | ။ | ။ |
| ၃။ | ကျောက်တံခါး | ၀၁၆၆ | ။ | ။ |
| ၄။ | ဒဂုံ | ၀၂၁၉ | ။ | ရန်ကုန်တိုင်း |
| ၅။ | ဗဟန်း | ၀၂၄၅ | ။ | ။ |
| ၆။ | ဗဟန်း | ၀၂၆၀ | ။ | ။ |
| ၇။ | မင်္ဂလာတောင်ညွန့် | ၀၂၆၄ | ။ | ။ |
| ၈။ | စော်ဘွားကြီးကုန်း | ၀၂၇၀ | ။ | ။ |
| ၉။ | ရွှေပြည်သာ | ၀၂၇၆ | ။ | ။ |
| ၁၀။ | နေပြည်တော် | ၀၃၅၃ | ။ | မန္တလေးတိုင်း |
| ၁၁။ | မန္တလေး (အမရပူရ) | ၀၆၁၇ | ။ | ။ |
| ၁၂။ | ကျောက်ဆည် | ၀၆၄၄ | ။ | ။ |
| ၁၃။ | ပြည် | ၀၉၀၁ | ။ | ပဲခူးတိုင်း(အနောက်) |
| ၁၄။ | အောင်လံ | ၀၉၄၁ | ။ | မကွေးတိုင်း |

www.foreverspace.com.mm

Max Myanmar (ဦးဇော်ဇော်)

| စဉ် | မြို့နယ် | ဆိုင်အမှတ် | အမည် | ပြည်နယ်/တိုင်း |
|---|---|---|---|---|
| ၁။ | ရေကြည် | ၀၁၄၇ | ဦးဇော်ဇော် | ဧရာဝတီတိုင်း |
| ၂။ | ငါးသိုင်းချောင်း | ၀၁၄၈ | ။ | ။ |
| ၃။ | ကျုံပျော် | ၀၁၄၉ | ။ | ။ |
| ၄။ | အင်းတကော် | ၀၁၅၂ | ။ | ပဲခူးတိုင်း(အရှေ့) |
| ၅။ | ပဲခူး | ၀၁၉၃ | ။ | ။ |
| ၆။ | လှည်းကူး | ၀၉၄၈ | ။ | ရန်ကုန်တိုင်း |
| ၇။ | လေးဒေါင့်ကန် | ၀၉၄၉ | ။ | ။ |
| ၈။ | လှည်းကူး | ၀၉၅၀ | ။ | ။ |

ယုဇန (ဦးငွေးမြင့်)

| စဉ် | မြို့နယ် | ဆိုင်အမှတ် | အမည် | ပြည်နယ်/တိုင်း |
|---|---|---|---|---|
| ၁။ | ကြည့်မြင်တိုင် | ၀၂၃၄ | ဦးငွေးမြင့် | ရန်ကုန်တိုင်း |
| ၂။ | ရမည်းသင်း | ၀၃၄၈ | ။ | မန္တလေးတိုင်း |
| ၃။ | မြိတ် | ၀၈၇၆ | ။ | တနင်္သာရီတိုင်း |
| ၄။ | ထားဝယ် | ၀၈၇၇ | ။ | ။ |
| ၅။ | သရက်ချောင်း | ၀၈၈၁ | ။ | ။ |
| ၆။ | ကော့သောင်း | ၀၈၈၂ | ။ | ။ |

Myanmar Naing Group(ဦးထွန်းနိုင်ရွှေ)

| စဉ် | မြို့နယ် | ဆိုင်အမှတ် | အမည် | ပြည်နယ်/တိုင်း |
|---|---|---|---|---|
| ၁။ | လှိုင် | ၀၂၃၇ | ဦးထွန်းနိုင်ရွှေ | ရန်ကုန်တိုင်း |
| ၂။ | မန္တလေး | ၀၆၃၀ | ။ | မန္တလေးတိုင်း |
| ၃။ | ကလော | ၀၇၄၁ | ။ | ရှမ်းပြည်နယ် |
| ၄။ | တောင်ကြီး | ၀၇၄၄ | ။ | ။ |
| ၅။ | တောင်ကြီး | ၀၇၄၅ | ။ | ။ |
| ၆။ | မှော်ဘီ | ၀၉၄၆ | ။ | ရန်ကုန်တိုင်း |

နီလာရိုးမထရေးဒင်းကုမ္ပဏီလီမိတက် (ဦးနေလင်းအောင်)

| စဉ် | မြို့နယ် | ဆိုင်အမှတ် | အမည် | ပြည်နယ်/တိုင်း |
|---|---|---|---|---|
| ၁။ | ပုသိမ် | ၀၁၉၈ | ဦးနေလင်းအောင် | ဧရာဝတီတိုင်း |
| ၂။ | တောင်ငူ | ၀၁၉၉ | ။ | ပဲခူးတိုင်း(အရှေ့) |
| ၃။ | ထောက်ကြန့်(ရွှေညောင်ပင်) | ၀၂၇၈ | ။ | ရန်ကုန်တိုင်း |
| ၄။ | နေပြည်တော် ပျဉ်းမနား | ၀၃၅၇ | ။ | မန္တလေးတိုင်း |
| ၅။ | ပြည်ကြီးတံခွန် | ၀၆၃၃ | ။ | ။ |
| ၆။ | ပျော်ဘွယ် | ၀၆၃၄ | ။ | ။ |
| ၇။ | တောင်ကြီး | ၀၇၀၂ | ။ | ရှမ်းပြည်နယ်(တောင်) |

www.foreverspace.com.mm



**မြေတောင်ဖွံ့ဖြိုးတိုးတက်မှုလီမိတက် (ဦးအောင်ဇော်နိုင်)**

| စဉ် | မြို့နယ် | ဆိုင်အမှတ် | အမည် | ပြည်နယ်/တိုင်း |
|---|---|---|---|---|
| ၁။ | ညောင်လေးပင် | ၀၁၄၃ | ဦးအောင်ဇော်နိုင် | ပဲခူးတိုင်း |
| ၂။ | တာမွေ | ၀၂၀၁ | ။ | ရန်ကုန်တိုင်း |
| ၃။ | စမ်းချောင်း | ၀၂၀၈ | ။ | ။ |
| ၄။ | မန္တလေး(အမရပူရ) | ၀၆၁၃ | ။ | မန္တလေးတိုင်း |
| ၅။ | ရွာထောင် (စစ်ကိုင်း) | ၀၆၂၂ | ။ | စစ်ကိုင်းတိုင်း |
| ၆။ | စစ်ကိုင်း | ၀၆၄၂ | ။ | ။ |
| ၇။ | မြင်းမူ | ၀၆၆၉ | ။ | ။ |
| ၈။ | ချောင်းဦး | ၀၆၇၀ | ။ | ။ |
| ၉။ | မြောင် | ၀၆၇၁ | ။ | ။ |
| ၁၀။ | ညောင်ပင်ကြီး | ၀၆၇၉ | ။ | ။ |
| ၁၁။ | မုံရွာ | ၀၆၈၀ | ။ | ။ |
| ၁၂။ | မုံရွာ | ၀၆၈၄ | ။ | ။ |

**ရွှေသံလွင် ကုမ္ပဏီလီမိတက် (ဦးဇော်ဝင်းထွန်း)**

| စဉ် | မြို့နယ် | ဆိုင်အမှတ် | အမည် | ပြည်နယ်/တိုင်း |
|---|---|---|---|---|
| ၁။ | ဘုရားကြီး | ၀၁၅၃ | ဦးဇော်ဝင်းထွန်း | ပဲခူးတိုင်း(အရှေ့) |
| ၂။ | ကျိုက်ထို | ၀၁၅၆ | ။ | မွန်ပြည်နယ် |
| ၃။ | ကတုတ် | ၀၁၅၉ | ။ | ပဲခူးတိုင်း(အရှေ့) |
| ၄။ | ဒိုက်ဦး | ၀၁၆၃ | ။ | ။ |
| ၅။ | ဝေါ | ၀၁၆၈ | ။ | ။ |
| ၆။ | မော်လမြိုင် | ၀၈၀၂ | ။ | မွန်ပြည်နယ် |
| ၇။ | ဘားအံ | ၀၈၅၉ | ။ | ကရင်ပြည်နယ် |
| ၈။ | သထုံ | ၀၈၆၃ | ။ | မွန်ပြည်နယ် |
| ၉။ | မုတ္တမ | ၀၈၆၇ | ။ | ။ |
| ၁၀။ | သိမ်ဆိပ် | ၀၈၇၀ | ။ | ။ |
| ၁၁။ | ဘီးလင်း | ၀၈၇၁ | ။ | ။ |
| ၁၂။ | ပေါင် | ၀၈၈၀ | ။ | ။ |

**ငါးလုပ်ငန်းနှင့် ပင်လယ်ထွက်ကုန်များလီမိတက် (ဦးဇော်လေး)**

| စဉ် | မြို့နယ် | ဆိုင်အမှတ် | အမည် | ပြည်နယ်/တိုင်း |
|---|---|---|---|---|
| ၁။ | တာမွေ | ၀၂၂၇ | ဦးဇော်လေး | ရန်ကုန်တိုင်း |
| ၂။ | သာကေတ | ၀၂၅၉ | ။ | ။ |
| ၃။ | ဗိုလ်တထောင် | ၀၂၇၃ | ။ | ။ |
| ၄။ | နတ်တလင်း | ၀၉၄၃ | ။ | ပဲခူးတိုင်း (အနောက်) |
| ၅။ | ဇီးကုန်း | ၀၉၆၄ | ။ | ။ |
| ၆။ | အင်းမ | ၀၉၇၄ | ။ | ။ |

www.foreverspace.com.mm

ဧရာဝတီ/ ရွှေယမုံကုမ္ပဏီလီမိတက် (ဦးအောင်သက်မန်း)

| စဉ် | မြို့နယ် | ဆိုင်အမှတ် | အမည် | ပြည်နယ်/တိုင်း |
|---|---|---|---|---|
| ၁။ | ပုသိမ် | ၀၁၁၈ | ဦးအောင်သက်မန်း | ဧရာဝတီ |
| ၂။ | မအူပင် | ၀၁၆၉ | ။ | ။ |
| ၃။ | ဖျာပုံ | ၀၁၇၁ | ။ | ။ |
| ၄။ | ဟင်္သာတ | ၀၁၇၂ | ။ | ။ |
| ၅။ | ဝါးခယ်မ | ၀၁၇၅ | ။ | ။ |
| ၆။ | မော်လမြိုင်ကျွန်း | ၀၁၇၆ | ။ | ။ |
| ၇။ | ဘိုကလေး | ၀၁၇၇ | ။ | ။ |
| ၈။ | ကျိုက်လတ် | ၀၁၇၈ | ။ | ။ |
| ၉။ | ညောင်တုန်း | ၀၁၈၂ | ။ | ။ |
| ၁၀။ | ပန်းတနော် | ၀၁၈၃ | ။ | ။ |
| ၁၁။ | ဒေးဒရဲ | ၀၁၈၉ | ။ | ။ |
| ၁၂။ | မင်္ဂလာဒုံ | ၀၂၄၀ | ။ | ရန်ကုန်တိုင်း |

# အသက် ၈၀ အရွယ် အမျိုးသားကြီး မြန်မာနိုင်ငံတစ်ဝန်းလုံး တစ်လကျော်ကြာ စက်ဘီးစီးမည်

**ရန်ကုန်၊ ဇွန် ၅**

တနင်္သာရီတိုင်း ထားဝယ်မြို့နေ အသက် ၈၀ အရွယ် ဦးသီးလှိုင်သည် လူငယ်စက်ဘီးစီးဝါသနာရှင်နှစ်ဦးနှင့်အတူ ဇွန်လ ၁ ရက်နေ့ နံနက် ၉ နာရီတွင် ထားဝယ်မြို့မှစတင်ကာ မြန်မာနိုင်ငံ ပြည်နယ်နှင့်တိုင်း ၁၄ ခုရှိမြို့ကြီးများကိုဖြတ်၍ တစ်လကျော်ကြာ စက်ဘီးစီးနင်းမည်ဖြစ်ကြောင်း ၎င်းတို့ထံမှ သိရသည်။

၎င်းတို့စက်ဘီးစီးရာ လမ်းတစ်လျှောက်ရှိ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးသို့လည်း လိုအပ်သည်များ ကူညီပံ့ပိုးပေးနိုင်ရန် အသိပေးအကြောင်းကြားထားပြီးဖြစ်ကြောင်း၊ အဆိုပါ အဘိုးအိုနှင့်အတူ ထားဝယ်မြို့ သဘော်ဆိပ်ရပ်မှ ကိုအောင်နိုင်နှင့် ဝဲကျွန်းမြို့သစ်ရပ်မှ ကိုဇော်မင်းဦးတို့နှစ်ဦးလည်း လိုက်ပါစီးနင်းကြမည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

၎င်းတို့ စီးနင်းမည့်ခရီးစဉ်များမှာ တနင်္သာရီတိုင်း ထားဝယ်မြို့မှ မွန်ပြည်နယ် မော်လမြိုင်မြို့၊ ကရင်ပြည်နယ် ဘားအံမြို့၊ ပဲခူးတိုင်း ပဲခူးမြို့၊ ယင်းမှတစ်ဆင့် နေပြည်တော်ပျဉ်းမနားမြို့၊ ကယားပြည်နယ် လွိုင်ကော်မြို့၊ ရှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့၊ ယင်းမှတစ်ဆင့် မန္တလေးတိုင်း မန္တလေးမြို့၊ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့၊ ယင်းနောက် မန္တလေးမြို့သို့ ပြန်လှည့်ပြီး ပြင်ဦးလွင်မှတစ်ဆင့် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နှင့် မူဆယ်မြို့၊ ဆက်လက်ပြီး ကချင်ပြည်နယ် ဗန်းမော်မြို့၊ မြစ်ကြီးနားမြို့၊ ယင်းမှ ချင်းပြည်နယ် ဟားခါးမြို့၊ မကွေးတိုင်း မကွေး၊ မင်းဘူးမှတစ်ဆင့် ရခိုင်ပြည်နယ် အမ်း၊ စစ်တွေနှင့် ကျောက်ဖြူမြို့များမှ လှည့်ပတ်ကာ ဧရာဝတီတိုင်း ပုသိမ်မြို့တို့မှနေ၍ ရန်ကုန်တိုင်း ရန်ကုန် သုဝဏ္ဏအားကစားကွင်းသို့ ဝင်ရောက်ပြီး ခရီးစဉ်ကို အဆုံးသတ်မည်ဖြစ်သည်။

ဦးသီးလှိုင်မှာ တစ်ကိုယ်တော်ခြေလျင်ခရီးစဉ်အဖြစ် ၁၉၉၉ ခုနှစ် ဇွန်လ ၃၀ ရက်နေ့မှစတင်ကာ ၇၃ ရက်ကြာ ၁၆၃၆ မိုင်ခရီးဖြစ်သည့် တနင်္သာရီတိုင်း မြိတ်မြို့မှ ကချင်ပြည်နယ် နောင်မွန်မြို့သို့လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ် ဇူလိုင် ၁၂ ရက်နေ့မှ ၇၁ ရက်ကြာ ၁၆၃၄ မိုင်ခရီးအဖြစ် ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့မှ ကော့သောင်းမြို့ ဘုရင့်နောင်အငူရှိ ဘုရင့်နောင်မင်းတရားကြီးရုပ်တုအထိလည်းကောင်း၊ တစ်ကိုယ်တော် စက်ဘီးစီးခရီးစဉ်အဖြစ် ၂၀၀၂ ခုနှစ် မတ်လ ၁၀ ရက်နေ့မှ မတ်လ ၁၄ ရက်နေ့အထိ လေးရက်ကြာ ၁၅၅ မိုင်ခရီးဖြစ်သည့် ထားဝယ်မြို့မှ မြိတ်မြို့သို့လည်းကောင်း အောင်မြင်စွာ စီးနင်းခဲ့သည်ဟု ဒေသခံများ၏အဆိုအရ သိရသည်။

"သူ့လုပ်ရပ်ကို အားကျအတုယူပြီး ကိုယ်လက်လှုပ်ရှားအားကစားလုပ်ဆောင်ဖို့၊ သက္ကရာဇ် ၂၀၀၀ မှာ လူတိုင်းကျန်းမာဆိုတဲ့ဆောင်ပုဒ်ကို လက်တွေ့လုပ်ဆောင်ရင်း ထောက်ခံဖို့၊ နောက်တစ်ခုက မြန်မာနိုင်ငံမှာ ပြန်လည်အကောင်အထည်ဖော်

www.foreverspace.com.mm

ဈေးပြိုဖြစ်တဲ့ လူထုအားကစားလှုပ်ရှားမှုကို ပိုပိုပြင်ပြင်ဖြစ်လာစေဖို့အတွက် အခုလို ခြေလျင်လျှောက်၊ စက်ဘီးစီးဖြစ်နေတာပါ။ ဒီခရီးစဉ်အောင်အောင်မြင်မြင်ပြီးသွားရင် မြန်မာနိုင်ငံနဲ့ဆက်စပ်နေတဲ့အိမ်နီးချင်းနိုင်ငံတွေကနေတစ်ဆင့် အာဆီယံနိုင်ငံတွေမှာပါ တစ်ကိုယ်တော် ခြေလျင်ခရီးသွားချင်ပါသေးတယ်” ဟု ဦးသီးလှိုင်က ဆိုသည်။

ဦးသီးလှိုင်သည် သစ်တောဦးစီးဌာန အငြိမ်းစားဝန်ထမ်းတစ်ဦးဖြစ်ပြီး ထားဝယ်မြို့ ဝဲကျွန်းထိန်သစ်ရပ်ကွက်တွင် နေထိုင်ကာ သံပုရာခြံစိုက်ခြင်းအပြင် ခြံအတွင်း ရေကူးကန်တစ်ခုတည်ထောင်၍ အသက်မွေးဝမ်းကျောင်းပြုနေသူတစ်ဦး ဖြစ်သည်။

**မိုးရွှေသွန်း (ထားဝယ်)**

# ဧရာဝတီအနုပညာပြပွဲတွင် ဧရာဝတီ Logo စာသားပါတီရှပ် စံချိန်တင်ရောင်းကောင်း

**ရန်ကုန်၊ ဇွန် ၉**

ဧရာဝတီမြစ်ကို မှတ်တမ်းပြုပုံဖော်ထားသော ‘ဧရာဝတီနှင့် စိမ်းလန်းနုလုံးသား’ အလှူပြုအနုပညာပြပွဲတွင် Save the Ayarwaddy Logo စာသားပါ တီရှပ်အင်္ကျီများ စံချိန်တင်ရောင်းကောင်းခဲ့ကြောင်း အဆိုပါပြပွဲစီစဉ်သူတစ်ဦးဖြစ်သူ ဒီဇိုင်းဦးစိုးဝင်းငြိမ်းနှင့် ပွဲလာရောက်သူများထံမှ သိရှိရသည်။

အဆိုပါတီရှပ်များအပြင် အိတ်များ၊ ကာတွန်းအော်ပီကျယ်၏ ကာတွန်းလက်ရာပါ ဗလာစာအုပ်၊ ဓာတ်ပုံ၊ Post Card များကိုလည်းရောင်းချခဲ့ရာ တီရှပ်မှာ အားလုံးအထဲတွင် စံချိန်ချိုးရောင်းချရခြင်း ဖြစ်ကြောင်း ပြပွဲစီစဉ်သူများက ပြောကြားသည်။

ယင်းတီရှပ်များကို အရွယ်အစားသုံးမျိုးခွဲခြားရောင်းချပေးခြင်းဖြစ်ပြီး တစ်ထည်လျှင် ကျပ်သုံးထောင်ဖြင့် ရောင်းချပေးခြင်းဖြစ်ကြောင်း၊ ပြပွဲစတင်ကျင်းပသည့် ဇွန်လ ၅ ရက်နေ့တွင် တီရှပ်အထည် ၂၀၀ ရောင်းချခဲ့ရပြီး ထပ်မံ၍ တီရှပ်အထည် ၁၀၀ ရိုက်နှိပ်ရောင်းချနေကြောင်း ဦးစိုးဝင်းငြိမ်းက ဆိုသည်။

“တီရှပ်တစ်ထည်ကို အရင်း ၂၀၀၀ ကျပါတယ်။ ကျန်တဲ့တစ်ထောင်က သစ်ပင်တစ်ပင် ကောင်းကောင်းစိုက်လို့ရတာမို့ တစ်ထည်ဝယ်ရင် တစ်ပင်စိုက်တဲ့သဘောပေါ့။ တီရှပ်က လူကြီးလူငယ်မရွေး ဝတ်လို့အဆင်ပြေလို့ဝယ်ကြတယ်၊ နောက်တစ်ချက်ကရေးထားတဲ့စာတမ်း Logo အပေါ်မှာ ယုံကြည်မှုရှိလို့ဝယ်တယ်လို့ မြင်ပါတယ်” ဟု ၎င်းက ပြောကြားသည်။

အဆိုပါ အနုပညာပြပွဲတွင် ဓာတ်ပုံပညာရှင်များ၊ ဒီဇိုင်းပညာရှင်များ၊ ကာတွန်းဆရာများ၏ လက်ရာ ၁၄၀ ကျော် ပါဝင်ပြသထားကြောင်း၊ လက်ရှိအချိန်ထိ ဓာတ်ပုံ ၂၅ ကား ရောင်းချပြီးဖြစ်ကြောင်း၊ Photo Essay နှစ်တွဲပါဝင်ပြသထားပြီး ဦးစိုးဝင်းငြိမ်းနှင့် ဦးမျိုးမြင့်ဆွေ (နေခြည်) တို့က ရိုက်ကူးထားကြောင်း ၎င်းကဆက်လက်ရှင်းပြသည်။

တီရှပ်များအတွက် ဒီဇိုင်းကို ဦးစိုးဝင်းငြိမ်းကရေးဆွဲပြီး အဖြူရောင်နှင့် အစိမ်းဖျော့နှစ်ရောင်စပ်ထားသည့် ဒီဇိုင်းဖြစ်ကာ ချည်သားတီရှပ်များဖြစ်သည်ဟု သိရသည်။

“တီရှပ်က ဖက်ရှင်ကျတာရော၊ စာသားသဘောကျတာရော၊ ပေါ့ပေါ့ပါးပါးရှိတာကြောင့်ပါ လူကြိုက်များပြီး အဝယ်လိုက်တာလို့ယူဆပါတယ်” ဟု ပြပွဲလာရောက်သူလူငယ်တစ်ဦးက သူ၏အမြင်ကို ပြောကြားသည်။

ဇွန်လ ၉ ရက်နေ့အထိပြသမည့် ယင်းပွဲတွင် ပြသထားသော ဓာတ်ပုံအများစုမှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းများတွင် ၁၀၀ ရာခိုင်နှုန်းအပြည့်အဝ လှူဒါန်းရန်ဖြစ်ပြီး ဓာတ်ပုံအချို့မှာရောင်းရငွေ၏ ၃၀ ရာခိုင်နှုန်းထက်မနည်း ထည့်ဝင်လှူဒါန်းသွားမည့်ပုံများဖြစ်ကြောင်း ပွဲစီစဉ်သူများ၏ပြောကြားချက်အရ သိရသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် တစ်ဖက်တစ်လမ်းက အားပေးခြင်းဖြစ်သည်**



www.foreverspace.com.mm



# 3 D Animation ဖြင့် ပေါင်းစပ်ရိုက်ကူးထားသည့် မြန်မာရုပ်ရှင်ဇာတ်ကားလေးကား ရုံတင်မည်ဟုဆို

**ရန်ကုန်၊ မေ ၂၀**

3D Animation ကွန်ပျူတာအထူးပြုလုပ်ချက်ဖြင့် ပေါင်းစပ်ရိုက်ကူးထားသည့် မြန်မာရုပ်ရှင်ဇာတ်ကားလေးကားကို ယခုနှစ်အတွင်း ရုံတင်ပြသသွားမည် ဖြစ်ကြောင်း အဆိုပါဇာတ်ကားများကို Animation ပြုလုပ်ဖန်တီးခဲ့သူ ဦးနေလင်းထွန်းက ပြောကြားသည်။

အဆိုပါဇာတ်ကားများကို ပြည်တွင်းရှိ ဒါရိုက်တာ၊ ထုတ်လုပ်သူများနှင့် 3D Animation ဖန်တီးသူများ ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရုပ်ရှင်ဆင်ဆာအဖွဲ့သို့တင်သွင်းထားပြီး စတင်ပြသခွင့်ရရှိပါက မင်္ဂလာရုပ်ရှင်ကုမ္ပဏီပိုင်ရုံများတွင် စတင်ပြသသွားမည်ဖြစ်ကြောင်း၊ ဟာသဇာတ်ကားနှင့် ပေါ့ပေါ့ပါးပါးဇာတ်ကားမျိုးပင်ဖြစ်ကြောင်း၊ ပြသမည့်ကားများမှာ နယူးမော်ဒယ်လ်၊ ရင်ဘတ်ကြီးနဲ့ ချစ်လိုက်မယ်ဇာတ်ကားများနှင့် အခြားဇာတ်ကားနှစ်ကားအမည်ကိုမူ မသိရှိရသေးကြောင်း အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံ၌ 3D Animation ဖန်တီးချက်ဆိုင်ရာများကို ဗီဒီယို၊ ကြော်ငြာများတွင် ၂၀၀၅ ခုနှစ်မှ စတင်အသုံးပြုဆောင်ရွက်ခဲ့သော်လည်း ပရိသတ်မသိရှိခဲ့ကြဘဲ ၂၀၁၀ ပြည့်နှစ် မေလပိုင်းတွင် ရုံတင်ပြသလျက်ရှိသည့် သုခမိန်ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီကထုတ်လုပ်ခဲ့သော ဟာသကားဖြစ်သည့် 'နတ်ဖြစ်ရတဲ့ဒုက္ခ' ရုပ်ရှင်ဇာတ်ကားတွင် စတင်သိရှိခဲ့ကြကြောင်း၊ 3D Animation ဖန်တီးချက်သည် ပြင်ပတွင်ဖြစ်ပွားရန်မလွယ်ကူသည့် စိတ်ကူးသက်သက်ကိုဖန်တီးထားသည့် ရုပ်ရှင်ရိုက်ကွင်းဆိုင်ရာ ရုပ်ရှင်ဖန်တီးမှုတစ်ခုဖြစ်ကြောင်း အထက်ပါ 3D Animation ဖန်တီးမှုပညာနှင့်ပတ်သက်၍ ကျွမ်းကျင်သူတစ်ဦးက The Voice Weekly သို့ ပြောကြားသည်။

"Animation ထည့်ထားတော့ ကြည့်ရတာ နည်းနည်းအမြင်ဆန်းတယ်။ အရင်ကမမြင်ဖူးတဲ့စိတ်ကူးစိတ်သန်းမျိုးပေါ့။ ဒီထက်ပိုပြီး နည်းနည်းတော့ ပီပြင်အောင်လုပ်သွားစေချင်တယ်"ဟု အထက်ပါ 3D Animation ထည့်သွင်းဖန်တီးထားသည့် ရုပ်ရှင်ဇာတ်ကားကြည့်သူ ပရိသတ်တစ်ဦးကဆိုသည်။

# နာဂစ်သင့်ဒေသ မသန်စွမ်းကျောင်းသားများကို ပညာသင်စရိတ်ထောက်ပံ့

**ရန်ကုန်၊ ဇွန် ၁**

ဧရာဝတီတိုင်းဒေသရဲမြို့နယ်ရှိ နာဂစ်မုန်တိုင်းဒဏ်သင့်ကျေးရွာများမှ ကိုယ်အင်္ဂါမသန်စွမ်းသူနှင့်ချို့တဲ့နွမ်းပါးသူ ကျောင်းသူ၊ ကျောင်းသား ၁၅ ဦးကို မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းနှင့် တက္ကသိုလ်များခြေလျင်နှင့် တောင်တက်အသင်းတို့ပူးပေါင်း၍မေလ ၂၂ ရက်နေ့ကပညာသင်စရိတ် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

**ရာခိုင်နှုန်းအများစုမှာ ထောက်ပံ့မှုလိုအပ်နေသည်**



ထိုသို့ထောက်ပံ့ရာတွင် ဒေးဒရဲမြို့နယ် ကျုံဒါတ်ကျေးရွာအုပ်စုရှိ ဥတိုတိုးချဲ့ကျေးရွာ၊ ရေတွင်းကုန်းကျေးရွာ၊ သံဒိတ်ကျေးရွာနှင့် သဲကုန်းကျေးရွာအုပ်စုရှိ သဲကုန်းကျေးရွာ၊ လေးအိမ်ကုန်းကျေးရွာနှင့် ကျားကုန်းကျေးရွာတို့မှ ကိုယ်လက်အင်္ဂါမသန်စွမ်းသူ ၁၃ ဦးနှင့် နွမ်းပါးချို့တဲ့သူနှစ်ဦးတို့ကို မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းက မူလတန်းကျောင်းသားတစ်ဦးလျှင် ကျပ် ၅၀၀၀ နှုန်း၊ အလယ်တန်းကျောင်းသားတစ်ဦးလျှင် ကျပ် ၇,၅၀၀နှုန်း၊ အထက်တန်းကျောင်း

www.foreverspace.com.mm



သားတစ်ဦးလျှင်ကျပ် ၁၀,၀၀၀နှုန်း၊ တက္ကသိုလ်ကျောင်းသားတစ်ဦးလျှင်ကျပ် ၂၀,၀၀၀ နှုန်းနှင့်တက္ကသိုလ်များခြေလျင်နှင့် တောင်တက်အသင်းက မူလတန်းနှင့် အလယ်တန်းကျောင်းသားတစ်ဦးလျှင် ကျပ် ၅၀,၀၀၀ နှုန်း၊ အထက်တန်းကျောင်းသား တစ်ဦးလျှင် ကျပ်တစ်သိန်းနှုန်းနှင့် တက္ကသိုလ်ကျောင်းသားတစ်ဦးလျှင် ကျပ်တစ်သိန်းခွဲနှုန်းစုစုပေါင်း ကျပ်ခြောက်သိန်းခန့်ကို ရွေးချယ်ပေးအပ်ချီးမြှင့်ခဲ့ကြောင်း တက္ကသိုလ်များခြေလျင်နှင့် တောင်တက်အသင်းမှတာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

အလားတူအဆိုပါအသင်းနှစ်သင်းပူးပေါင်းစီစဉ်မှုဖြင့် ယင်းကျေးရွာများရှိ မသန်စွမ်းသူ ၁၂၀ ဦးခန့်ကို မသန်စွမ်းအထောက်အကူပြုပစ္စည်းကိရိယာများပံ့ပိုးပေးခြင်း၊ တစ်လတစ်ကြိမ် အခမဲ့ကွင်းဆင်းဆေးဝါးကုသပေးခြင်းတို့ကိုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင်ဥတိုတိုးချဲ့ကျေးရွာနှင့် သံဒိတ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတို့၌ လစ်လပ်လျက်ရှိသော မူလတန်းပြဆရာမများနေရာတွင် လုပ်အားပေးဆရာမခြောက်ဦးကို တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက် အသင်းကလစာထောက်ပံ့ခန့်အပ်ထားကြောင်း ဒေသခံများထံမှ စုံစမ်းသိရှိရသည်။

# ဟိုင်းကြီးကျွန်းရှိ သမိုင်းဝင်နေရာ ထိန်းသိမ်းစောင့်ရှောက်ရန်လို

**ရန်ကုန်၊ မေ ၁၅**

ဧရာဝတီတိုင်း၏တစ်ခုတည်းသောသမိုင်းဝင်ရှေးဟောင်းအဆောက်အအုံဟုခေါ်ဆိုနိုင်သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲအတွင်းရှိ အရှေ့အိန္ဒိယကုမ္ပဏီအဆောက်အအုံအကြွင်းအကျန်များကို ယခုအခါထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်နေပြီဖြစ်ကြောင်း သမိုင်းသုတေသီတစ်ဦးက ပြောကြားသည်။

ဟိုင်းကြီးကျွန်းသည် ရှေးယခင်ကရွာငယ်အဆင့်သာတည်ရှိခဲ့ပြီး မွန်လူမျိုးတို့အုပ်ချုပ်ခဲ့ကြကြောင်း၊ ဟိုင်းဆိုသည်မှာ မွန်ဘာသာဖြင့် ကင်းဟုအဓိပ္ပာယ်ရပြီး ရှေးမွန်မင်းတို့၏ကင်းစခန်းအဖြစ်တည်ရှိခဲ့ကြောင်း၊ တတိယမြန်မာနိုင်ငံကိုတည်ထောင်သူ အလောင်းမင်းတရားကြီးလက်ထက်၌ အင်္ဂလိပ်တို့သည် အလောင်းမင်းတရားထံသစ္စာခံယူပြီး ဟိုင်းကြီးကျွန်းပေါ်တွင်အခြေချခွင့်ရခဲ့ကာ ဟိုင်းကြီးကျွန်းအရှေ့အိန္ဒိယကုမ္ပဏီစခန်းကို အခိုင်အခံ့တည်ဆောက်ခဲ့ကြောင်း၊ ၁၇၅၉ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့တွင် အဆိုပါစခန်းကို ချေမှုန်းဖျက်ဆီးခဲ့ရကြောင်း၊ ခေတ်အဆက်ဆက်နှစ်ပေါင်း ၂၀၀ ခန့်မေ့လျော့ခဲ့ရာမှ နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးချိန်၌ ဟိုင်းကြီးကျွန်းဒေသဖွံ့ဖြိုးရေးအတွက် ပြန်လည်တူးဖော်ရာတွင် အကာအရံများမရှိဘဲ လူနေအိမ်များဝန်းရံလျက်ရှိသည့် ပျောက်ကွယ်လုလု အဆိုပါအရှေ့အိန္ဒိယကုမ္ပဏီကင်းစခန်းအဆောက်အအုံကို အုတ်ကုန်းငယ်လေးတစ်ခုအဖြစ်သာတွေ့ရှိရတော့ကြောင်း၊ သို့ဖြစ်၍အဆိုပါသမိုင်းဝင် ရှေးဟောင်းအဆောက်အအုံအကြွင်းအကျန်ကို မပျောက်ပျက်မသွားစေရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်နေပြီဖြစ်ကြောင်း ၎င်းက ဆိုသည်။

ဟိုင်းကြီးကျွန်းဒေသသည် ဧရာဝတီမြစ်ဝကျွန်းပေါ်တွင် နာဂစ်ဆိုင်ကလုန်းတိုက်ခိုက်မှုဒဏ်ကို အစောဆုံးနှင့်အဆိုးရွားဆုံးခံစားခဲ့ရပြီး မုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်းတွင်သက်ဆိုင်ရာက မြို့နယ်ခွဲအဆင့်သို့ တိုးမြှင့်ဖွဲ့စည်းခဲ့သည်။

**စနစ်တကျထိန်းသိမ်းမှုမရှိပါက ပျောက်ကွယ်သွားမည်ဖြစ်သည်**



www.foreverspace.com.mm



www.foreverspace.com.mm





# အုတ်ကျစ်ကျော်အေး မန္တလေးမှသည် ကော့စမိုပိုလီတန် မန္တလေးဆီသို့

ကျော်ကျော်မင်း၊ နိုင်မင်းဝေ

**ရက်လများကို သက္ကရာဇ်တို့က စားသွားချိန်တွင် သမိုင်းတို့အခြေတည်ခဲ့သည်။ မန္တလေးမြို့တော်သည် မြို့တည်သက်တမ်းပင် နှစ် ၁၅၀ လွန်ခဲ့ပြီဖြစ်ရာ သက္ကရာဇ်အဆက်ဆက်၊ သမိုင်းအထွေထွေကိုလွန်ခဲ့ပြီ ဖြစ်သည်။ ၂၁ ရာစုနှစ်၏ မန္တလေးသည် မင်းတုန်းမင်းတည်ခဲ့သော မန္တလေးနှင့်တော့ လားလားမှ မဆိုင်တော့ပေ။**

## မဏ္ဍလ

အုတ်ကျစ်ကျော်အေး မန္တလေး ဆိုသကဲ့သို့ မြန်မာသက္ကရာဇ် ၁၂၂၁ (၁၈၆၀ ခုနှစ်) တွင်စတင်တည်ထောင်ခဲ့သည့် မန္တလေးသည် ထီးရိပ်၊ နန်းရိပ်ကိုလည်းလွန်ခဲ့ပေပြီ။ သူ့ကျွန်ဘဝကိုလည်း ခါးစည်းခံခဲ့ရခဲ့ပြီးပြီ။ အမြောက်ဆန်၊ ဗုံးဒဏ်တွေ၏ ဒဏ်ရာဒဏ်ချက်တို့ကိုလည်း ကုသခဲ့ဖူးသည်။ မီးဘေးအကြိမ်ကြိမ်ကို ကျော်ဖြတ်၍ ပြာပုံထဲမှ ဖီးနစ်ငှက်လိုလည်း ရှင်သန်ခဲ့ရဖူးပေပြီ။ ခေတ်အမျိုးမျိုး၊ စနစ်အမျိုးမျိုးမှာလည်း ပျော်မွေ့ခဲ့ရသည်။

မန္တလေးဟူသည် 'မဏ္ဍလ' ဟူသော ပါဠိစကားမှ ဆင်းသက်လာပြီး ပြန့်ပြူးသာယာသောနယ်မြေဟု အဓိပ္ပာယ်ရသည်။

မန္တလေးမြို့တော်ဒေသသည် အင်းဝခေတ်ကပင် စတင်စည်ပင်ထွန်းကားလျက်ရှိပြီး ကုန်းဘောင်ခေတ်ဦးကာလ ဘိုးတော်ဘုရားလက်ထက် အမရပူရမြို့တော် တည်စဉ် မန္တလေးသည် အမရပူရ၏ စီရင်စုနယ်မြေတွင် ပါဝင်ခဲ့သည်ကို သမိုင်းမှတ်တမ်းများတွင် တွေ့ရသည်။

ရတနာပုံခေါ် မန္တလေးမြို့တော်ကြီးကို ကုန်းဘောင်မင်းဆက်၏ ဆယ်ဆက်မြောက်ဘုရင် မင်းတုန်းမင်း (၁၈၅၂–၁၈၇၇) က ၁၈၅၉ ခုနှစ်တွင် စတင်တည်ခဲ့သည်။

မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ် စတင်တည်ခဲ့သဖြင့် နေ့သင့်

www.foreverspace.com.mm



ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်ရေးအတွက် မန္တလေးဟိုတယ်များ၏ဝန်ဆောင်မှုကဏ္ဍသည်လည်း အရေးပါလှသည်

နံသင့် အက္ခရာအရ 'အုတ်ကျစ်ကျော်အေး' ဟုလည်းကောင်း 'အောင်ကျော်ချမ်းအေး' ဟုလည်းကောင်း မှတ်သားထားပြီး ယခုဆိုလျှင် မြို့တည်နှစ် ၁၅၀ ကျော်လာပြီဖြစ်သည်။

## ၂၁ ရာစု မန္တလေးသည်ကော....

မန္တလေးတွင် ၂၁ ရာစု မြို့ပြဆန်မှုကို မြင်တွေ့နေရသည်။ မြို့ပြဖွံ့ဖြိုးမှု၏ ကောင်းကျိုးကို စံစားနေချိန်တွင် တစ်ဖက်ကလည်း ဆိုးကျိုးတို့ကို ရင်ဆိုင်နေရပေပြီ။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ ပြယုဂ်တို့ကို မျက်မြင်ဒိဋ္ဌမြင်တွေ့နေရချိန်တွင် မမြင်ရသည့် ယဉ်ကျေးမှုတို့ တိုးတိုက်ပြိုကွဲနေသည့်ဖြစ်အင်ကို ခံစားမိသူတို့ ရှိနေပေပြီ။

မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု ဝန်ဆောင်မှုတန်ဖိုး GDP တွင် တတိယအများဆုံးပါဝင်နေသော မန္တလေးတိုင်းနှင့် မန္တလေးမြို့တော်သည် ဆယ်စုနှစ်နှစ်ခုခန့်အတွင်း စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံအပြောင်းလဲကြီးပြောင်းလဲခဲ့ကြောင်း မြို့မိမြို့ဖများ၊ မြို့မျက်နှာဖုံးများနှင့် ဒေသခံများက တညီတညွတ်တည်း သုံးသပ်ပြောကြားသည်။

မန္တလေးတိုင်း၏ စတုတ္ထကာလကို ငါးနှစ်စီမံကိန်း၏ ပဌမနှစ်ဖြစ်သော ၂၀၁၀-၂၀၁၁ ခုနှစ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက "ယခုဆိုလျှင် စတုတ္ထကာလကို ငါးနှစ်စီမံကိန်း ပဌမနှစ်ကို ရောက်ရှိနေပြီဖြစ်ကြောင်း၊ မန္တလေးတိုင်းအနေဖြင့် စီမံကိန်းကာလအတွင်း တစ်နှစ်ပျမ်းမျှ ၁၂ ဒသမ သုညရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားကြောင်း နှစ်အလိုက် အကောင်အထည်

## "မန္တလေးသားမဟုတ်ပေမယ့် မန္တလေးမှာနေရတာ ဂုဏ်ယူတယ်"

### မန္တလေးမြို့အခြေပြု ကုသိုလ်ဖြစ်အခမဲ့ဆေးခန်းများကို အထောက်အကူပြုပေးနေသူ ဒေါက်တာကျော်ဦးနှင့်တွေ့ဆုံခြင်း

ကျော်ကျော်မင်း

**မန္တလေး** မြို့တော်သည် လူမှုရေးအသင်းအဖွဲ့အများဆုံးရှိသောမြို့ဟု အမည်ပေးကင်ပွန်းတပ်နိုင်လောက်သည်အထိ လူမှုရေးလုပ်ငန်းများ များပြားသည့်အပြင် လူမှုရေးလုပ်ငန်းများလုပ်ရာတွင်လည်း တက်တက်ကြွကြွရှိလှသည်။ ၂၀၀၉ ခုနှစ်၊ ၂၀၁၀ ပြည့်နှစ်များတွင် ယခင်နှင့်မတူသည့် လူမှုရေးပရဟိတလုပ်ငန်းတစ်မျိုး မန္တလေးမြို့တွင် အောင်အောင်မြင်မြင် လုပ်ကိုင်လာသည်ကိုတွေ့ရသည်။ ယင်းမှာ ပရဟိတအခမဲ့ဆေးခန်းများဖြစ်သည်။ မန္တလေးမြို့ရှိ အခြေခံလူတန်းစားများနေထိုင်ရာနေရာများတွင် ခြေကုတ်ယူဖွင့်လှစ်ထားသည့် အဆိုပါ ပရဟိတဆေးခန်းပေါင်း ၁၀ ခုထက်မနည်းရှိလာသည်။ ထို့ကြောင့် ယင်းပရဟိတဆေးခန်းများ၏ ရပ်တည်မှု၊ အခြေအနေတို့နှင့်ပတ်သက်၍ အဆိုပါဆေးခန်းများတွင် ဆေးခန်းလေးခုခန့်၌ တာဝန်ခံဆရာဝန်အဖြစ်လုပ်အားပေးကူညီနေသူ ဒေါက်တာကျော်ဦးနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။

www.foreverspace.com.mm



ဖော်သည့် အခြေအနေကိုသုံးသပ်ကြည့်လျှင် ၂၀၀၆–၂၀၀၇ တွင် ၁၃ ဒသမ ၂ ရာခိုင်နှုန်း ၂၀၀၇–၂၀၀၈ ခုနှစ်တွင် ၁၀ ဒသမ ၆ ရာခိုင်နှုန်း ၂၀၀၈–၂၀၀၉ ခုနှစ်တွင် ၉ ဒသမ ၆ ရာခိုင်နှုန်း ၂၀၀၉–၂၀၁၀ ပြည့်နှစ်တွင် ၉ ဒသမ ၁၀ ရာခိုင်နှုန်း အသီးသီး တိုးတက်မှုရှိခဲ့သည်ကို တွေ့ရသည်ဟုဆိုသည်။

မြန်မာနိုင်ငံ၏ မြို့ကြီးများအချင်းချင်း လမ်းများဆက်သွယ်ပုံမှာ ပတ်လမ်းကွန်ရက်ပုံစံမဟုတ်ဘဲ အချက်အချာမြို့ကြီးများမှ ဖြာထွက်ဖြန့်ကြက်သည့်ပုံစံဖြစ်ရာ မန္တလေးမြို့သည် မြန်မာနိုင်ငံ အလယ်ပိုင်း၏ စီးပွားရေး၊ လူမှုရေးဆုံချက်မြို့ပင်ဖြစ်သည်။

ယင်းအချက်ကပင် နယ်စပ်ကုန်သွယ်ရေးဖော်ဆောင်ခဲ့သည့်



ဆယ်စုနှစ်နှစ်ခုခန့်အတွင်း စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံအပြောင်းအလဲကြီးပြောင်းလဲခဲ့သည်

**L.C ။ ။ မန္တလေးမှာ အခမဲ့ဆေးခန်းတွေ တိုးတက်လာတာ ဘယ်လိုအကျိုးသက်ရောက်မှုရှိလာပါသလဲ။**

**Dr.KO** ။ ။ အခမဲ့ဆေးခန်းတွေ များလာပါတယ်၊ လူတိုင်း ဆေးကုသခွင့် ရလာတာပေါ့။ အခမဲ့ဆေးခန်းမှာ ဆေးကုမှ ရောဂါသက်သာပျောက်ကင်းမယ်ဆိုတဲ့လူတွေအတွက်တော့ အများကြီး အကျိုးရှိတာပေါ့။ လူ ၁၀၀မှာ ကြည့်မယ်ဆိုရင် ၁၅ရာခိုင်နှုန်းလောက်ပဲ ဆေးရုံဆေးခန်းတွေမှာ ကုနိုင်တယ်၊ ဒါ GP(အထွေထွေရောဂါကုဆရာဝန်)နော်။ ၅ ရာခိုင်နှုန်းလောက်ပဲ Specialist(အထူးကုဆရာဝန်)တွေနဲ့ကုသဖို့ အခွင့်အရေးရှိကြတာ။ ၄၀ ရာခိုင်နှုန်းလောက်က ဆေးမြီးတိုတွေနဲ့ ကုကြတာ။ အဲဒီလို အုပ်စုတွေအတွက် အခမဲ့ဆေးခန်းဖွင့်တာ အကျိုးရှိပါတယ်။

**L.C ။ ။ ပရဟိတဆေးခန်းတွေ ဘာလို့လုပ်ဖြစ်တာလဲ။**

**Dr.KO** ။ ။ တကယ်ဖြစ်လာရင် လက်တွေ့ ရှေ့ထွက်ပြီး ဦးဆောင်နိုင်မယ့်သူအရေးကြီးတယ်၊ ရှာဆော်လိုပဲ။ ရှာဆော်လုပ်မယ့်သူ လိုတယ်။ နာဂစ်တုန်းက မန္တလေးရဲ့ ပရဟိတစိတ်ဓာတ်က အထွတ်အထိပ်ရောက်လာတယ်။ လူကိုယ်တိုင်၊ ပိုက်ဆံ၊ ပစ္စည်း အားလုံးနိုင်တဲ့ဘက်က ဝိုင်းဝန်းပါလာကြတယ်။ တွက်ကြည့်ရင် မန္တလေးကပိုဝေးတယ်။ ဒါပေမဲ့ မန္တလေးပဲ အုံနဲ့ကျင်းနဲ့ဆင်းပြီး ကူတယ်။ ပရဟိတဆေးခန်းတွေ လုပ်ရတာလည်း အဲဒီအရှိန်ကို အသုံးချပြီးလုပ်ခဲ့တာ။ နာဂစ်ရပ်သွားတဲ့အချိန်၊ လှူတာတွေတန့်သွားတဲ့အချိန် အဲဒီပရဟိတစိတ်ဓာတ်ကို တန့်မသွားအောင် အသုံးချလိုက်နိုင်လို့လည်း အောင်မြင်လာတာပါ။

**L.C ။ ။ အခမဲ့ဆေးခန်းတွေက လွယ်လွယ်ကူကူပဲ အောင်မြင်လာသလား၊ အခက်အခဲတွေရှိသေးလား။**

**Dr.KO** ။ ။ ကျွန်တော် ပရဟိတဆေးခန်းတွေ လေးငါးခု

www.foreverspace.com.mm





မြို့ပြဖွံ့ဖြိုးမှုနှင့် ရှေးဟောင်းယဉ်ကျေးမှုအနုပညာလက်ရာများ ဒွန်တွဲလျက်ရှိနေသည်

ကာလနောက်ပိုင်း မန္တလေးမြို့ကိုဖွံ့ဖြိုးတိုးတက်စေခဲ့သည့် အဓိက အချက်ပင်ဖြစ်သည်။

## သုံးချောင်းထောက်လူမှုစီးပွား

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို အလွန်မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်သည့် မန္တလေးမြို့တော်ကြီးတွင် ပရိယတ္တိသာသနဟိတအသင်းကြီး၊ မလွန်ဈေးဆန်လှူအသင်းကြီးနှင့် ပွဲစားကုန်သည် စက်ပိုင်များ၊ မဟာကထိန်တော်အသင်းကြီးဟူသော အသင်းကြီး သုံးသင်းက ဘာသာရေး၊ လူမှုရေး၊ စီးပွားရေးများကို သုံးချောင်းထောက်မဏ္ဍိုင်ပြုထားသည်ဟု မန္တလေးမြို့ မြို့မိမြို့ဖ

လောက်မှာ တွေ့ရတာ တစ်ခုနဲ့တစ်ခုက ပြဿနာတွေ မတူကြဘူး။ အဓိက,ကတော့ငွေကြေး Funding ပိုင်းပေါ့၊ Local Donor တွေ ကိုမှီခိုနေရတယ်။ Local Donor တွေကလည်း ဘယ်လောက်အထိ ကြာကြာပံ့ပိုးပေးထားနိုင်မယ်ဆိုတာ မသိဘူး။ ဒီတော့ Sustainable ဖြစ်ဖို့ အခက်အခဲတွေရှိတယ်။ နံပါတ်နှစ်က ဆရာဝန်၊ သူနာပြုဆရာမ အခက်အခဲ၊ ဒီတော့ ဘယ်လိုဖြေရှင်းလဲဆိုတော့ ဆ/မရပြီးသား အလုပ်မဝင်ရသေးတဲ့ကလေးတွေကို ကျွန်တော်တို့လို ကိုယ်ပိုင်ဆေးခန်းမျိုး ဒါမှမဟုတ် အဆက်အသွယ်ရှိတဲ့ ဆေးရုံ၊ ဆေးခန်းမျိုးမှာ Training ပေးတယ်။ သူတို့က ဆေးကုဖို့အတွက် အဆင်သင့်မဖြစ်သေးဘူး။ တစ်လတန်သည်၊ နှစ်လတန်သည် ကျွန်တော်တို့နဲ့ Attachment လုပ်ပေးပြီးတော့မှ၊ သီအိုရီနဲ့ အတွေ့အကြုံပေါင်းစပ်ပေးပြီးတော့မှ ပရဟိတဆေးခန်းတွေမှာ တွဲလုပ်စေတယ်။ တွဲလုပ်ရင်းနဲ့ကမှ သူတို့အတွက် အတွေ့အကြုံလည်းတိုးလာတယ်၊ ဆေးကုရင်းနဲ့ အခက်အခဲရှိတာလေးတွေလည်း ကျွန်တော်တို့က ဝိုင်းပြီး Operate လုပ်ပေးတော့ သူတို့လည်း ပညာအထိုက်အလျောက်တိုးတာပေါ့။ ဒီလိုနည်းနဲ့ပဲ ဖြေရှင်းလာတာကနေ တစ်ခုအံ့သြစရာကောင်းတာက သူတို့ကိုယ်တိုင်လည်း လိုလိုလားလား ပရဟိတဆေးခန်းတွေမှာ လာပြီးကုသိုလ်ယူလာကြတာပါပဲ။ နောက်တစ်ချက်ကတော့ နေရာအခက်အခဲရှိတယ်၊ နာရေးကူညီမှုအသင်းတွေက လုပ်တဲ့ဆေးခန်းမျိုးဆိုရင်တောင် သူတို့မှာ နေရာလေးရှိသေးတယ်။ ကျွန်တော်တို့ ကံတပ်ကုန်းကုသိုလ်ဖြစ်ဆေးခန်းတုန်းကတောင် မြင့်မြတ်ဇရာဝတီဆိုတဲ့ အဖွဲ့ရှိတယ်၊ လူမှုရေးလုပ်ငန်းတွေလုပ်တာ၊ ရန်ပုံငွေကလည်း မကောင်းဘူး၊ လေးငါးဆယ်သိန်းလောက်နဲ့ လုပ်ရတာ၊ ကံတပ်ကုန်းဘုန်းကြီးဆီမှာ နေရာလေးတောင်းပြီး လုပ်ရတာ။ နေရာထိုင်ခင်းရှိရင် အဆင်ပြေတယ်။ နေရာထိုင်ခင်း မရှိရင် ဒုက္ခရောက်တယ်။ မြို့ထဲမှာဖွင့်ဖို့ ခက်ခဲတာလည်း

www.foreverspace.com.mm

များကဆိုကြသည်။

စီးပွားရေးပညာရှင်များက မန္တလေးကို စီးပွားရေးမြို့တော်ဟု ရှုမြင်ကြပြီး တရုတ်နယ်စပ်၊ အိန္ဒိယနယ်စပ်ကုန်သွယ်ရေးများ၏ ပင်မလမ်းကြောင်းပေါ်တွင်ရှိပြီး ဘင်္ဂလားဒေ့ရှ်နှင့် ထိုင်းနယ်စပ် လမ်းကြောင်းများနှင့်လည်း ဆက်စပ်နေမှုသည် မန္တလေးမြို့ဖွံ့ဖြိုး တိုးတက်လာခြင်း၏ သော့ချက်ဖြစ်လာခဲ့သည်။

လမ်းစဉ်ပါတီခေတ်ကတည်းကပင် လားရှိုးမှ တရုတ်မှောင်ခို ပစ္စည်းများဝင်ရောက်မှုရှိခဲ့ပြီး ဈေးကွက်စီးပွားရေးတွင် တရားဝင် ဖြစ်လာပြီး ၁၀ ဘီးကား ၁၂ ဘီးကားဖြင့် ကုန်သွယ်မှုပြုရုံသာမက ယူနန်နွယ်ဖွားများလည်း တသောသောစီးဝင်လာခဲ့သည်ဟု နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

၁၉၉၈ ခုနှစ်တွင် ထူထောင်ခဲ့သည့် 'မန္တလေး ဗြဟ္မစိုရ်လူမှု ကူညီရေးအသင်း' သည် မြို့၏လိုအပ်ချက် နာရေးကူညီမှုများကို ဆောင်ရွက်ပေးနေသည့်အပြင် ဆင်းရဲနွမ်းပါးသူများကိုလည်း ဆေးကုသပေးနေသည်။ ယခုတော့ ဗြဟ္မစိုရ်တစ်ခုတည်းမဟုတ် တော့ပေ။ နာရေးကူညီမှုအသင်းပေါင်း ၄၂ သင်းခန့်ရှိနေပြီဖြစ်ပြီး သာရေးနာရေးအသင်း၊ သွေးလှူရှင်အသင်းများလည်း မရေ မတွက်နိုင်ရှိနေပေပြီ။

ဤကဲ့သို့ လူမှုရေးလုပ်ငန်းများကို ထောက်ကူပေးကြသူ များထဲတွင် မန္တလေးမြို့ ပွဲစားကုန်သည် စက်ပိုင်ကထိန်တော် အသင်းက ပွဲစားကုန်သည်များ စက်ပိုင်တို့က အများဆုံး ဖြစ်နေ သည်ကို တွေ့မြင်ရသည်။ နှစ်ပေါင်း ၇၆ နှစ်သက်တမ်းရှိပြီဖြစ် သော ပွဲစားကုန်သည်စက်ပိုင်များ၏ မဟာကထိန်တော်အသင်း သည် မြန်မာနိုင်ငံအထက်ပိုင်းတစ်ခုလုံး၏ လယ်ယာထွက်ကုန်သီးနှံ မျိုးစုံရောင်းဝယ်ရေးဗဟိုချက်ဖြစ်သကဲ့သို့ တစ်ဖက်တစ်လမ်းမှ လူမှုရေးလုပ်ငန်းများကို ခေတ်အဆက်ဆက်၊ ယနေ့အထိလုပ် ဆောင်လျက်ရှိသည်ကို တွေ့ရသည်။

ယင်းအစဉ်အလာကို ယနေ့အထိပင် မန္တလေးမြို့ခံစီးပွားရေး လုပ်ငန်းရှင်အားလုံးလိုလိုက ထိန်းသိမ်းထားနိုင်ဆဲဖြစ်သည်။

မန္တလေးမြို့ ဈေးချိုပလာဇာ



---

အဲဒါကြောင့်ပါပဲ။

**L.C** ။ ။ **မန္တလေးမှာ လူမှုရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး နာမည်၊ ဂုဏ်သိက္ခာတစ်ခုအနေနဲ့ တန်ဖိုးထား ဆောင်ရွက်ကြတယ်လို့ သိရပါတယ်။**

**Dr.KO** ။ ။ ကျွန်တော်က မန္တလေးသားမဟုတ်ပေမယ့် မန္တလေးမှာ နေရတာဂုဏ်ယူပါတယ်၊ Heat Stroke မှာ Care လုပ်နိုင်တာ မန္တလေးမြို့ပေါ်မှာရှိတဲ့လူမှုရေးစိတ်ဓာတ်ကြောင့်လို့ အတိအလင်း ဂုဏ်ယူထားတယ်။ နောက်က ဒုက္ခရောက်ပြီဆို ရင် သိတာ မသိတာအသာထား ကူညီဖို့ကအရင်ပဲ၊ ဒါမန္တလေး အတွက် ဂုဏ်ယူစရာပါပဲ။

**L.C** ။ ။ **ဆရာ့အနေနဲ့ရော ဘာကြောင့် ပရဟိတ ဆေးခန်းတွေမှာ စေတနာ့ဝန်ထမ်းလုပ်နေရပါသလဲ။ ဂုဏ်သိက္ခာကြောင့်ပါပဲလား။**

**Dr.KO** ။ ။ လူမှုရေးလုပ်ရတဲ့ ရည်ရွယ်ချက်က ကျွန်တော် ကိုယ်တိုင် ငယ်ငယ်ကတည်းက ချို့တဲ့သူတွေရဲ့ဒုက္ခကို ကိုယ် ချင်းစာတယ်။ ဒုက္ခရောက်သူတွေကို ကူညီမယ်ဆိုတဲ့စိတ်နဲ့ လုပ်ဖြစ်တာပါ။ ဆရာဝန်ဖြစ်လာတာကိုက လုပ်ဖို့အကြောင်း တရားစုံလာတာပါ၊ ဂုဏ်သိက္ခာတို့၊ ဘာတို့ကို ဦးစားမပေး ထားပါဘူး။ လူသားတစ်ယောက်အတွက် လုပ်သင့်လုပ်ထိုက် တဲ့အလုပ်ကို လုပ်တာ၊ ချို့တဲ့ဆင်းရဲသူတွေကို ကူညီဖို့အတွက် ပါ။ ဘယ်ခေတ်၊ ဘယ်အခြေအနေရောက်ရောက် ပရဟိတ လုပ်ငန်းက ဆက်လုပ်သွားမှာပါ၊ ပြန်ရချင်တာမရှိပါဘူး။ ဂုဏ် သိက္ခာအတွက်ထက် လူ့အဖွဲ့အစည်းအတွက် တကယ်ဒုက္ခ ရောက်နေတဲ့သူတွေကို ကူညီချင်တာ အဓိကပါပဲ။

**L.C** ။ ။ **မန္တလေးမှာ လူမျိုးလည်းစုံလာတယ်၊ ဘာသာလည်းစုံလာတယ်၊ လူတန်းစားလည်းစုံလာတယ်၊ ဒီလိုအခြေအနေမှာ လူမှုရေးလုပ်ငန်းတွေကိုဘယ်လို ယုံကြည်မှုတွေနဲ့ ပေါင်းစပ်အောင်မြင်အောင်လုပ်ပါသလဲ။**

www.foreverspace.com.mm




ဆိုင်ကယ်မြို့တော်ဟုလည်းခေါ်ကြသည်

## အဟောင်းပြောင်း အသစ်စ

မန္တလေးမြို့တွင် မြန်မာအများစုနေထိုင်ပြီး မြို့တည်ကာစကတည်းက ကျေးလက်ကိုအခြေခံကာ ရောင့်ရဲသူများဖြစ်ကြောင်း မြို့ကွက်တည်ရာတွင် မင်းမှုထမ်း၊ မင်းသား၊ မင်းသမီး၊ မှူးကြီးမတ်ရာတို့ ဝင်းအလိုက် (ပင်းတယမင်းသားဝင်း၊ တောင်ဆောင်မိဖုရားဝင်း၊ ပန်းသေးဝင်း၊ ဝက်မရွတ်ဝန်ထောက်မင်းဝင်း) အခြေအရံများကို နေရာချထားပေးခဲ့ပြီး ဝင်းခြံဟူ၍မရှိကြောင်း အင်္ဂလိပ်ကိုလိုနီခေတ်တွင် ပြလမ်းများကို ဗဟိုပြု၍ ဂရန်မြေကွက်များ ချထားပေးပြီး ဝင်း၏မျက်နှာစာကို လူနည်းစုဧည့်သည်နိုင်ငံခြားသားများကို ချထားပေးခဲ့ကြောင်း၊ ယင်းအချိန်မှစ၍ စနစ်ကျသည့် မြို့ကွက်ကို ပုံဖော်ခဲ့ကြောင်း မန္တလေးမြို့ကွက် အနေအထားအစကို မန္တလေးမြို့အကြောင်း အစဉ်တစိုက်ရေးသားသူ စာရေးဆရာ ဆူးငှက်က ဆိုသည်။

မန္တလေးမြို့၏ အပြောင်းအလဲများစွာအနက် သိသာမြင်သာသည့် ပထမဆုံးအပြောင်းအလဲသည် ၁၉၈၄ ခုနှစ်မြို့လုံးကျွတ်မီးလောင်မှုနောက်ပိုင်း အကွက်ရိုက်ပြန်လည်နေရာချထားပေးမှုကြောင့် ဖြစ်ပေါ်ခဲ့ကြောင်း၊ ဒုတိယသိသာသည့်အပြောင်းအလဲမှာ ၁၉၉၀ ခုနှစ် ဈေးကွက်စီးပွားရေးစနစ်ကြောင့် ပေါ်ပေါက်လာပြီး ယခင်မောင်ခိုဈေးကွက်နေရာတွင် တရားဝင်နယ်စပ်ကုန်သွယ်ရေးကြောင့် ဇာတိသားမဟုတ်သူ ယူနန်နွယ်ဖွားများနှင့်အတူ ဈေးဆိုင်များ၊ စတိုးဆိုင်၊ ဝန်ဆောင်မှုပုံစံသစ်၊ အလှပြင်ဆိုင်များနှင့်အတူ တဖြည်းဖြည်း အပြောင်းအလဲကြီးပြောင်းလဲခဲ့ခြင်းဖြစ်ကြောင်း ဆရာဆူးငှက်က ၎င်းအမြင်ကို ပြောကြားသည်။

"မန္တလေးရဲ့ ရုပ်ဝတ္ထုတိုးတက်မှုကို စနစ်ကျတဲ့ အမျိုးသား

---

**Dr.KO** ။ ။ မန္တလေးမှာ ပြဿနာတစ်ခုတွေ့လာရင် ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဝိုင်းဝန်းကူညီတဲ့သဘောတရားရှိတယ်။ ကံတပ်ကုန်းမှာတုန်းက လူကိုးယောက်နဲ့စတာ။ ကျွန်တော်က ဆေးကုတဲ့ အလုပ်ကျွမ်းကျင်တယ်၊ ကိုယ်သိတဲ့အပိုင်းလေးနဲ့ ဝင်တာ၊ တစ်ယောက်က Organizing Power သိပ်ကောင်းတယ်၊ အလှူငွေပံ့ပိုးပေးတဲ့လူလည်းရှိတယ်၊ ဘဏ္ဍာရေးနဲ့ပတ်သက်လို့ စိတ်ဝင်စားတဲ့သူလည်းရှိတယ်။ လူမှုရေးစိတ်ဓာတ်အပြည့်နဲ့ ဘာမဆို လုပ်ပေးမယ်ဆိုပြီး မတူညီတဲ့ Field ကဝင်လာကြတယ်၊ ကိုယ်တတ်နိုင်တဲ့ဘက်ကနေ ဝင်လာကြတာပေါ့၊ မတူညီတဲ့ စိတ်ဓာတ်နဲ့ အရည်အချင်းတွေ စုထားတာပေမယ့် ကောင်းတဲ့ ရလဒ်ရလာတာ မျက်မြင်ပဲလေ။ မန္တလေးမှာလည်း ဒီလိုပါပဲ။

**ကျော်ကျော်မင်း**

■

### ကိုယ်ရေးအကျဉ်း

| | | |
|---|---|---|
| အမည် | - | ဒေါက်တာကျော်ဦး |
| အသက် | - | ၄၅ နှစ် |
| ရာထူး | - | ကံတပ်ကုန်းဆေးခန်း ထူထောင်သူ၊ တာဝန်ခံဆရာဝန်<br>ရွှေဆံနွယ်ဓမ္မဓရကုသိုလ်ဖြစ်ဆေးရုံ တာဝန်ခံဆရာဝန်<br>ဖောင်တော်ဦးပရဟိတဆေးခန်း တာဝန်ခံဆရာဝန်<br>နိဗ္ဗာန်သုခကုသိုလ်ဖြစ်ဆေးခန်း တာဝန်ခံဆရာဝန် |

www.foreverspace.com.mm



အကျိုးစီးပွားတိုးတက်မှုလို့တော့ ပြောလို့မရသေးဘူး။ ပုံပျက်ပြီး တိုးတက်လာတယ်။ အဲဒါကို အားလုံး အချိုးညီ တစ်ပြိုင်နက်တည်း တိုးတက်မှုဖြစ်ဖို့လိုတယ်" ဟု ဆရာဆူးငှက်က သုံးသပ်သည်။

မန္တလေးမြို့သည် ဧရာဝတီမြစ်ကိုကျောရိုးခံထားသည့် ၎င်း၏တည်နေရာအနေအထားအရပင်လျှင် မြို့ပြဖွံ့ဖြိုးမှုသည် အရှေ့တောင်ဘက်သို့ တဖြည်းဖြည်းရွေ့လျောလာသည်။ မန္တလေးမြို့တွင် ကွန်ဒို၊ တိုက်ခန်းတွင်နေထိုင်မှုထက် မြေစိုက်အိမ်တွင်နေထိုင်မှုကို ပိုမိုခင်တွယ်သည်ဟု အိမ်၊ ခြံ၊ မြေအကျိုးဆောင်များက အခိုင်အမာဆိုနေကြသည့်တိုင် မန္တလေးမြို့၏ လူစည်ကားရာနေရာများသည် မြေစိုက်အိမ်များသက်သက်မဟုတ်တော့ပေ။ အထပ်မြင့်တိုက်ခန်းများမဟုတ်သည့်တိုင် သုံးထပ်တိုက်၊ လေးထပ်တိုက်ခန်းတွဲများကို အများအပြားမြင်တွေ့နေရသည်။

"အခုနောက်ပိုင်း ဆောက်တာတွေကြည့်ကြည့်လေ။ သုံးထပ်၊ သုံးထပ်ခွဲဆိုတာ အနိမ့်ဆုံးပဲ။ ဒါပေမဲ့ ဒီမှာက တစ်ယောက်ထဲပိုင်များတယ်"ဟု ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

နာမည်ကျော်ဦးပိန်တံတား



# "အမှိုက်လိုက်ကောက်တယ်ဆိုတဲ့ကိစ္စက ရန်ကုန်မှာ တော်တော်ခေတ်စားနေတာ၊ အခု ဒီမှာပါ Change လာတယ်"

## မန္တလေးမြို့အခြေစိုက် Tip Top Capacity Develpment Center ထူထောင်သူ ဦးဇော်မင်းထွန်းနှင့် တွေ့ဆုံခြင်း

ကျော်ကျော်မင်း

**မန္တလေး** မြို့တော်သည် မြန်မာနိုင်ငံအထက်ပိုင်း၏ စီးပွားရေး၊ လူမှုရေးဆုံချက်မြို့အဖြစ် ပီပြင်သည်ထက် ပီပြင်လာသည်နှင့်အမျှ အပြောင်းအလဲများကိုလည်း တစ်နေ့ထက်တစ်နေ့ ပိုမိုရင်ဆိုင်ကြုံတွေ့လာရသည်။ သို့ဖြစ်ရာ မန္တလေးမြို့ ပညာရေးအသိုင်းအဝိုင်းနှင့် လူငယ်တို့၏ အပြောင်းအလဲများနှင့် ပတ်သက်၍ မန္တလေးမြို့တော်တွင် Tip Top Capacity Development Center ထူထောင်ထားသူ ဦးဇော်မင်းထွန်းနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြအပ်ပါသည်။

www.foreverspace.com.mm

မန္တလေးမြို့၏ ပထမဦးဆုံးကွန်ဒိုယဉ်ကျေးမှုကို ဖြစ်ပေါ်စေမည့် ဈေးချို ၂၅ ထပ်ကွန်ဒိုမှာ ၂၀၁၀ ပြည့်နှစ်ကုန်မှပင် အပြီးသတ်မည်ဖြစ်ရာ ၂၀၁၁ နှစ်ဆန်းတွင် အခန်းများ စတင်ရောင်းချမည်ဖြစ်ကြောင်း အဆိုပါကွန်ဒိုကိုဆောက်လုပ်နေသည့် မြန်မာ-မန္တလေး ဆောက်လုပ်ရေးလုပ်ငန်းမှ အကြီးအကဲ ဦးသန်းဝင်းကရှင်းပြသည်။

မန္တလေးမြို့တွင် အထပ်မြင့်တိုက်ခန်းအိမ်ရာ၊ ကွန်ဒို စသည်တို့ ဆောက်လုပ်မှုနည်းသော်လည်း အထပ်မြင့်ဟိုတယ်များ၊ တည်းခိုခန်းများ ဆောက်လုပ်မှုမှာမူ အလွန်များပြားကြောင်း၊ မန္တလေးမြို့၏လမ်းဖြတ်တစ်ခုတိုင်းတွင် ဟိုတယ် သို့မဟုတ် တည်းခိုခန်း တစ်ခုရှိသည်ဟုပင် ဆိုနိုင်ကြောင်း၊ ယင်းလုပ်ငန်းများကြောင့်ပင် မန္တလေးမြို့ဆောက်လုပ်ရေးလုပ်ငန်းများမှာ အလုပ်နှင့် လက်ပြတ်သည်ဟုပင် မရှိကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက မှတ်ချက်ပြုသည်။





မြန်မာနိုင်ငံ ပဲဈေးကွက်၏ ဒုတိယအကြီးဆုံးကုန်စည်ဒိုင်ဖြစ်သည်

## သော့ချက်မြို့သစ်

မြို့တည်နှစ် တစ်ရာ့ငါးဆယ်ကျော်ရှိ မြန်မာပဒေသရာဇ်စနစ်၏ နောက်ဆုံး ထီးနန်းစိုးစံရာ မင်းနေပြည်တော်ကြီးမှ ခေတ်မီမြို့တော်ကြီးအဖြစ် အသွင်ပြောင်းလဲရာတွင် မြို့သစ်များသည် အဓိကအရေးပါခဲ့သည်။

၁၉၉၂ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကြေညာချက်အရ မန္တလေးမြို့တော်ကို မြို့နယ်ငါးခုဖြင့် ပြောင်းလဲဖွဲ့စည်းလိုက်သည်။ အောင်မြေသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့ဖြစ်သည်။ မြို့သစ်ကို သိပ္ပံလမ်းကြီးတောင်ဘက်မှ စတင်ကာ မန္တလေး-ပြင်ဦးလွင် ကားလမ်းအထိ ယေဘုယျသတ်မှတ်ထားသည်။

---

**L.C** ။ ။ **မန္တလေးမှာ ပညာရေးနဲ့ပတ်သက်ပြီး အပြောင်းအလဲတွေများလာတယ်လို့ ထင်ပါသလား။ ဘာတွေ ပြောင်းလဲလာတယ်လို့ ထင်ပါသလဲ။**

**UZMT** ။ ။ Change တွေကအများကြီးပဲ။ အဲဒီထဲကမှ အဓိက Change သွားတာ ပညာရေးနဲ့ပတ်သက်တဲ့ အပြောင်းအလဲက Seminar တွေလို့ ဆိုရမှာပါ။ အရင်က Seminar တစ်ခုလာတက်ဖို့ဆိုရင် အိမ်လိုက်ခေါ်ရမတတ် မနည်းခေါ်ယူရတာ၊ အခုတော့ နည်းနည်းလောက် ကြော်ငြာလိုက်ရင်ကို လာတက်ကြတာတွေ့ရတယ်၊ အရင်က မလေးရှားက ကျောင်းတွေလာရင် တော်တော်အားနာရတဲ့ကိစ္စ၊ အခန်းထဲမှာ လူမပြည့်လို့ ဟိုတယ်ကဝန်ထမ်းတွေကို ခေါ်ထိုင်ခိုင်းရတာမျိုးတောင် လုပ်ခဲ့ရတယ်၊ Seminar တစ်ခုနဲ့တစ်ခုမှာ တက်တဲ့လူတွေကလည်း ဒီလူတွေပဲ၊ ဒီမျက်နှာတွေပဲ။ အခုတော့ အဲလိုမဟုတ်တော့ဘူး။ ပညာရေးနဲ့နွှယ်တဲ့ ဟောပြောပွဲတွေတင်မဟုတ်ဘူး၊ Post 2010 လို ဟောပြောပွဲမျိုးတောင် တက်တဲ့သူ ၃၅၀ လောက်ကိုရှိလာတယ်။ လူသစ်၊ မျက်နှာသစ်တွေ မြင်လာတယ်။ ဟောပြောပွဲတွေစလုပ်တုန်းက တော်တော်အပြစ်တင်တဲ့ အုပ်စုတွေတောင် လာနားထောင်နေကြတယ်၊ လွန်ခဲ့တဲ့ ၂ နှစ်က ဆို ဟောပြောပွဲလုပ်ရင် အလကား အလုပ်မရှိအလုပ်ရှာလုပ်နေတယ် ပြောခံရတာ၊ အခုတော့ အရင်ကမလုပ်ဖို့ပြောတဲ့သူတွေကိုယ်တိုင် စပွန်ဆာပေးတဲ့အဆင့်ဖြစ်လာတယ်။


**L.C** ။ ။ **ဟောပြောပွဲတွေတက်လာတယ်ဆိုပေမယ့် သူတို့တွေမှာ ရန်ကုန်မှာလို ရဲရဲဝံ့ဝံ့ ထမေးတာမျိုးတွေ မတွေ့ရဘူးလို့ထင်တယ်။**

**UZMT** ။ ။ ထမမေးဘူးဆိုတာက သူတို့က လောလောဆယ်မှာ ဘာမှန်းကိုမသိတာ၊ ဘာမေးရမှန်းကိုမသိတာ။ တစ်ခါတလေ တချို့ပွဲတွေ မေးကိုမမေးလို့ မေးမယ့်လူမရှိလို့ ကိုယ်တိုင် ပြန်ထမေးပေးရတာတွေကိုရှိတယ်။ ဥပမာ-ဒီနေ့လုပ်တဲ့

www.foreverspace.com.mm



မြန်မာနိုင်ငံအထက်ပိုင်းမီးရထားလမ်းဆိုင်ရာ မန္တလေးဘူတာကြီး



၁၉၉၅ ခုနှစ်ဝန်းကျင်တွင် အရှေ့မြောက်ဒေသမှ ငြိမ်းချမ်းရေးအဖွဲ့များ လာရောက်အခြေချစဉ် အိမ်၊ ခြံ၊ မြေဈေးကောင်းခဲ့ပြီး မြို့ထဲတွင်ရောင်း၍ မြို့သစ်တွင် ပြန်ဝယ်သူများနှင့် မန္တလေးအနီးတစ်ဝိုက်နယ်များမှ အလုပ်အကိုင်မကောင်းသဖြင့် မန္တလေးတွင် လာရောက်အခြေချသူကြောင့် မြို့သစ်များသည် စည်ပင်လာခဲ့သည်ဟု အိမ်၊ ခြံ၊ မြေအကျိုးဆောင်တစ်ဦးက ဆိုသည်။

၁၉၉၇ ခုနှစ်တွင်မူ မန္တလေး အိမ်၊ ခြံ၊ မြေသည် ပူဖောင်းပေါက်ခဲ့သည်ဟုဆိုရပေမည်။

၁၉၉၅ ခုနှစ်က ကျပ်သုံးသိန်းခန့်သာတန်သော မြေကွက်သည် ၁၉၉၇ ဇွန်လခန့်တွင် သိန်း ၂၀ ဝန်းကျင်ခန့်သို့ ရုတ်ခြည်းထိုးတက်သွားခဲ့ပြီး ပုံမှန်မဟုတ်သည့် ဈေးနှုန်းကစား လက်အလွှဲအပြောင်းလုပ်မှုများဖြစ်ရာမှ ၁၉၉၇ နိုဝင်ဘာတွင် မူလဈေးနှုန်းသို့ ပြန်လည်ကျဆင်းခဲ့ကြောင်း ထွန်းသစ္စာ အိမ်၊ ခြံ၊ မြေအကျိုးဆောင်လုပ်ငန်း အကြီးအကဲက ပြောကြားသည်။

"အမြင့်ဆုံးနှုန်းကို ကာလတိုအတွင်းရောက်ခဲ့တာ လူတစ်စုရဲ့ ဝင်ရောက်ကစားမှုကြောင့်ပါပဲ။ စာချုပ်တွေဆိုတာ မြေကွက်တောင် မမြင်ရဘူး၊ လက်လွှဲပဲ။ နောက်ဆုံးတော့ မြို့ခံတွေ တော်တော် ထိလိုက်သေးတယ်"ဟု ၎င်းကဆိုသည်။

၂၀၀၀ ပြည့်နှစ်တွင် ယင်းသို့ပြန်ကျသွားသည့် ကျပ်သုံးသိန်းခန့်ပေါက်ဈေးရှိမြေကွက်မှာ ကျပ် ခြောက်သိန်းခန့်အထိပြန်ဖြစ်လာကြောင်း ၂၀၀၃ ခုနှစ်တွင် ပြည်တွင်းဘဏ်များ ပြိုလဲသည့်အကျပ်အတည်းတွင် မန္တလေးသားများ၏ ဘဏ်များထဲမှ ငွေကြေးများ အိမ်၊ ခြံ၊ မြေဈေးကွက်သို့ ပြုံဆင်းလာခြင်းက မန္တလေးမြို့ အိမ်၊ ခြံ၊ မြေဈေးကွက်ကို ယနေ့အချိန်ကဲ့သို့ ပန်းပန်စေခဲ့ကြောင်း အမည်မဖော်လိုသူ အိမ်၊ ခြံ၊ မြေအကျိုးဆောင်တစ်ဦးက ပြောကြားသည်။



ဂျပန်ဆိုင်ကယ်များနေရာတွင်
တရုတ်ဆိုင်ကယ်များအစားထိုးလာသည်

ABE ပေါ့၊ သူတို့က ဘာမှန်းကိုမသိဘူး။ အဲဒီတော့ ဘာမေးရမှန်းမသိတော့ဘူး။ LCCI ဆိုရင်တော့ မေးလိမ့်မယ်။ အခုက မိတ်ဆက်နေရတဲ့အခြေအနေပါ။

**L.C ။ ။ ပညာရေးနဲ့ပတ်သက်တဲ့ လုပ်ငန်းတွေ၊ ကျောင်းတွေလည်း တော်တော်တွေ့လာရတယ်နော်။**

**UZMT** ။ ။ International School တွေလည်း တိုးတက်လာတယ်ပြောရမယ်၊ ဒီ ၂နှစ်အတွင်း ကျောင်းခြောက်ကျောင်းအထိ ဖြစ်လာတယ်၊ GCE သင်တဲ့ကျောင်း လေးခုလောက်အထိ ဖြစ်လာတယ်။ နောက်ပြီး ရန်ကုန်က သင်တန်းခွဲတွေလည်း တော်တော် ရွှေ့လာကြတယ်။ အမေရိကန်ပညာရေးနဲ့ ထိတွေ့မှုတက်လာတယ်၊ IELTS နဲ့ TOEFL ဖြေတဲ့နှုန်းတက်လာတယ်၊ ဒါပေမဲ့ မန္တလေးကဖြေတဲ့ Rank နဲ့ကြည့်ရင်တော့ သိပ်တက်တာမတွေ့ရဘူး၊ အများစုက ရန်ကုန်တက်ဖြေကြတာဆိုတော့။ နောက်ပြီး Scholarship တွေကို စိတ်ဝင်စားလာတယ်၊ Scholarship နဲ့ထွက်လို့ရမယ့် ကိစ္စတွေကို ပိုစိတ်ဝင်စားလာတယ်။ အရင်က ရန်ကုန်ပဲရှိခဲ့တာ၊ အခု မန္တလေးပါပါလာတယ်။

**L.C ။ ။ မန္တလေးက ကျောင်းသားတွေ ပညာရေးမှာ စိတ်ဝင်စားမှုမြင့်လာတယ်လို့ဆိုရမှာပေါ့နော်။**

**UZMT** ။ ။ ပညာရေးတင်မဟုတ်ဘူးဗျ။ Social Walfare တွေမှာ ချာတိတ်တွေ တော်တော်စိတ်ဝင်စားလာတယ်ဗျ၊ အမှိုက်လိုက်ကောက်တယ်ဆိုတဲ့ကိစ္စက ရန်ကုန်မှာ တော်တော်ခေတ်စားနေတာ၊ အခု ဒီမှာပါ Change လာတယ်။ မိဘတွေကလည်း လိုလိုလားလားခွင့်ပြုလာတယ်။ မန္တလေးမှာ Heat Stroke က အခြေအနေ တော်တော်ဆိုးတာ။ ချက်ချင်းဝိုင်းလုပ်ကြရတာ။ အဲဒီမှာလည်း ချာတိတ်တွေ တော်တော်ထွက်လာတယ်။

**L.C ။ ။ ပုဂ္ဂလိကကျောင်းတွေဖွင့်မယ်ဆိုတဲ့ အပေါ်မှာရော မန္တလေးက ကျောင်းသားတွေရဲ့စိတ်ဝင်စားမှုအခြေအနေဘယ်လိုရှိပါသလဲ။**

www.foreverspace.com.mm

နာမည်ကျော် မဟာကထိန်တော်အသင်းအဆောက်အအုံ



၂၀၀၇၊ ၂၀၀၈ ခုနှစ်များသည် အိမ်၊ ခြံ၊ မြေဈေးအမြင့်ဆုံး တက်ခဲ့သည့်ကာလများဖြစ်ကြောင်း၊ အိမ်၊ ခြံ၊ မြေဈေးနှုန်းများမှာ မြို့လယ်အစည်ကားဆုံးနေရာများတွင် သိန်းသောင်းနှင့်ချီပေါက်ဈေးဖြစ်ပေါ်လာပြီး မြို့သစ်အစည်ကားဆုံးနေရာများတွင် သိန်းထောင်ချီပေါက်ဈေးဖြစ်ပေါ်လာကြောင်း ၎င်းကဆိုသည်။

"စိတ်မကောင်းစရာတစ်ခုက သိန်းတစ်ထောင်လောက်ကို ဈေးကောင်းပြီဆိုပြီး ရောင်းသွားတဲ့ မန္တလေးသားတွေရဲ့မြေကွက်တွေက ယူနန်သားတွေရဲ့လက်ထဲမှာ သိန်းသောင်းနဲ့ချီနေတာပါ" ဟု မန္တလေးမြို့ခံတစ်ဦးက မချိတင်ကဲဆိုရှာသည်။

မန္တလေးဒေသခံများသည် တိုက်ခန်းများ ဝယ်ယူမှုထက် မြေကွက်များကိုသာ ပိုမိုဝယ်ယူလိုကြကြောင်း၊ ဝယ်ရောင်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများပေါ်မူတည်ပြီး မန္တလေး အိမ်၊ ခြံ၊ မြေဈေးကွက်သည် ငါးနှစ်တစ်ကြိမ် အပြောင်းအလဲဖြစ်လေ့ရှိကြောင်း၊ လူဦးရေ၏သဘာဝသည် ငါးနှစ်တစ်ကြိမ်ခန့် အပြောင်းအလဲရှိပြီး ၂၀၀၉-၂၀၁၀ တွင် စတင်လှုပ်ခတ်နေသော အိမ်၊ ခြံ၊ မြေဈေးကွက်သည် ၂၀၁၅ ခုနှစ်တွင် သိသိသာသာ ကောင်းမွန်မည်ဟု အမည်မဖော်လိုသူ အိမ်၊ ခြံ၊ မြေအကျိုးဆောင်တစ်ဦးက သုံးသပ်သည်။

မြို့သစ်၏ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာမှုကြောင့် အိမ်၊ ခြံ၊ မြေဈေးနှုန်းသည် ယခင်နှစ်ထက် သုံးပုံတစ်ပုံခန့်တက်လာသည်ဟု ဒေသခံများကဆိုသည်။ ယခင်နှစ်က သိန်းတစ်ထောင်ခန့်တန်သောမြေကွက်သည် ယခုနှစ်တွင် သိန်းတစ်ထောင့်ငါးရာခန့်ဖြစ်လာကြောင်း အိမ်၊ ခြံ၊ မြေအကျိုးဆောင်တစ်ဦးကဆိုသည်။

"မန္တလေးမှာ လူနေထိုင်မှုက အပြန့်ကျယ်လာတယ်၊ ပြန့်လာတော့ မြို့သစ်လည်း မြို့ထဲလိုဖြစ်လာတယ်"ဟု မန္တလေး မြို့ခံတစ်ဦးကဆိုသည်။

## မန္တလာ၏သွေးကြောများ

မန္တလေးမြို့၏ အသက်သွေးကြောများဟု ဆိုနိုင်သည့် မန္တလေးမြို့တွင်းလမ်းများ ယခုနှစ်များအတွင်း အပြောင်းအလဲ

---

**UZMT** ။ ။ ဘာမှမထူးဘူးဗျ။ မန္တလေးမှာ ပုဂ္ဂလိကကျောင်းနဲ့ပတ်သက်လို့ ဖွင့်ခွင့်ရတယ်လို့ နာမည်ထွက်နေတဲ့ မန္တလေးက ကျောင်းနှစ်ကျောင်းရော၊ ပြင်ဦးလွင်ကကျောင်းနှစ်ကျောင်းရော ဘာမှပြင်ဆင်မှုမလုပ်ဘူး၊ မကြော်ငြာဘူး၊ ရတယ်လို့လည်းမပြောဘူး။ အဲဒီတော့ ဘာမှမထူးဘူးပေါ့။ အဲဒီဘော်ဒါတွေကလည်း ပုဂ္ဂလိကကျောင်းဖွင့်ခွင့်ရရ၊ မရရ ကျောင်းသားထောင်ကျော် ရနေတာလေ။ မန္တလေးမှာက ပညာရေးအတွက် အသုံးစရိတ်ကိုက နှမြောမနေဘူး၊ အကုန်လည်းခံနိုင်ကြတယ်။ အဲတော့ အဲဒီကျောင်းတွေမှာအပ်မယ်ဆိုဘာဖြစ်ဖြစ်အပ်မှာပဲဗျ။ ပုဂ္ဂလိကဖြစ်မှ ဘာမှမဟုတ်တော့ဘူး။

**L.C** ။ ။ **မန္တလေးကလူငယ်တွေ အခုလို ပညာရေး၊ လူမှုရေးကအစ ဝတ်စားဆင်ယင်ပုံတွေအထိ ပြောင်းလဲလာတဲ့အပေါ်မှာ ဘယ်လိုမြင်လဲ။**

**UZMT** ။ ။ မန္တလေးမှာ လူငယ်တွေပြောင်းလဲလာပေမယ့် မိဘတွေကလည်းအဓိကကျသေးတယ်။ မန္တလေးမှာ ကလေးကို ဘာလျှောက်မလဲမေးတာမဟုတ်ဘူး၊ မိဘကလျှောက်ခိုင်းတာ လျှောက်ရတာ၊ ကလေးက သူ့ကိုယ်တိုင်လည်း မလာဘူး။ ကလေးတစ်ယောက်ထဲလာသွားရင်လည်း သင်တန်းအပ်သွားတယ်၊ အလုပ်ဖြစ်သွားတယ်ဆိုတာကိုမရှိဘူး။ ရန်ကုန်မှာ ကလေးပြီးရင် ပြီးတယ်။ ဒီမှာမပြီးဘူး။ ဝတ်စားဆင်ယင်ပုံပြောင်းလာတာကတော့ တော်တော်လေးကိုပြောင်းလာတယ်၊ အပြောအဆိုမှာဆို တော်တော်လေး ပြောရဲလာတယ်ပြောရမယ်။ ရိုင်းတဲ့အဆင့်မဟုတ်ပေမယ့် Counter Question တွေမေးမယ်။ အကျိုးအကြောင်းတွေ ပြန်မေးလာတယ်။ Social Speaking Skill တွေကောင်းလာတယ်။ ကောင်းလာတော့ မိဘတွေရော၊ ကျွန်တော်တို့ရော လက်ခံပေးရမယ်၊ ဒါပေမဲ့ ကျွန်တော်တို့ကပဲ ကွန်ဆာဗေးတစ်ဆန်နေသလားတော့ မသိပါဘူး။ Change တွေများလာတော့ ကသိကအောက်ဖြစ်ရတာတွေလည်းရှိလာ

www.foreverspace.com.mm

များခဲ့ခြင်းကပင် မန္တလေးမြို့၏ တိုးတက်မှုမြန်နှုန်းအရှိန်ကို မြှင့်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ၂၀၀၉ ခုနှစ်အတွင်း စတင်၍ အကောင်အထည်ဖော်လျက်ရှိသည့် ကားကြီးဝင်းစီမံကိန်းကဲ့သို့ စီမံကိန်းများကလည်း မန္တလေးမြို့၏ စီးပွားရေးအင်ဂျင်ကို ဆီဖြည့်ပေးနိုင်ခဲ့သည်။

မန္တလေးမြို့၏ အစည်ကားဆုံးလမ်းမကြီးဟုဆိုလျှင် တစ်ချိန်က လက်ညှိုးညွှန်ပြစရာမှာ ၈၄ လမ်းမကြီးသာရှိပေသည်။ ယခုအချိန်၌မူ ရန်ကုန်–မန္တလေးလမ်းနှင့် တစ်ဆက်တည်းရှိပြီး မန္တလေးမြို့ကို တိုးလျှိုပေါက်ဖြတ်ထားသော ၇၈ လမ်းက ခွဲဝေယူသွားခဲ့ပြီဖြစ်သည်။ ထို့ပြင် မြို့လယ်ခေါင်ကျသည့် လမ်း ၈၀ ကလည်း ၈၄ လမ်းနည်းတူ စည်ကားဖွံ့ဖြိုးနေပြီဖြစ်သည့်။

မြို့သစ်ပိုင်း ဧရိယာတွင်မူ တောင်ဘက် ထုံးဘိုမှသည် မြောက်ဘက် မန္တလေးအထိ တိုးလျှိုပေါက်ပေါက်သည့် ၆၂ လမ်းသည် ၈၄ လမ်းပင် အရှုံးပေးရမည်ဟု မန္တလေးမြို့ခံများက ပြောကြားသည်။

"ခင်ဗျား ၆၂ လမ်း၊ သိပ္ပံလမ်း၊ မနော်ဟရီလမ်းဘက်တွေကို သွားကြည့်စမ်းပါဦး တကယ့်မန္တလေးမြို့ကိုတွေ့ရလိမ့်မယ်" ဟု



စည်ကားလျက်ရှိသည့် ၂၆ ဘီလမ်းမြင်ကွင်း

ကွန်ဒိုယဉ်ကျေးမှုပါ စတင်ထွန်းကားလာပြီဖြစ်သည်



မန္တလေးမြို့မျက်နှာဖုံးတစ်ဦးက ဆိုသည်။

မန္တလေးမြို့၏ ဈေးအမြင့်ဆုံးလမ်းများမှာ ၈၄ လမ်းနှင့် ၇၈ လမ်းကြားလမ်းများဖြစ်ပြီး ၂၆ လမ်းမှ ၃၅ လမ်းကြား လမ်း ၈၀၊ ၈၄ လမ်းနှင့် ၇၈ လမ်းတို့မှာ ဈေးအမြင့်ဆုံးလမ်းများဖြစ်ကြောင်း၊ ၇၈ လမ်းတစ်လျှောက်မှာမူ ၂၆ လမ်းမှ ၃၅ လမ်းကျော်သည့်တိုင်အောင် ဈေးနှုန်းထူးထူးခြားခြားပြောင်းလဲမှုမရှိကြောင်း ထွန်းသစ္စာအိမ်၊ ခြံ၊ မြေအကျိုးဆောင်လုပ်ငန်း၏ အကြီးအကဲ ဦးတင်မောင်က ပြောကြားသည်။

လက်ရှိဝယ်လိုအားအကောင်းဆုံးနေရာများမှာ မန္တလေးမြို့သစ်ပိုင်းနေရာများဖြစ်သည့် ၆၂ လမ်း၊ မနော်ဟရီလမ်းနှင့် သိပ္ပံလမ်းတစ်ဝိုက်နေရာများဖြစ်ကြောင်း ၎င်းကဆိုသည်။

တောင်ဘက် ထုံးဘိုမှ မြောက်ဘက် မန္တလေးတောင်အထိ ပေါက်သော ၆၂ လမ်းကို ခြောက်လမ်းသွားအဖြစ်ချဲ့ထွင်နေခြင်း၊ ရန်ကုန်–မန္တလေးလမ်းမကြီးနှင့် တစ်ဆက်တည်းဖြစ်သော ၇၈ လမ်းကြီးကိုချဲ့ထွင်ခဲ့ခြင်း၊ လမ်း ၃၀ ကို ပြင်ဦးလွင်–မန္တလေးလမ်းနှင့် တစ်ဆက်တည်းဖြစ်ရန် ဖောက်ထုတ်နိုင်ခဲ့ခြင်းတို့က မန္တလေး၏ နေ့စဉ်ဘဝများ အသက်ဝင်လှုပ်ရှားမှုကို ပိုမိုလွယ်ကူမြန်ဆန် စွာ တိုးတက်စေခဲ့သည်။ မန္တလာ၏ အဓိကသွေးကြောလမ်းမများ ထက်မှ အနယ်နယ်အရပ်ရပ်နှင့် ကူးလူးဆက်ဆံမှု တိုးတက်လာ

တယ်။ ကျုံးရှေ့မှာဆို ဘန်ကောက်ရောက်နေသလား အောက်မေ့ရတယ်။ အရင်က အတွဲဆိုတာ ဒုက္ခခံ ချောင်းရတာမျိုးလေ။ မန္တလေးမှာတော့ မန္တလေးပုံစံ မြင်ချင်သေးတယ်။

**ကျော်ကျော်မင်း**

■

**ကိုယ်ရေးအကျဉ်း**

| | |
|---|---|
| အမည် | – ဦးဇော်မင်းထွန်း |
| မွေးသက္ကရာဇ် | – ၁၆–၁–၁၉၇၆ |
| ရာထူး | – ထူထောင်သူ Tip Top Capacity Development Center |
| ပညာအရည်အချင်း | – M.E(Electronic), Diploma in Business Study, Dip in Leadership Development, Post Graduate Dip in English, WBI Trainning Program (Niigata, Japan) |

www.foreverspace.com.mm

သည်နှင့်အမျှ မန္တလာ၏ စီးပွားရေးကိုလည်း တစ်ရိပ်ရိပ်တိုးလာစေသည်။

## စက်ဘီးတောလားမှ ဆိုင်ကယ်တောလားသို့

၂၀ ရာစု မကူးပြောင်းမီက မန္တလေးမြို့ကို ရောက်ခဲ့ဖူးသူတိုင်း မန်းသူဟု ဆိုလိုက်လျှင် ကျုံးနောက်ခံရှုခင်းတွင် စက်ဘီးလေးကို ယဉ်စစစီးသွားသည့် အသားညိုညိုချောချော ရွှေခြေကျင်းနှင့် မြန်မာဝတ်စုံ ရိုးရိုးယဉ်ယဉ်လေးနှင့် မိန်းကလေးများကို သတိရမိပေလိမ့်မည်။

ယနေ့ မန်းသူတို့မှာတော့ ဒူးဆစ်ကျော် ဂျင်းပင်န်နှင့် နေကာမျက်မှန်တပ်၊ ဆိုင်ကယ်ဦးထုပ်ဆောင်း၊ လက်ပြတ်အင်္ကျီကို လက်ဖျားမှ လက်မောင်းအရင်းနားအထိရှည်သည့် နေကာလက်အိတ်ဝတ်ထားသည့်ပုံစံက အများဆုံးဖြစ်ပေမည်။

“ဆိုင်ကယ်တွေက Luxury ကနေ Necessity ဖြစ်လာတယ်၊ အိမ်တိုင်းမှာကို ရှိနေပြီ”ဟု မန္တလေးမြို့အခြေစိုက် အီလက်ထရွန်နစ်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်ကြီးတစ်ဦးက ဆိုသည်။

သို့သော် စက်ဘီးစီးသူမရှိတော့ဟု ဆိုလိုခြင်းတော့မဟုတ်ပေ။


“မန္တလေးရှေ့ထိပ်နဲ့၊ တောင်ထိပ်ကနေ သွားကြည့်စမ်းပါ စက်ဘီးစီးကြောင်းကြီးတွေကို တွေ့ရလိမ့်မယ်၊ စီးကြောင်းနော်၊ ရာနဲ့၊ ထောင်နဲ့ချီနေတာ”ဟု ပဲမျိုးစုံနှင့် ဆီထွက်သီးနှံမျိုးစုံပွဲရုံကြီးတစ်ခု၏ တာဝန်ခံတစ်ဦးက ဆိုသည်။

ယင်းအချက်ကို အီလက်ထရွန်နစ်လုပ်ငန်းရှင်ကြီးကိုယ်တိုင်လည်း လက်ခံသည်။

မန္တလေးမြို့ခံအချို့နှင့် ပြောင်းရွှေ့လုပ်သားအများစုမှာ စီးပွားရေးအခွင့်အလမ်းကောင်းသည်ဟု ဆိုနိုင်သည့် မန္တလေးမြို့တွင်ပင် ရုန်းကန်နေရဆဲဖြစ်သည်ဟု ၎င်းကဆိုသည်။

ဆိုင်ကယ်စီးသူ၊ ဆိုင်ကယ်ပိုင်သူဦးရေတိုးတက်လာသည်ကလည်း မငြင်းသာသောအချက်တစ်ချက်ပင်ဖြစ်နေသည်။ မှန်မှန်လေး တိုးတက်လာခြင်းမဟုတ် အရှိန်အဟုန်နှင့်ကို တိုးတက်လာခြင်းဖြစ်သည်။


ကျောက်ဆစ်တန်းရှိ ဘုရားဆင်းတုများထုလုပ်နေသည့်မြင်ကွင်း


မပြောင်းလဲသေးသည့် မန္တလေးမြို့ကျက်သရေဆောင်နန်းမြို့ရိုးနှင့်ကျုံး

“ငါတို့ရဲ့ဆိုင်ကယ်မြို့ဆိုတဲ့ ခေါင်းစဉ်နဲ့ အခွေတစ်ခွေလုပ်ဖို့ စဉ်းစားနေတယ်”ဟုမန္တလေးမြို့ခံ Hip Hop ဂီတဝါသနာရှင် လူငယ်တစ်ဦးဖြစ်သူ ကိုအောင်ကျော်မျိုးက ပြောကြားသည်။

မန္တလေးမြို့သည် စက်ဘီးမြို့တော်ဟု မခေါ်နိုင်တော့ဘဲ ဆိုင်ကယ်မြို့တော်ဟု ပြောင်းလဲခေါ်ဆိုရတော့ပေမည်။

“ဝယ်ရောင်းတွေ အလုပ်ပြောင်းကုန်ပြီ၊ ကျောက်ဝိုင်းကလာတဲ့သူတွေလည်း ကျောက်ဝိုင်းပြန်ရောက်ကုန်ပြီ”ဟု ဝါရင့်ဆိုင်ကယ်ဝယ်ရောင်းတစ်ဦးဖြစ်သူ ဦးဝင်းဦးက ဆိုသည်။

မန္တလေးမြို့ ၃၆ လမ်းနှင့် ၃၇ လမ်းကြား ၈၃ လမ်းပေါ်ရှိ စိမ်းကမ္ဘာကဖေးတွင် စားပွဲဝိုင်း ၁၂ ဝိုင်းခန့်ရှိသော်လည်း လေးဝိုင်းခန့်သာ လူရှိသည်။

စိမ်းကမ္ဘာကဖေးအနီးရှိ ၁၃ ကျောင်းအနောက်ပေါက်ဝိုင်းဟု လူသိများသည့် ဂျပန်ဆိုင်ကယ်ဝိုင်းတွင် ဆိုင်ကယ်စီးရေ ၂၀ ထက်ပင် ပိုမည်မထင်ပေ။


ဆိုင်ကယ်အရောင်းအဝယ်အေးသည့်အပြင် ဆိုင်ကယ်ဈေးများ ဆက်တိုက်ကျဆင်းလာမှု၏ အကျိုးဆက်အဖြစ် ဝါရင့်ဆိုင်ကယ်ဝယ်ရောင်းကြီးများ ဆိုင်ကယ်လောကကိုစွန့်ခွာလာရသည်ဟု ဦးဝင်းဦးက ရှင်းပြသည်။

၂၀၀၈ ခုနှစ်ဆန်းပိုင်းက ကျပ်သိန်းလေးဆယ်ခန့်တန်သည့် ဟွန်ဒါ(ဟတ်ကြီး)တစ်စီးလျှင် ကျပ်သိန်းနှစ်ဆယ်ဝန်းကျင်သာပေါက်ဈေးရှိတော့သဖြင့်လည်း ဝယ်ရောင်းများ ဝက်ဝက်ကွဲအရှုံးပေါ်ထွက်ပြေးရခြင်းဖြစ်ကြောင်း၊ အရောင်းအဝယ်အေးစက်လာမှုကြောင့် ပွဲစားပေါ်မှီခိုရမှုပိုမိုလာပြီး ဂျပန်ဆိုင်ကယ်နှစ်စီး ပွဲဖြစ်လျှင် တရုတ်ဆိုင်ကယ်တစ်စီး ဝယ်လို့ရနိုင်သည့် အခြေအနေဖြစ်လာကြောင်း ဝါရင့်ဆိုင်ကယ်ဝယ်ရောင်းကြီးတစ်ဦးက ညည်းတွားသည်။

ယင်းအခြေအနေကြောင့် ဂျပန်ဆိုင်ကယ်ဝယ်ရောင်းအများစုလည်း တရုတ်ဆိုင်ကယ်ဝိုင်းသို့ ဦးလှည့်လာရကြောင်း ၎င်းကဆိုသည်။

www.foreverspace.com.mm




စည်မျက်နှာပြင်ကဲ့သို့ ညီညာပြန့်ပြူးနေသည့် မြို့တော်မန္တလေး

"တရုတ်လိုင်းပြောင်းရင်ပြောင်း၊ မပြောင်းရင်၊ အလုပ်ကို ပြောင်းတော့တာပဲ၊ မဟန်တော့ဘူး"ဟုလည်း ဆက်လက်ပြောကြားသည်။

၅၉ လမ်းဆိုင်ကယ်ဝိုင်းဟုဆိုလိုက်လျှင် ငွေထိုက်စံကဖေးကို မန္တလေးသားဆိုင်ကယ်သမားတိုင်းသိသည်ဟု ပင်ဆိုနိုင်သည်။

ငွေထိုက်စံကဖေးရှေ့တွင်ပင် ဆိုင်ကယ်အစီး ၄၀ ခန့်ရှိနေသည်။ ကဖေးအတွင်း ထိုင်ဖို့နေရာကို မနည်းပင်ရှာယူလိုက်ရသည်။ ကဖေးဆိုင်၏ ထက်ဝက်ခန့်ကို ထိုင်း-တရုတ်ဖက်စပ်ထုတ် စပိ(ရုပ်ဆိုး)ဆိုင်ကယ်အသစ်များခင်းထားသည်။

"ဒါအရင်ရက်တွေရဲ့ သုံးပုံတစ်ပုံလောက်ပဲရှိတာ"ဟု ဆိုင်တွင်း၊ ဆိုင်ပြင်နှင့် ဆိုင်ကယ်ဝိုင်းတစ်ဝိုက်ရှိ လူများကိုကြည့်၍ လုပ်သက် နှစ် ၂၀ ဝန်းကျင်ခန့်ရှိ ဆိုင်ကယ်ဝယ်ရောင်းတစ်ဦးဖြစ်သူ ဦးစိုးကဆိုသည်။ သူဝေ့ဝဲကြည့်လိုက်သည့် လူပမာဏသည်ပင် တစ်ရာစွန်းစွန်းရှိမည်ထင်သည်။

ဆိုင်ကယ်အရောင်းအဝယ်အေးခြင်း၊ ဆိုင်ကယ်ဈေးကျဆင်းခြင်းတို့ကြောင့် တရုတ်ဆိုင်ကယ်ဈေးကွက်တွင်လည်း ဝယ်ရောင်းများ နည်းသထက်နည်းလာကြောင်း ဦးစိုးကပြောသည်။

တရုတ်ဆိုင်ကယ်ဈေးကွက်အတွင်းသို့ နေ့စဉ်ဆိုင်ကယ်အစီး ၁၅၀ ခန့်ဝင်နေချိန်တွင် ဝယ်လိုအားမှာ နယ်ကိုပို့နေရသည့် အစီး ၂၀ ခန့်လောက်ကိုသာ အားကိုးနေရကြောင်း ဝါရင့်ဝယ်ရောင်းတစ်ဦးကလည်း ထောက်ပြသည်။

"တစ်အိမ်ကို နှစ်စီးလောက်ရှိနေတော့ ဆိုင်ကယ်ဝယ်လိုအားက ဝုန်းဒိုင်းဆို တက်ဖို့မရှိတော့ဘူးဗျ"ဟုလည်း ဆိုလိုက်သေးသည်။

ဂျပန်ဆူပါကပ်ဆိုင်ကယ်မော်ဒယ်လ်ဟောင်းတစ်စီးလျှင် ငွေကျပ် သုံးသိန်းဝန်းကျင်ဖြင့် ဝယ်ယူနိုင်ချိန်တွင် ဂျပန်စက်ဘီးအသစ်တစ်စီး တစ်သိန်းကျော်ခန့်ဈေးနှုန်းအထိရှိနေခြင်းက ဆိုင်ကယ်ဝယ်ယူစီးနင်းမှုကို ပိုမိုစေခဲ့ခြင်းဖြစ်ကြောင်း မန္တလေးမြို့ခံပွဲရုံလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

မြို့မငြိမ်းရှိလျှင်လည်း မန္တလေးမြို့တော်အကြောင်းကို ဆိုင်ကယ်မြို့တော်အဖြစ် တင်စားဖွဲ့ဆိုပေလိမ့်မည်ဟု မန္တလေးမြို့ခံ Hip Hop ဂီတဝါသနာရှင် လူငယ်တစ်ဦးဖြစ်သူ ကိုအောင်ကျော်မျိုးက ဆိုသည်။

## စီးပွားရေးအင်ဂျင် ဈေးချို

မန္တလေးမြို့တော်၏ စီးပွားရေးတွင် ဈေးချိုတော်၏ အခန်းကဏ္ဍသည် အရေးပါလျက်ရှိပြီး ယခင်ဈေးချို ၁ ရုံ တိုက်တန်းကြီး တိုက်တန်းလေးခေတ်ကလို ဆွေမျိုးသားချင်းများထံ ဈေးဝယ်သလို ခံစားရသည့် ဧည့်ဝတ်ကျေပွန်မှုကြောင့် မြန်မာနိုင်ငံအထက်ပိုင်းတွင် နာမည်ကြီးခဲ့သည်။


မန္တလေးမြို့၏ စီးပွားရေးအင်ဂျင် ဈေးချိုတော်နှင့်ပတ်ဝန်းကျင်မြင်ကွင်း

www.foreverspace.com.mm



ခရီးသည်တင်ယာဉ်များ အဆင့်မီရန်လိုအပ်နေသေးသည်

ယခု ခြောက်ထပ်ဈေးကြီးအဖြစ် ပြန်လည်တည်ဆောက်ပြီး နောက်ပိုင်းတွင် လက်ကားဖြန့်ဖြူးရာ ဈေးကြီးအဖြစ် ဆက်လက် ရပ်တည်နေပြီး မန္တလေးမြို့၏ စီးပွားရေးအင်ဂျင်အဖြစ် အရေးပါ လျက်ရှိသည်။

အထူးသဖြင့် ယနေ့မျက်မှောက်ကာလတွင် ဈေးချိုတော်သို့ ခေတ်ပညာတတ်လူငယ်မျိုးဆက်များဝင်ရောက်လာပြီး ရောင်းဝယ် ရာတွင် ပြိုင်ဆိုင်မှုပြင်းထန်လာကြောင်း၊ လျင်လျင်မြန်မြန် သွက် သွက်လက်လက်ရောင်းဝယ်နေရပြီး ဈေးဝယ်သူများအနေဖြင့် လည်း နှစ်ရှည်လများ ကိုယ့်ဖောက်သည်နှင့်ကိုယ် ဝယ်ယူနေရာမှ ယခုအခါ ရွေးချယ်စရာများလာသဖြင့် ဆိုင်အခွဲမထားတော့ကြောင်း၊ လူသုံးကုန်ပစ္စည်းမျိုးစုံရောင်းဝယ်ရာတွင် 'ဒိုင်' များနေသဖြင့် ငွေ အရင်းအင်အား တောင့်တင်းရေးနှင့် ပစ္စည်းစုံအဆက်မပြတ်ရှိစေရန် ဂရုစိုက်ပြီး ရောင်းချနေရသဖြင့် ယခင်ခေတ်ကလို ဧည့်ဝတ်ကျေ အောင်၊ အားနာအောင် ကျွေးမွေးပြီး ဈေးရောင်းသည့် ပုံစံမျိုးမရှိ တော့ကြောင်း ဈေးချိုတွင် နှစ်ပေါင်းများစွာ အထည်ရောင်းလာသူ တစ်ဦးက ဆိုသည်။

"အရင် မန္တလေးကို တမ်းတနေလို့မရတော့ဘူး၊ ခေတ်ရဲ့ ပြောင်းလဲမှုနဲ့အညီလိုက်မှရမယ်" ဟု ဈေးချိုတွင် နှစ်ပေါင်း နှစ်ဆယ် ကျော် ရောင်းချသူတစ်ဦးက ဆိုသည်။

ယခင်က ဈေးချိုရွှေဆိုင်တန်းများသည် အထင်ကရဖြစ်ခဲ့ပြီး ယခုနောက်ပိုင်း ဈေးချိုပြင်ပတွင် ရွှေဆိုင်ကြီးများပေါ်လာပြီး မက်လုံးမျိုးစုံပေးခြင်း၊ အာမခံခြင်း၊ ကြော်ငြာခြင်းများကြောင့် ဈေးချိုရွှေဆိုင်များ ရောင်းအားကျသွားကာ အရောင်းအဝယ် ထိုင်းမှိုင်းလာကြောင်း ရွှေဆိုင်ဖွင့်လှစ်ထားသူတစ်ဦးကဆိုသည်။

"အရင်လိုဝယ်မယ့်သူကို စောင့်နေမျှော်နေလို့ မရတော့ဘူး၊ လှုပ်လှုပ်ရှားရှားလုပ်မှရမယ်၊ လုပ်နည်းကိုင်နည်းတွေ မြင်မှရမယ်" ဆိုသည်။

ရုံဟောင်းခေတ်က ဈေးချိုရှိ အရောင်းစာရေးများ၊ ဈေးသည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၏ ထက်ဝက်ကျော် သည် မြို့သစ်မှလာရောက်လုပ်ကိုင်သူများဖြစ်ပြီး ပစ္စည်းအဝယ် မများသကဲ့သို့ ပစ္စည်းအမယ်လည်း နည်းပါးကြောင်း၊ ယခုအခါ အထုပ်အပိုးများပြီး နယ်ဝေးကုန်သည်များရှိနေသဖြင့် အပို့ အကြို လုပ်သားများ လိုလာပြီး တစ်ဆိုင်ကို လုပ်သားသုံးဦးမှ ငါးဦး ကြားခန့်ထားရကြောင်း မီးဖိုချောင်သုံးပစ္စည်းရောင်းချသူတစ်ဦး ကဆိုသည်။

## တာဘိုအင်ဂျင် ရတနာပုံလော

ဈေးချိုတိုက်လေးလုံးတန်းကိုဖျက်ပြီး ပြန်လည်တည် ဆောက်ခဲ့သည့်အချိန်မှစ၍ ဈေးချိုအရှိန်အဟုန်မှာ အကျဘက်သို့ ရောက်လာသည်။ ဈေးချို၏ နာမည်ကျော် ရွှေဆိုင်တန်းကို သွား ကြည့်လျှင်ပင် ယင်းအဖြစ်မှာ သိသာပေသည်။

သို့သော် ဈေးချိုအကျတွင် ဈေးချိုထက်မြန်သော အဟုန် ဖြင့် တက်လာသည်မှာ ၇၈ လမ်းမပေါ်ရှိ ရတနာပုံဈေးသစ်ကြီးဖြစ် သည်။

ဈေးချိုထက်ပင် အလုပ်ဖြစ် စည်ကားခဲ့သည်။ ၇၈ လမ်း၏ အချက်အချာကျခြင်းနှင့် အသစ်ပြန်လည်တည်ဆောက်ခဲ့သည်



စက်ဘီးယဉ်ကျေးမှုထွန်းကားဆဲဖြစ်သည်

ခမ်းနားလှသည့်ဘုတာကြီးတို့ကို အမှီပြု၍ ရတနာပုံသည် အလွန် လျင်မြန်စွာတိုးတက်ခဲ့သည်။ မန္တလေးမြို့၏ တရားဝင် ဂျီဒီပီကို သော်လည်းကောင်း၊ ငွေကြေးလည်ပတ်စီးဆင်းမှုကိုလည်းကောင်း ကျားကန်ပေးထားသည့် ထောက်တိုင်ကြီးတစ်ခုအဖြစ် ရပ်တည် နိုင်ခဲ့သည်အထိ အခြေအနေကောင်းခဲ့သည်။

သို့သော် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကြမ္မာဆိုးငင်ခဲ့သည်။ ရတနာပုံသည် ပြာပုံဘဝသို့ရောက်ခဲ့သည်။ မန္တလေး၏ စီးပွားရေးသည် မြင်းကောင်းခွာလိပ်ဖြစ်ခဲ့ရတော့သည်။

သို့နှင့်ပင် ရတနာပုံမှ လုပ်ငန်းရှင် ငယ်ငယ်ကြီးကြီးတို့သည် ဈေးချိုသို့ ပြန်လည်ဦးလှည့်ရတော့ရာ အသစ်ဆောက်ထားသည့် မန်းမြန်မာခြောက်ထပ်ပလာဇာနှင့် ဈေးချိုတော်ပလာဇာတို့မှာ မျှော် မှန်းသည်ထက် ပို၍လျင်မြန်စွာ စည်ကားလာခဲ့သည်။

"ဆိုင်ခန်းသုံးထောင်လောက်ရှိတာ၊ တစ်ထောင်ကျော်လောက် မှာပြည့်နေပြီ" ဟု မန်းမြန်မာပလာဇာမှ တာဝန်ရှိသူတစ်ဦးကဆို သည်။

www.foreverspace.com.mm



မန္တလေးတွင် လျင်လျင်မြန်မြန်ပင် စီးပွားရေးလုပ်ငန်းများ တိုးတက်နေသည့်အခြေအနေအရ ပြန်လည်တည်ဆောက်နေသည့် ရတနာပုံဒိုင်းမွန်းပလာဇာနှင့် စူပါစင်တာတို့သည် နဂိုမူလရတနာပုံ အတိုင်း သို့မဟုတ် ထို့ထက်လွန်သည့် အနေအထားဖြင့် ပြန်လည် စည်ကားနိုင်သည့်အခြေအနေရှိကြောင်း မန္တလေးမြို့ခံ စီးပွားရေး လုပ်ငန်းရှင်များက သုံးသပ်ကြသည်။

ယင်းဆူပါစင်တာအရောင်းဖွင့်သည်နှင့် ဈေးကွက်ဦးရန် စီစဉ်နေသည့် လုပ်ငန်းရှင်များရှိနေခြင်းကလည်း ယင်းအချက်ကို သက်သေခံနေကြောင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ် သည်။

## အငယ်စားတွေ အလုပ်ဖြစ်

ရှမ်းခေါက်ဆွဲဆိုင်ငယ်လေးများ၊ ဖုန်းဆိုင်လေးများ၊ ကား လက်မှတ်အိမ်အရောက်ပို့ ဝန်ဆောင်မှုလုပ်ငန်းငယ်လေးများကို လက်ညှိုးထိုးမလွဲအောင် မြင်နေရသည်။ မန္တလေးမြို့တော်တစ်ဝိုက် တွင် ယင်းသို့ထင်သာမြင်သာမရှိဟု ထင်ရသော စီးပွားရေးလုပ်ငန်း ငယ်လေးများ ထောင်နှင့်သောင်းနှင့်ချီရှိနေသည်။

ယင်းသို့အငယ်စားများအလုပ်ဖြစ်နေရခြင်းက မန္တလေးမြို့ ၏ စီးပွားရေးလုပ်ငန်းများကို ကြီးကြီးမားမား အထောက်အကူပြု နေသည်။

အငယ်စားများအဘယ်ကြောင့် အလုပ်ဖြစ်နေရပါသနည်း။

စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန်အခွင့်အလမ်းသာခြင်း Business Entry ဈေးမကြီးခြင်းကြောင့်ဖြစ်သည်။

မန္တလေးတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန် မြေနေရာ ရန်ကုန်လောက်ဈေးမကြီးသေး၊ ဆက်သွယ်ရေးအနေနှင့် ကြည့် လျှင်လည်း ငါးသိန်းတန်ဖုန်းတစ်လုံးဝယ်ထားလျှင် မန္တလေး တစ်မြို့လုံး သုံးနိုင်သည်။ ပို့ဆောင်ဆက်သွယ်ရေးအနေနှင့် ကြည့်လျှင် မန္တလေးမြို့တစ်မြို့လုံးကို တစ်နေ့တာလှည့်ပတ် သွားလာလျှင် ငွေနှစ်ထောင်ကျပ်ခန့်သာကုန်ကျမည်။

အဝေးပြေးကားလက်မှတ်တစ်စောင် အိမ်အရောက်ပို့ပေး လျှင် ကော်မရှင်ခ ကျပ်တစ်ထောင်ရကြောင်း၊ အရောက်ပို့ပေးခ၊ ဖုန်းလက်ခံခ၊ ခေါ်ဆိုခနှင့် လက်မှတ်သွားယူပေးခများ နုတ်လျှင် ငွေကျပ် ၅၀၀ ခန့် မြတ်ကြောင်း၊ စောင်ရေများလျှင် ကိုယ့်အတွက် ချည်းသာဖြစ်ကြောင်း ဟန်းနီးမွန်းယာဉ်လက်မှတ်အိမ်အရောက်ပို့ ဝန်ဆောင်မှုလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ယင်းလုပ်ငန်းအတွက် ကုန်ကျစရိတ်မှာ ငါးသိန်းတန်ဖုန်း တစ်လုံး၊ သီးသန့်စိုက်ထုတ်ကုန်ကျခံစရာမလိုသည့် ဆိုင်ကယ်တစ် စီးနှင့် လမ်းဘေးတွင် ချထားနိုင်သည့် စားပွဲခုံနှင့် ထိုင်ခုံတစ်စုံသာ ဖြစ်သည်။

“ဒီမှာ စီဒီတစ်ချပ်ကို အိမ်အရောက်ပို့ ငါးရာနဲ့ရောင်းလို့ရ တယ်၊ ရန်ကုန်မှာ မရဘူး။ ပို့ဆောင်ရေးစရိတ်သက်သာလာတာ နဲ့အမျှ ဝန်ဆောင်မှုပိုတာသွားတာကို လက်တွေ့ပြနေတာ”ဟု အိုင်တီလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။


မြို့သစ်များ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုကြောင့် အိမ်ခြံမြေဈေးနှုန်း မြင့်တက်လျက်ရှိသည်

ထမင်းတစ်ပွဲလျှင် ကျပ်ငါးရာနှင့် ရန်ကုန်မြို့ဆိုင်ကြီးများ တွင် စားသည့်ပုံစံမျိုးရရှိနိုင်သည့်ဆိုင်များမှာ မန္တလေးမြို့၏ လမ်း တိုင်းတွင် ရှိနေသည်။

ဤသည်မှာ Business Entry ဈေးချိုခြင်း၏ လက်တွေ့ ကျသည့် အကျိုးကျေးဇူးများပင်ဖြစ်သည်။ ယင်းသို့ ထုတ်ကုန်များ ဈေးချိုသည့်အခါ စားသုံးသူများက ထုတ်ကုန်ချည်းသက်သက် ဆိုလျှင် ဈေးနှုန်းကိုကြည့်လာပြီး ဈေးနှုန်းချင်းယှဉ်လျှင် ဝန်ဆောင် မှုကို ကြည့်လာကြသည်။

“မန္တလေးမှာ ၁၀၊ ၂၀(ကျပ်) များရင်တောင် မဝယ်တော့ဘူး၊ တစ်နေရာနဲ့တစ်နေရာသွားရတာ အပန်းမှမကြီးတာ”ဟု မန္တလေး မြို့ခံ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

## ရွှေ့ပြောင်းအခြေစိုက်သူများ

“မန္တလေးမှာ လူတစ်သန်းရှိရင် ငါးသိန်းက မန္တလေးသား မဟုတ်တော့ဘူး၊ မတလ မှတ်ပုံတင်ကိုင်ထားတာပဲရှိတယ်”ဟု မန္တလေးမြို့ခံ အိုင်တီလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

မန္တလေးသို့ ရွှေ့ပြောင်းအခြေစိုက်သူများမှာ အလုပ်သမား များသာမက လုပ်ငန်းရှင်များလည်း ပါဝင်သည်။ ငွေရင်းငွေနှီးရှိ သူများပါသကဲ့သို့ ခါးဝတ်ပုဆိုးနှင့် ရောက်လာအခြေစိုက်သူများ


ကျုံးအနီး စစ်တုရင်ထိုးနေကြသူများ

www.foreverspace.com.mm

လည်း ရှိနေသည်။

စစ်ကိုင်းတိုင်းမှလာသကဲ့သို့ ကချင်ပြည်နယ်မှလည်း လာသည်။ ရှမ်းပြည်နယ်မှလာသကဲ့သို့ ယူနန်ပြည်နယ်မှလည်း လာသည်။ ရန်ကုန်မှ ပြောင်းရွှေ့လာသည်လည်းရှိသည်။ အိန္ဒိယ–မြန်မာနယ်စပ်မှ လာသည်လည်း ရှိကောင်းရှိနိုင်သေးသည်။

ရွှေ့ပြောင်းအခြေစိုက်သူများခြင်း၏ အကြောင်းရင်းမှာ အလုပ်အကိုင်အခွင့်အလမ်းများပြားခြင်း၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းသာခြင်း၊ လုပ်ကိုင်ရန် အခြေအနေပေးခြင်း၊ လုပ်ကိုင်နိုင်ရန် လုံလောက်သော အခြေခံအဆောက်အဦ ရှိခြင်းတို့ကြောင့်ဟု ကောက်ချက်ချနိုင်ပေသည်။

"ကျွန်တော်တို့ဆီက ဝန်ထမ်းအများစုက နယ်တွေကလာတာပါ၊ မြို့ခံနည်းပါတယ်"ဟု မန္တလေးမြို့ရှိ နာမည်ကျော်ဟိုတယ်တစ်ခုဖြစ်သော စိန်စိန်ဟိုတယ် အထွေထွေမန်နေဂျာ ဦးစိုးသူရကဆိုသည်။

ယင်းသို့နေရာစုံမှ ရွှေ့ပြောင်းအခြေစိုက်မှုများ များပြားလာခြင်းကပင် ဖွံ့ဖြိုးမှုနှင့် ယဉ်ကျေးမှုတို့ ပေါင်းစုံဖြစ်တည်မှုကိုတွန်းအားပေးသလိုဖြစ်လာသည်ဟု စီးပွားရေးပညာရှင်တစ်ဦးက မှတ်ချက်ပြုသည်။

## ယဉ်ကျေးမှုတို့ တိုးတိုက်မိသည့်တိုင်

အဝတ်အစားဝတ်ဆင်ပုံများ ပြောင်းလဲလာသည်ကိုတော့ သိသိသာသာတွေ့မြင်နေရသည်။ သို့သော် ယင်းသို့ပြောင်းလဲလာမှု၏ အကြောင်းရင်းများကို မြို့ခံတို့က အမျိုးမျိုး မှန်းဆပြောဆိုကြသည်။ ခေတ်ပေါ်အဝတ်အစားများသည် ရိုးရာအဝတ်အစားတို့ထက် ဈေးနှုန်းသက်သာမှုနှင့် အလွယ်တကူဝယ်ယူနိုင်ခြင်း၊ ရာသီဥတုပူအိုက်လာမှုကြောင့် အဝတ်အစားကို ပိုမိုလွတ်လွတ်လပ်လပ်ဝတ်ဆင်လာခြင်း၊ ယူနန်သွေးနှောများ များပြားလာခြင်း၊ မန္တလေးသားမဟုတ်သည့် မန္တလေးသားမှတ်ပုံတင်ကိုင်ဆောင်သူများပြားလာခြင်းတို့ကြောင့်ဟု မန္တလေးသားတို့နှင့် တွေ့ဆုံစကားပြောချက်များအရ အကြမ်းဖျင်းသုံးသပ်ရရှိသည်။

လူငယ်ပိုင်းကမူ ခေတ်အခြေအနေနှင့် လိုက်လျောညီထွေရှိအောင် ဝတ်ဆင်ကြခြင်းသာဖြစ်ကြောင်း၊ ပုဂံခေတ်နှင့် ပင်းယခေတ်တို့တွင်ပင် ဝတ်စားဆင်ယင်မှုပုံစံမတူ ရွှေ့လျောပြောင်းလဲလာခြင်းကို ထောက်ပြ၍ အသက် ၁၉ နှစ်ရွယ်လူငယ်တစ်ဦးက ဆိုသည်။

"မန္တလေးမှာတော့ မန္တလေးပုံစံမြင်ချင်သေးတယ်ဗျာ"ဟု အသက်သုံးဆယ်ကျော်သာရှိသေးသည့် Tip Top ပညာရေးဝန်ဆောင်မှုလုပ်ငန်းမှ ဦးဇော်မင်းထွန်းက ပြောကြားသည်။

မန္တလေးသားများကိုယ်တိုင်လည်း ပိုမိုခေတ်မီလာပြီး စကားပြောဆိုရာတွင် မရိုင်းသေးသော်လည်း ရဲတင်းလာပြီး မန်းစကား၊ နန်းစကားပျောက်သွားကြောင်း၊ ရှမ်းခေါက်ဆွဲကို ကျင့်သားရ စားသုံးနေကြပြီး အမေရိကန်စတိုင် မနက်စာစားသုံးလာကြောင်း၊ ယူနန်အစားအစာဖြစ်သည့် မာလာဟင်းဆိုင်များ ဈေးပေါပေါနှင့် လက်ညှိုးမလွဲပေါ်များလာကြောင်း ဒေသခံများဆိုသည်။

"အရင်က ဘာဂါစားရင်တောင် တစိမ်းဆန်ဆန်ကြည့်ခံခဲ့ရတာ၊ အခုတော့ အမေရိကန်စတိုင် မနက်စာစားတာ အဆန်းမဟုတ်တော့ပါဘူး"ဟု ဒေသခံတစ်ဦးက ဆိုသည်။


ပဲမျိုးစုံနှင့် ဆီထွက်သီးနှံအမျိုးအမယ် ၈၀မှ ၁၀၀ခန့်အထိ နေ့စဉ်ရောင်းဝယ်လျက်ရှိသည်

www.foreverspace.com.mm



မန္တလေးသည် ရုပ်ဝတ္ထုအရ တိုးတက်လာသည်များရှိကြောင်း အဆောက်အအုံများ တိုးတက်လာသည့်အပြင် ခေတ်လည်းမီလာကြောင်း၊ သို့ရာတွင် မြန်မာတိုင်းရင်းသားများပါဝင်ဦးဆောင်သည့်အသင်းအဖွဲ့များတွင် ဘာသာရေးအခြေခံကို အတတ်နိုင်ဆုံးထိန်းထားကြောင်း၊ အစည်းအဝေးဖွင့်လျှင် နမောတဿဘုရားရှိခိုးနှင့် ဖွင့်နေဆဲပင်ဖြစ်ကြောင်း၊ အထူးသဖြင့် ရောင်းကြဝယ်ကြရာတွင် ရိုးသားပွင့်လင်းမှုကိုအခြေခံပြီး ကုန်သည်များတွင် လက်ငင်းငွေချေရန် အမြဲတမ်းမဖြစ်နိုင်သဖြင့် အကြွေးရောင်းရမှုလည်းရှိနေကြောင်း၊ ယင်းသို့ရောင်းရာတွင် အဘိုး၊ အဖေ၊ သား၊ မြေး မျိုးရိုးအစဉ်အဆက် ဂုဏ်သိက္ခာကို တန်ဖိုးထားရောင်းဝယ်ကြသည်က မန္တလေး၏ ထူးခြားချက်ဖြစ်သည်ဟု ပွဲစားကုန်သည် စက်ပိုင်မဟာကထိန်တော်အသင်း ဒုတိယဥက္ကဋ္ဌ ဦးကိုကိုက မန္တလေး၏အရောင်းအဝယ်စံနှုန်းတစ်ခုကို ပြောကြားသည်။

"စာရွက်ပေါ်က လက်မှတ်ကိုကြည့် အရောင်းအဝယ်လုပ်တာ မန္တလေးစိတ်ဓာတ်ပဲ" ဟု ၎င်းကဆိုသည်။

နောင်လာမည့် မန္တလေးသားတို့၏ မျိုးဆက်များကိုတော့ လက်ရှိအခြေအနေအရ မည်သို့ပြောင်းလဲလာမည်ကို ခန့်မှန်းပုံဖော်နိုင်ခြင်းမရှိသေးသည့်တိုင် လက်ရှိအချိန်တွင်တော့ လူလတ်ပိုင်းမန္တလေးသားတို့ကတော့ မန္တလေးရှိ စီးပွားရေးလုပ်ငန်းများ၏ အောင်မြင်မှုသော့ချက် မန္တလေးစိတ်ဓာတ် မပျောက်ပျက်သေးပါဟုဆိုနေသည်။

"အမေရိကားလိုနေရာမှာတောင် မန္တလေးသားတွေက စုစည်းစည်းရှိနေပါတယ်။ မန္တလေးသားကွ ဆိုတာနဲ့ နီးစပ်ရာ မန္တလေးသားက ပြေးလာဖို့ ဝန်မလေးဘူး"ဟု မန္တလေးသားတို့၏ ဒေသစွဲကို မန္တလေးမြို့ခံ အိုင်တီလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

## တိုးလာသည့် ဝယ်လိုအား

မန္တလေးမြို့သည် ရန်ကုန်မြို့နှင့်ယှဉ်လျှင် စားဝတ်နေရေးစရိတ်ကျဉ်းသည်။ သွားလာရေးကုန်ကျစရိတ် သက်သာသည်။ ယင်းအချက်များကြောင့်ပင် မန္တလေးမြို့တွင် နေထိုင်သူ၊ ပြောင်းရွှေ့အခြေစိုက်နေထိုင်သူများအတွက် ငွေပိုငွေလျှံတို့ကို ဖြစ်ပေါ်စေသည်။ ယင်းငွေပိုငွေလျှံကြောင့်ပင် ကလေးများ၏ ပညာရေးစရိတ်ကို အထိုက်အလျောက် ဦးစားပေးလာနိုင်သည်။ ထို့ကြောင့်ပင် မန္တလေးမြို့သည် အခြေခံလူတန်းစားဦးရေနှင့် လူလတ်တန်းစားဦးရေအဟတ်မကွာသည့်အပြင် ပညာတတ် လူလတ်တန်းစားဦးရေမှာ တိုးတက်သထက်တိုးတက်လာသည်။

ထို့ပြင် ယင်းသို့ငွေပိုငွေလျှံများရှိနေခြင်းကြောင့်ပင် မန္တလေးမြို့ရှိထုတ်ကုန်များ၏ ဝယ်လိုအားမှာ တိုးတက်သည်ထက် တိုးတက်လာသည်။ ယင်းကြောင့်ပင် မန္တလေး၏ စီးပွားရေးညွှန်ကိန်း ဂျီဒီပီမှာ တိုးသည်ထက်တိုးလာနေခြင်းဖြစ်သည်။

ငွေပိုငွေလျှံများကို စုဆောင်းမှုလုပ်၍ အငယ်စားလုပ်ငန်းလေးများတွင် ပြန်လည်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သည်ကိုလည်း



မန်းမြန်မာကုန်းမိုဆောက်လုပ်ရေးလုပ်ငန်းခွင်

တွေ့ရသည်။ ယင်းကြောင့်ပင် ထုတ်ကုန်များတိုးတက်လာပြီး ဂျီဒီပီကို အထောက်အကူပြုရုံမျှမက မန္တလေးတွင်နေထိုင်သူတို့၏ လူမှုဘဝနေ့စဉ်သုံးစွဲနေရသည့် ကုန်ဈေးနှုန်းများကို ပြန်လည်ထိန်းကျောင်းပေးသွားနိုင်ခြင်းဖြစ်သည်။

## ရွှေတံခါးကြီးဖွင့်မယ့်အချိန်

မန္တလေးသည် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတို့၏ စုဆုံချက်ဖြစ်နေသည်သာမက အရှေ့ပစိဖိတ်ဒေသ၏ Transit ဂိတ်ပေါက်အဖြစ် ဘန်ကောက်ကိုလုပ်ယူနိုင်သည့် အခြေခံရင်းမြစ်များရှိနေသည်။

ဒေါ်လာသန်းရာနှင့်ချီ အကုန်အကျခံတည်ဆောက်ထားသည့် မန္တလေးတံတားဦးလေဆိပ်သည်ပင် ယင်းရည်ရွယ်ချက် ပါဝင်နေပေသည်။ ဂျပန်၊ ကိုရီးယား၊ တရုတ် စသည့်နိုင်ငံများမှ ကုန်တင်လေယာဉ်များသည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တော် သုဝဏ္ဏဘူမိလေဆိပ်တွင် မရပ်နားဘဲ မန္တလေးတွင်သာ ရပ်နားခရီးဆက်မည်ဆိုပါက နှစ်နာရီစာအချိန်နှင့် အလွန်ဈေးကြီးသောလေယာဉ်ဆီအကုန်အကျသက်သာပေလိမ့်မည်။ ဟောင်ကောင်မှ အမေရိကသို့ တင်ပို့သောပန်းများ မနက်ပို့လျှင် ညနေရောက်နိုင်ပေလိမ့်မည်။

ယင်းလေယာဉ်များဆင်းသက်နိုင်ရန် ၇၄၇ ဘိုးအင်းဂျက်လေယာဉ်ကြီးများပင်ဆင်းသက်နိုင်သည့် အဆင့်ရှိသည့် မန္တလေးတံတားဦးလေဆိပ်မှာ လောလောဆယ် အခြေခံအဆောက်အဦအားဖြင့် လုံလောက်နေသည်ဟုဆိုနိုင်ပါသည်။ သို့သော် ဆင်းသက်

www.foreverspace.com.mm



လာမည့် ယင်းလေယာဉ်များကို ဝန်ဆောင်မှုပေးမည့်လုပ်ငန်းများအတွက် အဆင်သင့်မဖြစ်သေးချေ။ ဆိုလိုသည်မှာ လေယာဉ်ဆီဖြည့်ပေးခြင်း၊ လေယာဉ်ကို Maintainance ပြုလုပ်ပေးခြင်းတို့အတွက် လုံလောက်သည့်လူ့စွမ်းအား အခြေခံလိုအပ်ချက်တို့ အသင့်မဖြစ်သေးခြင်းပင်ဖြစ်သည်။ ထို့ပြင် Sanction တံခါးကိုလည်း ဖွင့်ရန်လိုအပ်နေသေးပေသည်။

ယင်းလေဆိပ်တစ်ခုတည်းဖြင့်ပင် မန္တလေး၏ ဂျီဒီပီမှာ နှစ်ဆ၊ သုံးဆ တက်နိုင်ခြေရှိသည်ဟု စီးပွားရေးပညာရှင်အချို့က ခန့်မှန်းထားကြသည်။

## ကော့စမိုပိုလီတန်ဆီသို့

မန္တလေးမြို့သည် နှစ်ပေါင်းနှစ်ဆယ်ခန့်အတွင်း ရွှေ့ပြောင်းအခြေစိုက်သူ သိသိသာသာများခဲ့ပြီး လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ ယှဉ်တွဲနေထိုင်သော မြို့တစ်မြို့ဖြစ်လာသည်ဟု ခေတ်ပညာတတ် အသက် ၄၁ နှစ်အရွယ် လူငယ်တစ်ဦးကဆိုသည်။

လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ခြင်းများတွေ့ရသော်လည်း ရင့်ကျက်ရန်လိုအပ်နေသေးကြောင်း ရွှေ့ပြောင်းအခြေချနေထိုင်သူများနှင့်အတူ ကျွမ်းကျင်မှုများ၊ အရင်းအနှီးများ၊ အဆက်အသွယ်ဗဟုသုတများ ဝင်ရောက်လာသော်လည်း စည်းကမ်းအခြေခံများကနည်းနေပြီး အများစု၏အမြင်များလည်း မတူညီကြသည့်အပြင် ပညာရေးအခြေခံများမတူညီကြောင်း အသိဉာဏ်ရေချိန်တူလာချိန်တွင် စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံတို့ကဲ့သို့ ဖြစ်လာနိုင်ကြောင်း နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံနေသူတစ်ဦးက ရှေ့သို့မျှော်တွေးပြောဆိုသည်။



ဖွံ့ဖြိုးတိုးတက်မှုအဓိပ္ပာယ်ပီပြင်ရန် လုပ်ဆောင်စရာများ ကျန်ရှိနေသေးသည်

မည်သို့ပင်ဖြစ်စေ ရတနာပုံနေပြည်တော်အမည်ရှိခဲ့သည့် မန္တလေးမြို့တော်သည် မြို့သက်နှစ် ၁၅၀ ပြည့်ကျော်လွန်ပြီး ရာစုသစ်တွင်းသို့ စီးပွားရေးအင်ဂျင်သစ်ဖြင့် မောင်းနှင်ဝင်ရောက်လျက်ရှိရာ မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်ငါးမြို့နယ် ရပ်ကွက်ကြီး ၆၃ ခုဖြင့် ဖွဲ့စည်းထားသော မန္တလေးသည် အခြေခံလူတန်းစားများ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုအဓိပ္ပာယ်ပီပြင်ရန် လုပ်ဆောင်စရာများ ကျန်နေသေးသည်ဟု ဆိုကောင်းဆိုနိုင်ပါသည်။

## အသိပညာရေချိန်သည်သာ

မြို့ကိုချစ်သူ၊ ဒေသကို ခင်တွယ်သူ၊ အစွဲအလမ်းကြီးသူများထဲတွင် မန္တလေးသူ၊ မန္တလေးသားများက ထိပ်ဆုံးကရှိနေပါသည်။ ဒေသစွဲစိတ်ကို တစ်နည်းတစ်ဖုံ အဓိပ္ပာယ်ဖွင့်ရပါက မျိုးချစ်စိတ်ဟုဆိုလျှင် ရကောင်း၏။ မျိုးချစ်စိတ်တို့မည်သည် နေရာဒေသ၊ နိုင်ငံမရွေး သူ့အတိုင်းအတာနှင့်သူရှိကြ၏။ ဤမျိုးချစ်စိတ်အဟုန်ကြီးမားခဲ့ခြင်းကြောင့်ပင် သူ့ကျွန်ဘဝမှလွတ်မြောက်ရန် တစ်မျိုးသားလုံး အားစိုက်ရုန်းကန်ခဲ့ကြသည်။ ယနေ့အထိ အတိတ်ကာလက ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့်နေထိုင်ခဲ့သောဘဝကို တခုတ်တရ တသသရှိခဲ့ကြသည်။ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်ကို မြတ်နိုးခဲ့ကြသည်။ စစ်မှန်သော မျိုးချစ်စိတ်တို့သည် စစ်မှန်သော အမျိုးသားရေးကို တည်ဆောက်၏။ ထိုစိတ်တို့အတိုင်းအတာ လွန်ကဲလျှင်မူ သို့တည်းမဟုတ် နည်းလမ်းမကျလျှင်မူ ထိုစိတ်ကြောင့် ပြောင်းနေသောခေတ်ရေစီးနှင့် ဖီလာပြုသွားတတ်၏။ မြန်မာတို့၏ နောက်ဆုံးမင်းဆက် နန်းစိုက်စိုးစံရာ ရတနာပုံမန္တလေးရွှေမြို့တော်ကြီးသည်ကား မန္တလေးသူ၊ မန္တလေးသားတို့နှင့်သာ သက်ဆိုင်သည်မဟုတ်။ မြန်မာတစ်မျိုးသားလုံးကို ကိုယ်စားပြုသည်။ ထို့ကြောင့် မန္တလေး၏ ဖွံ့ဖြိုးဆုတ်ယုတ်မှုသည် တစ်နိုင်ငံလုံး၏ ဖွံ့ဖြိုးဆုတ်ယုတ်မှုဖြစ်၏။

ပြောင်းနေသောကမ္ဘာကြီး၏ ရေစီးကြောင်းလှိုင်းလုံးများသည်လည်း မန္တလေးကိုရိုက်ခတ်လျက်ရှိရာ ထိုလှိုင်းများကို ဆန့်ကျင်အန်တုရှုကားမရ။ နစ်မြုပ်သွားပေမည်။ အလိုက်သင့် အလျားသင့်ကူးခတ်ရင်း ရှင်သန်ရပ်တည်အောင်ကြိုးစားဖို့သာလိုသည်။ ထို့အတွက် သံလွင်ပင် သံလွင်ခက်နှင့်တူသော အမျိုးသားစရိုက်လက္ခဏာများ မပျောက်မပျက်အောင် ကာကွယ်ရမည်ဖြစ်သလို လပ်ဖပ်ကားနှင့်တူသော ခေတ်ပေါ်ရုပ်ဝတ္ထုပစ္စည်းများနှင့်လည်း မွေ့ကြည်ရမည်ဖြစ်သည်။ များစွာအရေးကြီးသည်မှာ ဝင်လာသောလှိုင်းများကို ပညာမျက်စိနှင့် ကြည့်တတ်မြင်တတ်ရန်၊ ပညာဖြင့်ကောင်းစွာစီမံခန့်ခွဲနိုင်ရန် မန္တလေးသူ၊ မန္တလေးသားတို့၏ အသိပညာရေချိန်ကို ခေတ်နှင့်အညီမြှင့်တင်တည်ဆောက်ထားကြဖို့ပင်ဖြစ်သည်။ မန္တလေးသည် နိုင်ငံသားအားလုံးကို ကိုယ်စားပြုနေသည် မဟုတ်ပါလော . . . ။

**ကျော်ကျော်မင်း၊ နိုင်မင်းဝေ**

www.foreverspace.com.mm

ကဏ္ဍတွင် .....
၃၆ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တော်များ၏ စီးပွားရေး
၄၀ မန်းတောင်ရိပ်ခို
၄၆ စီးပွားရေးလုပ်ငန်းငယ်များ ဆုံးရှုံးရခြင်း၏ အကြောင်းရင်းခံများ



# နေပြည်တော်၊ ရန်ကုန်၊ မန္တလေး မြို့တော်များ၏ စီးပွားရေး

ကျော်စွာ

ရန်ကုန်မြို့တော်တွင် အခြေစိုက်သည့် စီးပွားရေးလုပ်ငန်းများစွာတို့သည် နေပြည်တော်ရှိ စီးပွားရေးနှင့်စပ်ဆိုင်သည့် ဝန်ကြီးဌာနများနှင့် အဆက်အစပ်များစွာ ရှိနေပြီး လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း နေပြည်တော် အကြီးအကျယ်ဖွံ့ဖြိုးလာချိန်တွင် ပို၍ပို၍ ဆက်စပ်လာခဲ့သည်ကို ထင်ရှားစွာ တွေ့မြင်ရသည်။

ရန်ကုန်မြို့တော်တွင် အခြေစိုက်

www.foreverspace.com.mm



သည့် စီးပွားရေးလုပ်ငန်းများစွာတို့သည် လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း နေပြည်တော်ကိုသွားရောက်ရသည့် လုပ်ငန်းများကို ပိုမိုလုပ်ကိုင်လာကြပြီး နေပြည်တော်သည် မြန်မာနိုင်ငံအတွင်း ဝယ်လိုအားအများဆုံး ဗဟိုပြုသည့်နေရာ ဖြစ်လာသည်ဟု ရန်ကုန်အခြေစိုက် စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ကပြောသည်။ "အစိုးရဌာနအသီးသီးမှာ တင်ဒါလို့ခေါ်တဲ့ ပစ္စည်းဝယ်ယူရေးလုပ်ငန်းစဉ်တွေ အများကြီးပေါ်လာတော့ ရန်ကုန်မှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်များစွာတို့ဟာ နေပြည်တော်ကို တစ်ခုခုရောင်းဖို့ အမြဲသွားနေရတယ်။ နေပြည်တော်မှာဖြစ်တဲ့ ဝယ်လိုအားက တစ်နိုင်ငံလုံးရဲ့ ဝယ်လိုအားထက်ပိုပြီး မက်လုံးရှိတော့ နိုင်ငံခြားအဆက်အသွယ်ကောင်းတဲ့လူတွေက နိုင်ငံခြားကပစ္စည်းကို ရောင်းကြတယ်။ ပြည်တွင်းမှာအားပြုထားတဲ့လူတွေ





www.foreverspace.com.mm

က ပြည်တွင်းက ပစ္စည်းတွေ သွားရောင်းကြတယ်”ဟု နေပြည်တော်တွင်အခြေစိုက်သည့် ရန်ကုန်မှကုမ္ပဏီကြီးတစ်ခု၏ တင်ဒါ သတင်းစုဆောင်းရေး အရာထမ်းတစ်ဦးက ဆိုသည်။ တွက်ခြေအကိုက်ဆုံးမှာ နိုင်ငံခြားအဆက်အသွယ်ဖြင့် ပစ္စည်းရောင်းသူများဖြစ်သည်ဟု ဆိုသည်။ “ကော်မတီတွေဘာတွေဖွဲ့ပြီး ဈေးဆစ်တာတွေ ဘာတွေတော့ ရှိတာပေါ့ဗျာ။ ဒါပေမဲ့ အဲဒါတွေ စိတ်ရှည်ရှည်ဖြတ်သန်းပြီးရင်တော့ အကျိုးအမြတ်လည်းကောင်းပါတယ်။ ရောင်းသူ–ဝယ်သူနှစ်ဦးလုံး အဆင်ပြေတဲ့အခါ သားရွှေအိုးထမ်းတဲ့ကိန်း ဖြစ်တာပေါ့”ဟု ထိုအရာထမ်းက ပြောသည်။





နေပြည်တော်တွင် တည်ဆောက်ရေးလုပ်ငန်းကြီးများလည်း မပြီးစီးနိုင်သေးဘဲ ဆက်လက်တိုးချဲ့နေသေးရာ နေပြည်တော်၏ တည်ဆောက်ရေးလုပ်ငန်းကြီးများသည် မြန်မာနိုင်ငံ GDP ၏ အဓိကအချိုးအစားဖြစ်နေနိုင်သည်ဟု ဆိုကြသည်။ ထိုလုပ်ငန်းများနှင့်ဆက်စပ်၍ ဝင်ငွေတိုးခဲ့သူများစွာလည်း ရှိခဲ့သည်ကို တွေ့ရသည်။

နေပြည်တော်တည်ဆောက်ရေးလုပ်ငန်းများ၊ နေပြည်တော်ဌာနဆိုင်ရာများ၏ ဝယ်လိုအားတို့ကြောင့် ရန်ကုန်ရှိစီးပွားရေးလုပ်ငန်းကြီးများစွာတို့သည် ရန်ကုန်တွင် အလုပ်မရှိတော့ဘဲ နေပြည်တော်တွင်သာ အလုပ်လုပ်သည့်သဘောကို ပြောင်းလဲသွားသည်မှာ သုံးနှစ်ခန့်ရှိပြီဟု ဆိုသည်။

မန္တလေးမြို့တော်ရှိ စီးပွားရေးလုပ်ငန်းများစွာတို့သည် ရန်ကုန်၊ နေပြည်တော်စသည့်မြို့တော်များရှိ စီးပွားရေးလုပ်ငန်းများ၏ သဘောသဘာဝနှင့်မတူဘဲ အရွယ်အစားအားဖြင့် သေးငယ်ကြပြီး လူတိုင်းဝင်ရောက်လုပ်ကိုင်ရန် အကန့်အသတ်လုံးဝမရှိသည်ကို တွေ့ရသည်။

နိုင်ငံ၏ဗဟိုချက်မဖြစ်ပြီး ခရီးသည်များစွာဖြတ်သန်းသွားလာနေကြသောကြောင့် ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းအမျိုးမျိုး၊ လက်လီလက်ကားရောင်းဝယ်မှုအမျိုးမျိုးတို့ အကြီးအကျယ်ဖွံ့ဖြိုးနေပြီး ယင်းတို့တွင် ‘လိုင်စင်’ ကဲ့သို့သောပြဿနာမရှိပေ။ တစ်နည်းအားဖြင့် စီးပွားရေးလုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်ခွင့် (Business Entry) လွယ်ကူသောကြောင့် လူတိုင်း ဆိုင်ကယ်ကိုယ်စီနှင့် အလုပ်တစ်ခုခုလုပ်နိုင်ကြသည်ကို တွေ့ရသည်။

လွန်ခဲ့သောနှစ်အတွင်း မော်တော်ဆိုင်ကယ်များတင်သွင်းစီးနင်းခွင့်ကို အစိုးရက ဖြေလျှော့ပေးခဲ့ရာတွင် မန္တလေးမြို့တော်ကိုဗဟိုပြု၍ လုပ်ကိုင်စားသောက်သူများစွာတို့တွင် အကျိုးကျေးဇူးအကြီး

www.foreverspace.com.mm





အကျယ်ဖြစ်ထွန်းသွားခဲ့ပြီး ကုန်စည်မဟုတ်သည့် သယ်ယူပို့ဆောင်ရေး များစွာလွယ်ကူသွားခဲ့သည်ဟု ဆိုသည်။ "အခုမန္တလေးမှာ လက်သမား၊ ပန်းရန်ကအစ ဆိုင်ကယ်ကိုယ်စီနဲ့ ဖြစ်သွားကြပြီဗျ" ဟု မန္တလေးသား အင်ဂျင်နီယာတစ်ဦးက ပြောသည်။ မန္တလေးမြို့တော်၏ လမ်းမကြီးများအရည်အသွေးမှာ သိသာစွာတိုးတက်ပြောင်းလဲသွားခဲ့ရာ "မန္တလေးမှာ မီးမှန်သွားရင် မြို့တော်အဆင့် ပီပီပြင်ပြင်ရောက်ပြီလို့ပြောနိုင်ပါပြီ" ဟု မန္တလေးတွင်မွေးဖွားသည့် တရုတ်အမျိုးသားတစ်ဦးက ပြောသည်။

မန္တလေးမြို့တော်သည် မြန်မာနိုင်ငံတွင် ရောင်းဝယ်ဖောက်ကားရေးမြို့တော်ကြီးဖြစ်လာနေသည်ဟုပြောရလောက်အောင်ပင် အရောင်းအဝယ်များစွာ ဖြစ်ထွန်းနေသည်ကိုတွေ့ခဲ့ရသည်။ "မန္တလေးမှာ စားသောက်ဆိုင်တစ်ဆိုင်ဖွင့်မယ်ဆိုရင် ဝယ်လိုအားမရှိမှာ စိတ်ပူစရာမလိုဘူး။ ရန်ကုန်မှာ ဝယ်လိုအားပြဿနာရှိတယ်" ဟု ရန်ကုန်တွင် စားသောက်ဆိုင် စမ်းသပ်ဖွင့်လှစ်ခဲ့ဖူးသော မန္တလေးမှ စားသောက်ဆိုင်ပိုင်ရှင်တစ်ဦးက ဆိုသည်။

အမှန်တကယ်ပင် မန္တလေးမြို့တော်တွင် ပစ္စည်းမျိုးစုံလက်လီလက်ကား ရောင်းဝယ်ဖောက်ကားနေကြပြီး များသောအားဖြင့် တရုတ်လုပ်ပစ္စည်းများဖြစ်သည်ကို တွေ့ရသည်။ ၎င်းတို့တွင် ပါမစ်အခက်အခဲ၊ လိုင်စင်အခက်အခဲ၊ ကုန်စည်စီးဆင်းမှုအခက်အခဲများ လုံးဝမရှိသည်ကို တွေ့ရသည်။

မည်သို့ပင်ဖြစ်စေ မန္တလေးမြို့တော်၏ ရောင်းဝယ်ဖောက်ကားမှုပုံသဏ္ဍာန်၊ ကုန်သွယ်မှုကိုစီမံခန့်ခွဲသည့်ပုံသဏ္ဍာန်မှာမူ များစွာ သမားရိုးကျဆန်လွန်းနေပြီး ကမ္ဘာကြီးနှင့်ချိတ်ဆက်သည့် ကွန်ပျူတာ၊ အင်တာနက်၊ E-mail စသည်များကိုမူ စနစ်တကျအသုံးချမှုနည်းပါးလှသည်ကိုတွေ့ရသည်။ အင်တာနက်လိုင်းချိတ်ဆက်မှုမြင့်တက်လာသော်လည်း လူငယ်များက ခေတ်မီရေးအတွက် ကြိုးစားသည့်သဘောသာဖြစ်ပြီး စီးပွားရေးနယ်ပယ်က သုံးစွဲသောလက်နက်တစ်ခု မဟုတ်ပေ။

ယနေ့မြန်မာနိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေး အပြောင်းအလဲအသစ်တစ်ခုဖြစ်ပေါ်ရန် အားယူနေသည့်အချိန်ကာလဖြစ်သော်လည်း မန္တလေးမြို့တော်သည် ထိုအပြောင်းအလဲများအပေါ် သိသာထင်ရှားသည့် စိတ်ဝင်စားမှုရှိပုံမရပေ။ စီးပွားရေးအခွင့်အလမ်းများရှိနေခြင်းသည် အကြောင်းတစ်ခုဖြစ်ပါလိမ့်မည်။ မြန်မာနိုင်ငံတွင်ရှိနေသော Us and Them အခြမ်းနှစ်ခြမ်းအနက် မန္တလေးသားအများစုသည် Us မဟုတ် Them မဟုတ် အမျိုးအစား များပြားသည်ကို တွေ့ရသည်။

**ကျော်စွာ**



www.foreverspace.com.mm

**ကျွန်တော် မြန်မာနိုင်ငံပြန်ရောက်တာ ၂ နှစ်ကျော်ခဲ့ပါပြီ။ ဒီကာလအတွင်း မန္တလေးမြို့ကို အကြိမ်ကြိမ်ရောက်ခဲ့ပါတယ်။ ဟောပြောပွဲတွေ၊ သင်တန်းတွေလုပ်ရင်း မန္တလေးမြို့ကို တစေ့တစောင်း လေ့လာခွင့်ရခဲ့ပါတယ်။**

# မန်းတောင်ရိပ်ခို

## ပါမောက္ခဒေါက်တာအောင်ထွန်းသက်

ငယ်ငယ်တုန်းထဲက မန္တလေးမြို့ကို ချစ်ခဲ့ရတယ်။ မိဘ၊ ညီအစ်ကို၊ မောင်နှမတွေအားလုံးနဲ့ တပျော်တပါးကြီး ရောက်ခဲ့တာ ခပ်ရေးရေးမှတ်မိတယ်။ အခုတော့ မန္တလေးမြို့ကြီးဟာ အတော်လေးပြောင်းလဲနေပါတယ်။ ခေတ်မီတိုးတက်နေတာကိုလည်း တွေ့ရတယ်။ အရင်တုန်းက မရှိခဲ့တဲ့ အဆောက်အအုံအသစ်တွေက အများကြီး။ ခမ်းနားကြီးကျယ်တဲ့ ဟိုတယ်ကြီးတွေကလည်းမျိုးစုံ။ အခုလိုတိုးတက်ပြောင်းလဲနေပေမယ့် ကျွန်တော့်စိတ်ထဲ မန္တလေးဟာ မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှုမြို့တော် (Cultural Capital) ပါပဲ။ မြန်မာ့ယဉ်ကျေးမှုကို ပုံစံအမျိုးမျိုးနဲ့ ထိန်းသိမ်းနေပါတယ်။ မန္တလေးမြို့မှာ ဘယ်ကိုပဲကြည့်ကြည့် ယဉ်ကျေးမှုအမွေအနှစ်တွေ ပြည့်လျှံနေတာပါ။ မန္တလေးတောင် နန်းတွင်းအနီးပတ်ဝန်းကျင်မှာရှိတဲ့ စေတီပုထိုးတွေဒါတွေဟာ တစ်ချိန်တုန်းက ကိုယ့်ထီးကိုယ့်နန်းနဲ့နေခဲ့တဲ့ သမိုင်းပုံရိပ်တွေကို ဖော်ကျူးနေတာ ဖြစ်ပါတယ်။



မန္တလေးသူ၊ မန္တလေးသားတွေဟာ ယဉ်ကျေးတယ်။ ဒါကိုတော့ ဟောပြောပွဲတွေမှာ မေးခွန်းတွေ မေးပုံမေးနည်းကို သုံးသပ်ပြီး ကောက်ချက်ချတာဖြစ်တယ်။ မေးခွန်းတွေကိုတော့ ရဲရဲဝံ့ဝံ့မေးကြပေမယ့် မေးပုံကတစ်မျိုး။ ပညာကို လိုလားတောင့်တကြတာကိုတော့ သတိထားမိတယ်။ ဟောပြောပွဲလုပ်တိုင်း လူတွေကအပြည့်။ စီးပွားရေးစီမံခန့်ခွဲမှုဘာသာရပ်တွေကို စိတ်ဝင်စားကြတာတွေ့ရတယ်။ ဆရာဝန်တွေ၊ အသိပညာရှင်၊ အတတ်ပညာရှင်တွေကလည်း လိုလိုလားလားရှိကြတာတွေ့ရတယ်။ လူငယ်တွေများသလို လူလတ်ပိုင်းကလည်း ဟောပြောပွဲတွေကို လာတက်တာ သတိထားမိတယ်။ အမှန်တော့ မန္တလေးမြို့ဟာ စီးပွားရေးအရ အချက်အချာကျလှပါတယ်။ စီးပွားရေးဝေါဟာရအရ Regional Hub ဒေသဆိုင်ရာ အချက်အချာကျတဲ့ နေရာတစ်ခု ဖြစ်တယ်။ မန္တလေးကတော့ Asian High Way ဟာ အရှေ့ဘက်သို့ လားရှိုးမြို့ကတစ်ဆင့် တရုတ်ပြည်ထဲတန်းရောက်တယ်။ ဒါကြောင့်လည်း မန္တလေးမြို့မှာ တရုတ်လူမျိုးရဲ့လွှမ်းမိုးမှုကို ပိုတွေ့ရတယ်။ လူမျိုးစုမျိုးစုံကိုလည်း တွေ့မြင်ရပြန်တယ်။ အနောက်စူးစူးဆိုရင် ကချင်ပြည်နယ်၊ မြောက်ဘက်မှာတော့ အိန္ဒိယနိုင်ငံ။ အမှန်တော့ မန္တလေးမြို့ရဲ့ Strategic

www.foreverspace.com.mm



Location မဟာဗျူဟာကျတဲ့ တည်နေရာ အနေအထားဟာ အလွန်တန်ဖိုးရှိလှပါတယ်။ စီးပွားရေးအရ လှုပ်ရှားမှုအပြည့်၊ ပြည်တွင်းပြည်ပကုန်သွယ်မှုလုပ်ငန်းတွေလည်းမျိုးစုံ။ ထူးခြားချက်တစ်ခုကတော့ တိုင်းရင်းဖြစ်စီးပွားရေးလုပ်ငန်းတွေမျိုးစုံ။ အခုဆိုရင်လည်း ပြင်ဦးလွင်မြို့မှာ တည်ထောင်နေတဲ့ IT မြို့ကြီးဟာ ခေတ်မီနည်းပညာတွေဖွံ့ဖြိုးမှုကို ပြုစုပျိုးထောင်နေမှာဖြစ်တယ်။

မန္တလေးမြို့ရဲ့ ကျက်သရေဆောင် မန္တလေးတက္ကသိုလ်ကြီးကိုတော့ မေ့လို့မဖြစ်ပါဘူး။ အရင်တုန်းက ရန်ကုန်တက္ကသိုလ်နဲ့အပြိုင် မန္တလေးတက္ကသိုလ်ရဲ့ တည်ဆောက်ပုံက တစ်မျိုးကျက်သရေရှိတယ်။ ကျောင်းထဲဝင်လိုက်ရုံနဲ့ စိတ်ထဲမှာ တစ်မျိုးတစ်မည်ခံစားရတယ်။ အခုတော့လည်း အခြေအနေက ပြောင်းလဲနေခဲ့ပါပြီ။

ကျွန်တော်ကတော့ မန္တလေးနန်းတွင်းကို သိပ်သဘောကျတယ်။ ပြန်ပြီးပြုပြင်ထားတဲ့ နန်းတော်တစ်ပတ် လမ်းလျှောက်ရင်း တစ်ချိန်က မြန်မာမင်းတွေနေထိုင်ခဲ့ပုံကို တစေ့တစောင်းသုံးသပ်နိုင်ခွင့်ရှိတာ။ တစ်ကမ္ဘာလုံးမှာ အကြီးဆုံးစာကြည့်တိုက်ဟာလည်း မြန်မာတွေ ပညာရေးအရေးပေးမှုကို ပုံဖော်နေတာ ဖြစ်ပါတယ်။


ကျွန်တော့်အနေနဲ့ မန္တလေးကို လေယာဉ်နဲ့တစ်ဆင့် အမြဲရောက်ခဲ့တယ်။ ရန်ကုန်ကနေ အဆင်ပြေပြေသွားနိုင်တာ။ တံတားဦးလေယာဉ်ကွင်းကိုရောက်တော့ စိတ်ထဲမှာ စိတ်မကောင်းဖြစ်ရတယ်။ ကောင်းလိုက်တဲ့လေဆိပ် ခေတ်မီစက်ကိရိယာတွေနဲ့ တပ်ဆင်ထားတာ။ ဒါပေမဲ့ အပြည့်အဝအသုံးချနိုင်စွမ်းမရှိခဲ့ဘူး။ ဒီလောက်ကောင်းတဲ့ လေယာဉ်ကွင်းကြီးဟာ ပြည်တွင်းသာမကပြည်ပခရီးစဉ်တွေရဲ့ အချက်အချာဖြစ်နိုင်မှာ။ မန္တလေးကနေ တရုတ်ပြည် ကူမင်းမြို့၊ ထိုင်းနိုင်ငံ ချင်းမိုင်မြို့ အချိတ်အဆက် သိပ်အဆင်ပြေနိုင်တာ။ အခုလို ကုန်းလမ်း၊ ရေလမ်းနဲ့ လေယာဉ်လမ်းရော အဆက်အသွယ်ကောင်းပြီး အချက်အချာဖြစ်တဲ့ မန္တလေးလိုမြို့တစ်မြို့ဟာ ရှားပါးလှပါတယ်။

မန္တလေးမှာ အိန္ဒိယသံမှူးနဲ့ အမေရိကန် Jefferson Centre ရှိနေတာဟာ မန္တလေးမြို့ရဲ့အရေးပါမှုကိုလည်း ဖော်ကျူးနေတာ ဖြစ်ပါတယ်။

အမှန်တော့ မန္တလေးမြို့ဟာ ကုန်းဘောင်မင်းဆက် မင်းတရား နန်းစံတဲ့နေရာဖြစ်သလို မန္တလေးမြို့အနီးမှာ အင်းဝမင်းဆက်လည်း ပေါ်ပေါက်လာခဲ့တာမို့ စီးပွားရေးအရသာမက နိုင်ငံရေး၊ လူမှုရေးနယ်ပယ်တွေမှာလည်း အလွန်အရေးပါလှခဲ့တယ်လို့ ပြောနိုင်ပါလိမ့်မယ်။

ကျွန်တော်လူမှန်းသိတဲ့အချိန်မှာ မန်းရာပြည့်အခမ်းအနား ကျင်းပတာကိုမှတ်မိခဲ့ပါတယ်။ မကြာခင်မှာ ၁၅၀ နှစ်ပြည့်ကျင်းပတော့မှာ ဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ရတနာတစ်ရပ်ဖြစ်တဲ့ ရွှေမန်းမြို့ကြီး နှစ်ပေါင်းရာထောင်တည်နိုင်ပါစေလို့ ဆုတောင်းမိပါတယ်။

**ပါမောက္ခဒေါက်တာအောင်ထွန်းသက်**



www.foreverspace.com.mm

# စီးပွားရေးလုပ်ငန်းငယ်များ ဆုံးရှုံးရခြင်း၏ အကြောင်းရင်းခံများ

မျိုးခန့်စံ

**စီး ပွားရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် စွန့်စားမြှုပ်နှံသော ရင်းနှီးမှုအားလုံး အောင်မြင်မှုရရှိနိုင်သည် မဟုတ်ပါချေ။ အမေရိကန် စာရင်းအင်းပညာရှင်များ၏ လေ့လာဖော်ပြချက်အရ 'ကုမ္ပဏီဆယ်ခုတွင် တစ်ခုသာအောင်မြင်မှု အစစ်အမှန်ကိုရရှိပြီး နှစ်ခု သို့မဟုတ် အများဆုံး ကုမ္ပဏီသုံးခုသာ အောင်မြင်မှုအသင့်အတင့်ရရှိကြောင်း' သိရသည်။ 'အခြားသော ကုမ္ပဏီသုံးခုမှာ ရပ်တည်နိုင်ရေးအတွက် အသည်းအသန်ကြိုးပမ်းကြရပြီး ကျန်ကုမ္ပဏီတို့မှာ ပျက်စီးဆုံးရှုံးကြရသည်' ဟူ၍ အဆိုပါလေ့လာချက်တွင် ဖော်ပြပါရှိသည်။ စီးပွားရေးလုပ်ငန်းကြီးများထက် စီးပွားရေးလုပ်ငန်းငယ်များသည် ပျက်စီးဆုံးရှုံးမှုရာခိုင်နှုန်းပိုမိုများသည်ဟုလည်း အဆိုပါစစ်တမ်းတွင် ဖော်ပြထားပါသည်။ စီးပွားရေးလုပ်ငန်းငယ်များ အဘယ့်ကြောင့် ဆုံးရှုံးရပါသနည်း။ ဆုံးရှုံးရခြင်း၏ အကြောင်းအရင်းခံအချက်များရှိပေရာ ထိုအချက်များကို လေ့လာဆန်းစစ်ကြည့်ပါမည်။**

စီးပွားရေးလုပ်ငန်းငယ်များ ဆုံးရှုံးရခြင်း၏အကြောင်းကို မဆန်းစစ်မီ စီးပွားရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သော ပုံစံများကိုလေ့လာကြည့်ပါမည်။ စီးပွားရေးလုပ်ငန်းရင်းနှီးမြှုပ်နှံမှုတွင်ပါဝင်သော ပုံစံအမျိုးမျိုးကွဲပြားသည်။ ရှယ်ယာငွေထည့်ဝင်ခြင်း၊ ရှယ်ယာငွေ၏ တစ်စိတ်တစ်ပိုင်းကို လစဉ်ထည့်ဝင်ခြင်း၊ အကျိုးအမြတ်ကို ဦးတည်သောချေးငွေများ၊ လွှဲပြောင်းနိုင်သော ချေးငွေစာချုပ်များ (Convertible Bond)၊ အာမခံစာချုပ်များ (Warrant Issues) စသည်ဖြင့် ပုံစံအမျိုးမျိုးရှိသည်။ ဤသို့သောပါဝင်မှုအားလုံးသည် သတ်မှတ်ထားသောအချိန်တစ်ခုအတွင်းတွင် အစုဝင်ရှယ်ယာများ (Shares) အဖြစ်သို့ ပြောင်းလဲသင့်ပေသည်။ ပါဝင်မှုများနှင့်စပ်လျဉ်း၍ အခြေအနေအရပ်ရပ်ကို ကြိုတင်၍ သဘောတူညီမှု ရယူထားသင့်သည်။ ငယ်ရွယ်သောလုပ်ငန်းရှင်များ၊ စွန့်ဦးတီထွင်များအနေဖြင့် တွဲဖက်လုံခြုံမှု အာမခံချက်ရရှိရန် ခက်ခဲခြင်း၊ ဘဏ္ဍာရေးဆိုင်ရာကုမ္ပဏီများ၊ ဘဏ်များမှ အစဉ်အလာချေးငွေများ လွယ်လင့်တကူရနိုင်ရန် ခဲယဉ်းပေသည်။ ထိုသို့ ခက်ခဲ၍ သဘောတူညီမှုကို ကြိုတင်ရယူထားရခြင်း ဖြစ်သည်။

စီးပွားရေးလုပ်ငန်းတစ်ခုကို ဦးဆောင်၍လုပ်ကိုင်ဆောင်ရွက်နေသော စွန့်ဦးတီထွင်လုပ်ငန်းရှင်သည် မိမိလုပ်ငန်း၏ ဖြစ်မြောက်နိုင်မှုစွမ်းရည်ကို စဉ်ဆက်မပြတ် သုံးသပ်ရန် (Feasibility Analysis) ပြုလုပ်ရန် လိုအပ်ပေသည်။ ခက်ခဲရှုပ်ထွေးသော ပြဿနာများ၊ အခြေအနေများကြုံတွေ့ရချိန်တွင်လည်းကောင်း၊ အခွင့်အလမ်းများ ပေါ်ထွန်းလာချိန်တွင်လည်းကောင်း၊ သုံးသပ်ဆုံးဖြတ်ရန် ပဏာမစုံစမ်းလေ့လာမှုဟုခေါ်တွင်နိုင်သော ဆောင်ရွက်နိုင်မှု စွမ်းရည်များကို ဆန်းစစ်ရန် အထူးလိုအပ်ပေသည်။ ကြုံတွေ့ရသောအခက်အခဲ သို့မဟုတ် ပေးလာသောအခြေအနေတွင် မိမိတွင်ရှိသည့် ရင်းမြစ်များ၊ ကျွမ်းကျင်မှုအရည်အသွေးများနှင့်ကိုက်ညီမှု အံခွင်ကျမှုရှိ၊ မရှိ သုံးသပ်ရန်ဖြစ်သည်။ ခြုံငုံသုံးသပ်၍ အဖြေမှန်ကိုရှာခြင်း၊ အဓိကကျသောရင်းမြစ်များကို ဦးစားပေးဆောင်ရွက်သင့်သည်များ လုံလောက်မှုရှိ၊ မရှိကို အကြမ်းဖျင်းလေ့လာ သုံးသပ်ခြင်းဖြစ်ပါသည်။ System Analyst ပြုလုပ်သူသည် သက်ဆိုင်ရာဌာနအသီးသီးမှ ကိုယ်စားလှယ်များနှင့်အတူတကွ ပူးပေါင်းဆောင်ရွက်ပြီး ရရှိလာသောအဖြေနှင့်အတူ ရလဒ်ကောင်းများရရှိရန် အလေးပေး စီစဉ်ဆောင်ရွက်ရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် အဓိကအားဖြင့် အကဲဖြတ်မှုပုံစံ သုံးရပ်ရှိသည်။ နည်းပညာဆိုင်ရာ ဆောင်ရွက်နိုင်စွမ်း အကဲဖြတ်မှု၊ ငွေကြေးအကုန်အကျခံနိုင်စွမ်း အကဲဖြတ်မှု၊ လက်တွေ့ဆောင်ရွက်နိုင်စွမ်း အကဲဖြတ်မှုဟူ၍ ဖြစ်ပါသည်။ ရှိနှင့်ပြီး နည်းပညာသည် ပံ့ပိုးနိုင်စွမ်းရှိ၊ မရှိ၊ နည်းပညာလိုအပ်ချက် ရှိ၊ မရှိ သုံးသပ်အကဲဖြတ်ခြင်းကို ဦးစွာပြုလုပ်သည်။ ထို့နောက် ရှိနှင့်ပြီး နည်းပညာသည် ကုန်ကျစရိတ်တွက်ခြေကိုက် မကိုက်ကိုဆန်းစစ်သည်။ တွက်ထုတ်ထားသောအဖြေ သို့မဟုတ်

www.foreverspace.com.mm



နည်းလမ်းသည် တကယ်တမ်းလက်တွေ့ ဆောင်ရွက်ရာတွင် မိမိလုပ်ငန်းအဖွဲ့အစည်းအနေဖြင့် ဆောင်ရွက်နိုင်စွမ်း ရှိ၊ မရှိ အမှန်တကယ်အလုပ်ဖြစ်နိုင်မှု ရှိ၊ မရှိ ဆန်းစစ်ရပါသည်။ ဖြစ်မြောက်နိုင်စွမ်းလေ့လာချက် (Feasibility Study) သည် အကြမ်းဖျင်းသဘောဆောင်သော်လည်း လုပ်ငန်းရပ်တည်ရှင်သန်ရေးအတွက် အလေးထားဆောင်ရွက်သင့်သော လုပ်ငန်းစဉ်ဖြစ်ပါသည်။ ပစ္စုပ္ပန်ကိုတည့်တည့်ရှု၍ အခြေအနေမှန်ကို ထည့်သွင်းစဉ်းစားသုံးသပ်ထားသည်များ ဖြစ်ပါသည်။ လေ့လာမှုများ အောင်မြင်ပြီးမြောက်သည့်အခါ စီမံခန့်ခွဲမှုအတွက် လုပ်ငန်းစီမံချက်အဆိုပြုလွှာတစ်ရပ်ထွက်ပေါ်လာသည်။ ထွက်ပေါ်လာသော စီမံချက်နှင့်အတူ လုပ်ငန်းဆောင်ရွက်မှုများ၊ အောင်မြင်မှုအသီးအပွင့်များ ဖြစ်ပေါ်လာမည် ဖြစ်သည်။



သို့ရာတွင် စီးပွားရေးလောက၌ အောင်မြင်မှုအတွက် ရာနှုန်းပြည့်အာမခံချက်မရှိပါချေ။ စွန့်စားမှုများသကဲ့သို့ ဆုံးရှုံးနိုင်မှုများရှိသည်။ မျှော်လင့်ထားသကဲ့သို့ ဖြစ်မလာသည်များရှိသည်။ ဆုံးရှုံးနိုင်ခြေများအတွက် ရင်းနှီးမြှုပ်နှံထားသူများနှင့် ပွင့်လင်းစွာ ဆွေးနွေးထားသင့်သည်။ ဆုံးရှုံးနိုင်သောအလားအလာများကို ကြိုတင်မှန်းဆ၍ အဆိုးဆုံးများအတွက် ပြင်ဆင်ထားသင့်သည်။ ဆက်သွယ်ဆောင်ရွက်ရမည့်ဘဏ်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ ရှယ်ယာရှင်များနှင့် ကြိုတင်ညှိနှိုင်းသဘောတူညီမှုများ ရယူထားသင့်သည်။

စီးပွားရေးလုပ်ငန်းကြီးများနှင့် နှိုင်းစာလျှင် လုပ်ငန်းငယ်များ၏ ပျက်စီးဆုံးရှုံးမှုနှုန်းသည် သိသိသာသာ များပြားသည်။ SBA ဟု အတိုကောက်ခေါ်သည့် Small Business Administration ၏ လေ့လာမှုအရ စီးပွားရေးလုပ်ငန်းသစ်တို့၏ ၆၃ ရာခိုင်နှုန်းသည် ခြောက်နှစ်အတွင်း ရှုံးနိမ့်ပျောက်ကွယ်လေ့ရှိကြောင်း သိရသည်။ အကြောင်းမှာ ရင်းမြစ်များ အကန့်အသတ်ရှိခြင်း၊ စီမံခန့်ခွဲမှုအတွေ့အကြုံနည်းပါးခြင်း၊ ဘဏ္ဍာရေးတည်ငြိမ်အောင် စွမ်းဆောင်နိုင်မှုမရှိခြင်း စသည်တို့ကြောင့် စီးပွားရေးလုပ်ငန်းငယ်တို့သည် လုပ်ငန်းကြီးများထက် ပျက်စီးဆုံးရှုံးပျောက်ကွယ်မှုနှုန်းထား မြင့်မားရခြင်းဖြစ်သည်။

စီမံခန့်ခွဲမှုအားနည်းညံ့ဖျင်းခြင်းသည် လုပ်ငန်းငယ်များ ဆုံးရှုံးပျောက်ကွယ်ရခြင်း၏ အဓိကအကြောင်းရင်းခံတစ်ရပ်ဖြစ်သည်။ စီမံခန့်ခွဲမှုအတွေ့အကြုံနည်းပါးခြင်း၊ အရည်အသွေးပြည့်မီသော ဝန်ထမ်းကောင်းများရှာဖွေနိုင်မှု၊ စုဆောင်းနိုင်မှုမရှိခြင်း၊ ရှိပြန်သော်လည်း ဝန်ထမ်းကောင်းများကို ရေရှည်မြဲအောင် ထိန်းထားနိုင်မှုမရှိခြင်း၊ မှန်ကန်ထိရောက်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်စွမ်းမရှိခြင်း၊ ပုဂ္ဂိုလ်ရေးခင်မင်မှုနှင့်လုပ်ငန်းစွမ်းဆောင်ရည်ကို မှန်ကန်စွာခွဲခြားသုံးသပ်နိုင်စွမ်းမရှိခြင်းတို့သည် ကုမ္ပဏီပျက်စီးခြင်း၏ အကြောင်းရင်းခံ


www.foreverspace.com.mm



များ ဖြစ်သည်။ တစ်ခါတစ်ရံတွင် ခန့်အပ်ထားသော မန်နေဂျာတို့၏ အရည်အသွေးမပြည့်မီခြင်း၊ လုပ်ငန်းထိရောက်အောင်မြင်အောင် စွမ်းဆောင်နိုင်မှုမရှိခြင်းတို့သည် ကုမ္ပဏီကျဆုံးရခြင်း၏ အကြောင်းအချက်များ ဖြစ်သည်။ ပိုင်ရှင်၏ ဦးဆောင်နိုင်မှု အရည်အသွေးနိမ့်ကျခြင်း၊ လုံလောက်သော အသိပညာ၊ ဗဟုသုတမပြည့်ဝခြင်းတို့ကြောင့် စီးပွားရေးလုပ်ငန်းများ ရှုံးနိမ့်ပျက်စီးရသည်။ ဝန်ထမ်းအများစုနှင့် မန်နေဂျာတို့သည် ရေစုန်မျောလိုက်နေသူများ၊ လေ့နံ့ခေါးထစ်များဖြစ်နေပြီး တတ်သိအောင်လည်း မကြိုးစား၊ ကြိုးစားပြီး တက်ကြွစွာဆောင်ရွက်လုပ်ကိုင်နေသူများ၏ ခြေလှမ်းအမှားကိုစောင့်နေပြီး ချောက်တွန်းရန် အားထုတ်နေသူများ၊ ကိုယ်ထက်သာမနာလိုသူများကြီးစိုးနေသောကုမ္ပဏီသည် အချိန်မီ မှန်မှန်ကန်ကန်မသုံးသပ်နိုင်၊ မပြုပြင်နိုင်ပါက ခွက်ခွက်လန်အောင် ရှုံးနိမ့်ပျက်စီးမည်မှာ မြေကြီးလက်ခတ်မလွဲပါတည်း။

အတွေ့အကြုံနည်းပါးသောမန်နေဂျာများကိုခန့်အပ်မိပြီး လုပ်ငန်းများကို ထိရောက်အောင်မြင်အောင် လုပ်ဆောင်နိုင်မှုမရှိလျှင်လည်း ကုမ္ပဏီ ထိခိုက်ပေမည်။ လုပ်ငန်းအတွေ့အကြုံနည်းပါးလျှင် စမ်းတဝါးဝါးနှင့်လုပ်ဆောင်နေရမည်ဖြစ်သည်။ အချိန်ကုန်သည်၊ လူပန်းသည်၊ ရင်းမြစ်များ ဆုံးရှုံးသည်။ လုပ်ဖော်ကိုင်ဖက်များ စိတ်ဓာတ်ကျသည်။ အတွေ့အကြုံသည် အောင်မြင်မှုနှင့် ဆုံးရှုံးမှုကို ကောင်းစွာခွဲခြားဖန်တီးပေးနိုင်သည်။ ဘဏ္ဍာရေးထိန်းချုပ်မှု အားနည်းခြင်းသည်လည်း ကုမ္ပဏီ မအောင်မြင်မှု၏ အကြောင်းရင်းခံတစ်ချက်ဖြစ်သည်။ ကျွမ်းကျင်သောမန်နေဂျာတို့သည် မိမိတို့လုပ်ငန်းစဉ်များကို စနစ်တကျစီမံခန့်ခွဲ၍ ချောမွေ့အောင် စွမ်းဆောင်နိုင်ကြသည်။ လုံလောက်သော အသိပညာဗဟုသုတများရှိပြီး အတွေ့အကြုံအားဖြင့်လည်း ရင့်ကျက်ကာ အမြင်ကျယ်လေ့ရှိသည်။ ဘဏ္ဍာရေးကိုလည်း စနစ်တကျကိုင်တွယ်တတ်ပြီး လုပ်ငန်းအောင်မြင်ချောမွေ့အောင်၊ တိုးတက်အောင် ဆောင်ရွက်ပေးနိုင်စွမ်း၊ ပံ့ပိုးပေးနိုင်စွမ်း ရှိကြသည်။ မိမိ၏လုပ်ငန်းတာဝန်များကို သေချာဃနစွာသိရှိပြီး ဘဏ္ဍာရေးထိန်းချုပ်မှု၊ ငွေသားစီးဆင်းမှုများကို ဟန်ချက်ညီ အချိုးကျစွာ ဆောင်ရွက်နိုင်စွမ်းရှိရန် လိုအပ်ပါသည်။

မဟာဗျူဟာမြောက်စီမံချက်ကို စနစ်တကျရေးဆွဲထားရန် ပျက်ကွက်ခြင်းသည် လုပ်ငန်းမအောင်မြင်ရခြင်း၏ အကြောင်းရင်းခံတစ်ချက် ဖြစ်သည်။ 'လုပ်ငန်းကြီးများတွင်သာ မဟာဗျူဟာမြောက်စီမံချက်ထားရှိရန်လိုသည်။ လုပ်ငန်းငယ်များတွင် မလိုအပ်ဟူသော မှားယွင်းသည့်အတွေးမျိုး ဝင်တတ်သည်'။ 'ငါတို့မှာ အချိန်မရှိဘူး။ တို့လုပ်ငန်းက သေးပါတယ်၊ ကိန်းကြီးခန်းကြီးတွေ စီမံချက်တွေ၊ Plan တွေ မလိုပါဟု တွေးမိတတ်ကြသည်။' လုပ်ငန်းကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ စနစ်ကျသောစီမံခန့်ခွဲမှုများ၊ စီမံချက်များရှိရန်လိုအပ်သည်။ လုပ်ငန်းရပ်တည်ရန်၊ အောင်မြင်ရန်၊ တိုးတက်ရန်၊ ယှဉ်ပြိုင်မှုအားသာချက်ရရန် မဟာဗျူဟာမြောက်စီမံချက်၊ စီမံခန့်ခွဲမှုရှိရန် လိုအပ်ပေသည်။



လုပ်ငန်းများ အောင်မြင်လာသည်နှင့်အမျှ လုပ်ငန်းတဖြည်းဖြည်းကြီးထွားလာလေ့ရှိသည်။ လုပ်ငန်းကြီးထွားလာ

www.foreverspace.com.mm



သည်နှင့်အမျှ ပို၍စနစ်ကျရန် လိုအပ်လာပါသည်။ လုပ်ငန်းကြီးထွားလာမှုကို စနစ်တကျထိန်းချုပ်ထားနိုင်ရန်လိုအပ်သည်။ လုပ်ငန်းကြီးထွားလာမှုသည် ဝမ်းမြောက်ဖွယ်ရာ၊ လိုလားဖွယ်ရာကိစ္စရပ် ဖြစ်ပါသည်။ သို့ပါသော်ငြားလည်း စနစ်တကျစီမံခြင်း၊ ထိန်းချုပ်ခြင်းများမရှိပါက အောင်မြင်မှု၏ဆန့်ကျင်ဘက်လားရာသို့ ဦးတည်သွားမည်ကို အထူးသတိပြုသင့်ပေသည်။ လုပ်ငန်းချဲ့ထွင်လာသည်နှင့်အမျှ အဖွဲ့အစည်းအတွင်း ပြုပြင်ပြောင်းလဲမှုများ မလွဲမသွေလုပ်ဆောင်ရမည်။ ဖွဲ့စည်းပုံမှစ၍ ဘဏ္ဍာရေးထိန်းချုပ်မှုမူဝါဒများ၊ ဝန်ထမ်းရေးရာကိစ္စရပ်များတွင် ပြုပြင်ပြောင်းလဲရမည်။ အထူးသဖြင့် စီမံခန့်ခွဲမှုကျွမ်းကျင်သူများ၊ စီမံရေးရာများတွင် ပြုပြင်ပြောင်းလဲရမည် ဖြစ်ပါသည်။

လုပ်ငန်းအရွယ်အစားနှင့် ပမာဏကြီးထွားလာသည်နှင့် ရှုပ်ထွေးလာမည်။ ပြဿနာများ တိုးပွားလာမည်။ မန်နေဂျာများအနေဖြင့် ဖြစ်ပေါ်လာသော အခြေအနေများနှင့်အညီ လုပ်ငန်းတာဝန်များ ပိုမိုများပြားလာပြီး ပိုမိုတာဝန်ယူလာရသည်။ အရည်အသွေးကို ပိုမိုမြှင့်တင်လေ့လာသင်ယူရသည်။ ဌာနတွင်းလုပ်ငန်းများသာမကဘဲ ဖောက်သည်များနှင့် ပိုမိုထိတွေ့ဆက်ဆံရသည်။ ဝန်ဆောင်မှုအရည်အသွေးများ ပိုမိုမြှင့်တင်ဆောင်ရွက်ရသည်။ တစ်ခါတစ်ရံတွင်မူ စွန့်ဦးတီထွင်တို့သည် လုပ်ငန်းများ လျင်မြန်စွာ ကြီးထွားဖွံ့ဖြိုးလာရေးကို အားပေးဆောင်ရွက်လေ့ရှိသည်။ လုပ်ငန်းကြီးထွားလာသည်နှင့်အမျှ စီမံခန့်ခွဲမှုအရည်အသွေး၊ စွမ်းဆောင်နိုင်မှုတို့ကို ညှစ်ထုတ်၍ ပိုမိုကောင်းမွန်အောင် ကြိုးစားဆောင်ရွက်လာရ၍ ဖြစ်ပါသည်။ အရည်အသွေးပိုမိုတောက်ပြောင်လာစေနိုင်သောကြောင့် ဖြစ်ပါသည်။ မည်သို့ဆိုစေ ‘ဝန်နှင့်အား၊ မြားနှင့်လေး’ ချင့်ချိန်ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။

စီးပွားရေးလုပ်ငန်းများ စတင်တည်ထောင်လုပ်ကိုင်ရာတွင် လုပ်ငန်းတည်နေရာကို မှန်ကန်စွာရွေးချယ်နိုင်မှုသည်လည်း အရေးပါသောအချက်တစ်ချက်ဖြစ်ပါသည်။ သင့်တော်မှန်ကန်မှုမရှိသော လုပ်ငန်းတည်နေရာကို ရွေးချယ်မိခဲ့လျှင် စီးပွားရေးလုပ်ငန်းများအောင်မြင်နိုင်မည်မဟုတ်ချေ။ လုပ်ငန်းတည်နေရာကို ရွေးချယ်ရာတွင် သေချာကျနစွာ လေ့လာစိစစ်၍ ရွေးချယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ စီမံချက်ချမှတ်ခြင်းများမပြုမိဘဲ အလျင်စလို ရွေးချယ်မိတတ်ရာ အထူးသတိပြု၍ ဆောင်ရွက်သင့်သည်။

လုပ်ငန်းငယ်များတွင် အကြီးဆုံးရင်းနှီးမြှုပ်နှံမှုပမာဏမှာ ကုန်ပစ္စည်းများ သိုလှောင်မှုတွင်ဖြစ်သည်။ သို့သော်လည်း စီမံခန့်ခွဲမှုတာဝန်များတွင် လျစ်လျူရှုအခံရဆုံး၊ အမေ့တတ်ဆုံးနေရာမှာ ဤနေရာပင်ဖြစ်သည်။ အရေးကြီးဆုံးနေရာဖြစ်ပြီး ကုန်စည်ထိန်းသိမ်းမှုကို အလေးထားဆောင်ရွက်သင့်သည်။ ကုန်ပစ္စည်းများ လုံလောက်စွာရှိရန်၊ လုံခြုံမှုရှိရန်၊ လိုအပ်သည့်အချိန်ရနိုင်ရန် စီစဉ်ကွပ်ကဲဆောင်ရွက်ရမည်။ မိမိဖောက်သည်များ၊ စားသုံးသူများ လိုအပ်သည့်အချိန်တွင် လုံလုံလောက်လောက်မပေးနိုင်ပါက သူများဖောက်သည် ဖြစ်သွားပေမည်။ ကုန်စည်စီမံမှု ညံ့ဖျင်းလျှင် ဆုံးရှုံးမှုများဖြစ်နိုင်သည်။ ကုန်လက်ကျန်များလွန်းခြင်း၊ နည်းလွန်းခြင်း ပြဿနာများမဖြစ်ရန်၊ ပုံစံမှားယွင်းထားရှိခြင်းနှင့် ပျက်စီးဆုံးရှုံးမှုများမဖြစ်ပေါ်ရေးအတွက် အလေးအနက်ထား ဆောင်ရွက်ရမည်ဖြစ်သည်။ ဝယ်ယူရေးနှင့် ကုန်စည်သိုလှောင်ခြင်း၊ စာရင်းအင်းကိန်းဂဏန်း တိတိကျကျထားရှိခြင်း အစရှိသည့် နည်းလမ်းများကို စနစ်တကျတတ်မြောက်ထားသူများကို တာဝန်ပေးသင့်သည်။

စွန့်ဦးတီထွင်လုပ်ငန်းစဉ် အကူးအပြောင်းများတွင် ကျွမ်းကျင်ပိုင်နိုင်မှုမရှိပါက လုပ်ငန်းများပျက်စီးဆုံးရှုံးမှု ကြုံတွေ့ရနိုင်သည်။ လုပ်ငန်းစတင်စဉ်အဆင့်၊ လုပ်ငန်းကြီးထွားစဉ်အဆင့်များတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များသည် ကွဲပြားခြားနားသည်။ စီမံခန့်ခွဲမှုပုံစံများကွာခြားပါသည်။ လုပ်ငန်းငယ်စဉ်၊ စတင်စဉ်ကာလ၌ လုပ်ငန်းရပ်တည်နိုင်ရန်၊ ရှင်သန်ရန်အတွက် ထိရောက်စွာစီမံခန့်ခွဲရသကဲ့သို့ လုပ်ငန်းကြီးမားအောင်မြင်လာသောအခါတွင် လုပ်ပိုင်ခွင့်များအပ်နှင်း၍ တာဝန်ပေးဆောင်ရွက်စေရပါသည်။ သို့ရာတွင် ‘ပညာရှိသတိဖြစ်ခဲ’ ဆိုသကဲ့သို့ လုပ်ငန်းရှင်အများစုသည် လုပ်ပိုင်ခွင့်အပ်နှင်းရန် ဝန်လေးနေလေ့ရှိသည်။ လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာတာဝန်ရှိ မန်နေဂျာများ၊ ဝန်ထမ်းများကို လုပ်ပိုင်ခွင့်များ ခွဲဝေအပ်နှင်းရန် ဝန်လေးနေပြီဆိုပါလျှင် လုပ်ငန်းကြီးထွားအောင်မြင် တိုးတက်မှုကို ကြီးစွာအနှောင့်အယှက်ဖြစ်စေနိုင်ပါသည်။ မိမိမန်နေဂျာများကို ယုံကြည်မှုအပြည့်အဝဖြင့် လုပ်ပိုင်ခွင့်များအပ်နှင်းကာ လုပ်ငန်းများအောင်မြင်တိုးတက်ရေးအတွက် စနစ်တကျဆောင်ရွက်စေသင့်သည်။ မိမိမန်နေဂျာနှင့် ဝန်ထမ်းများကို စဉ်ဆက်မပျက် သုံးသပ်အကဲခတ်၍ လုပ်ရည်ကိုင်ရည်များ ပြည့်ဝတိုးတက်ရန် ဆောင်ရွက်ပေးသင့်သည်။ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအနေဖြင့် အထက်ဖော်ပြပါ လုပ်ငန်းငယ်များ ဆုံးရှုံးရခြင်းအကြောင်းအရင်းများကို သိရှိရှောင်ရှားပြီး လုပ်ငန်းများ အောင်မြင်တိုးတက်အောင် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ရေးသားအပ်ပေသည်။

**မှူးခန့်စံ**

Ref: (1) Effective Business Management by Narman M.Scarborough & Thomas W.Zimmerer
(2) Are you an Entrepreneur? (Starting a Business By Rodney Overton)

www.foreverspace.com.mm



ဤကဏ္ဍတွင် . . . . .
၄၆ စီးပွားရေးလုပ်ငန်းကြီးများ၏ နောက်ကွယ်မှဒေါက်တိုင်များ (SMEs)
၅၂ မြန်မာ့တတိယဆန်အိုး ရွှေဘို
၅၆ ဝတ်စားဆင်ယင်မှုနှင့် ရိုးရာယဉ်ကျေးမှု
၆၈ မသန်စွမ်းသူတို့ ရောင်နီသန်းချိန် . . .
၇၆ ရန်ကုန် ကုန်စည်ဈေးကွက်

# စီးပွားရေးလုပ်ငန်းကြီးများ၏ နောက်ကွယ်မှ ဒေါက်တိုင်များ (SMEs)

မိုးခိုင်

**နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းကြီးများ အရှိန်အဟုန်ဖြင့် လည်ပတ်နိုင်စေရန် နောက်ကွယ်မှ ဒေါက်တိုင်များ အဖြစ် လှုပ်ရှားပေးရသည့် အသေးစားနှင့် အလတ်စားလုပ်ငန်းများအပေါ် မြန်မာနိုင်ငံတွင် အချို့သောပုဂ္ဂိုလ်များက အရေးမပါလှဟု၍ မသိကျိုးကျွံပြုမှုနေသည့်သဖွယ်ရှိနေရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိုလုပ်ငန်းများကို မဖြစ်မနေမြှင့်တင်ပေးရမည်ဟု မြန်မာ့စီးပွားရေးပညာရှင်များက သုံးသပ်ကြသည်။**




## SMEs ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများတွင် စက်မှုလက်မှုလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ လယ်ယာ၊ သားငါး ထွက်ပစ္စည်းများ၊ ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းများ၊ သတ္တုတွင်းလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်းများ ပါဝင်သည်။

မြန်မာနိုင်ငံ၏ SMEs (Small and Medium Enterprises) အပေါ် အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အခြားကမ္ဘာ့နိုင်ငံများနှင့် မတူဘဲ တစ်မူကွဲပြားလျက်ရှိသည်။

၁၉၉၀ ပြည့်နှစ် ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်းများဥပဒေအရ မြန်မာနိုင်ငံ၏ စက်မှုလက်မှုလုပ်ငန်းများကို လျှပ်စစ်ဓာတ်အားသုံးစွဲမှုမြင်းကောင်ရေအား (HP)၊ အလုပ်သမားဦးရေ၊ လုပ်ငန်းရင်းနှီးမြှုပ်နှံငွေနှင့် နှစ်တစ်နှစ်၏ ကုန်ထုတ်လုပ်မှုစသည့်အချက်များဖြင့် လုပ်ငန်းအရွယ်အစားပမာဏကို ခွဲခြားသတ်မှတ်ထားသည်ကို တွေ့ရသည်။ အခြားကမ္ဘာ့နိုင်ငံအတော်များများတွင် SMEs ကို လုပ်သားအရေအတွက်နှင့် ငွေကြေးရင်းနှီးမြှုပ်နှံမှုပမာဏပေါ်လိုက်၍ ခွဲခြားသတ်မှတ်ကြသည်။ ယင်းအချက်ကိုကြည့်ခြင်းအားဖြင့် လျှပ်စစ်စွမ်းအင်ကဏ္ဍသည် မြန်မာနိုင်ငံ၏ အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်ကို တွေ့မြင်နိုင်သည်။

လက်ရှိမြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းများ၏ အခြေအနေအရ ရင်းနှီးငွေတန်ဖိုးနှင့် မြင်းကောင်ရေအားသုံးစွဲမှုစသည်တို့မှာ ကိုက်ညီမှုမရှိတော့၍ SMEs ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပြန်လည်ပြင်

www.foreverspace.com.mm



ခြင်းသတ်မှတ်ရန် လိုအပ်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများ အသင်း၏ တာဝန်ရှိသူများက အကြံပြုပြော ကြားလာကြသည်။

မြန်မာနိုင်ငံ၏ SMEs အဓိပ္ပာယ် သတ်မှတ်ချက်နှင့် SMEs ဆိုင်ရာဥပဒေ များကို ပြည်သူလုထုသိရှိမှုအားနည်းလျက် ရှိနေသေးကြောင်း၊ မြန်မာနိုင်ငံ၏ စက်မှု လက်မှုကဏ္ဍ၊ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုး တက်လာရန်အတွက်ဆိုလျှင် SMEs ၏ သဘောသဘာဝနှင့်မူဝါဒများကို ပြည်သူ လူထုသိရှိနားလည်ကာ တိတိကျကျဖော်ပြ ပေးရန်လိုအပ်သည်ဟု စီးပွားရေးပညာရှင် ဒေါက်တာအောင်ကိုကိုက ပြောကြားသည်။

မြန်မာနိုင်ငံ၏ အဆိုပါ SMEs အဓိပ္ပာယ်သတ်မှတ်ချက်သဘောသဘာဝ ကို လူအများစုအသိအမှတ်မှားဖြစ်နေမှုနှင့် ပတ်သက်၍ စီးပွားရေးပညာရှင်ဂုဏ်ထူး ဆောင်ပါမောက္ခ ဒေါ်လှမြင့်ကလည်း ဤ သို့ဆိုသည်။

"ဆရာမတို့မြန်မာပြည်မှာ SMEsလို့ ပြောလိုက်ရင် လူတွေမြင်လေ့မြင်ထရှိတာ က စက်ရုံအသေးလေးတွေကိုပဲ ကြည့်ကြ တယ်၊ မြင်ကြတယ်။ SMEs small Business ထဲမှာ စိုက်ပျိုးရေးလုပ်ငန်းတွေလည်း ပါပါတယ်။ ဒါပေမဲ့ လူတွေက စိုက်ပျိုး ရေးကို လုပ်ငန်းရယ်လို့ လုံးဝမတွက်ဘူး။ လုပ်ငန်းလို့ ပြောလိုက်ရင် စက်မှုပဲ မျက်စိ ထဲ မြင်ကြတယ်။ အမှန်ဆိုရင် စိုက်ပျိုးရေး ကလည်း Small Business လို့ ပြောလို့ရ တယ်။ ဖလှယ်မှုပါဝင်သွားရင် ဒါဟာ စီး ပွားရေးလုပ်ငန်းပဲ။ တစ်နိုင်တစ်ပိုင်လယ် စိုက်တဲ့သူတွေလည်း ကောက်စိုက်သမငှား စိုက်ရတယ်။ ထွက်လာတဲ့စပါးကိုရောင်းရ တယ်လေ။ အဲဒါလည်း Business ပါပဲ"

## မျက်စိလျှမ်းသွားခြင်း


အသေးစားနှင့် အလတ်စားစက်မှု လက်မှုစီးပွားရေးလုပ်ငန်းနယ်ပယ်၏ တန်ဖိုး နှင့် အရေးပါမှုသည် မြန်မာ့စီးပွားလောက ၌ မပေါ်လွင် မထင်ရှားဖြစ်နေသည်ကို တွေ့ရသည်။ အကြောင်းမှာ အသေးစား နှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှာ အဆိုပါလုပ်ငန်းတစ်ခုတည်းရပ်တည်နိုင် ခြင်းမရှိဘဲ စီးပွားရေးလုပ်ငန်းကြီးများနှင့် အတူ တွဲဖက်နေရခြင်းကြောင့်ပင် ဖြစ်ပါ သည်။

စီးပွားရေးလုပ်ငန်းကြီးများအနေနှင့် မူ အစိုးရအဖွဲ့အစည်းများ၊ ဘဏ်များနှင့် ပုဂ္ဂလိကစီးပွားရေးဆိုင်ရာအသင်းအဖွဲ့များ ၏ ကူညီပံ့ပိုးပေးမှုရရှိနေသည့်အတွက် လုပ်ငန်းပမာဏမှာ သိသာမြင်သာလျက်ရှိ ပြီး နိုင်ငံကြီးပွားတိုးတက်မှုအတွက်လည်း စွမ်းအားစုအဖြစ် ပေါ်လွင်လျက်ရှိနေသည် ကို တွေ့ရသည်။ တစ်ဖက်တွင်မူ အသေး စားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်း များသည် ပမာဏသေးငယ်ရုံမျှမက မိသား စုတစ်နိုင်တစ်ပိုင်လုပ်ငန်းများ၊ တစ်သီး ပုဂ္ဂလလုပ်ငန်းငယ်လေးများအဖြစ် ပျံ့နှံ့ တည်ရှိနေခြင်းနှင့် ယင်းတို့၏ ပါဝင်ဆောင် ရွက်မှုသည် စီးပွားရေးလုပ်ငန်းကြီးများ၏ အဖြည့်ခံသဘောမျိုးအဖြစ် တည်ရှိနေခြင်း တို့ကြောင့် အများစုက အသေးစားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်းများ၏ အရေးပါမှုနှင့် စွမ်းဆောင်နိုင်မှုကို သတိမမူ မိကြဘဲ စီးပွားရေးလုပ်ငန်းကြီးများ၏ ဆောင်ရွက်ချက်များကိုသာ အရေးပါသည် ဟု ထင်မြင်ယူဆနေကြခြင်း ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေ အသေးစားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်းများသည် စီးပွားရေးကျကပ်ကျရောက်ချိန်များတွင် စီးပွားရေးနယ်ပယ်၏ အင်အားကြီးလုပ် ငန်းများဖြစ်သော စက်မှုနှင့် စီးပွားရေးလုပ် ငန်းကြီးများ ခုသာခံသာရှိစေရန် ကြားခံ အဖြစ် ဆောင်ရွက်ပေးလျက်ရှိပြီး တိုင်း ပြည်၏ အလုပ်လက်မဲ့ပြဿနာများကို လည်း တစ်ဖက်တစ်လမ်းမှ ဖြေရှင်းပေး သည့်လုပ်ငန်းနယ်ပယ် ဖြစ်ပါသည်။

ထို့အပြင် နိုင်ငံ၏ စီးပွားရေးအခြေ အနေကောင်းမွန်နေသည့်အချိန်များတွင်လည်း စီးပွားရေးလုပ်ငန်းကြီးများ ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်စေရန် နောက်ကွယ်မှဒေါက် တိုင်များအဖြစ်လည်း ရပ်တည်ပေးလျက်ရှိ နေပြန်သည်ကို တွေ့ရသည်။

"SMEs ဆိုတာ ကျယ်ပြန့်တယ်။ နိုင်ငံတကာမှာ အရေးပါတဲ့အခန်းကဏ္ဍမှာ



www.foreverspace.com.mm

ရှိတယ်။ ဘယ်နိုင်ငံမှာဖြစ်ဖြစ် ဥပမာ–အမေရိကန်ပြည်ထောင်စုမှာဖြစ်ဖြစ်၊ ဂျပန်လိုနိုင်ငံမှာဖြစ်ဖြစ်၊ ကနေဒါ၊ အာရှမှာပဲဖြစ်ဖြစ် SMEs တွေက အရေးပါတယ်။ ဘယ်တိုင်းပြည်တိုင်းမှာမဆို အရေးပါတယ်။ ၁၉၉၇ မှာဖြစ်သွားတဲ့ Asia Crisis မှာကြည့်မယ်ဆိုရင် SMEs အားကောင်းတဲ့နိုင်ငံတွေက ခံသာသွားတယ်။ ဥပမာ–တရုတ်(တိုင်ပေ)ပေါ့။ SMEs တွေထက် လုပ်ငန်းကြီးတွေကိုဦးစားပေးတဲ့နိုင်ငံ ဥပမာ–တောင်ကိုရီးယားလိုနိုင်ငံကတော့ ထိခိုက်နစ်နာဆုံးရှုံးမှုက ပိုများသွားတယ်။ SMEs ရဲ့ အရေးပါမှုက အဲဒီလိုမျိုးတွေ တွေ့ရတယ်” ဟု စီးပွားရေးပညာရှင် ဒေါက်တာအောင်ကိုကိုက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် SMEs ၏အရေးပါမှုနှင့်ပတ်သက်၍ ထောက်ပြပြောဆိုသည်။

စီးပွားရေးအင်အားတောင့်တင်းပြီး ဖွံ့ဖြိုးတိုးတက်နေသည့်ကမ္ဘာ့နိုင်ငံကြီးများသည်ပင်လျှင် ၎င်းတို့နိုင်ငံ၏ ရှည်လျားလှသော အကျိုးစီးပွားဖြစ်ထွန်းမှုကာလတစ်လျှောက်တွင် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ပါဝင်စွမ်းဆောင်နေမှုကို သတိမပြုမိခဲ့သည်များရှိခဲ့ကြသည်ဟု စီးပွားရေးပညာရှင်များက ဆိုကြသည်။

## ယိုင်နဲ့နဲ့ ဒေါက်တိုင်များ

မြန်မာနိုင်ငံ၏ စက်မှုလက်မှုကဏ္ဍတွင် လယ်ယာသားငါးထွက်ပစ္စည်းများပြုပြင်ထုတ်လုပ်မှု၊ စက်မှုလက်မှုကုန်ပစ္စည်းထုတ်လုပ်မှု၊ သတ္တုတွင်းထွက်ပစ္စည်းများထုတ်လုပ်မှု၊ အများသုံးပစ္စည်းများထုတ်လုပ်မှု၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် သတင်းနှင့်နည်းပညာလုပ်ငန်းတို့ ပါဝင်လျက်ရှိပြီး ယင်းကဏ္ဍသည် အသားတင်ထုတ်လုပ်မှုတန်ဖိုး(GDP) တွင် ၁၇ ဒသမ ၅ ရာခိုင်နှုန်းဝန်းကျင်ခန့်သာပါရှိကြောင်း၊ အခြား ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အလားတူကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) ပါဝင်မှုအချိုးအစားမှာ အနည်းဆုံး ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းခန့်အထိ ပါဝင်လျက်ရှိကြောင်း မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၏ အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအကြံပြုချက်စာတမ်း၌ ဖော်ပြထားသည်ကို တွေ့ရသည်။

အဆိုပါအကြံပြုချက်စာတမ်းပါဖော်ပြချက်အရဆိုလျှင် မြန်မာနိုင်ငံ၏ အသေးစားနှင့်အလတ်စားစက်မှုလက်မှုလုပ်ငန်းကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) ပါဝင်မှုအချိုးအစားမှာ အခြားသောဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ (GDP) ပါဝင်မှုအချိုးအစားနှင့် နှိုင်းယှဉ်ကြည့်လျှင် အလွန်လျော့နည်းလျက်ရှိနေပြီး မြန်မာနိုင်ငံ၏ စက်မှုလက်မှုလုပ်ငန်းများ၏ ဖွံ့ဖြိုးမှုအပိုင်းမှာလည်း အားနည်းနေသေးသည်ဟု သုံးသပ်ရမည် ဖြစ်သည်။

လက်ရှိမြန်မာနိုင်ငံ စက်မှုလက်မှုကဏ္ဍ၏ ၉၀ ရာခိုင်နှုန်းကျော်မှာ ပုဂ္ဂလိကအသေးစားနှင့်အလတ်စား စက်မှုလက်မှုလုပ်ငန်းလေးများသာဖြစ်ပြီး ယင်းအသေးစားနှင့်အလတ်စားစက်မှုလက်မှုလုပ်ငန်းများ၏ ၆၅ ရာခိုင်နှုန်းမှာ စားသောက်ကုန်ထုတ်လုပ်သည့်လုပ်ငန်းများဖြစ်ကြောင်း၊ အဆိုပါအသေးစားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်းအများစုမှာ နည်းပညာနိမ့်ကျပြီး ပြည်တွင်းဈေးကွက်အတွက် ရည်ရွယ်ထုတ်လုပ်နေသော သွင်းကုန်အစားထိုးလုပ်ငန်းများသာဖြစ်သည်ဟု မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံလုပ်သားဦးရေ၏ ၇၈ ရာခိုင်နှုန်းခန့်ကို အလုပ်အကိုင်ပေးထား



www.foreverspace.com.mm



သည့်အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ အဓိကအခက်အခဲအဟန့်အတားမှာ ငွေကြေးအရင်းအနှီးလုံလောက်မှုမရှိသည့်အခက်အခဲပင်ဖြစ်သည်ဟု ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်အသိုင်းအဝိုင်းထံမှ စုံစမ်းသိရှိရသည်။

အဆိုပါလုပ်ငန်းများအတွက် အရင်းအနှီးရှားပါးခြင်းသည် လုပ်ငန်းချဲ့ထွင်ရန်အတွက်လည်းကောင်း၊ ပိုမိုကောင်းမွန်သောနည်းပညာကို အသုံးပြုရန်နှင့် ဈေးကွက်သစ်ထိုးဖောက်ရန်အတွက်လည်းကောင်း ကြီးမားသည့်အဟန့်အတားတစ်ခုနယ်ဖြစ်နေကြောင်း၊ ယင်းကြောင့် လက်ရှိမြန်မာနိုင်ငံ၏ စက်မှုလက်မှုလုပ်ငန်းအများစုမှာ မိရိုးဖလာနည်းစနစ်များကို ဖက်တွယ်ပြီး လုပ်ငန်းချဲ့ထွင်ရန် ကြိုးစားနိုင်ခြင်းမရှိဘဲ မိသားစုတစ်နိုင်တစ်ပိုင်လုပ်ငန်းလေးများ ပြိုကွဲမသွားအောင်ပင် ကြိုးစားရန်းကန်နေရကြောင်း ၁၉၈၀ ပြည့်နှစ်ဝန်းကျင်ကတည်းက အပ်ကုန်စနစ်ဖြင့် ဖိနပ်နှင့်ဆက်စပ်ပစ္စည်း ပုံစံဒီဇိုင်းများ လက်ခံထုတ်လုပ်ပေးလျက်ရှိသည့် ရန်ကုန်တိုင်းတောင်ဒဂုံစက်မှုဇုန်ရှိ စက်မှုလက်မှုလုပ်ငန်းရှင်တစ်ဦးက ၎င်း၏ လုပ်ငန်းလုပ်သက်နှစ်သုံးဆယ်အတွေ့အကြုံနှင့် နှိုင်းယှဉ်၍ အသေးစားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်းရှင်အများစု တွေ့ကြုံနေရသည့်ငွေကြေးအရင်းအနှီးရှားပါးမှုပြဿနာနှင့်ပတ်သက်၍ ပြောကြားသည်။

“အခုခေတ်ဈေးကွက်က သိပ်အပြောင်းအလဲမြန်တယ်။ အခု ဒါကြိုက်တယ်၊ တော်ကြာ ကြိုက်ချင်မှကြိုက်တယ်။ အဲဒါကို အမြန် ကိုယ်ကလိုက်နိုင်မှ မြန်မြန်လုပ်နိုင်တဲ့လုပ်ငန်းသေးလေးတွေက တွင်ကျယ်လာတယ်။ စားသုံးသူရဲ့ တုံ့ပြန်မှုကို မြန်မြန်ပေးနိုင်မှ လုပ်ငန်းတိုးတက်တာ။ အဲဒီမှာ ဘာဖြစ်လာလဲဆိုတော့ SMEs အများစုက ရင်းနှီးမြှုပ်နှံမှုအားနည်းတာတွေ့ရတယ်။ ရင်းနှီးမြှုပ်နှံမှုအားနည်းတော့ နည်းပညာလည်း သေသေချာချာမဝယ်နိုင်ဘူး။ တိုးတက်တဲ့နည်းပညာမရှိတော့ အသစ်အဆန်း မထွင်နိုင်ဘူး။ ဒါကြောင့် Market ကို တုံ့ပြန်မှုမှာ အားနည်းလာတယ်။ လိုလာတယ်။ SMEs တွေ ဖွံ့ဖြိုးဖို့ဆို ဒီကိစ္စရပ်ကိုလည်း ပြုပြင်ပေးဖို့၊ ပံ့ပိုးပေးဖို့၊ အရေးကြီးတယ်” ဟု စီးပွားရေးပညာရှင် ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါ်လှမြင့်က မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးမှုနှေးကွေးနေရခြင်း၏ အဓိကအကြောင်းအရင်းဖြစ်သည့်ငွေကြေး ရင်းနှီးမြှုပ်နှံမှုမလုံလောက်ခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

ယခုအချိန်ထိ အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများအတွက် အစိုးရဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ ချေးငွေရရှိနိုင်မှုနည်းပါးသည့်အပြင် ပံ့သေပိုင်ဆိုင်မှုပစ္စည်းများတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းခန့်သာ ချေးငွေထုတ်ချေးသဖြင့် ရရှိသည့် ချေးငွေပမာဏမှာ အလွန်နည်းကြောင်း၊ ယင်းကဲ့သို့ ဘဏ်များမှ ချေးငွေရရှိရန် ခက်ခဲမှုကြောင့် အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းရှင်အများစုမှာ ၎င်းတို့၏လုပ်ငန်းများ လည်ပတ်နိုင်ရန် ပြင်ပမှ အတိုးနှုန်းမြင့်မားစွာဖြင့် ချေးယူလုပ်ကိုင်နေကြရကြောင်း အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်အသိုင်းအဝိုင်းထံမှ စုံစမ်းသိရှိရသည်။

ပြည်တွင်းရှိ စက်မှုလက်မှုလုပ်ငန်းအများစုသည် ငွေကြေးအရင်းအနှီးလုံလောက်မှုမရှိသည့်အတွက် ခေတ်မီနည်းပညာနှင့် စက်ကိရိယာများကို ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ခြင်းမရှိကြောင်း၊ လက်ရှိလုပ်ငန်းအများစု၌ အသုံးပြုနေသည့်နည်းပညာနှင့် စက်ကိရိယာများသည် ပြည်တွင်းဈေးကွက်အတွက် လုံလောက်ခြင်းရှိသော်လည်း ပြည်ပဈေးကွက်ရှာဖွေထိုးဖောက်ရာ၌ အရည်အသွေးအဆင့်အတန်းမီ ကုန်ချောထုတ်လုပ်နိုင်မှုအားနည်းလျက်ရှိပြီး ပြည်ပဈေးကွက်များနှင့် ယှဉ်ပြိုင်နိုင်စွမ်းမရှိသေးကြောင်း၊ ထို့အပြင် အသေးစားနှင့် အလတ်စားလုပ်ငန်းများတွင် လုပ်ငန်းအတွက်လိုအပ်သည့်သုတေသနနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကိုလည်း ထိရောက်စွာလုပ်ကိုင်နိုင်ခြင်းမရှိသည်ကိုတွေ့ရကြောင်း မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အာမခံထားရန် ပံ့သေပိုင်ဆိုင်ပစ္စည်းမရှိသဖြင့် ဘဏ်များတွင် ငွေချေးငှားရန်ခက်ခဲနေကြသည့် အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် အစိုးရနှင့် ပုဂ္ဂလိကစီးပွားရေးဆိုင်ရာအဖွဲ့အစည်းများ၏ ထောက်ခံချက်များဖြင့် အသေးစားချေးငွေလုပ်ငန်းအစီအစဉ်များ ချမှတ်ပေးနိုင်လျှင် အဆင်ပြေစွာ လုပ်ကိုင်လာနိုင်မည်ဖြစ်ကြောင်း ၎င်းက ထောက်ပြပြောဆိုသည်။

## AFTA မလာခင် ကြိုတင်ပြင်ဆင်

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် မကြာမီရောက်ရှိလာတော့မည့် ၂၀၁၅ ခုနှစ် အာဆီယံဒေသတွင်း လွတ်လပ်သောကုန်သွယ်ရေးနယ်မြေ (AFTA) စည်းကမ်းချက်များအရ အခွန်အကောက်ကင်းမဲ့သောနယ်မြေဖြစ်လာတော့မည် ဖြစ်သည်။ ယင်းအပြင် ထိုစည်းကမ်းချက်များအရ အရင်းအနှီး၊ လုပ်သား၊ နည်းပညာ၊ ကုန်စည် စသည်တို့သည်လည်း ယခုထက်ပိုမိုလွတ်လပ်စွာ ရောင်းဝယ်ရွှေ့ပြောင်း လုပ်ကိုင်နိုင်တော့မည် ဖြစ်သည်။ ဤသို့ဆိုလျှင် အာဆီယံဒေသတွင်း စီးပွားရေးလုပ်ငန်းများ၏စိန်ခေါ်မှုနှင့် ပြိုင်ဆိုင်မှုများသည်လည်း ယခုထက်ပို၍ ပြင်းထန်လာမည်ဖြစ်ခြင်းကြောင့် ယင်းကာလမတိုင်မီ မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများ အပါအဝင် အခြားသော စီးပွားရေးလုပ်ငန်းနယ်ပယ်တိုင်း၌ ပွဲမဝင်ခင် အပြင်ကကျင်းပဆိုသည့်အတိုင်း လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန်လိုအပ်နေပြီ ဖြစ်ပါသည်။ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ထားမှသာလျှင် အာဆီယံဒေသတွင်း လွတ်

www.foreverspace.com.mm



## မြန်မာနိုင်ငံ၏ SMEs အဓိပ္ပာယ်သတ်မှတ်ချက်

| အမျိုးအစား | အငယ်စား | အလတ်စား | အကြီးစား |
|---|---|---|---|
| မြင်းကောင်ရေအား(HP) | ၃ မှ ၂၅ | ၂၅ အထက်မှ ၅၀ ထိ | ၅၀ HP အထက် |
| အလုပ်သမားဦးရေ | ၁၀ မှ ၅၀ | ၅၀ မှ ၁၀၀ | ၁၀၀ အထက် |
| ရင်းနှီးငွေ (ကျပ်) | ၁ သန်းအထိ | ၁ သန်းအထက်မှ ၅ သန်း | ၅ သန်းအထက် |
| တစ်နှစ်လျှင်ကုန်ထုတ်လုပ်တန်ဖိုး (ကျပ်) | ၂.၅ သန်း | ၂.၅ သန်းထက်ပို၍ ၅ သန်းထိ | ၅ သန်းအထက် |

**Source: ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်း များ ဥပဒေ–၁၉၉၀**

## အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ နှစ်အလိုက်ဖွံ့ဖြိုးတိုးတက်မှု

| အရွယ်အစား | ၂၀၀၄ ခုနှစ် | ၂၀၀၅ | ၂၀၀၆ | ၂၀၀၇ | ၂၀၀၈ |
|---|---|---|---|---|---|
| အကြီးစား | ၃၁၃၅<br>၇.၃% | ၃၁၉၄<br>၇.၆၃% | ၃၄၃၈<br>၇.၉၄% | ၃၄၈၃<br>၈.၀၁% | ၃၅၉၀<br>၈.၀၂% |
| အလတ်စား | ၆၂၁၅<br>၁၄.၅% | ၆၁၄၉<br>၁၄.၆၈% | ၆၄၃၀<br>၁၄.၈၄% | ၆၅၁၆<br>၁၄.၉၈% | ၆၇၂၂<br>၁၅.၃၅% |
| အသေးစား | ၃၃၄၅၄<br>၇၈.၂% | ၃၂၅၃၄<br>၇၇.၆၉% | ၃၃၄၅၆<br>၇၇.၂၂% | ၃၃၅၀၄<br>၇၇.၀၁% | ၃၃၄၇၂<br>၇၆.၄၅% |
| စုစုပေါင်း | ၄၂၈၀၄ | ၄၁၈၇၇ | ၄၃၃၂၄ | ၄၃၅၀၃ | ၄၃၇၈၄ |
| | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% | ၁၀၀% |

**Source: စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အမှတ် (၁) စက်မှုဝန်ကြီးဌာန**

လပ်သောကုန်သွယ်ရေးနယ်မြေ (AFTA) ကာလအတွင်း ဖြစ်ပေါ်လာမည့် စိန်ခေါ်မှုများကို ရင်ဆိုင်ယှဉ်ပြိုင်နိုင်မည် ဖြစ်ပါသည်။

အဆိုပါအသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ လုပ်ငန်းအနေအထား ဖွံ့ဖြိုးလာရေးနှင့် AFTA ကို ရင်ဆိုင်ယှဉ်ပြိုင်နိုင်ရေးအတွက်ဆိုလျှင် မြန်မာနိုင်ငံ၏ ဒေသအလိုက် ထင်ရှားသောထုတ်ကုန်များကို ဖွံ့ဖြိုးအောင် အားပြုဆောင်ရွက်ခြင်းသည်လည်း ထည့်သွင်းစဉ်းစားလုပ်ဆောင်ရန် လိုအပ်သောအချက်တစ်ချက်ဖြစ်ကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံတွင် ဒေသအလိုက် ထင်ရှားသော ထုတ်ကုန်များ၌ ပုဂံ–ညောင်ဦး ယွန်းထည်လုပ်ငန်း၊ ပုန်းရည်ကြီးထုတ်လုပ်ငန်း၊ မန္တလေး အမရပူရ ရွှေချည်ထိုး ငွေချည်ထိုးလုပ်ငန်း၊ ရက်ကန်းလုပ်ငန်း၊ စစ်ကိုင်း ငွေထည်လုပ်ငန်း၊ အိုးလုပ်ငန်း၊ ပုသိမ် ထီးလုပ်ငန်း၊ ဟာလဝါမုန့်ထုတ်လုပ်ငန်း၊ အင်းလေး ရက်ကန်းလုပ်ငန်း၊ မုံရွာ (ကျောက္ကာ) ယွန်းထည်လုပ်ငန်း စသည့်လုပ်ငန်းများရှိကြောင်း၊ အဆိုပါလုပ်ငန်းများသည် ဒေသတွင်းမှ ကုန်ကြမ်း သယံဇာတများ လွယ်ကူစွာရရှိနိုင်ခြင်း၊ နည်းပညာတတ်ကျွမ်းပြီးဖြစ်ခြင်း၊ ကျွမ်းကျင်လုပ်သားများ အသင့်ရှိပြီးဖြစ်ခြင်းတို့ကြောင့် ထုတ်ကုန်များကို ယခုထက် ပိုမိုဖွံ့ဖြိုးအောင် အားထည့်ဆောင်ရွက်မည်ဆိုလျှင် အောင်မြင်လွယ်သောလုပ်ငန်းများဖြစ်လာနိုင်ကြောင်း၊ ယင်းအပြင် ဒေသတွင်း ထင်ရှားသည့်ထွက်ကုန်များဖြစ်ခြင်းကြောင့် အာဆီယံဒေသတွင်း စိန်ခေါ်မှုများကိုလည်း အထိုက်အလျောက် ယှဉ်ပြိုင်လာနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင်မက အဆိုပါလုပ်ငန်းများကို ပိုမိုခေတ်မီတိုးတက်သော ထုတ်လုပ်မှုနည်းပညာပိုင်းရရှိရန်နှင့် သုံးစွဲသူ၏နှစ်သက်မှုကိုလိုက်လျော ညီထွေဖြစ်စေမည့် ထုပ်ပိုးမှုစနစ်များဖြင့် ပိုမိုကောင်းမွန်အောင်စီမံဆောင်ရွက်နိုင်လျှင် အဆင့်မြင့်ထွက်ကုန်များ ထွက်ရှိလာနိုင်မည့်အနေအထားရှိကြောင်း၊ အဆိုပါ ဒေသတစ်ခု ထုတ်ကုန်တစ်ရပ် (One Village-One Product) ဖွံ့ဖြိုးရေးအစီအစဉ်များကို ဂျပန်နိုင်ငံ အိုအီတပြည်နယ်တွင် ၁၉၇၉ ခုနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အောင်မြင်လျက်ရှိကြောင်း၊ ယခုအခါ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့

www.foreverspace.com.mm

တွင်လည်း အဆိုပါဒေသတစ်ခု ထုတ်ကုန်တစ်မျိုးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တာဝန်ရှိသူတစ်ဦးက အကြံပြုပြောကြားသည်။

သို့ရာတွင် ခေတ်နှင့်အညီပြင်ဆင်ထုတ်လုပ်ထားသောဈေးနှုန်းသက်သာသည့် ပြည်ပမှကုန်ပစ္စည်းများ ပြည်တွင်းဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်လာမှုကြောင့် ပြည်တွင်းထုတ်ကုန်အချို့မှာ ဈေးကွက်နေရာပျောက်ကာ မိသားစုတစ်နိုင်တစ်ပိုင်လုပ်ငန်းလေးများကိုပင် စွန့်လွှတ်လိုက်ရခြင်းများရှိကြောင်း၊ ဒေသထွက်ကုန်လုပ်ငန်းများဖြစ်သည့် ပခုက္ကူနယ်မှ စောင်ရက်လုပ်သည့် ရက်ကန်းလုပ်ငန်းအချို့နှင့် ပုသိမ်မြို့ရှိ ရိုးရာပုသိမ်ထီးလုပ်ငန်းများမှာ အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝင်ရောက်လာသည့် ကုန်ပစ္စည်းများ၏ ဈေးကွက်ချဲ့ထွင်လာမှုကြောင့် မိရိုးဖလာရိုးရာလုပ်ငန်းအချို့ပင်ပျောက်ကွယ်လုနီးပါးအနေအထားနှင့် တွေ့ကြုံရလျက်ရှိကြောင်း ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်အသိုင်းအဝိုင်းထံမှ စုံစမ်းသိရှိရသည်။

မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးနယ်မြေ (AFTA) ကို ရင်ဆိုင်ယှဉ်ပြိုင်ရန်အတွက်ဆိုလျှင် မိသားစုတစ်နိုင်တစ်ပိုင်လုပ်ငန်းများအဖြစ် ပျံ့နှံ့လုပ်ကိုင်လျက်ရှိသည့်အသေးစားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်းများသည် နီးစပ်ရာအသိုင်းအဝိုင်းရှိလုပ်ငန်းတူချင်း အစုအဖွဲ့ပုံစံဖြင့် ယခုထက်ပိုမို အင်အားတောင့်တင်း ကျစ်လျစ်သော စီးပွားရေးလုပ်ငန်းအစုများအဖြစ်ဖွဲ့စည်းလုပ်ကိုင်ကြရန်လိုအပ်ကြောင်း၊ စုပေါင်းလုပ်ကိုင်ခြင်းဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာလာမည်ဖြစ်ခြင်းကြောင့် ဈေးနှုန်းသတ်မှတ်ချက်အရ စိန်ခေါ်လာမှုကို ရင်ဆိုင်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း စီးပွားရေးပညာရှင် ဂုဏ်ထူးဆောင်ပါမောက္ခဒေါ်လှမြင့်က ဆိုသည်။

## ပိပိပြင်ပြင် SMEs

မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်းများ၏ ဖွံ့ဖြိုးမှုနှုန်းနှင့် SMEs ရေးရာမူဝါဒများကို ခြုံငုံသုံးသပ်ကြည့်လျှင် စက်မှုဇုန်များ ပေါ်ထွက်လာရာတွင် လုပ်ငန်းကြီးများအတွက် အစီအစဉ်ချမှတ်မှုများပါဝင်သော်လည်း အသေးစားစက်မှုလက်မှုလုပ်ငန်းများအတွက် ပါဝင်မှုမရှိခြင်းနှင့် အစိုးရဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များထူထောင်လာသော်လည်း အသေးစားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်းများ အလွယ်တကူငွေချေးယူခွင့်မရနိုင်ခြင်းတို့ကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံ၌ SMEs ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် မူဝါဒရေးရာတို့ ပိပြင်မှုမရှိသေးသည်ကို ပြလျက်ရှိသည်။

SMEs မူဝါဒရေးရာပိပြင်မှုမရှိသေးခြင်းကြောင့် အခွန်အခဆိုင်ရာ စည်းမျဉ်းဥပဒေများကိုလည်း ၎င်းတို့က လိုက်နာရန်ခက်ခဲလျက်ရှိပါသည်။

ယင်းကြောင့် SMEs ဖွံ့ဖြိုးတိုးတက်ရန်အတွက်ဆိုလျှင် SMEs နှင့် သက်ဆိုင်သည့်မူဝါဒရေးရာများ၊ ဥပဒေများ ပိပြင်ရန်လိုအပ်ပြီး ရင်ဆိုင်နေရသည့် ငွေကြေးရင်းနှီးမြှုပ်နှံမှုအခက်အခဲများပြေလည်စေရန် ပုဂ္ဂလိကစီးပွားရေးအသင်းအဖွဲ့များမှ လုပ်ငန်းရှင်များနှင့် ဘဏ်များအကြား အပေါင်အနှံမဲ့ချေးငွေလုပ်ငန်းအစီအစဉ်များဆောင်ရွက်ပေးရန် အလွန်အရေးကြီးပါသည်။

ထို့အပြင် လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ထုတ်လုပ်မှုဆိုင်ရာနည်းပညာများ မြှင့်တင်ပေးနိုင်ရန်အတွက်လည်း နည်းပညာပြပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ပြည်ပလေ့လာရေးနှင့် ကုန်စည်ပြပွဲများသို့ အခါအားလျော်စွာ တက်ရောက်နိုင်မည့် အခွင့်အလမ်းများကိုလည်း အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက ဖန်တီးလုပ်ဆောင်ပေးရန် လိုအပ်ပါသည်။

အဆိုပါလုပ်ငန်းလိုအပ်ချက်များကို ဝိုင်းဝန်းဖြည့်စွမ်းပေး၍ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ယခုထက်ပိုမို ဖွံ့ဖြိုးတိုးတက်လာမည်ဆိုလျှင် နိုင်ငံ၏ စီးပွားရေး ပိုမိုတည်ငြိမ်လာမည့်အပြင် တစ်ဖက်တစ်လမ်းမှ အလုပ်လက်မဲ့ဦးရေကိုလည်း လျှော့ချပေးနိုင်မည် ဖြစ်သည်။

အချုပ်အားဖြင့် ဆိုရသော် နိုင်ငံစီးပွားရေးဖွံ့ဖြိုးလာရေးအတွက်ဆိုလျှင် လုပ်ငန်းကြီးများရှိနေရုံနှင့် လုံလောက်ခြင်းမရှိဘဲ စီးပွားရေးလုပ်ငန်းကြီးများ၏ နောက်ကွယ်မှ အားဖြည့်ပေးနေသည့် ဒေါက်တိုင်များဖြစ်သည့် အသေးစားနှင့် အလတ်စားလုပ်ငန်းများပါ ကျွဲကူးရေပါဖွံ့ဖြိုးတိုးတက်လာရေးမှာ အထူးလိုအပ်လျက်ရှိပါသည်။

## အမှန်တကယ် ဖွံ့ဖြိုးလိုပါလျှင်

Business Entry ခေါ် စီးပွားရေးလုပ်ငန်းများ ထူထောင်လုပ်ကိုင်ရာတွင် လွယ်ကူမြန်ဆန်သောလုပ်ထုံးလုပ်နည်းများနှင့် တယ်လီဖုန်း၊ မော်တော်ယာဉ်နှင့် လမ်းပန်းဆက်သွယ်ရေးကဲ့သို့ လုပ်ငန်းတိုင်းအတွက် မရှိမဖြစ်အရေးပါသည့် အခြေခံအဆောက်အဦများ နိုင်ငံတကာပေါက်ဈေးနှင့်အညီ ရယူသုံးစွဲခွင့်ရရှိရေးသည်လည်း အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသာမက ပုဂ္ဂလိကစီးပွားလုပ်ငန်းနယ်ပယ်အားလုံးအတွက် အခြေခံအကျဆုံးအချက်များ ဖြစ်သည်။ ထိုအခြေအနေများမရှိပါက ပတ်ဝန်းကျင်နိုင်ငံအများစုက အလားတူ လုပ်ငန်းရှင်များ ထုတ်လုပ်သည့် လူသုံးကုန်၊ စားသောက်ကုန်များနှင့် မည်သို့မျှ ယှဉ်ပြိုင်၍မရဘဲ ပြည်တွင်းဈေးကွက်တွင်ပင် အလဲထိုးခံရဖို့သေချာနေသည်။ ထို့အတွက် မြန်မာနိုင်ငံအတွင်းရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များ လုပ်ခွင့်ကိုင်ခွင့်သာစေမည့် ရေခံမြေခံကောင်းများဖန်တီးပေးခြင်းဖြင့် ထိုလုပ်ငန်းများဖွံ့ဖြိုးကာ နိုင်ငံ၏စီးပွားရေးကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးမှုကို များစွာ အထောက်အကူပြုမည် ဖြစ်ပါသည်။

**မိုးခိုင်**

www.foreverspace.com.mm





# မြန်မာ့တတိယဆန်အိုး ရွှေဘို

နိုင်မင်းဝေ

**ရန်ကြီးအောင်၊ ကုန်းဘောင်၊ မုဆိုးဖို၊ ရွှေဘို၊ ရတနာသိင်္ဃအမည် ငါးမျိုးပိုင်ဆိုင်သော ရွှေဘိုမြို့တော်သည် ယခုနှစ်ပိုင်းအတွင်း ဆန်စပါးထုတ်လုပ်မှုတွင် အရေအတွက်သာမက အရည်အသွေးပါ အံ့မခန်းတိုးတက်လာပြီး အထူးသဖြင့် နာဂစ်မုန်တိုင်းလွန်ကာလနှစ်များတွင် ဖားခုန်ခုန်၍ တတိယဆန်အိုးကြီးအဖြစ်သို့ပြောင်းလဲလာကြောင်း ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များနှင့် စိုက်ပျိုးထုတ်လုပ်သူတောင်သူများက အခိုင်အမာပြောကြားသည်။**

## ရေခံမြေခံကောင်း

မြန်မာတစ်နိုင်ငံလုံး မိုးခေါင်မှုဒဏ်၊ အပူဒဏ်များကို ပြင်းပြင်းထန်ထန်ခံစားနေရချိန်တွင် စစ်ကိုင်း ရွှေဘိုလမ်းမကြီးနံဘေး၌ နွေစပါးပင်များကို စိမ်းစိမ်းစိုစိုနှင့် မြင်ရပြီး ဘဲကျောင်းနေသူများ၏ ဘဲအုပ်ကြီးများ၊ ငါးထိုင်မျှားနေသူများကို တွေ့မြင်ရသည်မှာ သီးခြားဒေသတစ်ခုသို့ ရောက်နေသလို ခံစားရသည်။

စစ်ကိုင်းတိုင်း ရွှေဘိုဒေသ၏ရေမြေသည် စပါးစိုက်ပျိုးရန်အထူးကောင်းမွန်ပြီး ရာသီဥတုမှာလည်းနေရောင်ကောင်းစွာရသဖြင့် လမ်းစဉ်ပါတီခေတ်ကပင် ဆန်လိုဒေသ မြန်မာနိုင်ငံအထက်ပိုင်း၏ ဆန်အိုးကြီးဖြစ်ခဲ့ကြောင်း၊ ဗဟိုချုပ်ကိုင်မှုစီးပွားရေးစနစ်အရ နယ်ကျော်ဆန်သယ်ယူခွင့်ကို တင်းကျပ်စွာ ကန့်သတ်ထား၍သာ ရွှေဘို၏ ဆန်အရည်အသွေးကို လူသိမများခဲ့ကြောင်း လုပ်သက်ရင့် ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။ ရွှေဘိုဒေသသည် မြန်မာနိုင်ငံ၏ ပထမဆန်အိုးကြီး ဧရာဝတီတိုင်းကို ဆန်ထွက်နှုန်းအရ မယှဉ်နိုင်သေးသော်လည်း ဒုတိယစပါးကျီဖြစ်သည့် ပဲခူးတိုင်းထက် အထွက်နှုန်းသာလွန်ပြီး အရည်အသွေးလည်းမြင့်ကြောင်း၊ အထူးသဖြင့် မြေနုပြီး ရေကောင်းစွာရသလို နေရောင်ကောင်းစွာရသဖြင့် ရွှေဘိုခွန်နီ (ခွန်နီကော့)ကို နာမည်ကျော်လူကြိုက်များခဲ့ကြောင်း တတိယဆန်အိုးဖြစ်လာသည့် ရွှေဘိုဒေသ ဆန်ထုတ်လုပ်မှုသမိုင်းကြောင်းကို ဆန်စက်

www.foreverspace.com.mm

လုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

## ပြောင်းလဲခြင်းသုံးပါး

ရွှေဘိုဒေသ၏ ဆန်စပါးထုတ်လုပ်မှုကို အလှည့်အပြောင်းဖြစ်စေသည့် အဓိက အချက်ကြီးသုံးချက်ရှိပြီး ပထမတစ်ချက်မှာ မူးမြစ်တွင်တည်ဆောက်လိုက်သည့် သဖန်းဆိပ်ဆည်ကြီးကြောင့် ဆည်ရေသောက် လယ်မြေဧရိယာတိုးလာခြင်းပင်ဖြစ်သည်။ ဒုတိယအချက်မှာ ဆင်ဖြူရှင်တံတားကြီး တည်ဆောက်ပြီးနောက်ပိုင်း ချင်းတွင်း အနောက်ဘက်ခြမ်းနှင့် ဧရာဝတီမြစ် အနောက်ခြမ်း(ပခုက္ကူ)အထိ ဆန်တင်ပို့နိုင်ခြင်းဖြစ်သည်။ တတိယပြောင်းလဲမှုအဖြစ် ရတနာပုံတံတားကြီးဖွင့်လှစ်ပြီးနောက် ၁၀ ဘီး၊ ၁၂ ဘီးယာဉ်များဖြင့် ဆန်များ ပိုမိုတင်ပို့နိုင်ပြီး ရှမ်းပြည်နယ်တောင်ပိုင်းအထိ ဆန်ရောင်းချနိုင်လာကာ ရွှေဘို၏ ဆန်ဈေးကွက်သည် သိသိသာသာ ကျယ်ပြန့်လာသည်ကိုတွေ့ရသည်။

ယခင်က မန္တလေးဈေးကွက်မှတစ်ဆင့်သာရောင်းချခဲ့ရသော ရွှေဘိုဆန်များသည် ဧရာဝတီမြစ်၏မြောက်ခြမ်း၌ အဓိက ဆန်ဈေးကွက်ဖြစ်သော ပခုက္ကူသို့လည်းကောင်း၊ ချင်းတွင်းမြစ်အနောက်ဘက်ခြမ်း မုံရွာသို့လည်းကောင်း၊ တောင်ဘက် နေပြည်တော်၊ ကျောက်ပန်းတောင်း၊ ညောင်ဦး၊ ချောက်မှ ရန်ကုန်အထိသို့လည်းကောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေ၊ ရပ်စောက်၊ ပင်လောင်း၊ အောင်ပန်းမှ ကယားပြည်နယ် လွိုင်ကော်အထိလည်းကောင်း ဆန်တင်ပို့ရောင်းချလာနိုင်သည်ဟု ဆန်ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

## နာဂစ်ဆန်တော်လှန်ရေး

နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက် ရန်ကုန်တွင် ဆန်ပြတ်လပ်မှုမရှိစေရန်အတွက် ဆန်စပါးလုပ်ငန်းရှင်များကို ခေါ်ယူ၍ တိုင်းမှူးက ရန်ကုန်သို့ဆန်တင်ပို့ရန် ပြောဆိုခဲ့ကြောင်း၊ ရွှေဘိုဆန်ပွဲရုံများအနေဖြင့် ရွှေဘိုဘေးကြားခေါ် ပေါ်ဆန်းမွှေးကို စမ်းသပ်တင်ပို့ရာမှ ဈေးကွက်ဝေစုအခိုင်အမာရလာကြောင်း ရွှေဘိုမြို့မှ ဆန်ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံ၏ ဆန်စီးဆင်းရောင်းဝယ်မှုအစဉ်အလာအရ အောက်မြန်မာနိုင်ငံမှဆန်များကိုသာ ဆန်လိုဒေသဖြစ်သည့် မြန်မာနိုင်ငံ အထက်ပိုင်းသို့ တင်ပို့ရောင်းချလေ့ရှိကြောင်း၊ ယခုဆန်လိုဒေသဖြစ်ခဲ့ဖူးသည့် အထက်အညာမှဆန်များသည် ဆန်ပိုဒေသဖြစ်သည့် မြန်မာနိုင်ငံအောက်ပိုင်းသို့ ပြောင်းပြန်စီးဆင်းလာသည်မှာ မြန်မာ့ဆန်ရောင်းဝယ်ရေးလောကအတွက်ကြီးမားသော ပြောင်းလဲမှုတစ်ရပ် ဖြစ်သည်။

ဈေးကွက်အပါအဝင် သမိုင်းဖြစ်စဉ်များကို သုံးသပ်ရာတွင် အီဗော်လူးရှင်းဟူသော တဖြည်းဖြည်းဆင့်ကဲပြောင်းလဲမှုနှင့် ရီဗော်လူးရှင်းဟူသော အရှိန်အဟုန်နှင့်ပြောင်းလဲခြင်းဟူ၍ နှစ်မျိုးရှိပြီး စာပေနယ်တွင် ဆင့်ကဲပြောင်းလဲခြင်းနှင့် တော်လှန်ပြောင်းလဲဟု သုံးနှုန်းရေးသားလေ့ရှိကြသည်။ ယခု ရွှေဘိုဒေသ၏ ဆန်ထုတ်လုပ်မှုအပြောင်းအလဲသည် အရေအတွက်



www.foreverspace.com.mm

သဘာမက အရည်အသွေးပါ ပြောင်းလဲခြင်းဖြစ်ပြီး ၂ နှစ်အတွင်း အရှိန်အဟုန်နှင့် ပြောင်းလဲခြင်းဖြစ်၍ ဆန်စပါးတော်လှန်ရေးဟု ဆိုနိုင်ပါသည်။

"တိုးလာတာမှ အရင်တုန်းက အများဆုံး အပိုင်း (အိတ်) ၂၀၀ လောက်တင်တာ၊ အခု ၈၀၀၊ ၈၅၀ လောက် တင်နေရတယ်" ဟု ဆန်တစ်ခေါက်ချင်းတင်ပို့မှုပမာဏတိုးလာခြင်းကို စိန်နန်းတော်ဆန်ပွဲရုံမှ ဦးစိန်ညွန့်က သုံးသပ်ပြောကြားသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စစ်ကိုင်းတိုင်းကို Second Bowl ဟု တင်စားထားပြီး ရွှေဘိုဒေသ၏ ဆန်ထုတ်လုပ်မှုအလားအလာကိုအကောင်း မြင်သုံးသပ်ထားချိန်တွင် ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုကြောင့် အခြေခံစားနပ်ရိက္ခာသီးနှံများထွက်ရှိမှု နည်းပါးချိန်ဖြစ်ရာ ရွှေဘိုဒေသ၏ ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးလာခြင်းသည် နိုင်ငံအတွက် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ပြီး မူဝါဒကောင်းနှင့် ယင်းအခွင့်အလမ်းကို ဖမ်းဆုပ်ကိုင်နိုင်ရန် လိုအပ်သေးပေလိမ့်မည်။

## အရှေ့တောင်အာရှ ပမာဏအများဆုံးဆည်ရေ

မူးမြစ်ပေါ်တွင် တည်ဆောက်ထားပြီး ၂၀၀၀ ပြည့်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် သဖန်းဆိပ်ဆည်သည် အရှေ့တောင်အာရှတွင် အကြီးဆုံးဆည်ကြီးတစ်ခုဖြစ်ပြီး လယ်ဧက ငါးသိန်းကျော်ကို ရေလုံလောက်စွာပေးသွင်းနိုင်သဖြင့် ရွှေဘိုမြို့ ခုနစ်မိုင်ပတ်လည်ဝန်းကျင်အတွင်းရှိ ခင်ဦး၊ ကန့်ဘလူ၊ ရေဦး၊ ဒီပဲယင်း၊ ဘုတလင်၊ ဝက်လက်၊ အရာတော်မြို့နယ်များရှိ လယ်များသို့ ရေပေးသွင်းနိုင်ခဲ့သည်ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အဆိုအရ သိရှိရသည်။

စပါးပင်၏ သဘာဝသည် မြေဩဇာ (မြေ)၊ ရေ၊ နေရောင်ကောင်းစွာရလျှင် ရှင်သန်ဖြစ်ထွန်းပြီး နဂိုမူလကတည်းက မြေနုကျွန်းဖြစ်သော ရွှေဘိုသည် သဘာဝမြေဩဇာကောင်းပြီးသားဖြစ်၍ ကောက်ကြီး (မိုးစပါး) သာမက နွေစပါးကိုပါ အင်နှင့်အားနှင့် စိုက်ပျိုးလာသည်ကို တွေ့မြင်ရသည်။

အထူးသဖြင့် ရွှေဘိုဒေသ၏ နွေစပါးပေါ်ချိန်သည် ဇွန်လအတွင်းဖြစ်ပြီး မြန်မာနိုင်ငံအောက်ပိုင်း လယ်ယာလုပ်ငန်းစတင်ချိန်၊ ကောက်သစ်မပေါ်ခင် ဆန်လိုအပ်ချက်ကို ရွှေဘိုဒေသ၏ ဆန်ထွက်ရှိမှုက အထောက်အကူဖြစ်စေသည်ဟု ဆန်စက်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ရွှေဘိုအနီးတစ်ဝိုက်ရှိ လယ်များသည် သဖန်းဆိပ်ဆည် မတည်ဆောက်ခင်ကတည်းက ကာဘိုးဆည်မှ ရေရရှိပြီးသားဖြစ်၍ ရေသွင်းစိုက်ပျိုးရာတွင် ကောင်းစွာကျင့်သားရပြီးဖြစ်ကြောင်း၊ ကာဘိုးဆည်၏ရေလွှတ်မြောင်းများသည် မြေ၏ဆွဲအားကိုသုံးပြီး ရေမြောင်းအဆင့်ဆင့် အရှိန်မြှင့်သွယ်ယူနိုင်သဖြင့် အခြားဒေသများ၏ ရေသွယ်မြောင်းများထက် နည်းပညာအရ အဆင့်မြင့်ကြောင်း ဒေသခံတစ်ဦးက ဆိုသည်။



www.foreverspace.com.mm





## ရွှေဘိုပေါ်ဆန်း

ပေါ်ဆန်းမွှေးသည် မြန်မာ့ဒေသမျိုးရင်း အရည်အသွေးမြင့်ရာသီ စပါးတစ်မျိုးဖြစ်ပြီး အထူးသဖြင့် မြစ်ဝကျွန်းပေါ်ဒေသ၏ ရေချို၊ ရေငန်စပ်ဒေသများတွင်သာ စိုက်ပျိုးဖြစ်ထွန်းသည့် စပါးမျိုးဖြစ်ကြောင်း၊ လွန်ခဲ့သည့် ငါးနှစ်ခန့်မှစပြီး မြန်မာနိုင်ငံအထက်ပိုင်း ရွှေဘိုဒေသတွင် ပေါ်ဆန်းမွှေးကို အောင်မြင်စွာ စိုက်ပျိုးရရှိနေပြီး မြစ်ဝကျွန်းပေါ်ဒေသတွင် တစ်ဧကတင်း ၆၀ ခန့်သာထွက်သည့် ပေါ်ဆန်းမွှေးသည် ရွှေဘိုတွင် တစ်ဧက တင်း ၉၀ ခန့် ထွက်ရှိနေသဖြင့် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍအတွက် အလှည့်အပြောင်းကြီးပင် ဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသီတစ်ဦးက ဆိုသည်။

မြန်မာနိုင်ငံ၏ ဆန်လက်ကားဈေးကွက်တွင် ရွှေဘိုပေါ်ဆန်းဟု နာမည်ကျော်လာသည့် ဘေးကြားစပါးသည် ဖျာပုံသူနှင့် အကြောင်းပါခဲ့သည့် ရွှေဘိုသီးလုံးရွာမှ တောင်သူတစ်ဦးက မျိုးယူစမ်းသပ်စိုက်ပျိုးရာမှ အောင်မြင်ဖြစ်ထွန်းလာကြောင်း၊ ရွှေဘိုဘေးကြားကို ရွှေဘို၏ လယ်မြေတိုင်းတွင် စိုက်ပျိုးမရဘဲ



သီးလုံး၊ ဆိပ်ခွံ၊ ပန်းရန်၊ ညောင်ပင်သာ၊ လိပ်ချင်၊ ချီပါ ကျေးရွာများတွင် ပိုမိုအောင်မြင်ဖြစ်ထွန်းကြောင်း၊ လွန်ခဲ့သည့် ငါးနှစ်ခန့်က စတင်ရောက်ရှိလာသော ဘေးကြားစပါးမျိုးသည် ဈေးနှစ်ဆခန့်ပိုရသဖြင့် တောင်သူများ လက်ဆင့်ကမ်းစိုက်ပျိုးရာမှ စိုက်ဧက များပြားလာသလို အထွက်နှုန်းလည်း သိသိသာသာများပြားလာကြောင်း ရွှေဘေးကြားကုမ္ပဏီ၏ တာဝန်ရှိသူ ဦးအောင်ခန့်က ဆိုသည်။

"ဘေးကြားမျိုးစပါးက ကိုးသိန်းလောက်ရတယ်။ သာမန် ကြိတ်စပါးက ခြောက်သိန်းခွဲလောက်ရှိတယ်" ဟု မျိုးစပါးဈေးနှင့် ကြိတ်မည့်စပါးဈေးကို ဦးအောင်ခန့်က ရှင်းပြသည်။

ရန်ကုန်ဆန် လက်ကားဈေးကွက်တွင် ၂ နှစ်အတွင်း ရွှေဘိုပေါ်ဆန်းမွှေးသည် ဦးဆောင်စံဈေးနှုန်းရလာပြီး ယခင်နာမည်ကျော်ဖျာပုံပေါ်ဆန်းသည်ပင် ရွှေဘိုပေါ်ဆန်းဈေးအောက် များသာရကြောင်း၊ ရန်ကုန်တွင် ရွှေဘိုပေါ်ဆန်းဆန်စားသုံးမှုပိုများလာကြောင်း ရန်ကုန်ဆန်လက်ကားဈေးကွက်အတွင်း စုံစမ်းသိရှိရသည်။

## ကိုယ်ခံအားကောင်းရန် လို

ရွှေဘိုဆန်များ နာမည်ကျော် လူကြိုက်များလာခြင်းနှင့်အတူ လုပ်ငန်းကြီးလုပ်ကိုင်သူများ၊ အထူးပြုကုမ္ပဏီများ၊ ဘုရင့်နောင်နှင့် ပခုက္ကူမှ ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံမှုရှိသည်ဟု စုံစမ်းသိရှိရသည်။

ဈေးကွက်စီးပွားရေးသဘောတရားအရ အခွင့်အလမ်းသာရာ၊ လုပ်ငန်းကိုင်ငန်းကောင်းရာဒေသများသို့ ရင်းနှီးမြှုပ်နှံမှုအသစ်များ ဝင်ရောက်လာတတ်သလို အတွေ့အကြုံများ၊ ကျွမ်းကျင်မှုအသစ်များလည်း ရောက်ရှိလာမြဲ ဖြစ်သည်။

ရွှေဘိုရှိ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်များအနေဖြင့် ငွေကြေးအင်အားတောင့်တင်းရန် အစုအဖွဲ့များဖွဲ့စည်း၍ ပူးပေါင်းလုပ်ဆောင်ရန်လိုအပ်ကြောင်း၊ သို့ဖြစ်လျှင် အချင်းချင်း သတင်းအချက်အလက်မျှဝေရန်၊ လမ်းကြောင်းသစ်များရှာရန်၊ ဈေးကွက်များရှာဖွေရန် ပိုမိုအဆင်ပြေလာပြီးတစ်ဦးကောင်း တစ်ယောက်ကောင်း လုပ်သည်ထက် ပိုမိုအားသာချက်များ ရရှိနိုင်ပေလိမ့်မည်။

ထို့ပြင် ပြည်တွင်းဈေးကွက်ကျယ်ပြန့်လာခြင်းဖြင့် ရောင့်ရဲတင်းတိမ်မနေဘဲ နယ်စပ်ကုန်သွယ်ရေးအပါအဝင် ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး ယခုအချိန်မှစတင်ပြီး ခြေလှမ်းများ စထားသင့်သည်ဟု စီးပွားရေးပညာရှင်တစ်ဦးက အကြံပြုပြောကြားသည်။

**နိုင်မင်းဝေ**

**ကြာနွယ်ကြာရိုးသည် ရေအတိမ်အနက်ကိုပြဆိုသကဲ့သို့ ရိုးရာယဉ်ကျေးမှုအမွေအနှစ်သည် နိုင်ငံနှင့် လူမျိုး၏အဆင့်အတန်းကို ဖော်ကျူးတတ်ပေသည်။ မြန်မာနိုင်ငံတွင် ပြောင်းလဲလာသောခေတ်စနစ်များနှင့် မီဒီယာမျိုးစုံ၏ရိုက်ခတ်မှုအရ နည်းပညာပိုင်းဆိုင်ရာ တိုးတက်ပြောင်းလဲလာမှုများသာမက မြန်မာလူငယ်တို့၏ ဝတ်စားဆင်ယင်မှုများသည်လည်း တစ်နှစ်ထက်တစ်နှစ် ပြောင်းလဲလာသည်ကိုတွေ့ရသည်။ ခေတ်စနစ်အရ အပြောင်းအလဲများကိုဆန့်ကျင်၍မရသော်လည်း မည်သည့်ကိစ္စမဆို အကောင်းနှင့်အဆိုး ဒွန်တွဲနေသောကြောင့် အဆိုးကိုပယ်၍ အကောင်းကိုယူတတ်ရန်မှာမူ မြန်မာလူ့အဖွဲ့အစည်း၏ အသိပညာရေချိန်အပေါ်တွင် မူတည်နေပါသည်။**

# ဝတ်စားဆင်ယင်မှုနှင့် ရိုးရာယဉ်ကျေးမှု

ဆွေငြိမ်းအေး ၊ ချမ်းငြိမ်းဖြူ



မြန်မာလူငယ်တို့၏ ဝတ်စားဆင်ယင်မှုများ ပြောင်းလဲလာရာတွင် ရှေးအစဉ်အဆက် မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ခဲ့သည့် ခါးဝတ်ထဘီသည် ယနေ့ခေတ် မြို့ပြအမျိုးသမီးငယ်များ၏ ဝတ်စားဆင်ယင်မှုများတွင် မပါသလောက်ပင်ဖြစ်နေပါသည်။ ထို့အတူ အမျိုးသားအများစုသည် မြန်မာအမျိုးသားဝတ်စုံ (ဝတ်စုံပြည့်) ကို အခမ်းအနားများတွင်သာ ဝတ်ဆင်လာကြသည်ကို တွေ့ရသည်။

## ရိုးရာဝတ်စားဆင်ယင်မှု

ရှေးယခင်က မြန်မာလူမျိုးတို့၏ ဝတ်စားဆင်ယင်မှုသည် ကမ္ဘာကပင် ယဉ်ကျေးသိမ်မွေ့မှုရှိသည်ဟု အသိအမှတ်ပြုခံခဲ့ရသည်။ မြန်မာဘုရင်များလက်ထက်၌ နန်းတော်အတွင်းဝတ်စားဆင်ယင်မှုများနှင့် သာမန်ပြည်သူအများ၏ ဝတ်စားပုံမတူညီသော်လည်း သူ့နည်းသူ့ဟန်သိမ်မွေ့သည်ချည်းသာဖြစ်သည်ဟု မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုကို စိတ်ဝင်တစားလေ့လာသူတိုင်းက မှတ်ချက်ပြုပြောဆိုကြသည်။

ယနေ့ခေတ်ကာလတွင် မြန်မာလူငယ်အများစုသည် ခေတ်နှင့်အညီ ဝတ်စားဆင်ယင်လာကြရာ အခြားတစ်ဖက်တွင်လည်း မိမိတို့၏ မြန်မာ့ယဉ်ကျေးမှုရိုးရာဝတ်စုံများအပေါ် မြတ်နိုးတန်ဖိုးထား ထိန်း



www.foreverspace.com.mm

www.foreverspace.com.mm

သိမ်းရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံသည် လူမျိုးနွယ်စုအားဖြင့် ၁၃၅ မျိုးရှိသောကြောင့် တိုင်းရင်းသားပေါင်းစုံစုစည်းနေထိုင်သောနိုင်ငံတစ်ခုဖြစ်ပြီး တိုင်းရင်းသားတစ်ခုချင်းစီတွင် ထိုသူတို့၏ သက်ဆိုင်ရာ ရိုးရာယဉ်ကျေးမှုရှိကြသည်။ မြန်မာနိုင်ငံ၌ တိုင်းရင်းသားတစ်ဦး၏ ရိုးရာဝတ်စားဆင်ယင်ပုံကို ကြည့်လိုက်ရုံမျှဖြင့် မည်သည့်တိုင်းရင်းသားအနွယ်ဝင်ဖြစ်သည်ကို အလွယ်တကူ ခွဲခြားနိုင်ပေရာ ရိုးရာဝတ်စားဆင်ယင်မှုသည် လူမျိုးတိုင်းအတွက် မိမိတို့၏လူမျိုး၊ အဆင့်အတန်းကို ထင်ဟပ်ပုံဖော်ပေးလျက်ရှိသည်ဟု ဆိုရမည် ဖြစ်သည်။

## ယဉ်ကျေးမှုများ ကူးစက်လာခြင်း

လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ကြာရှည်ကူးလူးဆက်ဆံကြသောအခါတွင် နိုင်ငံတစ်နိုင်ငံရှိ လူမျိုးတစ်မျိုး၏ယဉ်ကျေးမှု၊ နေထိုင်စားသောက်ပုံဓလေ့ထုံးစံများ၊ အယူအဆ၊ အတွေးအခေါ်၊ ရှုမြင်သုံးသပ်ပုံနှင့် အမူအကျင့်တို့သည် အခြားနိုင်ငံရှိလူမျိုးများသို့ တဖြည်းဖြည်းစိမ့်ဝင်လာလေ့ရှိသည်ဟု မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားသည်။ ခေတ်အခြေအနေအရ ယဉ်ကျေးမှုများ တိုးတိုက်မိ၍သော်လည်းကောင်း၊ နည်းပညာတို့၏ အံ့မခန်းစွမ်းအားကြောင့် ကမ္ဘာကြီးသည် ရွာတစ်ရွာမျှသာဖြစ်လာပြီဟူသော အဆိုအရသော်လည်းကောင်း တစ်နိုင်ငံမှတစ်နိုင်ငံသို့ ကူးစက်လာသောယဉ်ကျေးမှုတို့ကို လိုချင်သည်ဖြစ်စေ၊ မလိုချင်သည်ဖြစ်စေ လက်ခံရမည်ဖြစ်သည်။

မီဒီယာမျိုးစုံ၊ နေရာပေါင်းစုံမှ ဝင်ရောက်ကူးစက်လာသော ယဉ်ကျေးမှုမျိုးစုံတို့က မိမိတို့၏ ပင်ကိုယ်စရိုက်လက္ခဏာများ ပျောက်ပျက်သွားသည်အထိ လွှမ်းမိုးချုပ်ကိုင်မှုမခံရစေရန်မှာမူ သက်ဆိုင်ရာနိုင်ငံ၏ ကိုယ်ခံအားမည်မျှကောင်းသနည်းဆိုသောအချက်ပေါ်တွင် မူတည်သည်။

ထို့အတွက် မပျောက်ပျက်သင့်သော မိမိတို့ကိုယ်ပိုင်ယဉ်ကျေးမှုများကိုလည်း အတိုင်းအတာတစ်ခုအထိ ထိန်းသိမ်းရန် လိုအပ်လာသည်။ ယဉ်ကျေးမှုများကို ထိန်းသိမ်းခြင်းဟုဆိုရာတွင် မြင်သာထင်သာရှိသော ထိန်းသိမ်းမှုများနှင့် မြင်သာထင်သာမရှိသောထိန်းသိမ်းမှုများဟူ၍ နှစ်မျိုးရှိပေသည်။ မြင်သာထင်သာရှိသောယဉ်ကျေးမှုများတွင် ရိုးရာအဝတ်အစား၊ ရိုးရာအစားအသောက်နှင့် ကိုယ်ပိုင်အနုပညာယဉ်ကျေးမှုများ ပါဝင်သည်။ မြင်သာထင်သာမရှိသောယဉ်ကျေးမှုများဆိုသည် လူမျိုးတစ်မျိုးတိုင်းတွင်ရှိသော အပြောအဆိုသိမ်မွေ့မှု၊ ဟန်ပန်အမူအရာနှင့် စိတ်ကောင်း



www.foreverspace.com.mm

စေတနာ စသည်တို့ ပါဝင်သည်။

လူမျိုးတစ်မျိုးတိုင်းသည် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအလိုက် တစ်မျိုးတစ်ဖုံ ထူးခြားမှုများဖြင့် အနေတင့်ခဲ့ကြသည်။ လူမျိုးတိုင်းတွင် ရိုးရာအဝတ်အစား၊ အစားအသောက် စသဖြင့် ကွဲပြားသောယဉ်ကျေးမှုအလိုက် နာမည်ကျော်ကြသည်ချည်းသာ ဖြစ်သည်။ ထိုသို့သော ကိုယ်ပိုင်ယဉ်ကျေးမှုများကို ထိန်းသိမ်းရမည်မှာ လူမျိုးတစ်မျိုးတိုင်းတွင်ရှိသော မျိုးဆက်သစ်လူငယ်များ၏ တာဝန်ပင် ဖြစ်သည်။

ထိုနည်းတူစွာပင် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုကို ထိန်းသိမ်းရမည်မှာလည်း ယနေ့ခေတ်မြန်မာလူငယ်များ၏ တာဝန်ပင်ဖြစ်ပေသည်။

## ဝတ်စားဆင်ယင်မှုနှင့် သူတို့အမြင်

ဤကဲ့သို့သော ရိုးရာယဉ်ကျေးမှုများအနက် ယနေ့ခေတ် မြန်မာ့ရိုးရာဝတ်စားဆင်ယင်ပုံနှင့်ပတ်သက်၍ ခေတ်လူငယ်တစ်ဦးဖြစ်သော ကွမ်းခြံကုန်းမြို့နယ်မှ ရန်ကုန်မြို့တော်တွင် လာရောက်ကျောင်းတက်၍နေထိုင်သူ အသက် ၁၉ နှစ်အရွယ် မရွှေရည်က "ကျွန်မအတွက် အဓိကကတော့ သူငယ်ချင်းတွေပေါ့။ အတိုအပြတ်ဝတ်တတ်တဲ့သူငယ်ချင်းနဲ့သွားရင်လည်း သူတို့လိုဝတ်ဖြစ်တယ်။ တခြားရိုးရိုးပဲဝတ်တတ်တဲ့သူတွေနဲ့ဆိုရင်လည်း ကိုယ်လည်း ရိုးရိုးပဲဝတ်ဖြစ်တယ်။ ဂျင်းဘောင်းဘီရှည်နဲ့ တီရှပ်လိုအင်္ကျီတော့ ပိုပြီးဝတ်ဖြစ်တယ်" ဟု ၎င်းက ရှင်းပြသည်။



လူငယ်အများစုမှာလည်း ၎င်းကဲ့သို့ပင် သူငယ်ချင်းအပေါင်းအသင်းများကြောင့် ဝတ်စားဆင်ယင်ပုံများ ပြောင်းလဲတတ်ကြသည်ဟုထင်ကြောင်း၊ နိုင်ငံခြားဇာတ်ကားများကြည့်၍ ဝတ်ပုံစားပုံများ အတုခိုးဝတ်ဆင်ကြသည်ဆိုခြင်းမှာ အနည်းငယ်မျှသာဖြစ်နိုင်ကြောင်းနှင့် လူကြီးမိဘများရှေ့တွင်မူ လုံခြုံသောအဝတ်အစားများကိုဝတ်ဆင်ပြီး ၎င်းတို့မကြိုက်သည့်ပုံစံမျိုးကိုရှောင်၍ ဝတ်ဆင်ဖြစ်ကြောင်း မရွှေရည်က ဆက်လက်ပြောကြားသည်။

လူတို့၏ယဉ်ကျေးမှုများ ပြောင်းလဲလာခြင်းသည် လူအချင်းချင်း တစ်ဦးမှ အခြားတစ်ဦးဆီသို့ တဖြည်းဖြည်း စိမ့်ဝင်ကာ ပြောင်းလဲလာရခြင်းဖြစ်သည်။ ထိုသို့သောအပြောင်းအလဲများတွင် ဝတ်စားဆင်ယင်မှုများသာမက အစားအစာ၊ အနေအထိုင်ယဉ်ကျေးမှုများလည်း တစ်နေရာမှတစ်နေရာသို့ ပြောင်းလဲလျက်ရှိသည်။

ယနေ့ခေတ်အခြေအနေတွင် မိဘများအနေဖြင့် သားသမီးကို ထိန်းချုပ်ကြရာ၌ ဝတ်စားဆင်ယင်မှုတွင် တင်းကျပ်မှုများစွာမရှိတော့ဘဲ သားသမီးစိတ်ကြိုက် လွတ်လပ်စွာဝတ်ဆင်မှုခွင့်ပြုလာကြောင်း၊ သို့ရာတွင် ခေတ်ပေါ်အဝတ်အစားဝတ်ဆင်ခြင်းဆိုရာတွင်လည်း ယနေ့ခေတ်အနေအထားအရ လိုင်းကားများတိုးစီးရာတွင် တိုလွန်းကပ်လွန်းပါက သိပ်အဆင်မပြေနိုင်ကြောင်း၊ ထို့ကြောင့် လည်ဟိုက်၊ စကတ်တို၊ ဘောင်းဘီတိုလေးများကို ဝတ်ဆင်ကြသူများတွင် ကိုယ်ပိုင်ကားစီးနိုင်သူများကို အများစုတွေ့နိုင်ကြောင်း မရွှေရည်က ၎င်း၏အမြင်ကို ပြောပြသည်။

"ရန်ကုန်မှာတောင် အတိုအပြတ်ဝတ်

www.foreverspace.com.mm



တာက နေရာတိုင်းမှာမဟုတ်ပါဘူး။ စမ်းချောင်းဘက်မှာဆိုရင် ပိုများတယ်။ အဲဒီဘက်မှာဆိုရင် တိုလွန်းပြတ်လွန်းလည်း ဘယ်သူမှ ဂရုမစိုက်ဘူး။ အခုခေတ်မှာတော့ ဘောလုံးပွဲတွေမှာတောင်မိန်းကလေးတွေသွားကြည့်ရင် အတိုတွေပဲအဝတ်များလာတာ။ ပြီးတော့ ကျွန်မဆိုရင် ဗိုလ်တထောင်အိမ်ကထွက်လာရင် အရမ်းတိုတာတွေမဝတ်ဖြစ်ဘူး၊ အဝတ်ပိုတွေထည့်လာပြီး စမ်းချောင်းက သူငယ်ချင်းတွေအိမ်ရောက်မှပဲ အဝတ်တွေလဲပြီး ဝတ်ဖြစ်တယ်”ဟု မရွှေရည်က ဆိုသည်။

Myanmar Egress Capacity Development Center တွင် ရုပ်ပိုင်းဆိုင်ရာကိုယ်ရည်ကိုယ်သွေးမြှင့်တင်မှုတို့ကို အထူးပြုသင်ကြားပေးနေသူဖြစ်ပြီး ကိုယ်တိုင်လည်း ခေတ်မီမီစတိုင်ကျကျ ဝတ်ဆင်လေ့ရှိသူ ဆရာမဒေါ်အေးမြလှိုင်က ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်သောသူ့အမြင်ကို ယခုကဲ့သို့ မှတ်ချက်ပြုသည်။

“အဝတ်အစားပေါ်မူတည်ပြီး စိတ်ကပြောင်းလဲနိုင်ပါတယ်။ မြန်မာဝတ်စုံဝတ်ရင် စိတ်က အလိုလို ယဉ်ကျေးသလိုမျိုးဖြစ်တယ်။ အဲလိုပဲ ခေတ်ပေါ်အဝတ်အစားဝတ်ရင်လည်း စိတ်ကတက်ကြွသလို လူငယ်လည်း ဆန်သလိုပေ့ါ”ဟု ၎င်းကဆိုသည်။

ခေတ်အခြေအနေပြောင်းလဲမှုပေါ်





လိုက်၍ ရိုးရာယဉ်ကျေးမှုပျောက်၊ မပျောက်ဆိုခြင်းသည် လူတစ်ဦးချင်းစီ၏ ခံယူချက်၊ အတွေးအခေါ်များပေါ်တွင်သာမူတည်ကြောင်း၊ အတွေးအခေါ်၊ ခံယူချက်ပြောင်းလဲမှသာလျှင် ယဉ်ကျေးမှုပျောက်နိုင်သည်ဟုထင်ကြောင်း၊ မည်သို့ပင်ဖြစ်စေ မြန်မာ့ရိုးရာဝတ်စုံဝတ်ဆင်ဖြစ်ပါက မိမိကိုယ်ကိုယ် ယုံကြည်မှုပိုလာကြောင်း မြန်မာဝတ်စုံကို လှလှပပ ချပ်ချပ်ရပ်ရပ် ဝတ်ဆင်ထားသူ ဒေါ်အေးမြလှိုင်က ပြောဆိုသည်။

အလွှာအသီးသီးထံမှ ကောက်ခံရရှိသော စစ်တမ်းအရ မြန်မာ့ရိုးရာဝတ်စုံကို ကြိုက်နှစ်သက်သော်လည်း ခေတ်ပေါ်အဝတ်အစားများမှာ လွတ်လပ်ပေ့ါပါးမှုရှိခြင်းကြောင့် ပို၍ဝတ်ဆင်ဖြစ်ကြောင်း သိရှိရသည်။ မည်သို့ပင် ခေတ်ပေါ်အဝတ်အစားဝတ်ဆင်ခြင်းဖြင့် ရိုးရာယဉ်ကျေးမှုပပျောက်နိုင်မည်မဟုတ်ကြောင်း အများစုက ပြောကြားသည်။

ခေတ်ရေစီးကြောင်းပြောင်းလဲလာမှုကြောင့် နိုင်ငံတစ်နိုင်ငံ၏ ကိုယ်ပိုင်ယဉ်ကျေးမှုပျောက်ခြင်း၊ မပျောက်ခြင်းသည် လူတစ်ဦးချင်းစီနှင့်သာသက်ဆိုင်သည်ဟုယူဆနိုင်ပြီး ယဉ်ကျေးမှုအစဉ်အလာကြီးမားသော မြန်မာနိုင်ငံတွင်သာမက လူမျိုးစွဲ၊ နိုင်ငံစွဲကြီးမားသော ဖွံ့ဖြိုးပြီးဂျပန်နိုင်ငံတွင်ပင် ရိုးရာဝတ်စုံကီမိုနို၏ ဝတ်ဆင်ပုံအဆင့်ဆင့်ကြောင့် ဝတ်ဆင်တတ်သူရှားပါးနေကာ အရေးကြီးအခမ်းအနားများတွင်သာ အဓိကထားဝတ်ဆင်နေသည်ကို တွေ့ရသည်။

ဂျပန်နိုင်ငံတွင် ရိုးရာဝတ်စုံကီမိုနိုကို သာမန်အနေအထား၌ ဝတ်ဆင်ထားသူကို တွေ့ပါက ဂျပန်လူမျိုးအချင်းချင်းပင် အထူးအဆန်းတစ်ရပ်အနေဖြင့် ရှုမြင်ကြကြောင်း၊ ဂျပန်ရိုးရာဝတ်စုံများဝတ်ဆင်ရန် စိတ်ဝင်စားသူနည်းပါးလှသဖြင့် ရိုးရာဝတ်စုံဝတ်နည်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်ကိုတွေ့ရကြောင်း ဂျပန်နိုင်ငံသို့ Living Color မီဒီယာကိုယ်စားပြုလေ့လာရေးခရီးသွားရောက်ခဲ့သူ မမြနှင်းအေး

www.foreverspace.com.mm

က ပြောကြားသည်။

ဂျပန်နိုင်ငံသည် ၎င်းတို့နိုင်ငံ၏ ရိုးရာယဉ်ကျေးမှုကို မပျောက်ပျက်စေရန် သာမက ပြောင်းလဲလာသော ခေတ်ရေစီးနှင့် လိုက်လျောညီထွေရှိနေစေရန် အတွက် ရိုးရာကီမိုနိုဝတ်စုံဝတ်နည်းသင်တန်းဖွင့်လှစ်ခြင်းဖြင့် ဂျပန်လူမျိုးတို့၏ ယဉ်ကျေးမှုကို ထိန်းသိမ်းနေခြင်း ဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအရ မြန်မာလူမျိုးတို့၏ ရိုးရာလုံချည်နှင့် အင်္ကျီဝတ်ဆင်နည်းမှာ ဂျပန်ကီမိုနိုကဲ့သို့ သင်တန်းဖွင့်လှစ်သင်ကြားပေးရန်မလိုအပ်သော်ငြား မြန်မာ့ရိုးရာလုံချည်နှင့်အင်္ကျီ မဝတ်မဖြစ်ဝတ်ရမည့်နေရာ၊ အချိန်များသတ်မှတ်ခြင်းဖြင့်လည်း မြန်မာ့ရိုးရာကိုထိန်းသိမ်းသင့်ကြောင်း ရှုမြင်မှတ်ချက်ပြုသူများလည်းရှိသည်။

"ကျွန်တော် အရင်တုန်းက နိုင်ငံခြားသွားပြီး ဒီကိုပြန်ရောက်ရင် ကိုယ့်နိုင်ငံပြန်ရောက်မှန်း ဝတ်စားပုံကိုကြည့်တာနဲ့ ခံစားရတယ်။ အခုတော့ တစ်နေရာသွားပြီးပြန်လာရင်လည်း ကိုယ့်နိုင်ငံကိုပြန်ရောက်လာတယ်လို့ အထူးတလည်ကိုမခံစားမိတော့တာ" ဟု မြန်မာလူမျိုးများ ဝတ်စားဆင်ယင်ပုံပြောင်းလဲလာမှုနှင့်ပတ်သက်၍ ပြည်ပခရီးမကြာခဏသွားရောက်လေ့ရှိသူတစ်ဦးက ပြောကြားသည်။

"ကျွန်တော် ကားမောင်းပို့ဖူးတဲ့ Foreigner တစ်ယောက်က ပြောတယ်။ သူ မြန်မာနိုင်ငံကို နှစ်စဉ် လာလည်တာ ရှစ်နှစ်ရှိပြီ။ ဒါပေမဲ့ နောင်နှစ်ကစပြီးမလာတော့ဘူးတဲ့။ မြန်မာနိုင်ငံက အမျိုးသမီး၊ အမျိုးသားတွေ လုံချည်ဝတ်တာကို သဘောကျလို့လာတာ။ အခု မြန်မာနိုင်ငံက တခြားနိုင်ငံတွေလိုပဲ ဝတ်နေကြတော့ ဘာမှမထူးတော့ မလာတော့ဘူးဆိုပြီးပြောတာ" ဟု အငှားယာဉ်မောင်းတစ်ဦးက သူ၏အတွေ့အကြုံကို Living Color သို့ပြောပြသည်။

မြန်မာ့ရိုးရာလုံချည်နှင့် အင်္ကျီသည် ကိုယ့်နိုင်ငံသားအချင်းချင်းအတွက် မထူးဆန်းသော်လည်း အခြားနိုင်ငံမှ နိုင်ငံခြားသားများ၏မျက်စိတွင် တစ်မျိုးတစ်ဖုံ တင့်တယ်နေပေသည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံစုစည်းနေထိုင်ရာဒေသကြီးဖြစ်သဖြင့် မြန်မာလူမျိုးအများစုဝတ်ဆင်သည့် ရိုးရာဝတ်စုံသာမက တိုင်းရင်းသားလူမျိုးတို့၏ ကိုယ်ပိုင်ရိုးရာအဝတ်အစားများဖြင့်လည်း တစ်နည်းတစ်ဖုံ နိုင်ငံခြားသားများကို ဆွဲဆောင်နေ၍ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကာ ကြည့်ရှုရသည်အထိ မြန်မာ့ရိုးရာယဉ်ကျေးမှုတန်ဖိုးအဆင့်အတန်းက ထင်ရှားလှပေသည်။ Living Color က ကောက်ယူထားသောအသေးစားစစ်တမ်းတစ်ခုအရ မြန်မာလူငယ်အများစုသည် ရိုးရာဝတ်စုံများကို ၎င်းတို့ဘာသာကြိုက်နှစ်သက်၍ ဝတ်ဆင်ကြခြင်းဖြစ်ပြီး အများအားဖြင့် စိတ်ပါသည့်အခါမှသာ ဝတ်ဆင်ဖြစ်ခြင်းဖြစ်သည်ဟု လူငယ်များက တညီတညွတ်တည်းဆိုကြသည်။



မည်သို့ပင် ခေတ်ပေါ်အဝတ်အစားကိုကြိုက်နှစ်သက်၍ ဝတ်ဆင်သည်ဖြစ်စေ အလွှာအသီးသီးရှိ လူတိုင်းသည် မိမိတို့၏ ရိုးရာအဝတ်အစားကို နှစ်သက်မှုရှိနေသည်မှာ ထူးခြားမှုတစ်ရပ်ပင်ဖြစ်သည်။

## မန္တလေးနှင့် ခေတ်ပေါ်ယဉ်ကျေးမှု

မြန်မာနိုင်ငံတွင် မြန်မာအဆန်ဆုံးနှင့် နန်းအဆန်ဆုံးမြို့ဟု ထင်ရှားကျော်ကြားသော၊ မြန်မာ့ယဉ်ကျေးမှုထွန်းကားသော၊ မြန်မာနိုင်ငံ၏ နောက်ဆုံးနန်းမြို့ဖြစ်သော မန္တလေးမြို့တော်ကြီး၌ပင်လျှင်

www.foreverspace.com.mm



**မြန်မာ့ဝတ်စုံကိုနှစ်သက်ခြင်း ရှိ/မရှိ** (၂၈-၅-၂၀၁၀ မှ ၁-၆-၂၀၁၀အတွင်း)

| | ၂၀ နှစ်အောက် | | ၂၀ နှစ်အထက် | | စုစုပေါင်း |
|---|---|---|---|---|---|
| | ကျား | မ | ကျား | မ | |
| အလွန်နှစ်သက် | ၁၂ | ၂၂ | ၂၄ | ၂၀ | ၇၈ |
| နှစ်သက် | ၂၀ | ၁၇ | ၁၆ | ၂၁ | ၇၄ |
| သိပ်မကြိုက် | ၆ | ၈ | ၉ | ၁၀ | ၃၃ |
| လုံးဝမကြိုက် | ၀ | ၀ | ၂ | ၄ | ၆ |
| ပုံမှန် | ၂ | ၁ | ၃ | ၀ | ၆ |

**အဘယ်ကြောင့် မနှစ်သက်သနည်း**

| | ၂၀ နှစ်အောက် | | ၂၀ နှစ်အထက် | | စုစုပေါင်း |
|---|---|---|---|---|---|
| | ကျား | မ | ကျား | မ | |
| စိတ်ကျဉ်းကျပ်သောကြောင့် | ၀ | ၀ | ၄ | ၇ | ၁၁ |
| ခေတ်နောက်ကျသောကြောင့် | ၀ | ၀ | ၀ | ၀ | ၀ |
| ရာသီဥတုပူပြင်းလာသောကြောင့် | ၂ | ၈ | ၁၂ | ၂၁ | ၄၃ |
| စိတ်မဝင်စား | ၂ | ၅ | ၂ | ၁၂ | ၂၁ |

**အဘယ်ကြောင့် နှစ်သက်သနည်း**

| | ၂၀ နှစ်အောက် | | ၂၀ နှစ်အထက် | | စုစုပေါင်း |
|---|---|---|---|---|---|
| | ကျား | မ | ကျား | မ | |
| ဂုဏ်သိက္ခာရှိ | ၀ | ၁၂ | ၁၀ | ၁၄ | ၃၆ |
| လုံခြုံမှုရှိ | ၁ | ၁၀ | ၁၀ | ၁၂ | ၃၃ |
| ဝတ်ဆင်ရတာ အဆင်ပြေ | ၂ | ၈ | ၁၀ | ၇ | ၂၇ |
| ကျက်သရေရှိ | ၄ | ၆ | ၁၂ | ၁၆ | ၃၈ |
| ကိုယ်ပေါ်တွင်ချပ်ချပ်ရပ်ရပ်ရှိ | ၈ | ၄ | ၇ | ၉ | ၂၈ |

**ခေတ်ပေါ်ဝတ်စုံကို နှစ်သက်ခြင်းရှိ / မရှိ**

| | ၂၀ နှစ်အောက် | | ၂၀ နှစ်အထက် | | စုစုပေါင်း |
|---|---|---|---|---|---|
| | ကျား | မ | ကျား | မ | |
| အလွန်နှစ်သက် | ၇ | ၁၉ | ၁၃ | ၂၇ | ၆၆ |
| နှစ်သက် | ၉ | ၂၈ | ၁၆ | ၂၄ | ၇၇ |
| သိပ်မကြိုက် | ၅ | ၀ | ၁၁ | ၄ | ၁၈ |
| လုံးဝမကြိုက် | ၀ | ၀ | ၀ | ၅ | ၅ |

**အဘယ်ကြောင့်မနှစ်သက်သနည်း**

| | ၂၀ နှစ်အောက် | | ၂၀ နှစ်အထက် | | စုစုပေါင်း |
|---|---|---|---|---|---|
| | ကျား | မ | ကျား | မ | |
| ယဉ်ကျေးမှုနှင့် မကိုက် | ၃ | ၀ | ၆ | ၇ | ၁၆ |
| လုံခြုံမှုမရှိ | ၀ | ၀ | ၃ | ၅ | ၈ |
| မှတ်ချက်မပေးလို | ၂ | ၆ | ၁၄ | ၁၃ | ၃၅ |
| တခြား | ၁၇ | ၁၉ | ၁၄ | ၂၁ | ၇၁ |

www.foreverspace.com.mm

မြန်မာဆန်ဆန်ဝတ်စားဆင်ယင်သူမှာ အတော်ပင်ရှားနေပြီ ဖြစ်သည်။

"မန္တလေးကို နှစ်တိုင်းနီးပါးလောက် အလုပ်ကိစ္စနဲ့ရောက်တယ်။ အခုနောက်ပိုင်းရောက်တော့ ဝတ်စားဆင်ယင်ပုံတော်တော်ပြောင်းသွားတယ်" ဟု မန္တလေးမြို့သို့ သွားရောက်လေ့ရှိသူ ရန်ကုန်သားတစ်ဦးက ဆိုသည်။

မန္တလေးသို့ ၂၀၀၅၊ ၂၀၀၆၊ ၂၀၀၈ ခုနှစ်များအတွင်း သွားရောက်ခဲ့စဉ်က ဝတ်စားဆင်ယင်ပုံပြောင်းလဲမှုများစွာမရှိဘဲ ၂၀၀၉ ခုနှစ်ကုန်ပိုင်းတွင် အသက် ၃၀

**အဘယ်ကြောင့် နှစ်သက်သနည်း**

| | ၂၀ နှစ်အောက် | | ၂၀ နှစ်အထက် | | စုစုပေါင်း |
|---|---|---|---|---|---|
| | ကျား | မ | ကျား | မ | |
| လွတ်လွတ်လပ်လပ်မရှိ | ၁၅ | ၂၀ | ၂၁ | ၁၉ | ၇၅ |
| ခေတ်နှင့်အညီ | ၆ | ၁၀ | ၉ | ၁၃ | ၂၉ |
| စတိုင်ကျလုပ | ၀ | ၄ | ၃ | ၆ | ၁၃ |
| ရာသီဥတုနှင့် ကိုက်ညီ | ၉ | ၈ | ၀ | ၃ | ၂၀ |
| ပေါ့ပါးမှုရှိ | ၁ | ၉ | ၃ | ၇ | ၂၀ |

**မြန်မာ့ရိုးရာဝတ်စုံကို ဝတ်ဆင်ဖြစ်သောအကြောင်းအရင်း**

| | ၂၀ နှစ်အောက် | | ၂၀ နှစ်အထက် | | စုစုပေါင်း |
|---|---|---|---|---|---|
| | ကျား | မ | ကျား | မ | |
| မြန်မာ့ယဉ်ကျေးမှုကိုထိန်းသိမ်းရန် | ၀ | ၆ | ၇ | ၅ | ၁၈ |
| မိမိဘာသာကြိုက်နှစ်သက်၍ | ၁၃ | ၂၀ | ၁၅ | ၂၈ | ၇၆ |
| မိဘကတိုက်တွန်း | ၂ | ၉ | ၁၂ | ၁၁ | ၃၄ |
| မဖြစ်မနေကြောင့် (ကျောင်း၊ အလုပ်) | ၂၅ | ၃၁ | ၁၀ | ၉ | ၇၅ |
| ထူးထူးထွေထွေမရှိ | ၀ | ၇ | ၆ | ၉ | ၂၂ |

**မြန်မာ့ရိုးရာဝတ်စုံကို ဝတ်ဆင်ဖြစ်သည့်နေရာ**

| | ၂၀ နှစ်အောက် | | ၂၀ နှစ်အထက် | | စုစုပေါင်း |
|---|---|---|---|---|---|
| | ကျား | မ | ကျား | မ | |
| အလှူမင်္ဂလာ | ၁၇ | ၁၅ | ၁၉ | ၂၁ | ၇၂ |
| ဘုရားသွားကျောင်းတက် | ၉ | ၁၂ | ၂၀ | ၂၉ | ၇၀ |
| အပြင်သွားတိုင်း | ၀ | ၁ | ၄ | ၇ | ၁၂ |
| စိတ်ပါသည့်အခါ | ၁ | ၄ | ၁၀ | ၁၆ | ၃၁ |
| ထူးထူးခြားခြားမရှိ | ၁ | ၀ | ၅ | ၀ | ၆ |

**ခေတ်ပေါ်အဝတ်အစားဝတ်ဆင်ဖြစ်သည့်အကြောင်းအရင်း**

| | ၂၀ နှစ်အောက် | | ၂၀ နှစ်အထက် | | စုစုပေါင်း |
|---|---|---|---|---|---|
| | ကျား | မ | ကျား | မ | |
| ရာသီဥတုကြောင့် | ၆ | ၁၀ | ၈ | ၁၉ | ၄၃ |
| မိမိဘာသာကြိုက်နှစ်သက်၍ | ၀ | ၁၇ | ၈ | ၂၅ | ၅၀ |
| ခေတ်နှင့်ညီ၍ | ၀ | ၁၉ | ၂၀ | ၃၁ | ၇၀ |
| ထူးထူးခြားခြားမရှိ | ၃ | ၈ | ၆ | ၉ | ၂၆ |
| တခြား | ၁၃ | ၂၀ | ၉ | ၂၇ | ၆၉ |

www.foreverspace.com.mm

**ခေတ်ပေါ်အဝတ်အစားဝတ်ဆင်ဖြစ်သည့်နေရာ**

| | ၂၀ နှစ်အောက် | | ၂၀ နှစ်အထက် | | စုစုပေါင်း |
|---|---|---|---|---|---|
| | ကျား | မ | ကျား | မ | |
| သူငယ်ချင်းများနှင့်လည်တိုင်း | ၁၆ | ၂၀ | ၁၉ | ၂၂ | ၇၇ |
| အပြင်သွားတိုင်း | ၁၁ | ၂၄ | ၁၂ | ၂၅ | ၇၂ |
| ဖျော်ဖြေပွဲ(ကလပ်၊ စတိတ်ရှိုး) | ၆ | ၈ | ၁၄ | ၂၄ | ၅၂ |
| နေရာစုံ | ၀ | ၂၀ | ၁၁ | ၂၂ | ၅၃ |

**ဤစစ်တမ်းသည် ရန်ကုန်မြို့တော်ရှိ လူဦးရေ ၈၀ ကျော်၏အမြင်ကို စစ်တမ်းကောက်ယူထားခြင်းဖြစ်သည်။**

**ဤစစ်တမ်းကို ဂရုတစိုက်ကူညီဖြေကြားပေးသော မိတ်ဆွေ သူငယ်ချင်းများနှင့် အဘက်ဘက်မှ အကြံဉာဏ်အားဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်အားဖြင့်သော်လည်းကောင်း ကူညီပေးသူများအားလုံးကို အထူးကျေးဇူးတင်ပါသည်။**

အောက် အမျိုးသမီးများ၏ ဝတ်စားပုံမှာ ပေါင်လယ်ရှိ ဘောင်းဘီတို၊ အင်္ကျီလည်ဟိုက်များအဝတ်များလာကြောင်း၊ အမျိုးသားများ၏ဝတ်စားပုံမှာလည်း ရော့ခ်စတိုင်၊ ပန့်ခ်စတိုင်၊ Hip Hop စတိုင်အထိ အဆင့်ဆင့်ပြောင်းလဲလာရာမှ ကိုရီးယားစတိုင်အဝတ်များအထိပါ ပြောင်းလဲလာကြောင်း၊ မန္တလေးသူ/သားများ အပြင်ထွက်ပါက အပူဒဏ်ခံနိုင်ရန် နေကာလက်အိတ်၊ မျက်နှာဖုံး (Mask) များဝတ်ဆင်ခြင်းမှာ ဖက်ရှင်တစ်မျိုးကဲ့သို့ ဖြစ်လျက်ရှိကာ လူကြီး၊ လူလတ်၊ လူငယ်မရွေး ဝတ်ဆင်လျက်ရှိကြောင်း ၂၀၁၀ မေလ အတွင်းက သွားရောက်ခဲ့သူ မီဒီယာသမားတစ်ဦးက Living Color သို့ ပြောကြားသည်။

"နေပူမှာစိုးလို့ မျက်မှန်နဲ့၊ Mask နဲ့ လက်စွပ်အရှည်နဲ့။ ခြေထောက်ကတော့ ဘောင်းဘီ၊ စကတ် တစ်ထွာတစ်မိုက်ပဲ ရှိတယ်" ဟု ၎င်းကဆိုသည်။

ယခင်က ရွှေခြေကျင်းများဝတ်ပြီး 'ကျွန်တော်' 'ကျွန်တော်' နှင့် ပြောတတ်သော၊ မြန်မာဆန်ဆန်ဝတ်ဆင်ကာ စက်ဘီးစီးလေ့ရှိကြသော မန္တလေးမြို့သူများသည်လည်း ယခုအခါတွင် အိမ်နီးချင်းတရုတ်ပြည်သူ့သမ္မတနိုင်ငံသူများနှင့်မခြားဘောင်းဘီတို၊ တီရှပ်များနှင့် တရုတ်ဖြစ်မော်တော်ဆိုင်ကယ်များ စီးနေကြပေပြီ။

မန္တလေးတွင် မိန်းကလေး ၁၀ ဦး ရှိပါက ခုနစ်ဦးမှာ အတို အပြတ်များသာ အဝတ်များကြောင်း၊ ယင်းသို့ဖြစ်ရခြင်းသည် ဘောင်းဘီအတို၊ စကတ်အတိုများ၏ဈေးမှာ ကျပ် ၅၀၀၀ အောက်ရှိပြီး မြန်မာရိုးရာ ဝတ်စုံကောင်းကောင်းတစ်စုံဈေးမှာ ကျပ် ၁၀,၀၀၀ အထက်ရှိနေခြင်းကြောင့် ဖြစ်နိုင်သည်ဟုထင်ကြောင်း၊ မန္တလေးတွင် တရုတ်ဘေထုပ်ဈေးကွက်ကြီးမှာလည်း အလွန်ကျယ်ပြန့်လျက်ရှိကြောင်း မန္တလေးမြို့ မဟာအောင်မြေမြို့နယ်နေ အသက် ၂၀ အရွယ်ရှိ ကိုအံ့ဘွယ်မင်းသွင်က Living Color သို့ ၎င်း၏အမြင်ကို ပြောပြသည်။

မန္တလေးမြို့တွင်နေထိုင်ပြီး Hip Hop တေးသံရှင်တစ်ဦးဖြစ်သူ အသက် ၁၉ နှစ်အရွယ် ကိုအောင်ကျော်မျိုးကမူ "ခေတ်ချင်းဆက်စပ်နေတဲ့ ပုဂံခေတ်နဲ့ ပင်းယခေတ်တောင် ဝတ်စားပုံမတူကြဘူး။ ခေတ်ရေစီးဆိုတော့ ဒီလိုပါပဲ" ဟုဆိုသည်။ မန္တလေးမြို့တွင် ဝတ်စားဆင်ယင်မှုပြောင်းလဲလာရခြင်းမှာ တစ်နှစ်ထက်တစ်နှစ် ပြောင်းရွှေ့လာရာက အခြေချနေထိုင်ကြသောတရုတ်အနွယ်ဝင်များ၏ ဝတ်စားပုံများပေါ်တွင်လည်း များစွာမူတည်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မန္တလေးမြို့တွင်း တစ်ပိုင်တစ်နိုင်ဆိုင်ကယ်ကယ်ရီဆွဲနေသူ အသက် ၃၀ ဝန်းကျင် ကိုသူရိန်၏အမြင်က ဆိုခဲ့ပါ လူငယ်နှစ်ဦးနှင့် အတန်ငယ်ကွဲလွဲကာ ယခုကဲ့သို့ ဆိုပါသည်။

"အရင်တုန်းက ရန်ကုန်ကိုဆင်းလာရင် ရန်ကုန်သူ၊ ရန်ကုန်သားတွေ ဝတ်စားပုံကို 'ငေး' ကြည့်နေရတယ်။ အခုတော့ မန္တလေးမှာလည်း မထူးတော့ဘူး။ ပေါင်လယ်အတိုအပြတ်ထက်စာရင် ဒူးနားလောက်



www.foreverspace.com.mm



က တော်သေးတာပေါ့"

## ခေတ်နှင့်လည်းညီ ......

ဆူပါမားကတ်ကြီးများကဲ့သို့လည်းပတ်စရာနေရာပေါများလာခြင်းသည်လည်း ဝတ်စားဆင်ယင်ပုံကို တစ်စိတ်တစ်ဒေသအဖြစ် ပြောင်းလဲနိုင်ပေသည်။ ဆိုရပါမူ လူငယ်များသည် အဝတ်အထည်များ ရွေးချယ်ဝယ်ယူကြရာတွင် ဆူပါမားကတ်များ၊ ဈေးကြီးများ၌ အလွယ်တကူဝယ်ယူနိုင်သော ခေတ်ပေါ်ဘောင်းဘီ၊ အင်္ကျီများကိုသာ တခုတ်တရ ဝယ်ယူလေ့ရှိကြသည်။

မြန်မာ့ရိုးရာ အဝတ်အထည်အရောင်းဆိုင်များနှင့် ခေတ်ပေါ်အဝတ်အထည်အရောင်းဆိုင်များ၏ အရေအတွက်ကိုနှိုင်းယှဉ်ကြည့်ပါက ခေတ်ပေါ်အဝတ်အထည်အရောင်းဆိုင်များက ပို၍များပြားနေကြောင်း တွေ့ရှိရသည်။ လူစည်ကားသောမြို့နယ်နှင့် ရပ်ကွက်အချို့တို့တွင် ခေတ်ပေါ်အဝတ်အထည်များ ရောင်းချသော စတိုးဆိုင်များ မိုးလင်းမှ မိုးချုပ်ထိ ဖွင့်လှစ်ထားသည့်အတွက် လူငယ်များ လွတ်လွတ်လပ်လပ် စိတ်ကြိုက်လွယ်လင့်တကူဝယ်ယူနိုင်ချိန်တွင် ရိုးရာဝတ်စုံရောင်းချသောဆိုင်များ၏အရေအတွက်မှာ များစွာရှားပါးနေလျက် ရှိပေသည်။

ယခင်က ဂျင်းဘောင်းဘီအရှည်ဝတ်ပါက ကဲ့ရဲ့ခံရသော နေပြည်တော်ပျဉ်းမနားမြို့တွင် ယခုအခါ စကတ်အတို၊ ဘောင်းဘီအတိုများဝတ်ဆင်ခြင်းသည် မထူးဆန်းတော့ကြောင်း၊ ရာသီဥတုနှင့်လည်း လိုက်ဖက်ညီကြောင်း နေပြည်တော်ပျဉ်းမနားရေဆင်းတွင် နေထိုင်သူ မမြနှင်းအေးက Living Colorသို့ ပြောကြားသည်။

ပြောင်းနေသောခေတ်ရေစီးကြောင်းကိုနားလည်ပေး၍ ရသော်လည်း မိမိလူမျိုး၏ အမျိုးသားရေးစရိုက်လက္ခဏာများ ပျောက်ပျက်မသွားစေရန်မှာလည်း အရေးကြီးကြောင်း တွေးဆသုံးသပ်သူများလည်း ရှိသည်။ အများအားဖြင့် ထိုသို့ရှုမြင်သူများမှာ အသက် ၄၀နှစ်အထက်အရွယ်များဖြစ်ကြသည်။ ဦးမင်းနိုင်သည် ထိုအသက်အုပ်စုအတွင်းက တစ်ယောက်ဖြစ်သည်။ မရမ်းကုန်းမြို့နယ်တွင် စားသောက်ဆိုင်ဖွင့်လှစ်ထားသူလည်းဖြစ်သည့် အသက် ၆၀ အရွယ် ဦးမင်းနိုင်၏အမြင်ကို ကြည့်ပါ။

"ဘောင်းဘီတိုတွေ၊ စကတ်တွေ၊ ခေတ်ပေါ်အဝတ်အစား (ပေါ်ပင်) ဝတ်တယ်ဆိုတာတော့ ဒီခေတ်ရေစီးကြောင်းထဲလိုက်ဝတ်တာပဲ၊ ဘာမှ ပြောစရာမရှိပါဘူး။ ဒါပေမဲ့ မြန်မာလူမျိုးဆိုတာ အရှက်၊ အကြောက်ကြီးတဲ့လူမျိုးဆိုတာကို ကမ္ဘာက သိထားတာလေ။ အဲဒီတော့ ဒီလိုအဝတ်အစားဝတ်တာကသပ်သပ်၊ စိတ်နေစိတ်ထားကသပ်သပ် အဲဒါလေး ခွဲခြားသိဖို့တော့ လိုမယ်ထင်တယ်"

"ခေတ်ရေစီးကြောင်းထဲ ပျော်ဝင်တယ်၊ မပျော်ဝင်ဘူးဆိုတာ ကာယကံရှင်ကိုယ်တိုင်နဲ့ပဲဆိုင်တယ်။ သူ့စိတ်၊ သူ့ခံစားမှုပေါ့။ အဲဒါနဲ့ သူဝတ်တဲ့ အဝတ်အစား (အခုဝတ်နေတဲ့ ပေါ်ပင်အဝတ်အစား) သွားရောလိုက်လို့ မရဘူး။ ခေတ်ကြောင့်သာ ရေစီးကြောင်းထဲ မျောလိုက်ရင်း ခေတ်နဲ့အညီ နေရတာလေ။ အဓိက,ကတော့ အပေါင်းအသင်း၊ ပတ်ဝန်းကျင် ပြီးတော့ ကာယကံရှင်ပေါ့။ ကိုယ့်လူမျိုး၊ ကိုယ့်အသိုင်းအဝိုင်း၊ ကိုယ့်မိသားစု အဲဒါတွေနဲ့ ချင့်ချိန်တတ်ဖို့တော့လိုမယ်" ဟု ယဉ်ကျေးမှုတက္ကသိုလ်ကျောင်းသားဟောင်းတစ်ဦးက သုံးသပ်ပြောကြားသည်။

ဤသို့ ခေတ်နှင့်အညီ ဝတ်စားဆင်ယင်မှုကို လူအများစုက တညီတညွတ်တည်း လက်ခံကြသော်လည်း ယဉ်ကျေးမှုနှင့်လုံးဝကိုက်ညီမှုမရှိသော ဝတ်စားပုံမျိုးကိုမူ ကြိုက်နှစ်သက်မှုမရှိကြောင်း ကောက်ယူရရှိသောစစ်တမ်းများအရ သိရသည်။

"ကျွန်မအနေနဲ့တော့ မြန်မာဝတ်စုံကို အရမ်းကြိုက်ပါတယ်။ ဒါပေမဲ့ အခုအနေအထားအရ သိပ်မဝတ်ဖြစ်ဘူး၊ အသက်ကြီးလာရင်တော့ လုံချည်ပဲဝတ်ဖြစ်မယ်ထင်တယ်" ဟု စမ်းချောင်းမြို့နယ်တွင် DI ဖက်ရှင်အထည်ဆိုင်ဖွင့်လှစ်ထားသူ မငြိမ်းအိက ဆိုသည်။

မြန်မာ့ရိုးရာဝတ်စုံကို ကြိုက်နှစ်သက်မှုရှိသော်လည်း မဝတ်ဆင်ဖြစ်ကြောင်း၊ ထဘီရိုးရိုးဝတ်ဆင်ပါက လူအများရှေ့တွင်ဖြန့်၍ဝတ်ဆင်ရန်မကောင်းသောကြောင့် တစ်ခါတစ်ရံ လုံချည်ဝတ်ဆင်ရာတွင်လည်း ကြိုးထမီ၊ ချိတ်ထမီလိုမျိုးသာ အများဆုံးဝတ်ဆင်ဖြစ်ပြီး နေရာပေါ်မူတည်၍ ရိုးရာဝတ်စုံကို ဝတ်ဆင်ဖြစ်ကြောင်း လောလော



www.foreverspace.com.mm

ဆယ်တွင် ဘောင်းဘီအောက်ရှုံးနှင့် ဘလောက်စ်အင်္ကျီဝတ်ဆင်ထားသူ မငြိမ်းအိက ဆက်လက်ပြောကြားသည်။

## မီဒီယာကြောင့်လည်းပါ

ခေတ်နှင့်အညီ ဝတ်စားဆင်ယင်မှုတို့ လိုက်လျောညီထွေပြောင်းလဲလာရခြင်း အကြောင်းအရင်းများစွာရှိသည့် အနက် နေရာမျိုးစုံမှ အသွင်သဏ္ဍာန်မျိုးစုံဖြင့် ဝင်ရောက်လာသော မီဒီယာများကလည်း အဓိကအကြောင်းအရင်းတစ်ရပ်ဖြစ်သည်။ နိုင်ငံတကာရှိ မီဒီယာအစုံမှတစ်ဆင့် ဝင်ရောက်လာသော ယဉ်ကျေးမှုအထွေထွေက ယနေ့မြန်မာ့လူ့အဖွဲ့အစည်း၏ ဝတ်စားဆင်ယင်မှုကို အသွင်ပြောင်းပေးလျက် ရှိသည်။

ယနေ့ခေတ်တွင် ပေါ်များလာသော ရုပ်သံလိုင်းများသာမက ဖက်ရှင်သီးသန့် စာအုပ်များ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများမှလည်း ယနေ့ကမ္ဘာပေါ်တွင် လူအများဝတ်ဆင်လေ့ရှိသည့် ဝတ်စားဆင်ယင်မှုမျိုးကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်သောကြောင့် မိမိနှင့် လိုက်ဖက်မှုရှိ / မရှိ ရွေးချယ်ကာ ဝတ်ဆင်လျက်ရှိနေကြခြင်းသည်လည်း မီဒီယာများ၏ သက်ရောက်မှုပင်ဖြစ်သည်။

ဝတ်စားဆင်ယင်မှုများပြောင်းလဲလာမှုကို ဖက်ရှင်ဆိုင်များကိုကြည့်၍ သိနိုင်သကဲ့သို့ မြန်မာနိုင်ငံတွင် ၂၄ နာရီထုတ်လွှင့်နေသော MRTV-4 ရုပ်သံလိုင်းမှလည်း ယနေ့ခေတ် ဝတ်စားဆင်ယင်မှုများနှင့် ပတ်သက်သော ဖက်ရှင်ဒီဇိုင်းများအကြောင်းကို အပတ်စဉ်ထုတ်လွှင့်နေပြီး မြဝတီ၊ မြန်မာ့ရုပ်မြင်သံကြားတို့မှလည်း အခါအားလျော်စွာ ထုတ်လွှင့်တင်ဆက်လျက်ရှိကြသည်။

ထိုသို့သော အကြောင်းခြင်းရာများနှင့် နိုင်ငံတကာရုပ်ရှင်၊ ဗီဒီယို၊ ဒီဗီဒီတို့တွင် သရုပ်ဆောင်များ၏ အပြိုင်အဆိုင် သရုပ်ဆောင်မှုများနှင့်အတူ ဖက်ရှင်ဒီဇိုင်းများကို ကြည့်၍လည်း ယနေ့ခေတ် ဝတ်စားဆင်ယင်မှုတွင် ခေတ်ပေါ်ဝတ်စားဆင်ယင်မှုများ



တစ်စထက်တစ်စ ကူးစက်လာနေပေသည်။

မြန်မာသရုပ်ဆောင်များသည်လည်း နိုင်ငံတကာမှ အလားတူ ထင်ပေါ်ကျော်ကြားသူ သရုပ်ဆောင်၊ တေးသံရှင် ကြယ်ပွင့်များ၏ ဝတ်စားဆင်ယင်ပုံကို အတုယူကြသည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင် ယခုလောလောဆယ် ခေတ်စားနေသော ကိုရီးယားရုပ်သံဇာတ်လမ်းတွဲများမှတစ်ဆင့် မြင်တွေ့ရသည့် သရုပ်ဆောင်များအတိုင်း ဝတ်စားဆင်ယင်လာကြသည်မှာ မျက်မှောက်ကာလ၏ သိသာထင်ရှားသည့် အခြေအနေတစ်ရပ် ဖြစ်သည်။

## စစ်တမ်းကပြောသော ဝတ်စားဆင်ယင်မှု

မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုနှင့် ခေတ်ပေါ်အဝတ်အစားများဝတ်ဆင်ကြခြင်းအတွက် Living Color က စစ်တမ်းတစ်ရပ်ကောက်ယူခဲ့ရာတွင် ထူးခြားချက်မှာ အသက် ၂၀ အထက် လူလတ်ပိုင်းများသာမက အသက် ၂၀ အောက် လူငယ်များကပါ မြန်မာ့ရိုးရာဝတ်စုံကို အလွန်နှစ်သက်သူမှာ ၈၂ ရာခိုင်နှုန်းအထိရှိနေခြင်းပင် ဖြစ်သည်။ ထိုသို့ အလွန်နှစ်သက်ပါသည်ဟု ဖြေဆိုကြသူအများစုတွင် မြန်မာဝတ်စုံ လုံးဝမဝတ်ဖြစ်ဟုဖြေဆိုကြသူများလည်း ပါဝင်နေသည်ကိုကြည့်ခြင်းအားဖြင့် မြန်မာလူမျိုးများ၏အမြင်တွင် မြန်မာ့ရိုးရာဝတ်စုံမှာ အလွန်အဆင်ပြေသော်လည်း ဝတ်ဆင်ရန်အဖို့မှာ နေရာဒေသ အချိန်အခါများပေါ်တွင်မူတည်နေဆဲဖြစ်သည်ဟု ယေဘုယျအားဖြင့် ကောက်ချက်ချရမည်ဖြစ်သည်။

ခေတ်ပေါ်အဝတ်အစားများ အရင်

www.foreverspace.com.mm

ကထက် ပို၍လွတ်လပ်မှုရှိလာကြခြင်း အပေါ်တွင် မေးမြန်းထားချက်များအရ လူငယ်များ၏ ဝတ်စားပုံ လွတ်လပ်လာမှုသည် မိဘများ၏အမြင်များပြောင်းလဲလာမှုနှင့်လည်း များစွာဆက်စပ်လျက်ရှိသည်။ ခေတ်ပေါ်အဝတ်အစားကြိုက်နှစ်သက်သောသူများတွင် အသက် ၃၀ နှင့်အထက် လူလတ်ပိုင်းများနှင့် လူကြီးအချို့လည်း ၅၄ ရာခိုင်နှုန်းခန့်ပါဝင်နေသည်ကို စစ်တမ်းများအရ သိရသည်။

မြန်မာ့ရိုးရာဝတ်စုံကို ဝတ်ဖြစ်ကြရာတွင် အသက်၂၀ အောက်လူငယ်များမှာ မိဘများကတိုက်တွန်း၍ သို့မဟုတ် မဖြစ်မနေဝတ်ဆင်ရမည့်နေရာမျိုးများကြောင့်သာ ဝတ်ဆင်ဖြစ်ကြပြီး အသက်၂၀ နှင့် အထက် လူငယ်များမှာမူ မြန်မာ့ယဉ်ကျေးမှုကိုထိန်းသိမ်းလို၍ ဝတ်ဆင်ကြကြောင်း၊ ရိုးရာဝတ်စုံကို ၎င်းတို့ကိုယ်တိုင် သဘောကျ နှစ်ခြိုက်၍ ဝတ်ဆင်ဖြစ်ကြကြောင်း တွေ့ရသည်။ ယနေ့ခေတ်ကာလတွင် ခေတ်ပေါ်ဝတ်စုံ အဝတ်များလာခြင်းကြောင့် ယဉ်ကျေးမှုပျောက်ပျက်သွားနိုင်မည်ဆိုခြင်းမှာ မဖြစ်နိုင်ဟု ၃၀ ရာခိုင်နှုန်းခန့်က ဆိုသည်။

အဆိုပါစစ်တမ်းကိုကြည့်ပါက မြန်မာလူမျိုးအများစုသည် ခေတ်ပေါ်လက်ဇပ်ကားကိုလည်းစီးလိုကြပြီး မပျောက်မပျက်သင့်သော သံလွင်ပင် သံလွင်ခက်တို့ကိုလည်း ထိန်းသိမ်းရမည်ကို သဘောပေါက်ထားကြသည်ဟု ယူဆစရာရှိပါသည်။ သို့သော် ဤစစ်တမ်းငယ်မှာ ရန်ကုန်မြို့တော်တွင်ပင် ကျယ်ကျယ်ပြန့်ပြန့် နယ်ပယ်စုံကောက်ယူထားခြင်းမဟုတ်ဘဲ လက်သင့်နီးစပ်ရာကိုသာ ကောက်ယူထားခြင်းဖြစ်၍ မြန်မာတစ်နိုင်ငံလုံး၏ အမြင်နှင့်သဘောထားများကို ကိုယ်စားမပြုနိုင်ပါ။ တစ်နိုင်ငံလုံး၏ လက်ရှိ ဝတ်စားဆင်ယင်မှုအပေါ်ရှိသော သဘောထားအမြင်၊ ခံယူချက်များအတွက်မူ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် စစ်တမ်းကောက်ယူကြည့်မှသာ သိနိုင်ပေလိမ့်မည်။

ယခုမူ အမြန်ကမ္ဘာကြီးနှင့် မစိမ်းလှသည့်အပြင် မီဒီယာမျိုးစုံနှင့် အထိအတွေ့ပိုများသော ရန်ကုန်မြို့တော်တစ်ခုတည်း၏ ကန့်သတ်ဧရိယာ ပတ်ဝန်းကျင်တစ်ခုမှာသာ ကောက်ယူထားခြင်းဖြစ်၍ များစွာယေဘုယျဆန်သော သဘောထားအမြင်များဖြစ်နေသေးသည်။

## အသိဉာဏ်နှင့် ယှဉ်

ခေတ်နှင့်အညီ ဝတ်စားဆင်ယင်မှုကြောင့် ရိုးရာယဉ်ကျေးမှုများ ပျောက်ကွယ်နိုင်မှုမှာ လတ်တလောအခြေအနေမျိုးတွင် မည်သို့မျှဖြစ်ပေါ်လာနိုင်ခြင်းမရှိသော်လည်း မည်သည့်ကိစ္စရပ်မဆို အကောင်းနှင့်အဆိုး ဒွန်တွဲလျက်ရှိနေသောကြောင့် တစ်ချိန်ချိန်တွင် ထိုပြောင်းလဲလာမှုကြောင့် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုများ 'ထိခိုက်လာခဲ့ရင်' ဆိုသောအချက်ကို ထည့်သွင်းစဉ်းစားကာ ကိုယ်ပိုင်အသိ၊ ကိုယ်ပိုင်ခံယူချက်များဖြင့် စတင်ထိန်းသိမ်းရန်လိုအပ်နေပြီ ဖြစ်သည်။

ထိုအခါ ဘယ်အရာကိုထိန်းသိမ်းမည်၊ ဘယ်အရာကို ခေတ်နှင့်အညီ လိုက်လျောညီထွေဖြစ်အောင်ပြုပြင်မည်၊ ဘယ်သင်းကို လုံးဝပြောင်းမည်ဆိုသော ဆုံးဖြတ်ချက်ချ လက်တွေ့လုပ်ဆောင်ကြရန်မှာ နိုင်ငံသားအားလုံး၏ အသိဉာဏ်ပညာရေချိန်အပေါ်တွင်သာ လုံးလုံးလျားလျား မူတည်နေလျက်ရှိနေပေမည် ဖြစ်သည်။

**ဆွေငြိမ်းအေး ၊ ချမ်းငြိမ်းဖြူ**



www.foreverspace.com.mm

# မသန်စွမ်းသူတို့ ရောင်နီသန်းချိန်...

ကျော်ဇေယျာထွန်း၊ မြနှင်းအေး

**ဆစ်အင်းလျားလိတ်ဟိုတယ်၏ ခန်းမဆောင်သည် ကျယ်ဝန်းသည်နှင့်အမျှ မြင့်မားလှသော မျက်နှာကြက်၊ လူတစ်ဖက်စာ တိုင်ကြီးများ၊ အဖြူရောင်၊အညိုရောင်ခန်းဆီးလိုက်ကာများ၊ လှပသော မီးဆိုင်းကြီးများက ယင်းခန်းမဆောင်၏ ခမ်းနားထည်ဝါမှုကို ပိုပြီးပေါ်လွင်စေရန်ပံ့ပိုးပေးနေသည်။ အဆိုပါခန်းမကြီးအလယ်တွင် စားပွဲဝိုင်း ၁၀ ခုရှိရာ စားပွဲဝိုင်းတစ်ခုလျှင် လူ၁၅ ဦးခန့် ဝိုင်းကာထိုင်နေကြသည်။ စားပွဲဝိုင်းတစ်ခုချင်းစီမှဆွေးနွေးနေသည့်အသံများက ခန်းမကြီးတစ်ခုလုံးကို ဖုံးလွှမ်းထားသည်။ ၎င်းတို့အားလုံးဆွေးနွေးနေသည့် ကိစ္စရပ်များမှာ အမျိုးသားအဆင့်မသန်စွမ်းသူများဆိုင်ရာလုပ်ငန်းစီမံချက်၂၀၁၀-၂၀၁၂ တွင် ပါဝင်သော မသန်စွမ်းသူများနှင့်ပတ်သက်သည့် အရေးကိစ္စများပင်။**



မြန်မာနိုင်ငံတွင် မသန်စွမ်းသူများနှင့်ပတ်သက်သည့်အရေးကိစ္စများကိုဆောင်ရွက်လာခဲ့သည်မှာ ၁၀ စုနှစ်တစ်ခုပင်မပြည့်သေးပေ။ ယင်းကဲ့သို့သော ကာလတိုအချိန်အတွင်းမှာပင် မြန်မာနိုင်ငံရှိ မသန်စွမ်းသူများ၏အခြေအနေသည် အိမ်နီးချင်းထိုင်းနိုင်ငံနှင့် နှိုင်းယှဉ်ပါက ဖွံ့ဖြိုးမှုမှာများစွာနောက်ကျသေးသည်ဟုဆိုနိုင်သော်လည်း အချိန်ကာလအားဖြင့်ကြည့်မည်ဆိုပါက တိုးတက်မှုရှိသည်ဟု မသန်စွမ်းနှင့်ပတ်သက်သည့်အရေးကိစ္စများကို ဆောင်ရွက်နေသည့် ပညာရှင်များက သုံးသပ်ပြောကြားကြသည်။ ယင်းကို သက်သေပြရန်အတွက်မှာ လက်ရှိအင်းလျားလိတ်ဟိုတယ်ခန်းမဆောင်တွင် ဆွေးနွေးနေသော အမျိုးသားအဆင့် မသန်စွမ်းသူများဆိုင်ရာ လုပ်ငန်းစီမံချက်က သက်သေတစ်ခုပင် ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအပါအဝင် ကျန်းမာရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ပြည်တွင်း ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်း ၃၀ ကျော်နှင့် ပြည်တွင်းပုဂ္ဂလိက

www.foreverspace.com.mm

မီဒီယာများ တက်ရောက်ခဲ့ကြသည်။

ယခင်က မသန်စွမ်းမှုကိစ္စရပ်များကို ပြည်တွင်း ပြည်ပအစိုးရမဟုတ်သောအဖွဲ့ အစည်းများက ကိုယ့်နည်းကိုယ့်ဟန်ဖြင့် သီးခြားဆောင်ရွက်ခဲ့ရာမှ မသန်စွမ်းအဖွဲ့ အစည်းများအချင်းချင်း ချိတ်ဆက်ဆောင်ရွက် လာကြပြီး သက်ဆိုင်ရာ အစိုးရဌာနဆိုင်ရာ များ၏ ပူးပေါင်းမှုကိုရယူကာ အမျိုးသား အဆင့် လုပ်ငန်းစီမံချက်တစ်ခုအနေဖြင့် တစ်ဆင့်တက်၍ ဆောင်ရွက်လာကြခြင်း ဖြစ်သည်။

"ဒီအမျိုးသားအဆင့်လုပ်ငန်းစီမံချက် (National Plan of Action) ဖြစ်လာဖို့ အတွက် မသန်စွမ်းအဖွဲ့ အစည်းတွေနဲ့ သက်ဆိုင်ရာဌာနတွေ အကြိမ်ကြိမ် တွေ့ဆုံ ဆွေးနွေးသဘောတူညီပြီးမှ ဖြစ်လာတာပါ" ဟု လူမှုဝန်ထမ်းဦးစီးဌာနမှ အဆင့်မြင့် အရာရှိတစ်ဦးက အမျိုးသားအဆင့် လုပ်ငန်းစီမံချက်စတင်ဖြစ်ပေါ်လာပုံကို ပြောပြသည်။

## စီမံချက်ချလုပ်ဆောင်

အမျိုးသားအဆင့် မသန်စွမ်းသူများ ဆိုင်ရာလုပ်ငန်းစီမံချက် ၂၀၁၀-၂၀၁၂ သည် အစိုးရဌာနများ၊ ကုလသမဂ္ဂအေဂျင်စီများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍများမှ ဆက်စပ်ပတ်သက်နေသူများ၊ မသန်စွမ်းသူများကိုယ်တိုင်ပါဝင်သည့်အဖွဲ့အစည်းများနှင့် အခြားလူမှုရေးအဖွဲ့အစည်းအားလုံး ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ကြရန် ဖြစ်သည်။

လုပ်ငန်းစီမံချက်များကို ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၂ ခုနှစ်အထိ သုံးနှစ်တာကာလ သတ်မှတ်၍ ဆောင်ရွက်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံရှိ မသန်စွမ်းသူဦးရေ ၁ ဒသမ ၃ သန်း၏ ၁၀ ရာခိုင်နှုန်းဖြစ်သည့် မသန်စွမ်းသူ ၁၃၀,၀၀၀ ကို ရည်မှန်းချက်အဖြစ် ဆောင်ရွက်သွားမည် ဖြစ်သည်။ အခြားသော မျှော်မှန်းချက်ရလဒ်များမှာ သုံးနှစ်တာကာလအတွင်း မြို့နယ်ပေါင်း ၁၂၀ ကို စစ်တမ်းကောက်ယူနိုင်ရန်၊ အဖွဲ့အစည်း ၅၀၊ ရပ်ရွာအဖွဲ့အစည်း ၂၀၀၀၊ သင်တန်းသား ၅၀,၀၀၀ တို့အတွက် လေ့ကျင့်သင်တန်းပေးနိုင်ရန်၊ ကိုယ့်အားကိုယ်ကိုးအဖွဲ့ ၂၀၀၀ ဖွဲ့စည်းနိုင်ရန်၊ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သောအစီအစဉ် ၁၀၀,၀၀၀ ခန့်ဆောင်ရွက်ရန်၊ ဘဝတစ်သက်တာ ရပ်တည်နေနိုင်ရန် အတွက် အစီအစဉ် ၅၀၀၀ ဆောင်ရွက်ရန်၊ ပြန်လည်ထူထောင်ရေးဌာနများ အသစ်ဖွင့်



www.foreverspace.com.mm

လုပ်ခြင်းနှင့် မွမ်းမံခြင်းတို့အား ဌာန ၆၀ ပြည့်မီရေး ကြိုးပမ်းဆောင်ရွက်ရန်၊ လူတိုင်းအကျိုးဝင်ပညာရေးကို သင်ကြားနိုင်သော အခြေခံပညာကျောင်းဝန်းကျင်များ ပေါ်ပေါက်လာရေးအတွက် အထောက်အကူပြုပစ္စည်းများဖြည့် ဆည်းခြင်း၊ အဆောက်အအုံများကို လိုအပ်သလို ပြုပြင်ပြောင်းလဲမှုများပြုလုပ်ခြင်း၊ ဆရာ၊ ဆရာမများလေ့ကျင့်သင်ကြားမွေးထုတ်ခြင်းတို့ ဆောင်ရွက်ရန်၊ ရပ်ရွာအခြေပြုအလုပ်ရုံ ၅၀၀ တည်ထောင်ပေးရန်၊ မသန်စွမ်းမှုအမျိုးအစားအလိုက် အထူးကျောင်းများကို မသန်စွမ်းသူဦးရေအပေါ်မူတည်၍ တိုးချဲ့ဖွင့်လှစ်ရေး ကြိုးစားဆောင်ရွက်ရန် စသည့် ရလဒ်များရရှိစေရေးအတွက် ရည်မှန်းဆောင်ရွက်ကြမည် ဖြစ်သည်။



"သုံးနှစ်ကာလပဲ သတ်မှတ်လိုက်တာက သုံးနှစ်ပဲလုပ်မယ်ဆိုတာမျိုး မဟုတ်ဘူး။ သုံးနှစ်ပြီးသွားရင် ပြောင်းလဲမှုတွေရှိလာမှာပဲ။ ဒီပြောင်းလဲမှုတွေအပေါ် မူတည်ပြီးတော့ နောက်ထပ် ဘာဆက်လုပ်ရမယ်ဆိုတာ ဆွေးနွေးပြီး ဆက်လုပ်သွားမှာပါ" ဟု လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက စီမံချက် သုံးနှစ်ကာလအလွန်တွင် ထပ်မံဆောင်ရွက်သွားမည့်အကြောင်းကို ရှင်းပြသည်။

အထက်ပါသုံးနှစ်တာလုပ်ငန်းစီမံချက်များ အကောင်အထည်ပေါ်လာရန်အတွက်မှာ မသန်စွမ်းသူများအပါအဝင် ပြည်တွင်းပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အစိုးရဌာနများအားလုံး ပူးပေါင်းပါဝင်ကြရန် လိုအပ်လှပေသည်။ လက်ရှိတွင် မြန်မာနိုင်ငံတွင် မသန်စွမ်းနှင့် ပတ်သက်၍ အသိအမြင်ဗဟုသုတနှင့် စိတ်ဝင်စားမှုမှာ အားနည်းနေဆဲဖြစ်ရာ ပြည်သူလူထုအကြားတွင်မသန်စွမ်းသူများ အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာစေရန် ဦးစွာလိုအပ်နေသေးသည်။




"မသန်စွမ်းမှုကိစ္စရပ်တွေဟာ လူတိုင်းနဲ့ ပတ်သက်နေပါတယ်။ ဒါကိုသိဖို့အတွက်ကြောင့်လည်း ဒီအခမ်းအနားမှာ အနယ်နယ်အရပ်ရပ်က သက်ဆိုင်ရာအစိုးရဌာနအသီးသီးကို ဖိတ်ခေါ်ခဲ့တာပါ" ဟု မေလ ၁၂ ရက်နေ့မှ ၁၄ ရက်နေ့အထိ အင်းလျားလိတ်ဒူးဆစ်ဟိုတယ်တွင် ကျင်းပခဲ့သော Orientation of Stakeholders to National Plan of Action and Community Based Rehabilitation for Person with Disablities အခမ်းအနားတွင် TLMI( The Leprosy Mission International) မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

## ဌာနဆိုင်ရာပုဂ္ဂိုလ်တို့၏အသံ

အဆိုပါအခမ်းအနားသို့ တက်ရောက်လာသော အစိုးရဌာနဆိုင်ရာ အရာထမ်းအချို့ကိုလည်း မသန်စွမ်းသူများနှင့် ပတ်သက်သောအမြင်၊ ယင်းဆွေးနွေးပွဲမှာ ၎င်းတို့အတွက် မည်ကဲ့သို့ အကျိုးသက်ရောက်မှုရှိသည်တို့ကို Living Color က

www.foreverspace.com.mm



မေးမြန်းဖြစ်ခဲ့သည်။

"အရင်က မသန်စွမ်းသူတွေကို တွေ့ရင် ကြောက်လည်းကြောက်တယ်။ သနားတာလည်း ဖြစ်တယ်။ သူတို့အကြောင်းကို သေချာမသိဘူး။ အခု ဆွေးနွေးပွဲကို တက်လိုက်တော့မှ သူတို့အကြောင်းကို သိလာသလို ကိုယ့်ပတ်ဝန်းကျင်မှာ မသန်စွမ်းသူကိုတွေ့ရင် ဘာလုပ်ပေးရမယ်ဆိုတာသိလာတယ်" ဟု မော်လမြိုင်မြို့ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"အခုတွေ့ခဲ့တဲ့ မသန်စွမ်းသူတွေရဲ့ မသန်စွမ်းမှုဖြစ်ရတဲ့အကြောင်းက မိဘတွေရဲ့ ကျန်းမာရေးအသိနည်းတာရယ်၊ ကျန်းမာရေးစောင့်ရှောက်မှုကို အပြည့်အဝ မရရှိတာရယ်လည်းပါတယ်။ အဓိကအကြောင်းကတော့ ဆင်းရဲမှုကြောင့်ပဲ။ ကျန်းမာရေးအသိနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေရရှိဖို့အတွက်က လုံလောက်တဲ့ ကျန်းမာရေးဝန်ထမ်းတွေ ရှိဖို့လိုတယ်။ နောက်တစ်ခုက ကျန်းမာရေးလုပ်သားတစ်ယောက်အနေနဲ့ လုပ်ငန်းခွင်ဝင်ရင် ကျန်းမာရေး အသိပညာပေးတာကို ကိုယ်နဲ့သက်ဆိုင်တဲ့နယ်မြေအတွင်းမှာ လုပ်ပေးရတယ်။ ဒါပေမဲ့ လစဉ်အစီရင်ခံစာတွေမှာ ကိန်းဂဏန်းအရတော့ တွေ့ရတယ်" ဟု မန္တလေးတိုင်း မတ္တရာမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်တစ်ဦးက ပြောကြားသည်။

အလားတူ ဆွေးနွေးပွဲသို့ တက်ရောက်လာသော အလုပ်သမားဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက မသန်စွမ်းသူများနှင့်ပတ်သက်၍ ၎င်း၏အမြင်ကို ပြောကြားရာတွင် "အစိုးရဝန်ထမ်းဆိုတော့လည်း လုပ်ထုံးလုပ်နည်းအတိုင်း ဒီသင်တန်းအကြောင်းတွေကို အထက်အရာရှိတွေကို တင်ပြရမှာပေါ့။ အဲဒီတော့မှ အထက်က ဒီမသန်စွမ်းအရေးနဲ့ ပတ်သက်ပြီး ဘာလုပ်ပေးနိုင်မလဲဆိုတာ သူတို့တွေပဲ ဆုံးဖြတ်ကြမှာပေါ့။ ကျွန်မထပ်ပြီးလုပ်ပေးနိုင်တာက ဒီသင်တန်းကရရှိတဲ့ ဗဟုသုတတွေကို ရုံးကဝန်ထမ်းတွေရယ်၊ ကိုယ့်မိသားစုဝင်တွေရယ်ကို ပြန်မျှဝေပေးနိုင်ပါတယ်။မသန်စွမ်းတွေနဲ့ ဆက်ဆံရတဲ့အခါ ဘယ်လိုဆက်သွယ်ဆက်ဆံသင့်တယ်ဆိုတာမျိုးကိုပေါ့" ဟု ဆိုသည်။

"ဌာနဆိုင်ရာဝန်ထမ်းတွေဆိုတော့ ဒီသင်တန်းနဲ့ပတ်သက်ပြီး အပေါ်ကို တင်ပြရမှာပေါ့။ ဝန်ထမ်းတွေဆိုတော့လည်း ကိုယ့်ဟာကိုယ် ဘာမှလုပ်လို့မရဘူး။ စာတင်ပေးလို့ပဲရမယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး လုပ်ဆောင်ချက်တစ်စုံတစ်ရာ အထက်က ကျလာမှ မသန်စွမ်းအရေးကို ဆောင်ရွက်ပေးရမှာပါ" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အရာထမ်းတစ်ဦးက ပြောကြားသည်။

ထပ်မံ၍ အဆိုပါကော်မတီမှ စည်ပင်ရဲအရာရှိတစ်ဦးက "ဒီမသန်စွမ်းအရေးက အခုလုပ်နေတဲ့အလုပ်နဲ့တော့ တိုက်ရိုက်ကြီးမပတ်သက်ဘူး။ ကျွန်မတို့အလုပ်က ကျူးကျော်ဈေးသည်တွေကို ဖမ်းရတယ်။ လူကြီးလမ်းကြောင်းရှိရင် လမ်းဘေးတစ်လျှောက်က ကျူးကျော်ဈေးဆိုင်တွေ၊ တောင်းနေတဲ့လူတွေကို ရှင်းပေးရတယ်။ သိမ်းထားပေးရတယ်။ တောင်းနေတဲ့လူတွေထဲမှာတော့ မသန်စွမ်းတချို့လည်း ပါတာပေါ့။ ဒီဆွေးနွေးပွဲတက်တဲ့အခါမှာ အဲဒီလူတွေနဲ့ပတ်သက်ပြီး ဘယ်လိုဆက်ဆံရမလဲဆိုတာမျိုးတော့ သိရတာပေါ့" ဟု မှတ်ချက်ပြုသည်။



www.foreverspace.com.mm

## အနာဂတ်အတွက် လမ်းပြမြေပုံ

မည်သို့ပင်ဆိုစေ မြန်မာနိုင်ငံတွင် မသန်စွမ်းသူများနှင့် သက်ဆိုင်သည့် အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ထွက်ပေါ်လာခြင်းကပင် ရှေ့လာမည့်အနာဂတ်အတွက် လုပ်ကိုင်ရန် လုပ်ငန်းစဉ်များရှိလာပြီဖြစ်သည်။ ယင်းမှတစ်ဆင့် မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ လှုပ်ရှားသွားလာခွင့်၊ ရရှိခံစားခွင့်နှင့် လူ့အသိုက်အဝန်းအတွင်း တန်းတူပါဝင်ခွင့်ရရှိကာ ခွဲခြားဆက်ဆံမှုကင်းသော ဖွံ့ဖြိုးတိုးတက်သည့် လူ့အဖွဲ့အစည်းအဖြစ် တည်ဆောက်သွားရမည်ဖြစ်သည်။

"အခုရေးဆွဲထားတဲ့ အမျိုးသားအဆင့် မသန်စွမ်းသူများဆိုင်ရာလုပ်ငန်းစီမံချက်ကို APCD (Asia-Pacific Development Center on Disability) က ပညာရှင်တစ်ဦးက ဒီလုပ်ငန်းစီမံချက် ဟာ အရှေ့တောင်အာရှမှာ စံပြတစ်ခုလို ဖြစ်လာနိုင်တယ်လို့ ချီးကျူးတယ်။ နောက်ပြီး ဒီလုပ်ငန်းစီမံချက်ရဲ့ ထူးခြားချက်က ထိုင်းနိုင်ငံမှာဆိုရင် လုပ်ငန်းစီမံချက်ဆွဲပြီးမှ အလုပ်လုပ်ကြတာ။ ဒီမှာကျတော့ အလုပ်တွေလုပ်ပြီးမှ လုပ်ငန်းစီမံချက်ကိုရေးဆွဲတာ" ဟု TLMI မှ Dr.Mike Griffiths က လက်ရှိရေးဆွဲထားသော အမျိုးသားအဆင့် မသန်စွမ်းသူများဆိုင်ရာလုပ်ငန်းစီမံချက်၏ အားသာချက်ကို ရှင်းပြသည်။

ထို့ပြင် မြန်မာလူမျိုးများ၏ ရင်ထဲတွင်လည်း အကူအညီပေးတတ်သော စိတ်အရင်းခံရှိနေရာ CBR (Community Based Rehabilitation) ကဲ့သို့သော လူထုအခြေပြုပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် များစွာအထောက်အကူဖြစ်ကာ အကောင်အထည်ဖော်သည့်နေရာတွင်လည်း ထိရောက်မှုရှိသည်ကိုတွေ့ရသည်။ ယင်းနှင့်ပတ်သက်၍ Dr.Mike Griffiths က ယခုကဲ့သို့ ရှုမြင်သုံးသပ်သည်။ "ထိုင်းနိုင်ငံမှာ မသန်စွမ်းနဲ့ပတ်သက်ပြီး လှုပ်ရှားမှုတွေ ဆောင်ရွက်လာတာဟာ အနှစ် ၂၀၊ ၃၀ လောက်ရှိနေပြီ။ တိုးတက်မှုတွေကတော့ မြန်မာနိုင်ငံထက်သာတယ်။ ဒါပေမဲ့ ပူးပေါင်းဆောင်ရွက်မှုမှာတော့ မြန်မာနိုင်ငံထက် အများကြီး အားနည်းတယ်။ မြန်မာလူမျိုးတွေက ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိတော့ CBR လုပ်ငန်းတွေမှာ အများကြီးအောင်မြင်တယ်"




လူထုအခြေပြုပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် AAR (Association for Aid and Relief, Japan) အသင်းမှ စီမံချက်မန်နေဂျာ ဦးနေလင်းစိုးကလည်း အဆိုပါစီမံချက် ဖြစ်ပေါ်လာခြင်းအပေါ် "မသန်စွမ်းသူတွေအတွက် ဘာလုပ်ပေးရမယ်ဆိုတာကို လမ်းညွှန်မြေပုံချပေးလိုက်တာမျိုးဖြစ်လာတာပေါ့။ ဒါပေမဲ့ ဒီအထဲမှာပါတဲ့လုပ်ငန်းတွေက စည်းရုံးရေးပုံစံမျိုးနဲ့သွားရမှာ။ ဥပဒေတစ်ခုရေးဆွဲထားလို့ မဖြစ်မနေလုပ်ရတဲ့ Task Force အဆင့်ရောက်ဖို့အတွက်တော့ လိုအပ်နေပါသေးတယ်" ဟု ဆိုသည်။

## ပြုလုပ်စရာများ ကျန်နေသေးသည်

ယင်းသို့ဆိုလျှင် မြန်မာနိုင်ငံတွင် မသန်စွမ်းအရေးနှင့်ပတ်သက်သည့်ကိစ္စရပ်များကို ဥပဒေတစ်ခုရေးဆွဲထားကာ မဖြစ်မနေလုပ်ဆောင်ရမည့်အခြေအနေသို့ ရောက်ရန်အဆင့်မှာ ကျန်ရှိနေသေးသည်။

"ဂျပန်မှာတော့ မသန်စွမ်းစဖြစ်တာနဲ့ Counselling ဝင်တယ်။ ဆေးစစ်ပြီး မှတ်ပုံတင်တယ်။ ဆေးစစ်ထားတဲ့အဆင့်အလိုက် ထောက်ပံ့ကြေးတွေရတယ်။ အလုပ်ရလာတဲ့အခါကျရင် လစာပေါ်မူတည်ပြီး ထောက်ပံ့ကြေးငွေကို လျှော့ချသွားတယ်။ ရထားစီးရတဲ့အခါမှာလည်း မသန်စွမ်းသူတွေက ရထားလက်မှတ်တစ်ဝက်ကိုပဲ ပေးရတယ်။ လက်ရှိဂျပန်နိုင်ငံမှာ တစ်နိုင်ငံလုံးရဲ့ ၇၅ ရာခိုင်နှုန်းဟာ Barrier Free ဖြစ်နေပြီ" ဟု ဦးနေလင်းစိုးက ဂျပန်နိုင်ငံတွင် မသန်စွမ်းနှင့်ပတ်သက်၍ တိုးတက်နေမှုများကို ရှင်းပြသည်။

သို့သော် ဂျပန်နိုင်ငံတွင် မသန်စွမ်းမှုနှင့်ပတ်သက်၍ လက်ရှိတိုးတက်နေသည့် အခြေအနေများသည် ကာလတိုအတွင်း



www.foreverspace.com.mm



ချက်ချင်းဖြစ်ပေါ်လာခြင်းမဟုတ်။ အရင်းအနှီးများစွာကို ပေးဆပ်ခဲ့ရသည်။ နိုင်ငံအတွင်းလှုပ်ရှားမှုများစွာကို ဆောင်ရွက်ခဲ့ရသည်။

ယင်းနှင့်ပတ်သက်၍ ကိုယ်တိုင်လည်း မသန်စွမ်းတစ်ဦးဖြစ်ပြီး မသန်စွမ်းနှင့်သက်ဆိုင်သောကိစ္စရပ်များကို အားတက်သရော လှုပ်ရှားဆောင်ရွက်နေသော ဦးနေလင်းစိုးက "ဒုတိယကမ္ဘာစစ်ပြီးတော့ ဂျပန်နိုင်ငံမှာ မသန်စွမ်းတွေ အရမ်းများလာတယ်။ မသန်စွမ်းတွေအတွက်ကို ပိုလုပ်လာရတယ်။ ၁၉၇၀ ပြည့်နှစ် ရိုကိုဟားမားမှာ အသက်၂ နှစ်အရွယ် စီပီ (သူငယ်နာအကြောတင်း) ဖြစ်နေတဲ့ ကလေးတစ်ယောက်ကို သူ့မိဘတွေက သတ်ပစ်လိုက်တယ်။ အဲဒီမှာ မသန်စွမ်းဖြစ်နေတဲ့လူတွေက မိဘတွေကို ဆန္ဒပြတောင်းဆိုမှုတွေ လုပ်လာတယ်။ အဲတော့ မသန်စွမ်းမှုကိစ္စတွေဟာ တစ်နိုင်ငံလုံးပျံ့သွားပြီး အစိုးရအနေနဲ့ ကြားဝင်ဆောင်ရွက်ပေးရတာမျိုးတွေ၊ ဥပဒေပြုပေးရတာမျိုးတွေ ဖြစ်လာတယ်။ အခုဆိုရင် လာမယ့် ၂၀၁၅ မှာ တစ်နိုင်ငံလုံး ရာနှုန်းပြည့် Barrier Free ဖြစ်ဖို့အထိကို ရည်မှန်းထားကြတယ်" ဟု အခြားနိုင်ငံများတွင် မသန်စွမ်းအရေး ဆောင်ရွက်နေကြပုံကို ပြောပြသည်။

"အခု လုပ်ငန်းစီမံချက်ဆောင်ရွက်ဖို့ဆိုတာကလည်း မသန်စွမ်းနဲ့ပတ်သက်ပြီး



အသိပညာပေးမှုတွေကိုပဲ အဓိကထားလုပ်သွားရဦးမယ်။ နိုင်ငံတော်အဆင့်ရောက်ဖို့ လိုတယ်။ ဥပဒေမထွက်မချင်း မရဘူး။ ဆက်လုပ်သွားရမယ်။ မသန်စွမ်းသူတွေ ကိုယ်တိုင်ပါဝင်ဖို့လိုတယ်" ဟု လက်ရှိရေးဆွဲပြီးခဲ့သော အမျိုးသားအဆင့် မသန်စွမ်းသူများဆိုင်ရာလုပ်ငန်းစီမံချက် ၂၀၁၀-၂၀၁၂ အပေါ် ဦးနေလင်းစိုးက ထောက်ပြသည်။

ယင်းသို့ဆိုလျှင် မသန်စွမ်းသူများနှင့်ပတ်သက်သည့် ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်ရရှိရေး၊ လူ့အသိုင်းအဝိုင်းတွင် တန်းတူပါဝင်ခွင့်ရရှိရေး စသည့်ရပိုင်ခွင့်များကို နိုင်ငံတော်အဆင့်ဥပဒေပြုထားသည့်အခြေအနေကိုရောက်ရန် အဆင့်ကျန်ရှိနေပေသေးသည်။ ယင်းအဆင့်သို့ရောက်ရန်အတွက်မှာလည်း အမျိုးသားအဆင့်မသန်စွမ်းသူများဆိုင်ရာ လုပ်ငန်းစီမံချက်သည် ပထမခြေလှမ်းဟုပင်ဆိုရမည်။ ထို့ကြောင့် လုပ်ငန်းစီမံချက်များ အကောင်အထည်အဖော်ရန်အတွက် လိုအပ်နေပါသေးသည်။

"ကျွန်တော်တို့ ဇွန်လပထမပတ်ထဲမှာ အမျိုးသားအဆင့် မသန်စွမ်းသူများနဲ့ဆိုင်တဲ့ လုပ်ငန်းစီမံချက်တွေကို အကောင်အထည်ဖော်ဖို့ Working Group ကိုဖွဲ့ပြီးသွားပြီ။ နောက်ထပ် အမာခံ Care Group ဖွဲ့ဖို့ပဲကျန်ပါတော့တယ်။ ဒီနှစ်ထဲမှာ အပြီးဖွဲ့သွားမှာပါ။ Working Group မှာတော့ အစိုးရဌာနဆိုင်ရာတွေ၊ ပြည်တွင်း ပြည်ပ NGO အဖွဲ့တွေ၊ အလှူရှင်တွေပါတယ်" ဟု Dr.Mike က လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်ရာတွင် အဓိကကျသော အဖွဲ့ဖွဲ့ခြင်းအကြောင်းကို ပြောဆိုသည်။



## အကြံပြုချက်များ

အင်းလျားလိတ်ဟိုတယ်တွင် ကျင်းပ

www.foreverspace.com.mm




ခဲ့သော National Plan of Action နှင့် ဆက်ဆိုင်သည့်ဆွေးနွေးပွဲတွင် အမျိုးသားအဆင့် မသန်စွမ်းသူများဆိုင်ရာ လုပ်ငန်းစီမံချက်နှင့် ပတ်သက်၍ အကြံပြုချက်များလည်းရှိခဲ့သည်။ ယင်းအကြံပြုချက်များတွင် တညီတညွတ်တည်း ထောက်ပြဆွေးနွေးကြသည့်အချက်မှာ မသန်စွမ်းအဖွဲ့အစည်းများအနေဖြင့် ယင်းတို့၏လုပ်ရှားဆောင်ရွက်မှုနှင့်ပတ်သက်၍ မည်သည့်အချိန်၊ မည်သည့်နေရာနှင့် မည်ကဲ့သို့သောအကူအညီပေးလုပ်ရှားဆောင်ရွက်ခဲ့သည်ကို မှတ်တမ်းပြု၍ လူမှုဝန်ထမ်းဦးစီးဌာနသို့ ပုံမှန်အစီရင်ခံပေးရခြင်းနှင့် မသန်စွမ်းအဖွဲ့အစည်းများအနေဖြင့် ယင်းတို့၏ လှုပ်ရှားဆောင်ရွက်မှုတို့အတွက် ကုန်ကျမည့်ကုန်ကျစရိတ်ကို မိမိဘာသာကျခံရခြင်းစသည့်အကြောင်းအရာများပင် ဖြစ်သည်။

"အကူအညီတွေလုပ်ဖို့ လိုအပ်တဲ့ငွေအတွက်ကတော့ အလှူရှင်တွေ ရှိပါတယ်။ ဒီအလှူငွေတွေကို တကယ်အလုပ်လုပ်နေတဲ့အဖွဲ့အစည်းတွေကို ပေးသွားမယ်လို့တော့ စီစဉ်ထားပါတယ်" ဟု ဒေါက်တာမိုက်က ပြောကြားသည်။

မြန်မာနိုင်ငံတွင် မသန်စွမ်းသူများနှင့်ပတ်သက်သည့် လှုပ်ရှားဆောင်ရွက်မှုများသည် လွန်ခဲ့သည့်ခုနစ်နှစ်ခန့်က တစ်ဖွဲ့ချင်း၊ တစ်ဦးချင်းစီသာဆောင်ရွက်ခဲ့ရာမှ ယခုအခါအဖွဲ့အစည်းများချိတ်ဆက်၍ အမျိုးသားအဆင့်အဖြစ် ဆောင်ရွက်သွားကြတော့မည် ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် လူပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ပါဝင်လာစေရန် ပညာပေးစည်းရုံးသည့်စနစ်ဖြင့်သာ လုပ်ဆောင်သွားရမည် ဖြစ်သည်။ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်များအောင်မြင်မှသာလျှင် နိုင်ငံတော်အဆင့်တွင် မသန်စွမ်းသူများအတွက် ဥပဒေပြုပေးနိုင်မည့် အလားအလာများရှိနေခြင်းဖြစ်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်အောင်မြင်ရန်အတွက်မှာလည်း လူအများမည်မျှစိတ်ဝင်စားပါဝင်မည်ဆိုသည့် အပေါ်တွင် မူတည်နေပေသည်။

"မြန်မာလူမျိုးတွေရဲ့ဓလေ့စရိုက်က လူထုအခြေပြုလုပ်ငန်းတွေလုပ်ရင် အောင်မြင်နိုင်တဲ့အခြေအနေတွေ အများကြီးရှိပါတယ်။ အခု အမျိုးသားအဆင့် မသန်စွမ်းစီမံချက်မှာလည်း လူထုအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းကို အဓိကအားပြု



www.foreverspace.com.mm



ဆောင်ရွက်သွားမယ်ဆိုတော့ အောင်မြင်နိုင်မယ်လို့ အများကြီးမျှော်လင့်လို့ရပါတယ်"ဟု ဒေါက်တာမိုက်က ယင်းစီမံချက်အောင်မြင်နိုင်မည့်အလားအလာကို ရှင်းပြသည်။

မြန်မာနိုင်ငံတစ်ဝန်း လူမှုဝန်ထမ်းဦးစီးဌာနနှင့် TLMI တို့ ၂၀၀၉–၂၀၁၀ ပြည့်နှစ်အတွင်း ကောက်ယူခဲ့သောစစ်တမ်းတစ်ရပ်အရ မသန်စွမ်းသူ ၁ ဒသမ ၃ သန်း၊ ရာခိုင်နှုန်းအားဖြင့် မြန်မာနိုင်ငံလူဦးရေ၏ ၂ ဒသမ ၃၂ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်ပြီး ပြည်နယ်နှင့်တိုင်းအလိုက်ဆိုပါက ဧရာဝတီတိုင်းတွင် ၃ ဒသမ ၂၄ ရာခိုင်နှုန်း၊ ပဲခူးတိုင်းတွင် ၂ ဒသမ ၁၁ ရာခိုင်နှုန်း၊ ကရင်ပြည်နယ်တွင် ၁ ဒသမ ၇၁ ရာခိုင်နှုန်း၊ မကွေးတိုင်းတွင် ၁ ဒသမ ၃၈ ရာခိုင်နှုန်း၊ မန္တလေးတိုင်းတွင် ၁ ဒသမ ၄၁ ရာခိုင်နှုန်း၊ မွန်ပြည်နယ်တွင် ၂ ဒသမ ၅၂ ရာခိုင်နှုန်း၊ ရန်ကုန်တိုင်းတွင် ၂ ဒသမ ၇၆ ရာခိုင်နှုန်းရှိသည်။ ယင်းတို့ထဲတွင် မြန်မာတစ်နိုင်ငံလုံးတွင် ဧရာဝတီတိုင်း၌ မသန်စွမ်းသူ အများဆုံးတည်ရှိပြီး ယင်းမသန်စွမ်းသူအများစုမှာ လေဖြတ်သောကြောင့် မသန်စွမ်းဖြစ်ကြရကြောင်း မသန်စွမ်းသူများ၏ စစ်တမ်းကောက်ယူခဲ့သည့် အဖွဲ့တစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



အမျိုးသားအဆင့်မသန်စွမ်းသူများဆိုင်ရာ လုပ်ငန်းစီမံချက်အစီအစဉ်သည် မသန်စွမ်းအရေးကိစ္စများကို ဆောင်ရွက်နိုင်မည့် လမ်းပြမြေပုံတစ်ခုလည်းဖြစ်သည်။ ထို့ကြောင့် နည်းလမ်းလည်းရှိသကဲ့သို့ ပန်းတိုင်ကိုလည်း မြင်နေရပြီဖြစ်သည်။ သို့သော် ပန်းတိုင်က ဝေးနေသေးသည်။ ပန်းတိုင်သို့ အရောက်လှမ်းနိုင်ရန်အတွက်မှာ ဆွေးနွေးပွဲခန်းမအတွင်းရှိ အဖွဲ့အစည်းများအားလုံး မည်မျှပူးပေါင်း ပါဝင်နိုင်မည်ဆိုသည့်အချက်အပေါ်တွင်သာ မူတည်၍နေသည်။

## ရောင်နီသန်းချိန်

အချုပ်ဆိုရသော် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း မတိုက်ခတ်မီက မြန်မာနိုင်ငံတွင် မသန်စွမ်းနှင့်ပတ်သက်၍ မသန်စွမ်းအရေအတွက် မည်မျှရှိသည်မှအစ အသေးစိတ်အချက်အလက်မျိုး မရှိခဲ့ပေ။ သို့သော် နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက် ကောက်ယူခဲ့သော စာရင်းများအရ မသန်စွမ်းသူအရေအတွက်မှာ အများမျှော်လင့်ထားသည့် အရေအတွက်ထက်များ၍နေရာ မသန်စွမ်းအရေးကိစ္စမှာ တီဘီ၊ အေအိုင်ဒီအက်စ်၊ ငှက်ဖျား စသည့်ရောဂါတို့ ပပျောက်ရေး မြန်မာနိုင်ငံတွင်း ဆောင်ရွက်နေသကဲ့သို့ ဆောင်ရွက်ရတော့မည့်အခြေအနေသို့ရောက်ရှိလာကြောင်း သတိပေးလိုက်သကဲ့သို့ ဖြစ်လာသည်။ မြန်မာနိုင်ငံတွင်းရှိ မသန်စွမ်းသူများမှာ အလုပ်အကိုင်အခွင့်အလမ်း၊ ဘဝရပ်တည်နေထိုင်ရေး၊ ပတ်ဝန်းကျင်တွင် ဝင်ဆံ့ရေးတို့တွင် အဘက်ဘက်မှ အများနှင့် တန်းတူအခွင့်အရေးမရရှိဘဲ နိမ့်ကျလျက်ရှိသည်။ ယင်းတို့ကို တစ်စိတ်တစ်ပိုင်းဖြစ်ဖြစ် ဖြေရှင်းနိုင်မည့် အမျိုးသားအဆင့် မသန်စွမ်းသူများဆိုင်ရာ သုံးနှစ်စီမံချက် မေလအတွင်းထွက်ရှိ၍ အဖွဲ့အစည်းအသီးသီးမှ ဆောင်ရွက်ကြမည်ဆိုသောအခါ မသန်စွမ်းသူများအတွက် ရောင်နီသန်းချိန်ရောက်ရှိလာပြီဟု ဆိုရမည် ဖြစ်ပေသည်။

**ကျော်ဇေယျာထွန်း ၊ မြနှင်းအေး**



www.foreverspace.com.mm



# ရန်ကုန် ကုန်စည်ဈေးကွက်

နိုင်မင်းဝေ ၊ ဇာလီကျော်

## ကုန်စည်ဈေးကွက်

ကျောင်းဖွင့်ရာသီဖြစ်သည်နှင့်အညီ ကုန်စည်သယ်ယူပို့ဆောင်မှုလျော့နည်းပြီး အရောင်းအဝယ်အေးနေကြောင်း စားဖိုဆောင်သီးနှံဈေးကွက်တွင် ကြက်သွန်နီတစ်မျိုးသာဈေးကျနေပြီး ကျန်ကုန်စည်များဈေးမြင့်နေကြောင်း၊ အထူးသဖြင့် ရာသီဥတုဖောက်ပြန်မှုကြောင့် အာလူးသည် တစ်ပိဿာ ၁၂၅၀၊ ၁၂၈၀ ကျပ်အထိ မြင့်တက်ခဲ့ပြီး စံချိန်ချိုးနေကြောင်း၊ ပြည်ပပို့ကုန်ပဲမျိုးစုံဈေးကွက်မှာ သိသိသာသာအဝယ်လိုက်ပြီး တန်ချိန်ရာချီရောင်းရသည့် သီတင်းပတ်များရှိကြောင်း သက်ဆိုင်ရာလုပ်ငန်းရှင်များ၏အဆိုအရ သိရှိရသည်။

မိုးရွာလိုက်၍ အပူဒဏ်အနည်းငယ်လျော့ခဲ့သော်လည်း မီးပြတ်ကာလရှည်သဖြင့် မီးစက်သံများ ခါတိုင်းထက်ပိုညံနေသလို ခြင်၊ ယင်တို့ကိုလည်း ယပ်တောင်တဖျပ်ဖျပ်နှင့် မောင်းနေရသည်ကိုတွေ့မြင်ရသည်။

## မတ်ပဲအဝယ်လိုက်

ပြီးခဲ့သည့်လက ပဲတီစိမ်းရွှေဝါအဝယ်လိုက်ပြီး ဈေးမြင့်ခဲ့သော်လည်း ယခုမေလတွင် အိန္ဒိယပဲတင်ဒါခေါ်မည့်သတင်းများကြောင့် မတ်ပဲသိသိသာသာအဝယ်လိုက်လာပြီး ၁၀ ရက်ခန့်အတွင်း တန်ချိန်

www.foreverspace.com.mm



၅၀၀ ကျော်အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ပြည်ပသို့ပဲတင်ပို့ရောင်းချနေသူတစ်ဦးက ဆိုသည်။

SQRC မှာ အနည်းငယ်သာအဝယ်လိုက်၍ RC များသာအဝယ်လိုက်နေပြီး မေလကုန်တွင်မှ ဈေးပြန်ကျလာကာ အရောင်းအဝယ်နည်းပါးကြောင်း၊ ယခုနှစ်ပဲထွက်နှုန်းကောင်းပြီးဈေးရသဖြင့် ကုန်သည်များသာမက တောင်သူများပါ အဆင်ပြေနိုင်ကြောင်း ၎င်းကသုံးသပ်ပြောကြားသည်။

ဇွန်လဆန်းတွင် မတ်ပဲ RC တစ်တန် ၁,၀၂၀,၀၀၀၊ ၁,၀၂၃,၀၀၀ ကျပ်ခန့်၊ SQRC တစ်တန် ၁,၁၁၇,၀၀၀၊ ၁,၁၁၉,၀၀၀ ကျပ်နှင့် Raw ပိဿာ ၆၀ ဝင်တစ်အိတ် ၉၇၀,၀၀၀၊ ၉၉၀,၀၀၀ ကျပ်ခန့်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ပဲစင်းငုံနီတစ်တန် ၈၇၀,၀၀၀ ကျပ်ရှိပြီး ဈေးကျကာ အရောင်း 'အ' နေသကဲ့သို့ ပဲတီစိမ်း (ခရမ်းရွှေဝါ) တစ်အိတ် ၁၄၅,၀၀၀ ကျပ်ခန့်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ကုန်စည်ဒိုင်စာရင်းများအရ သိရှိရသည်။

## အာလူး ခါးဆက်ပြတ်နိုင်

မှတ်သုံဝင်ရောက်မှု တစ်လခန့်နောက်ကျသဖြင့် နှစ်စဉ် ဧပြီလကုန်တွင် စိုက်ပျိုးလေ့ရှိသော အာလူးမှာ မေလတတိယပတ်အထိ စိုက်ပျိုးမှုမရှိသေးသဖြင့် ပုံမှန်ထက် အာလူးအထွက် နောက်ကျနိုင်ကြောင်း၊ တစ်ပတ်အတွင်း အာလူးတစ်ပိဿာ ၇၈၀ ကျပ်မှ ၉၈၀ ကျပ်သို့ပြောင်းလဲခဲ့ပြီး တစ်ပိဿာ ၂၀၀ ကျပ်ခန့်မြင့်တက်ခဲ့ကြောင်း၊ ပြီးခဲ့သည့်နှစ်က အာလူးတစ်ပိဿာ ၈၀၀ ကျပ်ခန့်သာအမြင့်ဆုံးဖြစ်ခဲ့သော်လည်း ယခုနှစ်တွင် တစ်ပိဿာ ၁,၂၈၀ ကျပ်အထိရောက်ခဲ့ကြောင်း၊ လက်ရှိ ဟဲဟိုးအာလူးများ တစ်ရက်လျှင် ခုနစ်စီးအထိဝင်သော်လည်း အာလူးဈေးမကျသေးကြောင်း၊ ဇွန်လပထမပတ်တွင် အာလူးတစ်ပိဿာ အမြင့် ၁,၂၅၀ ကျပ်၊ အနိမ့် ၁,၀၀၀ ကျပ်ခန့်ရှိကြောင်း စားဖိုဆောင်သီးနှံဈေးကွက်အတွင်းမှ သိရှိရသည်။

## မျှော်လင့်ချက်မဲ့ ကြက်သွန်နီ

ဘုရင့်နောင် စားဖိုဆောင်သီးနှံဈေးကွက်သို့ ကြက်သွန်ကားအစီး ၂၀ ခန့် ပုံမှန်ဝင်ရောက်နေပြီး ပိဿာချိန်အားဖြင့် နှစ်သိန်းကျော်ခန့်ရှိသဖြင့် ဝယ်လိုအားထက် ပိုလျှံနေ၍ ကြက်သွန်များ ဈေးမရတော့ကြောင်း၊ ပြည်ပတင်ပို့ခွင့်မရှိသဖြင့် ကြက်သွန်ကုန်သည်များ၊ တောင်သူများအတွက် မျှော်လင့်ချက်မရှိတော့ကြောင်း၊ ထိုင်းနယ်စပ်မှတစ်ဆင့် ရောင်းမည်ဆိုလျှင်လည်း ထိုင်းပြည်တွင်း မငြိမ်မသက်မှုများကြောင့် ဝယ်မည့်အနေအထားမရှိကြောင်း၊ လက်ရှိကြက်သွန်နီအမြင့်တစ်ပိဿာ ၂၅၀ ကျပ်၊ အနိမ့် ၁၄၀ ကျပ်ခန့်ရှိကြောင်း ကုန်စည်ဒိုင်စာရင်းများအရ သိရှိရသည်။

## ကြူကုပ်အသစ်ပေါ်ခါနီး

ရှမ်းပြည်တောင်ပိုင်း အောင်ပန်းမှ ကြက်သွန်ဖြူများဝင်ရောက်နေသော်လည်း ဈေးမြင့်နေကြောင်း၊ ကြူကုပ်ကြက်သွန်နီ အသစ်မပေါ်သေး၍ ဈေးတက်နေသေးကြောင်း၊ လာမည့်လဆိုလျှင် ကြူကုပ်အသစ်ပေါ်လာနိုင်ကြောင်း၊ ပိဿာ ၃၀ ဝင် ရှမ်းကြက်သွန်ဖြူအိတ် ၃၀၀/၄၀၀ ခန့် နေ့စဉ်ဝင်ရောက်နေပြီး ဇွန်လ ပထမပတ်တွင် အနိမ့်တစ်ပိဿာ ၁,၉၀၀ ကျပ်၊ အမြင့် ၂,၄၀၀ ကျပ်၊ ကြူကုပ်ကြက်သွန်ဖြူတစ်ပိဿာ ၃,၅၀၀ မှ ၃,၇၀၀ ကျပ်အထိရှိကြောင်း ဘုရင့်နောင်ပွဲရုံ ၄ဝါလမ်းမှ ကြက်သွန်ဖြူရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။



www.foreverspace.com.mm

## မြစ်ပင်ရွက်

မြစ်ဝကျွန်းပေါ်ဒေသထွက် ငရုတ်သီးများ ဘုရင့်နောင်သို့ဝင်ရောက်နေပြီး ဈေးအေးနေကြောင်း၊ ငရုတ်အပုမှာ အသစ်မပေါ်သေး၍ လက်ကျန်ကိုရောင်းနေရကြောင်း၊ နေ့စဉ် ငရုတ်အိတ် ၁,၀၀၀ ခန့် ပုံမှန်ဝင်ရောက်နေပြီး ငရုတ်အရှည် တစ်ပိဿာ ၁,၆၀၀၊ ၁,၈၀၀ ကျပ်၊ ငရုတ်အပု ၃,၀၀၀၊ ၅,၀၀၀ ကျပ်ခန့်ရှိကြောင်း စားဖိုဆောင်သီးနှံဈေးကွက်အတွင်းမှ သိရှိရသည်။

## ပဲဆီဈေးမြင့်

ရာသီဥတုဖောက်ပြန်မှုကြောင့် မြေပဲဆန် အထွက်နည်းချိန်တွင် မြေပဲဆန်များ နယ်စပ်ကုန်သွယ်ရေးမှ စီးထွက်မှုပမာဏများသဖြင့် ကုန်ကြမ်းမြေပဲဆန်ဈေးမြင့်၍ ပဲဆီဈေးသည် တစ်ပိဿာ ၄,၃၀၀ ကျပ်အထိဖြစ်လာကြောင်း၊ စားအုန်းဆီကန် အသစ်ရွှေ့ပြောင်းမှုကြောင့် ဆီလက်ကားဈေးကွက်သို့ ဆီဝင်ရောက်မှုနည်းပါးနေပြီး မတ်လဆန်းက တစ်ပိဿာ ၁,၈၃၅ ကျပ်သာရှိသော စားအုန်းဆီဈေးနှုန်းသည် ဇွန်လဆန်းတွင် ၁,၉၀၀ ကျပ်အထိမြင့်လာကြောင်း၊ ဘဏ်သွင်းဈေးမှာမူ တစ်ပိဿာ ၁,၆၄၆ ကျပ်ခန့်ရှိပြီး နယ်စပ်မှဝင်ရောက်သည့်ပုံးဝါဆီမှာ တစ်ပုံး ၁၉,၀၀၀ မှ ၂၀,၅၀၀ ကျပ် ဖြစ်လာကြောင်း ၄ဝါလမ်းမှ ဆီလက်ကားကုန်သည်ကြီးတစ်ဦးက ပြောကြားသည်။

## ဒီဇယ်ဈေးကျ

နိုင်ငံတကာရေနံဈေးနှုန်းများ ကျဆင်းမှုနှင့် ပြည်တွင်းပုဂ္ဂလိကဆီများ လွတ်လပ်စွာရောင်းချခွင့်ကြောင့် ဒီဇယ်ဈေးနှုန်းကျဆင်းလာကြောင်း၊ ကုန်ရှားပါးမှုကြောင့် ကုန်ကား တန်ဆာခများလည်းကျဆင်းပြီး ကုန်အဝင်အထွက်နည်းပါးနေကြောင်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

မေလဆန်း ဒီဇယ်တစ်ပီပါ ၁၇၉,၀၀၀ ကျပ်မှ မေလကုန်တွင် ၁၄၃,၀၀၀ ကျပ်အထိ ကျဆင်းလာခဲ့သည်။

## ညောင်ပင်လေးပလာဇာဈေးကွက်

ကျောင်းဖွင့်ရာသီသို့ရောက်ရှိလာပြီဖြစ်သဖြင့် ပုံမှန်အားဖြင့် အရောင်းပါးသွားလေ့ရှိတတ်သောကာလ ဖြစ်သည်။

ထို့အတူ ပလာဇာအတွင်းသို့ ပြည်တွင်း၊ ပြည်ပမှ ပစ္စည်းဝင်ရောက်မှုမှာလည်း ပုံမှန်အတိုင်းရှိနေကြောင်း၊ ယခုလလယ်ပိုင်းအထိ ထိုင်းနိုင်ငံရေးပြဿနာများ ဖြစ်ပွားနေခဲ့သော်လည်း ယင်းကြောင့် ထိုင်း–မြန်မာ နယ်စပ်ကုန်သွယ်ရေးကို ကြီးကြီး



www.foreverspace.com.mm



မားမားထိခိုက်မှုရှိခဲ့ဘဲ ပစ္စည်းများ ပုံမှန်ဝင်ရောက်ခဲ့ကြောင်း ယင်းပလာဇာပထမထပ်ရှိ ထိုင်းနိုင်ငံထုတ်စားသောက်ကုန်ပစ္စည်းများ တင်သွင်းရောင်းချသည့် လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ၏ အကြီးဆုံးလက်ကားဈေးဖြစ်သည့် မင်္ဂလာဈေးတွင် မေလ ၂၄ ရက်နေ့က မီးလောင်မှုဖြစ်ပွားခဲ့သော်လည်း စားသောက်ကုန်များ အဓိကရောင်းချခြင်းမရှိသည့်အတွက် ပြည်တွင်းအချိုရည်နှင့် စားသောက်ကုန်ပစ္စည်းဈေးကွက်ကို ထိခိုက်မှုမရှိကြောင်း စားသောက်ကုန်ပစ္စည်းများ ရောင်းချသည့်လုပ်ငန်းရှင်အချို့ကဆိုသည်။



## အချိုရည်ဈေးကွက် အပူကြောင့် ဆက်

ယခုနှစ်တွင် အယ်လ်နီညိုရာသီဥတုကြောင့် မြန်မာနိုင်ငံတစ်ဝန်း (စံချိန်တင်) အပူဒဏ်ကိုခံစားရရာ ပူပြင်းသည့်ရာသီဥတုတွင်အလုပ်ဖြစ်သည့် ရာသီစာအချိုရည်တို့ အရောင်းအဝယ်သွက်ခဲ့သည်။ နွေရာသီတွင်သာ အလုပ်များများဖြစ်သည့် အချိုရည်ဈေးကွက်မှာ ပုံမှန်အားဖြင့် မိုးရာသီသို့ဝင်ရောက်ပြီး ကျောင်းဖွင့်ရာသီစတင်သည့်အချိန်တွင် အရောင်းအဝယ်များ အေး၍ ကျဆင်းသွားတတ်သည်။ သို့သော် ယခုနှစ်တွင်မူ မိုးရာသီသို့ဝင်ရောက်၍ မြန်မာတစ်နိုင်ငံလုံးသို့ မုတ်သုံစတင်ဝင်ရောက်သော ဇွန်လပိုင်းကုန်ချိန်အထိ အပူရှိန်မကုန်သေးသည့်အတွက် အချိုရည်အရောင်းအဝယ် ဆက်လက်ရှိနေဆဲဖြစ်ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။


ယခုဇွန်လဆန်းအတွင်း လျှပ်စစ်မီးပြတ်တောက်မှုများကြောင့် ပြည်တွင်းထုတ်အချိုရည်အချို့ တစ်ကတ်လျှင် ၁၀၀ ကျပ်ခန့်ဈေးတက်သွားခဲ့ပြီး J Cup အချိုရည်မှာမူ တစ်ကတ်လျှင် ၅၀ ကျပ်ခန့်သာ တက်သွားခဲ့ကြောင်း၊ သို့ရာတွင် တစ်ကတ်လျှင် ကျပ် ၅၀၊ ၁၀၀ သာတက်ခြင်းကြောင့် သိသာမှုမရှိကြောင်း၊ ဈေးကွက်အတွင်းသို့ ပစ္စည်းဝင်ရောက်မှုမှာလည်း ပုံမှန်ပြန်လည်ရရှိနေပြီဖြစ်ကြောင်း အချိုရည်လက်ကားရောင်းချနေသူတစ်ဦးက ရှင်းပြသည်။

ပြည်ပထုတ်အချိုရည်ဈေးကွက်တွင်မူ 100 Plus ပစ္စည်းပြတ်လျက်ရှိနေပြီး ကျန်အချိုရည်များ ပုံမှန်ဝင်ရောက်လျက်ရှိကာ ဈေးနှုန်းပုံမှန်ရှိနေကြောင်း ညောင်ပင်လေးပလာဇာပထမထပ်ရှိ ပြည်ပအချိုရည် တင်သွင်းရောင်းချသူတစ်ဦးက ဆိုသည်။

## ကော်ဖီမစ်

ပြည်တွင်းထုတ်အသင့်ဖျော်ကော်ဖီမစ်လုပ်ငန်းများသည် အမယ်စုံထုတ်လုပ်၍ ဈေးကွက်ထိုးဖောက်လျက်ရှိသည့်အပြင် နည်းမျိုးစုံအသုံးပြု၍ မကြာခဏအရောင်းမြှင့်တင်လေ့ရှိနေကြောင်း ညောင်ပင်လေးပလာဇာဈေးကွက်အတွင်း အဆိုပါ စားသောက်ပစ္စည်းများ တင်သွင်းရောင်းချသူတို့ထံမှ သိရသည်။

ယခုမိုးရာသီသို့ရောက်ရှိလာသည့် ဇွန်လဆန်းရက်များတွင် အထုပ်ပိုပေးခြင်း၊ ထီးလက်ဆောင်ပေးခြင်း စသည်ဖြင့် အရောင်းမြှင့်တင်ဆောင်ရွက်နေသော်လည်း



www.foreverspace.com.mm

ဈေးကွက်အပြောင်းအလဲမရှိကြောင်း အဆိုပါဈေးကြီး ပထမထပ်ရှိ အရန်သင့် စားသောက်ကုန်များရောင်းချလျက်ရှိသူတစ်ဦးက ဆိုသည်။

ပြည်ပမှဝင်သည့် အသင့်ဖျော်ကော်ဖီမစ်ဈေးကွက်တွင် ယခုအခါ CAPPU-CCINO များမှာ ရောင်းအားပိုမိုလာပြီး အထုပ် ၂၀ ပါ Rich အမှတ်တံဆိပ်မှာ ၁,၉၀၀ ကျပ်သာရှိသဖြင့် ဈေးကွက်တွင် ရောင်းအား အနည်းငယ် အသာစီးရနေကြောင်း ၎င်းထံမှ သိရသည်။

## လှိုင်းငြိမ်သွားတဲ့နို့ဆီ

မတ်လနှင့် ဧပြီလအတွင်းက အတက်အကျများဖြင့် လှိုင်းထနေခဲ့သော နို့ဆီဈေးနှုန်းများမှာ ယခုအခါ တည်ငြိမ်သွားပြီဖြစ်ကြောင်း ညောင်ပင်လေးပလာဇာဈေးကွက်အတွင်းမှ သိရသည်။ မေလ ၂ ရက်နေ့က သိရှိရသည့်ဈေးနှုန်းများအရ Dawn နို့ဆီမှာ ၆၅၅ ကျပ်၊ One Tea ၆၃၀ ကျပ်၊ UK ၅၈၅ ကျပ်စသည်ဖြင့် အသီးသီး ပေါက်ဈေးရှိနေသည်။

## ဈေးလျှော့သွားတဲ့ ရွှေဝါ

သင်္ကြန်ကာလပြီးချိန်မှစ၍ အရောင်းကျဆင်းသွားသည့် ရွှေဝါဆပ်ပြာတောင့်များမှာ ယခင်က အတောင့် ၈၀ ပါ တစ်ဖာ



လျှင် ၁၆,၀၀၀ ကျပ်ရှိရာမှ ယခု ဇွန်လဆန်းရက်များတွင် ၁၅,၈၀၀ ကျပ်သို့ နိမ့်ဆင်းခဲ့သည်။ ပြီးခဲ့သည့်လက ရခိုင်ဘက်မှ အဝယ်လိုက်ခဲ့သော်လည်း ယခုအခါ ရာသီဥတုကြောင့် သင်္ဘောအထွက်နည်းသည့်အတွက် အဝယ်လျော့ပါးသွားခဲ့ခြင်းဖြစ်နိုင်ကြောင်း ညောင်ပင်လေးပလာဇာရှိ ဆပ်ပြာလက်ကားဖြန့်ဖြူးသူတစ်ဦးက ဆိုသည်။

လက်ရှိတွင် ဆပ်ပြာအရောင်းအေးနေပြီး ဈေးနှုန်းများလည်း ငြိမ်နေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

## ကျဈေးမျှော် သကြား

နိုင်ငံတကာသကြားဈေးကွက်တွင် ဈေးနှုန်းများ ကျဆင်းနေသော်လည်း ပြည်တွင်းသကြားဈေးမှာ ပြည်ပပေါက်ဈေးထက်သာလွန်လျက်ရှိနေသေးကြောင်း ဘုရင့်နောင်ပွဲရုံရှိ သကြားလုပ်ငန်းရှင်များထံမှ သိရသည်။



ဇွန်လ ၂ ရက်နေ့က သိရှိရသည့် ပေါက်ဈေးများအရ ထိပ်စမှာ ၁,၂၃၀ ကျပ်တွင်ရှိနေပြီး အောက်စမှာလည်း ၁,၂၀၀ ကျပ်ဝန်းကျင်တွင်ရှိနေသည်ဟု ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ယင်းကဲ့သို့ ပေါက်ဈေးများ မြင့်မားနေခြင်းကြောင့် သကြားအရောင်းအဝယ်အလွန်ပါးနေကြောင်းလည်း ဘုရင့်နောင်ပွဲရုံရှိ သကြားလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

"ကျွန်တော်တို့ကတော့ အမြတ်နည်းနည်းနဲ့ ကုန်များများထွက်တာကို လိုချင်တယ်" ဟုလည်း သကြားရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ၎င်း၏သဘောထားကို ပြောပြသည်။

သကြားကုန်ကြမ်းဖြစ်သည့် ပွက်ရည်ဈေးနှုန်းမှာ ၇၂၀ ကျပ်ဝန်းကျင်တွင် ရှိနေကြောင်း၊ ကုန်ကြမ်းရှားပါးခြင်း၊ အသစ်ထွက်ရှိရန်အချိန်လိုသေးခြင်းတို့ကြောင့် လတ်တလောတွင် ကုန်ကြမ်းလှောင်လက်များမှထိန်းထားသည့်အတွက် သကြားဈေးမှာ အရောင်းအဝယ်ပါးနေသော်လည်း အမြင့်ဈေးတွင်ငြိမ်နေခြင်းဖြစ်ကြောင်း သကြားဈေးကွက်အတွင်းမှ သိရသည်။

သကြားဈေးကွက်တွင် ဇွန်လနှင့် ဇူလိုင်လတို့၌ အရောင်းအဝယ်ပုံမှန်ကျဆင်းလေ့ရှိပြီး မိုးရာသီတွင် နယ်မှလည်း ဝယ်ယူမှုလျော့နည်းသွားတတ်ကြောင်း၊ လက်ရှိတွင် အရောင်းအဝယ်မှာ ယခင်ကထက် ထက်ဝက်ခန့်ကျဆင်းနေကြောင်း သကြားပွဲရုံပိုင်ရှင်တစ်ဦးက ဆိုသည်။

အညာဒေသဘက်တွင် မိုးကောင်းခဲ့လျှင်မူ ထန်းလျက်အထွက်ကောင်း၍ သကြားဈေးကျဆင်းသွားနိုင်ဖွယ်ရှိကြောင်းနှင့် ပြည်ပမှသကြားများ ဝင်ရောက်လာပါကလည်း ပြည်တွင်းသကြားဈေးကွက်အတွင်း သကြားဈေးနှုန်းများ ကျဆင်းသွားနိုင်မည်ဖြစ်ကြောင်း သကြားလုပ်ငန်းရှင်အချို့က သုံးသပ်ပြောကြားသည်။

**နိုင်မင်းဝေ ၊ ဇာလီကျော်**

■

www.foreverspace.com.mm

# “အပြင်မှာ ဖန်တီးလို့မရတဲ့ စိတ်ကူးယဉ်ဆန်ဆန် ရိုက်ချက်မျိုးတွေမှာ သုံးတယ်”

## ‘နတ်ဖြစ်ရတဲ့ဒုက္ခ’ မြန်မာရုပ်ရှင်ဇာတ်ကားတွင် ပထမဆုံးအကြိမ် 3D Animation ပြုလုပ်ဖန်တီးခဲ့သူ ဦးနေလင်းထွန်းနှင့် တွေ့ဆုံခြင်း

နွယ်နွယ်

**မြန်မာ့ရုပ်ရှင်လောကတွင် ပထမဦးဆုံးအကြိမ် 3D Animation ပြုလုပ်ဖန်တီးချက်များဖြင့် ရုံတင်ပြသခဲ့သော ‘နတ်ဖြစ်ရတဲ့ဒုက္ခ’ ရုပ်ရှင်ဇာတ်ကား၌ ‘အဆိုပါ 3D Animation ပြကွက်များ ပြုလုပ်ဖန်တီးခဲ့သူ ဦးနေလင်းထွန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။**

**L.C ။ ။ ‘နတ်ဖြစ်ရတဲ့ဒုက္ခ’ ဇာတ်ကားအတွက် Animation ထည့်ပြီး ရိုက်ကူးဖြစ်ခဲ့ပုံကို သိရပါစေ။**

**UNLT ။ ။** ဒီ ‘နတ်ဖြစ်ရတဲ့ဒုက္ခ’ ဇာတ်ကားက ပန်းချီရဲမာန်ရဲ့ရုပ်ပြကို ရုပ်ရှင်ရိုက်ဖို့အတွက် စီစဉ်ကြတာဆိုတော့ နတ်တွေ တန်ခိုးပြတဲ့အခန်းတို့၊ အပြင်မှာ ဖန်တီးလို့မရတဲ့ ရိုက်ကွက်မျိုးတွေကို 3D Animation ထည့်ရိုက်ကြဖို့အတွက် စီစဉ်ခဲ့ကြတာပါ။

**L.C ။ ။ ခုဖန်တီးခဲ့တဲ့ 3D Animation နဲ့ 3D ရုပ်ရှင်နဲ့ ဘယ်လိုကွာခြားလဲ။**



**UNLT ။ ။** ဒီမှာက 3D ဆိုရင် 3D မျက်မှန်နဲ့ကြည့်ရတာလို့ ထင်နေတယ်။ အမှန်က 3D က နှစ်မျိုးကွဲပြားပါတယ်။ ရိုးရိုး 3D Animation ဖန်တီးချက်နဲ့ 3D မျက်မှန်နဲ့ကြည့်တဲ့ 3D ရုပ်ရှင်၊ အမှန်က Sterey Scopic အမြင်ဆိုင်ရာလှည့်စားချက်ပေါ့။ အခု ဖန်တီးထားတဲ့ ရိုးရိုး 3D Animation က မျက်မှန်နဲ့ကြည့်လို့မရပါဘူး။ ဒီမှာ မျက်မှန်နဲ့ကြည့်လို့ရတဲ့ 3D ရုပ်ရှင် မထွက်သေးပါဘူး။ အဓိကတော့ နည်းပညာပိုင်းနဲ့ ကင်မရာက အားနည်းနေသေးတယ်။ သုံးနေတဲ့ဆော့ဖ်ဝဲကတော့ အတူတူတွေပါပဲ။ မြန်မာရုပ်ရှင်တွေထဲမှာတော့ 3D Animation ဖန်တီးချက်ထည့်ထားတဲ့ဇာတ်ကားက ဒါ ပထမဆုံးပါ။

**L.C ။ ။ 3D Animation ထည့်ရိုက်တဲ့အတွက် ဇာတ်ကားရဲ့အချိန်ကြာမြင့်မှုနဲ့ ကုန်ကျစရိတ်အနေအထားကို ပြောပြပေးပါလား။**

**UNLT ။ ။** 3D Animation ထည့်ရိုက်လိုက်လို့ မူလရုပ်ရှင်ဇာတ်ကားရဲ့ ပြီးစီးတဲ့အချိန်က ပိုကြာသွားတယ်ဆိုတာမရှိပါဘူး။ ဖလင်နဲ့ရိုက်နေတဲ့အချိန်မှာပဲ 3D Animation ထည့်ရိုက်သွားတယ်။ ဖလင်တည်းဖြတ်တဲ့အချိန်မှာ 3D ကိုလည်း တစ်ခါထဲတည်းဖြတ်ပြီး နောက်ဆုံးဖလင်ပေါ်ကို ပြန်တင်ပေးရတယ်။ Animation အတွက်ကို တစ်ရက်သက်သက် စတူဒီယိုခန်းထဲမှာ သီးသန့်ရိုက်ရတယ်။ ဇာတ်ကားနဲ့ပတ်သက်တဲ့နေရာအနေအထားကို သီးသန့် Animation လုပ်ပြီး ထည့်တယ်။ ရိုက်မယ့်မင်းသား၊ မင်းသမီးကလွဲရင်ပေါ့။ ကုန်ကျစရိတ်ကတော့ 3D Animator ဖန်တီးတဲ့အပေါ်မှာ အနုပညာကြေးတို့ ဘာတို့လောက်တော့ ရှိပါတယ်။

**L.C ။ ။ Animation ဖန်တီး**

www.foreverspace.com.mm



## ကိုယ်ရေးအကျဉ်း

| | | |
|---|---|---|
| အမည် | – | ဦးနေလင်းထွန်း |
| မွေးသက္ကရာဇ် | – | ၁၇–၁၀–၁၉၇၉ |
| အနုပညာလုပ်ရှားမှု | – | ၂၀၀၅ ခုနှစ်တွင် ယဉ်ကျေးမှုတက္ကသိုလ်ရန်ကုန်မှ B.A(Music) ဘွဲ့ရရှိခဲ့၊<br>၂၀၀၅ ခုနှစ်မှစတင်၍ ဗီဒီယို၊ တေးသီချင်းနောက်ခံတီးခတ်ခဲ့။<br>၂၀၀၆ ခုနှစ်တွင် ဗီဒီယိုတည်းဖြတ်ခြင်းနှင့် Animation ဖန်တီးချက်ကို စတင်လေ့လာခဲ့။<br>၂၀၀၉ ခုနှစ်တွင် 'နတ်ဖြစ်ရတဲ့ဒုက္ခ' ရုပ်ရှင်ကို 3D Animation ဖန်တီးခဲ့။ |
| လိပ်စာ | – | AIM PAGE Media<br>အမှတ် ၁၈၂၊ ဒုတိယထပ်၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ |

**ထားတဲ့ မြန်မာ့ရုပ်ရှင်ဇာတ်ကားတွေ နိုင်ငံခြားဈေးကွက်အထိ ထိုးဖောက်သွားဖို့ရှိလား။**

**UNLT ။ ။** တခြားမျှော်မှန်းချက်တော့မရှိပါဘူး။ မြန်မာ့ရုပ်ရှင်မှာလည်း ဒီလိုဖန်တီးချက်တွေလုပ်လို့ရတယ်ဆိုတာ ပရိသတ်ကို ထူးထူးခြားခြားလေး တင်ဆက်ပေးချင်တာပဲ ရှိပါတယ်။ နိုင်ငံတကာမှာတော့ အမြင်ဆိုင်ရာအထူးပြုလုပ်ချက်မပါတဲ့ ဇာတ်ကားက အတော်နည်းပါတယ်။ ဒီမှာတော့ သိပ်မတွေ့ရသေးဘူး။

**L.C ။ ။ ခုဖန်တီးထားတဲ့ဇာတ်ကားကိုရော မြန်မာ့ရုပ်ရှင်ပရိသတ် လက်ခံနိုင်တဲ့အနေအထားမျိုးလို့ ထင်လား။**

**UNLT ။ ။** Animation က မြန်မာလူထုနဲ့ သိပ်မစိမ်းပါဘူး။ အင်ဂျင်နီယာလုပ်ငန်းတွေ၊ ဗိသုကာနဲ့ဆိုင်တဲ့ကိစ္စတွေမှာ သုံးနေကြတာတွေ့ရတယ်။ ဒီဇာတ်ကားတွေထွက်လာပြီးနောက်ပိုင်းမှာ လူတွေ ပိုသိသွားတယ်။ အရင်က စိမ်းနေသေးပေမယ့် ခုနောက်ပိုင်း ပိုလက်ခံလာမယ်ထင်တယ်။ အတော်များများ စိတ်ဝင်တစားနဲ့မေးတယ်။ သင်တန်းတက်ချင်တဲ့သူနဲ့ ကုမ္ပဏီတွေကလည်း စပြီးဆက်သွယ်လာကြတယ်။

**L.C ။ ။ Animation အတွက် လိုအပ်တဲ့ဆော့ဖ်ဝဲလ်နဲ့ ပစ္စည်းတွေကို ဘယ်ကနေအသုံးပြုပါသလဲ။**

**UNLT ။ ။** ဆော့ဖ်ဝဲလ်ကတော့ လောလောဆယ်မှာ အခကြေးငွေမပေးရသေးတဲ့ 3d Studio Max ဆော့ဖ်ဝဲလ်ပါ။ အဲဒါကို သုံးနေပါတယ်။ တခြားလိုအပ်တဲ့ပစ္စည်းတွေ၊ နောက်ခံတွေကို Animation ဆွဲပါတယ်။ ဆော့ဖ်ဝဲလ်က လောလောဆယ်မှာ ဝယ်သုံးဖို့ဆိုတာ မဖြစ်နိုင်သေးပါဘူး။ ကုမ္ပဏီကတစ်ဆင့် လိုင်စင်နဲ့ဝယ်တာမျိုး၊ အပြင်မှာ အလွတ်ဝယ်လို့ရတဲ့ ဆော့ဖ်ဝဲလ်မျိုးတွေက သုံးဖို့မလွယ်သေးပါဘူး။ တခြားဆော့ဖ်ဝဲလ်တွေကိုတော့ ဝယ်သုံးသွားဖို့ရှိပါတယ်။

**L.C ။ ။ လက်ရှိရုပ်ရှင်ဈေးကွက်ရဲ့အနေအထားကိုရော သိလို့ရမလား။**

**UNLT ။ ။** ဗီဒီယိုထက်စာရင် ခုနောက်ပိုင်းမှာ ရုပ်ရှင်ကတော့ အခြေအနေကောင်းပါတယ်။ ပရိသတ်လည်းရှိနေသေးတယ်ဆိုတော့ ဆက်သွားနေဦးမှာပဲလို့ထင်တယ်။

**L.C ။ ။ မြန်မာနိုင်ငံအနေနဲ့ရော အမြင်ဆိုင်ရာအထူးပြုလုပ်ချက်ပါတဲ့ဇာတ်ကားတွေကို ဘာကြောင့်မသုံးဖြစ်ကြသေးတာလဲ။**

**UNLT ။ ။** ဒီမှာက သိပ်မတွင်ကျယ်သေးဘူး။ ဇာတ်လမ်း ဇာတ်ကွက်အရ အပြင်ထွက်ရိုက်လို့ရရင် ရိုက်လိုက်တယ်။ 3D Animation လုပ်ပြီးဆွဲထည့်ရအောင် ဇာတ်လမ်းအတွက် မလိုအပ်သေးတာလည်း ပါတယ်။

**L.C ။ ။ နိုင်ငံခြားဇာတ်ကားတွေမှာ Animation မပါဘဲရိုက်တဲ့ဇာတ်ကား မရှိသလောက်နည်းတယ်ဆိုတာကိုရော ရှင်းပြပေးပါလား။**

**UNLT ။ ။** 3D ဖန်တီးချက်က လူတင်မဟုတ်ပါဘူး။ နောက်ခံကားတွေမှာလည်း အဓိကအသုံးပြုနိုင်တယ်။ ရှေးဟောင်းမြို့လိုနောက်ခံဖန်တီးချက်တွေဆို အတုလုပ်ပြီး ဖန်တီးရေးဆွဲထည့်ထားနိုင်တဲ့အတွက်လည်း နိုင်ငံခြားဇာတ်ကားတွေမှာ Animation ဖန်တီးထားတဲ့ဇာတ်ကားတွေ အတော်များများတွေ့နေရတာပါ။

**L.C ။ ။ Animation ဖန်တီးချက်နဲ့ပတ်သက်ပြီး နောက်ထပ် ဘာများပြောချင်တာရှိလဲ။**

**UNLT ။ ။** အနုပညာပိုင်းအတွက် Animation ဖန်တီးချက်ကို စိတ်ဝင်စားကြပေမယ့် ပြီးဆုံးအောင်၊ အောင်မြင်အောင်တော့ မလုပ်ဆောင်နိုင်ကြသေးဘူး။ အခက်အခဲတချို့ကို မကျော်နိုင်ကြတာပေါ့။ နည်းပညာအခက်အခဲ၊ စနစ်တကျသင်ပေးမယ့်ကျောင်းတို့၊ သင်တန်းတို့လည်း သေချာမရှိသေးဘူး။ ဒါပေမဲ့လည်း တကယ်တမ်းစိတ်ဝင်စားရင် ဆက်လေ့လာပါ။ အောင်မြင်ဖို့အတွက် ဆက်ကြိုးစားစေချင်တယ်။ နောက်ပိုင်းမှာ ရုပ်ရှင်ခေတ်အတွက် အများကြီးပြောင်းလဲနေပါပြီ။

**L.C ။ ။ ခုလိုဖြေပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

**နွယ်နွယ်**

www.foreverspace.com.mm

# ရက်စွဲမှတ်တမ်း

**၈-၅-၂၀၁၀*** ဦးရဲစိန် (စိန်မဟာဇာတ်သဘင်) အသက် ၆၉ နှစ် ကွယ်လွန်။

**၁၀-၅-၂၀၁၀*** မြန်မာနိုင်ငံနှင့် ဖိဂျီသမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ မူကြီးများ၊ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် သံတမန်ဆက်သွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ ကောင်စစ်ဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းတို့နှင့်အညီ နှစ်နိုင်ငံအကြား သံအမတ်ကြီး အဆင့်ဖြင့်သံတမန်အဆက်အသွယ် စတင်ပြုလုပ်။

* ထိုင်းနိုင်ငံရှိ ကယ်ဆယ်ရေးစခန်းများတွင် ထိန်းသိမ်းစောင့်ရှောက်ထားသော လူကုန်ကူးခံရသူ မြန်မာနိုင်ငံသား အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၂၄ ဦး စုစုပေါင်း ၃၄ ဦးတို့ကို ထိုင်းနိုင်ငံ တာဝန်ရှိသူများက မြဝတီမြို့ သောင်ရင်းခန်းမတွင် မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်။

**၁၁-၅-၂၀၁၀*** ပန်းချီသန်းမြင့်အောင် (ကဗျာဆရာသင်းဝေအောင်) အသက် ၄၂ နှစ် ကွယ်လွန်။

**၁၂-၅-၂၀၁၀*** ဒေါက်တာ ကမ္ဘောဇခင်လှိုင် အသက် ၇၉ နှစ် ကွယ်လွန်။

**၁၃-၅-၂၀၁၀*** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၄၂/၂၀၁၀) ဖြင့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်ခြင်းကို ထုတ်ပြန်ကြေညာ။

* ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့တွင် မေလ ၉ ရက်မှ ၁၃ ရက်အထိ ကျင်းပသော ဆဋ္ဌမအကြိမ် မြန်မာ–ဗီယက်နမ် နှစ်နိုင်ငံ မူဝါဒရေးရာညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

**၁၄-၅-၂၀၁၀*** ဧရာဝတီတိုင်း ပုသိမ်မြို့တွင်တည်ရှိပြီး လမ်းအရှည် ၉၆ မိုင်၊ အကျယ် ၁၂ ပေရှည်ရှိသည့် ပုသိမ်–သလပ်ခွာ–မော်တင်စွန်းလမ်းသစ် ဖွင့်လှစ်။

**၁၅-၅-၂၀၁၀*** မင်းဘူး–အမ်း–စစ်တွေ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ကွမ်းတောင်–ပုဏ္ဏားကျွန်း–ယိုးတရုတ်ရထားလမ်းပိုင်း ဖွင့်လှစ်။

**၁၆-၅-၂၀၁၀*** စာရေးဆရာ၊ ရုပ်ရှင်သရုပ်ဆောင်၊ တေးသံရှင် ဦးဗလ (ခ) သုမောင် အသက် ၆၀ နှစ် ကွယ်လွန်။

**၁၈-၅-၂၀၁၀*** ရွှေလီမှ ကျောက်ဖြူမြို့သို့ ဆက်သွယ်မည့် တရုတ်–မြန်မာ စက်ဆီလမ်းစီမံချက် ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမတွင် လက်မှတ်ရေးထိုး။

* အာဆီယံဒေသ တောရိုင်းတိရစ္ဆာန်များ တားဆီးရေးကွန်ရက် (ASEAN WEN) (၅) ကြိမ်မြောက်အစည်းအဝေးကို နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်တွင် ကျင်းပ။

* ရှမ်းပြည်နယ် (အရှေ့ပိုင်း) နယ်ခြားစောင့်တပ်ကို တာချီလိတ်မြို့တွင် ဖွင့်လှစ်။

**၁၉-၅-၂၀၁၀*** နိုင်ငံတော်သြဝါဒါစရိယ မကွေးတိုင်း နတ်မောက်မြို့ တမာပင်ကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဉာဏောဘာသ သက်တော် (၉၁) နှစ် ၊ သိက္ခာတော် (၇၁) ဝါ ဘဝနတ်ထံ ပျံလွန်တော်မူ။

**၂၀-၅-၂၀၁၀*** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၄၃/ ၂၀၁၀) ဖြင့် ဒီမိုကရက်တစ်ပါတီ (မြန်မာ) ကိုနိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်ခြင်းကိုလည်းကောင်း၊ (၄၄/ ၂၀၁၀) ဖြင့် ကယန်းအမျိုးသားပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်ခြင်းကိုလည်းကောင်း၊ (၄၅/ ၂၁၁၀) ဖြင့် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်ခြင်းကိုလည်းကောင်း ထုတ်ပြန်ကြေညာ။

* ရှမ်းပြည်နယ် (အရှေ့ပိုင်း) နယ်ခြားစောင့်တပ်ကို မက်မန်းမြို့တွင် ဖွင့်လှစ်။

* အာဆီယံဒေသ သစ်တောကဏ္ဍဆိုင်ရာ မူဝါဒများချမှတ်အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ (AEG-IFPP) (၆) ကြိမ်မြောက်အစည်းအဝေးကို နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်တွင် ကျင်းပ။

* ရန်ကုန်တိုင်း ဒေါပုံမြို့နယ် မဟာဗန္ဓုလတံတားအဆင်းတွင် နစ်ဆန်းဒီဇယ်သစ်လုံးတင်ယာဉ်တစ်စီးသည် ယမုံနာလမ်းဆုံအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းအုတ်ခုံကို

www.foreverspace.com.mm



တိုက်မိပြီး ယာဘက်သို့တိမ်းမှောက်ကာ သစ်လုံးများပြိုကျခဲ့မှုကြောင့် အဆိုပါယာဉ်၏ညာဘက်ရှိ အငှားယာဉ်ပေါ်သို့ပြိုကျကာ လူသုံးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ထုတ်ပြန်ကြေညာ။

**၂၃-၅-၂၀၁၀**✳ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် မေလ ၁၇ ရက်မှ ၂၁ ရက်အထိကျင်းပခဲ့သည့် (၆၃) ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံ (63rd World Health Assembly) သို့တက်ရောက်ခဲ့သည့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

**၂၄-၅-၂၀၁၀**✳ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၅၀/၂၀၁၀) ဖြင့် တအာင်း (ပလောင်) အမျိုးသားပါတီကို နိုင်ငံရေးတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်ခြင်းကိုလည်းကောင်း၊ (၅၁/၂၀၁၀) ဖြင့် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်ခြင်းကိုလည်းကောင်း၊ (၅၂/၂၀၁၀)ဖြင့် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်ခြင်းကိုလည်းကောင်း ထုတ်ပြန်ကြေညာ။

✳ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အဆင့်မြင့်မင်္ဂလာဈေး စတုတ္ထထပ်ရှိ အလှကုန်ပစ္စည်းအရောင်းဆိုင်မှ နံနက် ၈ နာရီခွဲခန့်တွင် မီးလောင်ကျွမ်းမှုတစ်ရပ် စတင်ဖြစ်ပွား။ မီးသတ်ယာဉ် ၆၃ စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၇၀၀ နီးပါးဖြင့် ၂၁ နာရီကျော်ကြာ ငြိမ်းသတ်ခဲ့ရကာ မေလ ၂၅ ရက်နံနက် ၅ နာရီခန့်တွင်မီးကိုငြိမ်းသတ်နိုင်ခဲ့။ ယင်းမီးလောင်မှုကြောင့် မင်္ဂလာဈေး စတုတ္ထထပ်ရှိ ဆေးဝါးနှင့်အလှကုန်ပစ္စည်းဆိုင်ခန်း ၇၉၇ ခန်း၊ ပဥ္စမထပ်ရှိဂိုဒေါင် ၄၇ လုံး၊ စားသောက်ဆိုင် ၃၃ ဆိုင်၊ ဘိလိယက်၊ စနုကာနှင့် စင်တင်တေးဂီတဆိုင်တစ်ဆိုင်တို့ မီးလောင်ကျွမ်းခဲ့ပြီး တန်ဖိုးငွေစုစုပေါင်း ကျပ်သန်း နှစ်သောင်းသုံးထောင်ကျော်ဆုံးရှုံး။ မြန်မာနိုင်ငံမီးလောင်မှုသမိုင်းတွင် ဆုံးရှုံးမှုပမာဏအများဆုံးမီးလောင်ကျွမ်းမှုအဖြစ် စံချိန်တင်ခဲ့။

**၂၅-၅-၂၀၁၀**✳ အာဆီယံ စံချိန်စံညွှန်းနှင့် အရည်အသွေးဆိုင်ရာ အတိုင်ပင်ခံကော်မတီ (ACCSQ) နှင့် မော်တော်ယာဉ်ထုတ်ကုန်လုပ်ငန်းအဖွဲ့ (APWG) ၏ (၁၁) ကြိမ်မြောက် အစည်းအဝေးကို နေပြည်တော်ရှိ Mount Plesant Hotel တွင် ကျင်းပ။

**၂၆-၅-၂၀၁၀**✳ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၅၃/၂၀၁၀) ဖြင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီကို နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြုလိုက်ခြင်းကိုလည်းကောင်း၊ (၅၄/၂၀၁၀) ဖြင့် ညီညွတ်သော ဒီမိုကရက်တစ်ပါတီ (UDP) ကို နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြုလိုက်ခြင်းကိုလည်းကောင်း၊ (၅၅/၂၀၁၀) ဖြင့် ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) The 88 Generation Student Youths (Union of Myanmar) နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်ခြင်းကိုလည်းကောင်း၊ (၅၆/၂၀၁၀) ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် The Union of Myanmar Federation of National Politics ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်ခြင်းကိုလည်းကောင်း ထုတ်ပြန်ကြေညာ။

**၂၇-၅-၂၀၁၀**✳ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၅၈/၂၀၁၀) ဖြင့် အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်ခြင်းကိုလည်းကောင်း၊ (၅၉/၂၀၁၀) ဖြင့် မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်ခြင်းကိုလည်းကောင်း။ (၆၀/၂၀၁၀) ဖြင့် ချင်းအမျိုးသားပါတီ (Chin National Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်ခြင်းကိုလည်းကောင်း။ (၆၁/၂၀၁၀) ဖြင့် ဝံသာနု NLD(ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်ခြင်းကိုလည်းကောင်း ထုတ်ပြန်ကြေညာ။

✳ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Guodian Corporation နှင့် Tun Thwin Mining Co., Ltd. တို့ မော်လိုက် ရေအားလျှပ်စစ်စီမံကိန်းနှင့် ကလေးဝ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာများကို နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနတွင် လက်မှတ်ရေးထိုး။

**၂၈-၃-၂၀၁၀**✳ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၆၄/၂၀၁၀) ဖြင့် မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက သတ်မှတ်ထားသည့် ပါတီဝင်အင်အားစာရင်းကို ကော်မရှင်သို့တင်ပြရန် အသိပေးကြေညာချက်ကိုလည်းကောင်း၊ (၆၂/၂၀၁၀) ဖြင့် ခေတ်သစ်ပြည်သူ့ပါတီ (Modern People Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်ခြင်းကိုလည်းကောင်း၊ (၆၃/၂၀၁၀) ဖြင့် ပြည်ထောင်စုဒီမိုကရေစီပါတီ (Union Democratic Party) ကို နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြုလိုက်ခြင်းကိုလည်းကောင်း

www.foreverspace.com.mm

ထုတ်ပြန်ကြေညာ။
* စပိန်နိုင်ငံ မဒရစ်မြို့၌ မေလ ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့သော (၁၈) ကြိမ်မြောက် အာဆီယံ–ဥရောပသမဂ္ဂ (အီးယူ) ဝန်ကြီးအဆင့် အစည်းအဝေးသို့တက်ရောက်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ပြန်လည်ရောက်ရှိ။

**၂-၆-၂၀၁၀*** စင်ကာပူသမ္မတနိုင်ငံ စင်ကာပူမြို့၌ကျင်းပခဲ့သည့် ဒုတိယအကြိမ် အာဆီယံ ပင်လယ်ကွေ့ဒေသ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။
* ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက်အမှတ် (၆၅/ ၂၀၁၀) ဖြင့် မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်ခြင်းကိုလည်းကောင်း၊ (၆၆/ ၂၀၁၀) ဖြင့် ချင်းတိုးတက်ရေးပါတီ (Chin Progressive Party) ကို နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြုလိုက်ခြင်းကိုလည်းကောင်း၊ (၆၇/ ၂၀၁၀) ဖြင့် အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်ခြင်းကိုလည်းကောင်း၊ (၆၈/ ၂၀၁၀) ဖြင့် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ Rakhine Nationalities Development Party (RNDP) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်ခြင်းကိုလည်းကောင်း၊ (၆၉/ ၂၀၁၀) ဖြင့် 'ဝ'ဒီမိုကရက်တစ်ပါတီကိုနိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်ခြင်းကိုလည်းကောင်း ထုတ်ပြန်ကြေညာ။
* တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကျားပေါင်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ရောက်ရှိ။

**၃-၆-၂၀၁၀*** တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကျားပေါင်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၊ ရထားပို့ဆောင်ရေး၊ ကုန်သွယ်မှု၊ ရေအားလျှပ်စစ်၊ စွမ်းအင်နှင့်သတ္တုတူးဖော်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာများကိုလည်းကောင်း၊ MICC အဆောက်အအုံ လွှဲပြောင်းပေးအပ်ခြင်းဆိုင်ရာ စာရွက်စာတမ်းများကိုလည်းကောင်း အပြန်အလှန် လက်မှတ်ရေးထိုးလဲလှယ်။ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာ။

**၄-၆-၂၀၁၀*** ၂၀၁၀ ခုနှစ် မေလ ၁၆ ရက်တွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးရွာ၌ လူသတ်ဓားပြတိုက်ခဲ့သည့်တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိမှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ ၂၀၁၀ ခုနှစ် မေလ ၆ ရက်တွင် ပဲခူးတိုင်း ရွှေကျင်မြို့၌ ဖမ်းဆီးရမိသည့် လိုင်စင်မဲ့ယာဉ်နှင့် လက်နက်ခဲယမ်းများနှင့်စပ်လျဉ်း၍လည်းကောင်း သတင်းထုတ်ပြန်ရှင်းလင်းသည့်အခမ်းအနားတစ်ရပ်ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့်စက်မှု (၁) လမ်းထောင့်ရှိ ပြည်ထဲရေးဝန်ကြီးဌာနတွင်ကျင်းပ။

* ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၇၁/ ၂၀၁၀) ဖြင့် ဖလုံ–စဝေါ် ဒီမိုကရက်တစ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်ခြင်းကိုလည်းကောင်း၊ (၇၂/ ၂၀၁၀) ဖြင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးဒီမိုကရက်တစ်ပါတီ (National Democratic Party for Development ) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်ခြင်းကိုလည်းကောင်း ထုတ်ပြန်ကြေညာ။

LIVING COLOR MEDIA

သမ္မတဟိုတယ် (Business Suite)
အမှတ် ( ၅ ) ၊ အလံပြဘုရားလမ်း ၊
ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။
ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၃၉၂

www.foreverspace.com.mm



# ထူးရေခဲမုန့်

**ထုတ်လုပ်ဖြန့်ချိခဲ့သည်မှာ ဆယ်စုနှစ် နှစ်ခုကျော်ကြာခဲ့ပြီး ယနေ့ထက်တိုင် ဈေးကွက်အတွင်း အောင်မြင်မှု ရရှိနေသော ရေခဲမုန့် ဖြစ်သည်။**




☆ ၁၉၈၀ ပြည့်နှစ်အတွင်းက စတင်ထုတ်လုပ်။

☆ လုပ်ငန်းအကြီးအကဲမှာ ဦးတင်ထူးဖြစ်ပြီး ဝန်ထမ်းအင်အား ၁၀၀ ဦးခန့်ရှိ။

☆ ထုတ်လုပ်မှုတွင်အသုံးပြုသော စက်ပစ္စည်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အများဆုံးတင်သွင်း။

☆ ကုန်ကြမ်းပစ္စည်းများကို နယူးဇီလန်၊ မလေးရှား၊ အိန္ဒိယ စသောနိုင်ငံများမှ အများဆုံးတင်သွင်းထုတ်လုပ်ဟုဆို။

☆ စတော်ဘယ်ရီ၊ ချောကလက်၊ ဒူးရင်း၊ နို့၊ သီးစုံ အစရှိသဖြင့် အမျိုးအစားရှစ်မျိုးခန့် ထုတ်လုပ်ထားကြောင်းသိရ။

☆ ဈေးနှုန်းများမှာ တစ်ဂါလန်လျှင် ကျပ် ၉,၀၀၀ ကျော်မှ ၁၃,၀၀၀ ကျော်ဝန်းကျင်၊ ရေခဲမုန့်ခြောက်ခုပါ တစ်ဘူးလျှင် ကျပ် ၂,၀၀၀ မှ ကျပ် ၂,၃၀၀ ကျပ်ဝန်းကျင်နှင့် ဘူးသေးတစ်ဘူးလျှင် ၆၀၀ ကျပ်ဝန်းကျင်ရှိ။

☆ မွေးနေ့၊ အလှူမင်္ဂလာ၊ ဧည့်ခံပွဲများအတွက်လည်း အော်ဒါမှာယူနိုင်။

☆ **ဆက်သွယ်ရန် ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ**

ဦးထူးအောင်ဝင်း
Htoo Ice Cream
အမှတ်-၂၂၊
အထက်ပုဇွန်တောင်လမ်း၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်။
ဖုန်း-၂၉၀၄၆၁၊ ၂၉၄၃၈၃၊
၇၀၀၃၉၀
၀၉-၅၁၁၀၈၉၆၊
၀၉-၅၁၀၀၃၀၅



www.foreverspace.com.mm



# တွေ့ဆုံဆွေးနွေးမှုများ

## ၁၈-၅-၂၀၁၀

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး H.E.Mr.Li Shenglin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးခင်မောင်မြင့်နှင့်လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဦးသိန်းဆွေနှင့်လည်းကောင်း အသီးသီး တွေ့ဆုံဆွေးနွေး။

## ၁၉-၅-၂၀၁၀

* မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Ye Dabo သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် တွေ့ဆုံဆွေးနွေး။
* ကိုရီးယားသမ္မတနိုင်ငံ POSCO Steel Company မှ Senior Vice President Mr. Baek, Sung-Kwan နှင့်အဖွဲ့သည် သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဦးအုန်းမြင့်နှင့်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်နှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။

## ၂၄-၅-၂၀၁၀

* မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Cho Byungjae သည် အမှတ် (၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသိန်းနှင့်လည်းကောင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး သူရဦးအေးမြင့်နှင့်လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးနှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။

## ၂၆-၅-၂၀၁၀

* ထိုင်းနိုင်ငံ PTT International ကုမ္ပဏီမှ Investment Advisor Mr.Suppamas Pracbakvej ဦးဆောင်သည့်အဖွဲ့ဝင်ခြောက်ဦးပါအဖွဲ့သည် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဦးသိန်းအောင်နှင့် တွေ့ဆုံဆွေးနွေး။

## ၂၇-၅-၂၀၁၀

* မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Apirath Vienravi သည် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဆန်းနှင့်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်နှင့်လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဦးလွန်းသီနှင့်လည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဦးစိုးနိုင်နှင့်လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးဌေးဦးနှင့်လည်းကောင်း အသီးသီး တွေ့ဆုံဆွေးနွေး။

## ၂၈-၅-၂၀၁၀

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ ITE Corporation မှ Vice President Mr.Luo Ping Fan သည် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဦးသိန်းဇော်နှင့် တွေ့ဆုံဆွေးနွေး။
* မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Ye Dabo နှင့်အဖွဲ့သည် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဦးလွန်းသီနှင့် တွေ့ဆုံဆွေးနွေး။

## ၁-၆-၂၀၁၀

* နော်ဝေနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဝန်ကြီး H.E.Mr. Erik Sol-

www.foreverspace.com.mm



heim နှင့် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H.E. Mrs Merete Fjeld Brattested တို့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဦးမောင်မောင်ဆွေနှင့်လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးနှင့်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့်လည်းကောင်း အသီးသီး တွေ့ဆုံဆွေးနွေး။

## ၃-၆-၂၀၁၀

* ချစ်ကြည်ရေးခရီးရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကျားပေါင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်လည်းကောင်း အသီးသီး တွေ့ဆုံဆွေးနွေး။
* မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Cho Byungjae သည် အမှတ် (၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းနှင့် တွေ့ဆုံဆွေးနွေး။
* တရုတ်ပြည်သူ့သမ္မတနိုင်ငံ (ဟောင်ကောင်) International Xinshidai Holdings Ltd. မှ Managing Director Mr.Yu Chang Sang နှင့်အဖွဲ့သည် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေနှင့် တွေ့ဆုံဆွေးနွေး။

**LIVING COLOR MEDIA**

**သမ္မတဟိုတယ် (Business Suite)**
**အမှတ် ( ၅ ) ၊ အလံပြဘုရားလမ်း ၊**
**ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။**
**ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂**

www.foreverspace.com.mm

# မြို့မအပျော်တမ်းတူရိယာအသင်း

**မန္တလေးမြို့တော်တွင် ကိုလိုနီခေတ်မှစ၍ ယနေ့တိုင် မြန်မာသီချင်း သံစဉ်များကို မြန်မာတေးဂီတတူရိယာများနှင့် အနောက်တိုင်းတေးဂီတတူရိယာများဖြင့် တွဲဖက်တီးမှုတ်ဖျော်ဖြေခဲ့ပြီး ယခုတိုင် သကြ်န်တေးသီချင်းများကို နှစ်စဉ်မပျက် တေးသွားများ တီထွင်ဖန်တီးထုတ်လွှင့်နေသော သက်တမ်း ၈၅ နှစ်ရှိ ဂန္ထဝင်ဂီတအသင်းကြီး ဖြစ်သည်။**



- အသင်းကြီးကို ၁၉၂၅ ခုနှစ်တွင် ဂီတစာဆိုမြို့မငြိမ်းနှင့် ဦးလှဒင်၊ ဦးဘသစ်၊ ဦးကြီးငွေ (ရှမ၀) စသည့် ဂီတမိတ်ဆွေများက တည်ထောင်ခဲ့။
- ပထမဦးဆုံးဥက္ကဋ္ဌမှာ ဦးတော်လုံဖြစ်။
- လက်ရှိအသင်း၏ ဥက္ကဋ္ဌများမှာ ဦးရွှန်းမြိုင် (ပညာရေး)၊ ဒေါက်တာလှခိုင် (စီမံ/ဘဏ္ဍာ)၊ ဒုတိယဥက္ကဋ္ဌ ဦးစိန်ဝင်း၊ အတွင်းရေးမှူး ဦးခင်မောင်ဦးတို့ဖြစ်ကြပြီး အမှုဆောင် ၁၂ ဦးဖြင့် ဖွဲ့စည်းထား။
- လက်ရှိတီးဝိုင်းတွင် အတီး၊ အမှုတ်၊ သီဆိုသူ ဦးရေ ၄၀ ရှိ။
- နေ့စဉ် မန္တလေးမြို့ပေါ်နှင့် အခြားမြို့များသို့ နိုင်ငံတော်အခမ်းအနားများ၊ ဖွင့်ပွဲများ၊ အလှူမင်္ဂလာဧည့်ခံပွဲများတွင် တေးသီချင်းများ သွားရောက်သီဆိုတီးမှုတ်လျက်ရှိ။
- နာဂစ်လေဘေးအတွက် ကျပ် ၃၃ သိန်း ကျော်ရရှိအောင် အလှူခံပေးခဲ့ဟုဆို။



- နှစ် (၁၅၀) ပြည့် မန္တလေးမြို့တည်ပွဲ၊ ၂၀၁၀ ပြည့်နှစ်ကျင်းပသည့် မြို့မငြိမ်းရာပြည့်ပွဲနှင့် ၁၉၇၅ ခုနှစ် ရွှေရတုပွဲတို့တွင် ပါဝင်ဖျော်ဖြေမှုများပြုလုပ်ခဲ့။
- တစ်နှစ်လျှင် တေးသီချင်းသစ်ပုဒ်ရေ ၂၀ ခန့်အထိ ထွက်ပေါ်ခဲ့ပြီး ၁၉၈၇-၉၅ အထိဧည့်ခံတေးအမှတ် (၁) မှ (၈)အထိ အသံသွင်းတိပ်ခွေအဖြစ် ထုတ်ဝေဖြန့်ချိခဲ့။
- **ဆက်သွယ်ရန်လိပ်စာ**

မြို့မအပျော်တမ်းတူရိယာအသင်း
၂၁ လမ်း၊ ၈၆ လမ်းထောင့်၊
မန္တလေးမြို့။
ဖုန်း-၀၂-၃၉၇၄၈

www.foreverspace.com.mm



# မလွန်စျေး ဆန်အလျှုအသင်းကြီး

**မန္တလေးမြို့ပေါ်တွင် ဘာသာသာသနာရေးလုပ်ဆောင်ရန် ပထမဆုံးနှင့် သက်တမ်းအကြာဆုံးဖွဲ့စည်းခဲ့သော အသင်းကြီးဖြစ်သည်။**




- အသင်းကြီးကို မြန်မာသက္ကရာဇ် ၁၂၅၈ ခုနှစ် (၁၈၉၆ ခုနှစ်) တွင် စတင်တည်ထောင်ခဲ့။
- ပထမဆုံးဥက္ကဋ္ဌမှာ ဦးကျောက်ခဲဖြစ်။ လက်ရှိဥက္ကဋ္ဌမှာ ဦးမောင်မောင်ဖြစ်ပြီး အတွင်းရေးမှူး ဦးမောင်မောင်သွင်အပါအဝင် အမှုဆောင် ၂၀ ဦးရှိ။
- အသင်းဝင်အင်အားမှာ မလွန်ရပ်ကွက်အတွင်းသာ အသင်းဝင်ခွင့်ပြုသဖြင့် ၇၈ ဦးရှိပြီး အသင်းခွဲပေါင်း ၂၈၃ ခုရှိ။
- အသင်း၏ရည်ရွယ်ချက်မှာ ဗုဒ္ဓဘာသာသာသနာ ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် သာသနာ့တာဝန်ထမ်းဆောင်နေသော စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်း၊ တောင်ငူနှင့် မန္တလေး ငါးမြို့နယ်အတွင်း ရဟန်း၊ သာမဏေ၊ သူတော်၊ သီလရှင်ပုဂ္ဂိုလ်များ အာဟာရချို့တဲ့မှုမရှိစေရန်အတွက် နှစ်စဉ် တော်သလင်းလတွင် ဆွမ်းဆန်ထောက်ပံ့လှူဒါန်းလျက်ရှိ။
- နာဂစ်မုန်တိုင်းဒဏ်ခံရသည့် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းရှိအသင်းခွဲများကို အများဆုံး ကျပ်လေးသိန်းမှ အနည်းဆုံး နှစ်သိန်းအထိ၊ ဆန်တင်းရေပေါင်း ၁၅၀၀ နှင့် အဝတ်အထည်မျိုးစုံကိုလှူဒါန်းခဲ့။
- **ဆက်သွယ်ရန်လိပ်စာ**

မလွန်စျေး ဆန်လှူအသင်းကြီး
၃၂လမ်း၊ ၈၅× ၈၆လမ်းကြား၊ မန္တလေးမြို့။
ဖုန်း-၀၂-၂၃၇၁၇၊ ၀၂-၃၃၂၄၀

www.foreverspace.com.mm

# မန္တလေးသကြားနှင့် သကာရည်ကထိန်တော်အသင်း

**မန္တလေးမြို့တွင် ကုန်သည်ပွဲစားများကို သက်တမ်း ၇၆ နှစ်ကြာ ဦးဆောင်ခဲ့သည့် ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းပြီးလျှင် ဒုတိယအကြီးဆုံး ကုန်စည်ဒိုင်အသင်း ဖြစ်သည်။**



- အသင်းကို ၁၉၈၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့။
- အသင်းသားဦးရေ ၇၅ ဦးနှင့် စတင်တည်ထောင်ခဲ့ပြီး လက်ရှိအသင်းတွင် အသင်းသား ၇၀၀ ဦးကျော်ရှိ။
- ပထမဆုံးဥက္ကဋ္ဌမှာ ဦးစိုးလင်းဖြစ်။
- လက်ရှိတွင် နာယကခြောက်ဦးနှင့် အလုပ်အမှုဆောင် ၂၃ ဦးရှိကြပြီး ဥက္ကဋ္ဌမှာ ဦးဝင်းငွေးဖြစ်။
- အသင်းသူ၊ အသင်းသားအချင်းချင်း ရောင်းဝယ်ဖောက်ကားရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးတို့အတွက် ရည်ရွယ်ဖွဲ့စည်းခဲ့။
- အသင်းတွင် ပေါင်းသကြားစက်ပိုင်ရှင်များ၊ အရက်ချက်စက်ရုံပိုင်ရှင်၊ သကြားပွဲရုံ၊ သကြားအရောင်းဆိုင်၊ မုန့်မျိုးစုံလုပ်ငန်း၊ အချိုရည်၊ နို့ဆီအုပ်စု၊ သကာရည်ပွဲရုံ၊ ခါးသကြားစက်ပိုင်ရှင်အုပ်စုနှင့် ကြံစိုက်တောင်သူအုပ်စုတို့ ပါဝင်ဖွဲ့စည်းထား။
- အသင်း၏လူမှုရေးလုပ်ငန်းများအဖြစ် မန္တလေးငါးမြို့နယ်တွင် နှစ်စဉ်နှစ်တိုင်း သံဃာအပါး အနည်းဆုံး ၁၅၀ ရှိသည့် ကျောင်းများကို ကထိန်ခင်းခြင်း၊ နှစ်စဉ်သက်ကြီးပူဇော်ပွဲကို တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့တွင်ပြုလုပ်ခြင်း၊ နိဗ္ဗာန်သုခ ကုသိုလ်ဖြစ်ဆေးခန်းကို လစဉ် တစ်လလျှင် ကျပ်တစ်သိန်းလှူဒါန်းခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ။
- **ဆက်သွယ်ရန်လိပ်စာ**

မန္တလေးသကြားနှင့် သကာရည်ကထိန်တော်အသင်း၊
အကွက် (၃၁၅)၊ ကန်ပတ်လမ်း၊ ဒေးဝန်းအနောက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၂-၃၄၆၉၃
Website: www.etrademyanmar.com

www.foreverspace.com.mm



# ချမ်းမြသုခ ပရဟိတလူမှုကူညီရေးအသင်း

**မန္တလေးမြို့ပေါ်တွင် နာရေးကူညီမှုများကို အင်အားကောင်းကောင်းဖြင့်လုပ်ဆောင်ပေးနိုင်သည့် အဖွဲ့အစည်း သုံးခုတွင် တစ်ခုအပါအဝင်ဖြစ်သည်။**




- အသင်းကို ၂၀၀၆ ခုနှစ် မေလ ၂၁ ရက်နေ့တွင် နာယကချုပ်ဆရာတော် ဘဒ္ဒန္တဦးဝိမလဦးဆောင်ပြီး အမှုဆောင် ၁၁ ဦးဖြင့် ဖွဲ့စည်းခဲ့။
- ဥက္ကဋ္ဌမှာ ဦးအောင်နိုင်နှင့် အတွင်းရေးမှူး ဦးလှအောင်တို့ဖြစ်ပြီး အသင်းသား ၈၅၀ ဦးနှင့် အသင်းသူ ၄၅၀ ဦးရှိ။
- အသင်းတွင် နာရေးကိစ္စအပြင် ဆင်းရဲနွမ်းပါးလူနာများကို ဆေးဝါးစရိတ်ထောက်ပံ့ခြင်း၊ အခမဲ့သွေးလှူရှင်အဖွဲ့ ဖွဲ့စည်းထားရှိခြင်း၊ အခမဲ့ကုသိုလ်ဖြစ်ဆေးခန်းဖွင့်လှစ်ခြင်း၊ မီးဒိုကင်းမဲ့ ဆင်းရဲနွမ်းပါးသည့် သက်ကြီးရွယ်အို အဘိုးအဘွား ၁၄၂ ဦးကို တစ်လလျှင် ဆန်ငါးပြည်နှင့် ငွေ ၃,၆၀၀ ကျပ် ထောက်ပံ့ပေးလျက်ရှိပြီး ၁၅ ရက်တစ်ကြိမ် အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိ။
- အသင်းတွင် နာရေးကူညီမှုအတွက် ကားခြောက်စီး၊ သွေးလှူရှင်များအဖွဲ့အတွက် ကားနှစ်စီးနှင့် လူနာတင်ကားနှစ်စီး၊ ဘိုးဘွားစောင့်ရှောက်ရန်ကားနှစ်စီးတို့ကို စီစဉ်ထားရှိသည်။
- အသင်းစတင်တည်ထောင်ချိန်မှ ၂၀၁၀ ပြည့်နှစ် မေလအထိ နာရေးပေါင်း ၆၀၀၀ ခန့် တာဝန်ယူပို့ဆောင်ခဲ့ဟုဆို။
- ၂၀၁၀–၂၀၁၁ ပညာသင်နှစ်မှစတင်၍ ချို့တဲ့နွမ်းပါးသည့် မိဘမဲ့ကလေး ၃၀ ဦးကို ပညာသင်စရိတ်ထောက်ပံ့ပေးလျက်ရှိ။
- **ဆက်သွယ်ရန်လိပ်စာ**

ချမ်းမြသုခပရဟိတလူမှုကူညီရေးအသင်း
ရွှေစံတိုင်ကျောင်းတိုက်၊ တမ္ပဝတီရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း–၀၂–၅၉၁၆၄၊ ၀၉–၂၀၂၁၆၆၇

www.foreverspace.com.mm



# ဈေးဝယ်လမ်းညွှန်

အမှတ် ၁၈၀

၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်

## မန္တလေးမြို့ပေါ်က အခမဲ့ ကုသိုလ်ဖြစ် ဆေးခန်းများ

- **ဖြဟ္မစိုရ်လူမှုကူညီရေးအသင်းဆေးပေးခန်း**
  ၆၂ လမ်း၊ ၃၃× ၃၄ လမ်းကြား၊
  အဘယာရာမလှထွေးကျောင်းတိုက်
  ဖုန်း–၀၂–၆၆၄၀၀၊ ၃၉၁၄၃
- **နိဗ္ဗာန်သုခနာမှု၊ လူမှုကယ်ဆယ်ရေးနှင့်ကုသိုလ်ဖြစ်ဆေးခန်း**
  အမှတ်–၂၆–B၊ ဘုရင့်နောင်လမ်း၊ ပိုက်ကျုံး၊
  ဖို့ကုန်းရပ်ထန်းတော
  ကျောင်းတိုက်။
  ဖုန်း–၀၉–၆၅၀၀၇၅၂၊ ၀၂–၆၈၉၆၆
- **ချမ်းမြသုခ ကုသိုလ်ဖြစ်ဆေးခန်း**
  ရွှေစံကိုင်ကျောင်းတိုက်၊ တမ္ပဝတီ
  ချမ်းမြသာစည်မြို့နယ်။
  ဖုန်း–၀၉–၂၀၂၁၆၆၇၊ ၀၂–၅၉၁၆၄၊
  ၀၂–၉၁၀၀၁၅၂၁
- **ဖောင်တော်ဦးပရဟိတအထူးကုဆေးခန်း**
  ချမ်းမြသာစည်မြို့နယ်။
  ဖုန်း–၀၂–၃၉၈၈၅
- **ပခုက္ကူအသင်း**
  ၂၆ လမ်း၊ ၆၂ လမ်းထောင့်၊
  စပယ်ရုံမိုးကုတ်ဝိပဿနာကျောင်း
  ဖုန်း–၀၂–၃၂၈၀၈၊ ၀၉–၅၁၃၀၉၈၀
- **ကံတက်ကုန်းအခမဲ့ ဆေးကုသခန်း**
  မစိုးရိမ်တိုက်သစ်
  ၅၅ လမ်း၊ ၄၀× ၄၁လမ်း
  ဖုန်း–ကိုမင်းဆက်ငြိမ်းချမ်း (၀၉–၅၀၀၂၁၃၅)

## စီးပွားရေးလုပ်ငန်းများအတွက် One Stop Service

SHARP အမှတ်တံဆိပ် PW-E 500 မော်ဒယ်လ်အမျိုးအစား Electronic Dictionary ဖြစ်။ Oxford Dictionary of English အတွက် စာလုံးရေ ၃၅၀,၀၀၀၊ Oxford Dictionary of Thesaurus of English အတွက် စာလုံးရေ ၆၀၀,၀၀၀၊ Oxford Dictionary of Quotations အတွက် စာလုံးရေ ၂၀,၀၀၀ ပါရှိ။ အသံထွက်ပေးသည့်စနစ် ပါရှိ။ စာလုံး အကြီးအသေး ပြောင်းနိုင်။ AAA ဓာတ်ခဲတစ်လုံး အသုံးပြုရ။ တရုတ်လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၆၆,၀၀၀ ကျပ်ဖြစ်။



## Pasen Speaker

Pasen အမှတ်တံဆိပ် MDT - 5310 မော်ဒယ်လ်အမျိုးအစား Speaker ဖြစ်။ SD Card၊ USB တို့ဖြင့် အသုံးပြုနိုင်။ FM လည်းဖမ်းယူရရှိနိုင်။ AC ဖြင့်တိုက်ရိုက်အသုံးပြုရခြင်းဖြစ်။ Speaker အကြီးတစ်လုံး၊ အသေးနှစ်လုံး ပါရှိ။ တရုတ်လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၃,၀၀၀ ကျပ်ဖြစ်။




## JXD MP-4 Player

JXD အမှတ်တံဆိပ် JXD - 693 မော်ဒယ်လ်အမှတ်တံဆိပ် MP-4 Player ဖြစ်။ Video, Camera , Recorder, Game စသည်တို့ကိုအသုံးပြုနိုင်။ Memory 2GB ဖြစ်။ SD Card ထပ်စိုက်၍ရ။ BL 4C Rechargeable ဓာတ်ခဲကိုအသုံးပြုရ။ တရုတ်လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၆,၀၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm



## SONY Video Camera




SONY အမှတ်တံဆိပ် HDVD 10 မော်ဒယ်လ်အမျိုးအစား Video Camera ဖြစ်။ 120 Zoom ၊ Megapixel - 20 ဖြစ်။ Touch Screen စနစ်ပါရှိ။ ပုံထွက်ကြည်လင်ပြတ်သားမှုရှိ။ Video, Camera ,Recorder တို့ကို အသုံးပြုနိုင်။ LCD TV ဖြင့်လည်း တွဲဖက်အသုံးပြုနိုင်။ SD Card -4GB ဖြင့် အသုံးပြုနိုင်။ Rechargeable ဖြစ်။ ဂျပန်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၆၀,၀၀၀ ကျပ်ဖြစ်။




## NOKIA Handset

NOKIA အမှတ်တံဆိပ် E 82 မော်ဒယ်အမျိုးအစား GSM Handset ဖြစ်။ Camera ပါရှိပြီး Megapixel- 8.0 ဖြစ်။ GSM , SIM ကတ် နှစ်ကတ် အသုံးပြုနိုင်။ Memory ကတ်စိုက်၍ အသုံးပြုရခြင်းဖြစ်။ တရုတ်လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၈၄,၀၀၀ ကျပ်ဖြစ်။



## TZW GSM Handset

TZW အမှတ်တံဆိပ် SL-82 မော်ဒယ်လ်အမျိုးအစား GSM Handset ဖြစ်။ Memory 2GB ဖြစ်။ Camera ပါရှိပြီး Megapixel -2.0 ဖြစ်။ Memory ကတ်ထပ်စိုက်၍ရ။ ထိုင်းနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၈၂,၀၀၀ ကျပ်ဖြစ်။



## Super - Q Rechargeable ပန်ကာ

Super - Q အမှတ်တံဆိပ် SQ-2387 မော်ဒယ်လ်အမျိုးအစား Rechargeable ဖြစ်။ AC/DC နှစ်မျိုး သုံးနိုင်။ ရှစ်နာရီခန့်အားသွင်းရပြီး အမြန်သုံးပါက သုံးနာရီကြာခံ၍ အနေးသုံးပါက ငါးနာရီကြာခံနိုင်။ ပန်ကာခေါင်းကို လှည့်၍ရ။ တရုတ်လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၄၅,၀၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm





## ASAHI Electronic Hot Plate

ASAHI အမှတ်တံဆိပ် 870-2532 မော်ဒယ်လ်အမျိုးအစား Electronic Hot Plate ဖြစ်။ Watt -1200 ဖြစ်။ Watt 600 စီကိုလည်း အသုံးပြု၍ရ။ Coin ကို အသစ်လဲလှယ်၍ရ။ ထိုင်းနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၇,၅၀၀ ကျပ်ဖြစ်။



## SANYO VCD Player

SANYO အမှတ်တံဆိပ် MCD -V 199M မော်ဒယ်လ်အမျိုးအစား VCD Player ဖြစ်။ Tape, CD, VCD , Mp-3, FM, AM စသည်တို့ကို အသုံးပြုနိုင်။ Remote Control ပါရှိ။ TV ဖြင့်လည်း တွဲဖက်အသုံးပြုနိုင်။ ထိုင်းနိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၀၅,၀၀၀ ကျပ်ဖြစ်။

## King Modern EVD Player

King Modern အမှတ်တံဆိပ် TDR - 999 မော်ဒယ်လ်အမျိုးအစား EVD Player ဖြစ်။ Mini TV System ဖြစ်။ EVD, DVD, VCD တို့ကို အသုံးပြုနိုင်ပြီး TV လိုင်းများကိုလည်း ဖမ်းယူရရှိနိုင်။ Micro HI-FI LCD Component System ဖြစ်။ ရုပ်ရှင်များကဲ့သို့ အသံခွဲခြားပေးသည့်စနစ်ပါရှိ။ တရုတ်လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၄၀,၀၀၀ ကျပ်ဖြစ်။





## PHILIPS Blender

PHILIPS အမှတ်တံဆိပ် HR-2094 မော်ဒယ်လ်အမျိုးအစား Blender ဖြစ်။ သစ်သီး၊ အသားနှင့်ရေခဲများကို အမှုန့်ကြိတ်ပေးနိုင်။ သစ်သီးများကို အရည်နှင့်အဖတ် သီးခြားခွဲပေးနိုင်။ ၁,၅၀၀ မီလီလီတာ (ML) ဆံ့ဖြစ်။ စတီးကိုယ်ထည်ဖြစ်။ တရုတ်လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၀၀,၀၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm





## သူခိုးဖမ်းကိရိယာ

တစ်လက်မပတ်လည်အရွယ်ရှိ သူခိုးဖမ်းကိရိယာဖြစ်။ မိမိနှစ်သက်ရာနေရာတွင် ချထားခြင်းဖြင့် ပေ ၄၀ အကွာမှ အရာဝတ္ထုတစ်ခုဖြတ်သွားပါက အသံမြည်ပေးခြင်းဖြစ်။ AG-13 ဓာတ်ခဲသုံးလုံးဖြင့် အသုံးပြုရ။ တရုတ်လုပ်ပစ္စည်းဖြစ်ပြီး ဈေးနှုန်း ၄,၅၀၀ ကျပ်ဖြစ်။



## Wolf Teeth Mini Fan

Wolf Teeth အမှတ်တံဆိပ် S 110 မော်ဒယ်လ်အမျိုးအစား Mini Fan ဖြစ်။ USB ပါရှိသဖြင့် ကွန်ပျူတာဖြင့်တွဲဖက်သုံးနိုင်။ ပန်ကာဒလက်မှာ သားရေထည်ဖြစ်။ AAA ဓာတ်ခဲသုံးလုံးဖြင့် အသုံးပြုရ။ စားပွဲခုံတွင်ညှပ်ထားရန်ကလစ်ပါရှိ။ တရုတ် လုပ်ပစ္စည်းဖြစ်ပြီး ဈေးနှုန်း ၂,၅၀၀ ကျပ်ဖြစ်။



## ခြင်ဖမ်းကိရိယာ

KT- 312 မော်ဒယ်လ်အမျိုးအစား ခြင်ဖမ်းကိရိယာဖြစ်။ 4-Watt ဖြစ်။ ပေ ၃၀၊ ၄၀ ပတ်လည်ရှိ ခြင်များကို ခရမ်းရောင်မီးချောင်းသို့လာနားစေပြီး ပန်ကာဖြင့်စုပ်ယူကာ ရှော့ခ်ရိုက်ပေးခြင်းဖြစ်။ တရုတ်လုပ်ပစ္စည်းဖြစ်ပြီး ဈေးနှုန်း ၁၃,၅၀၀ ကျပ်ဖြစ်။




## Super Digital Media Player

Super အမှတ်တံဆိပ် MD - 777 မော်ဒယ်လ်အမျိုးအစား Digital Media Player ဖြစ်။ SD Card ဖြင့်တွဲ၍အသုံးပြုရ။ FM လိုင်းများဖမ်းယူနိုင်။ MP-4, MP-3, Handset တို့ဖြင့်တွဲ၍ Speaker ဖြင့်တွဲဖက်အသုံးပြုနိုင်။ Rechargeable ဖြစ်။ တရုတ်နိုင်ငံလုပ်ပစ္စည်းဖြစ်ပြီး ဈေးနှုန်း ၁၀,၀၀၀ ကျပ်ဖြစ်။

**ယခုလ Which & Why ကဏ္ဍတွင်ပါဝင်သော ကုန်ပစ္စည်းများနှင့်ပတ်သက်သည့်အချက်အလက်များကို Ever Fine၊ စိန်ဂေဟာ Super Centre နှင့် ရွှေဘုံသာလမ်း Super One ကုန်တိုက်တို့မှ ရယူထားပါသည်။**

**အယ်ဒီတာ**

www.foreverspace.com.mm

# ကုန်စျေးနှုန်း

## ၂၀၁၀ ပြည့်နှစ်၊ ဇွန်လနောက်ဆုံးပတ်အတွင်း ဖြစ်ပေါ်ခဲ့သောကုန်စျေးနှုန်းများ

### ကားစျေးနှုန်း (၂၄-၆-၂၀၁၀)

| ကားအမျိုးအစား | မော်ဒယ် | အက္ခရာ | စျေးနှုန်း (သိန်း) |
|---|---|---|---|
| Shan Star | | (၈ဂ) | ၅၀ |
| Dagon Jeep | | (၈င) | ၉၀ |
| Toyota Publica | 84 | (၁က) | ၈၅ |
| Sunny Pickup | 81 | (ခ) | ၆၅ |
| Nissan Sunny Supersaloon | 86 | (၃က) | ၂၄၀ |
| Toyota Corolla 1.5 Limited | | (လ/သ/အ) | ၂၆၀/၂၇၀ |
| Suzuki Wagon R+ | | ၁ဂ | ၃၅၀ |
| Suzuki Wagon R- | | ၁ဂ | ၁၄၀ |
| Tow Ace (ပုစဉ်းခေါင်း) | 2000 | (၈င) | ၂၁၀ |
| Toyota Corolla | CE 90 | (၃က) | ၃၇၀ |
| Corolla 1C Van ဒီဇယ် | 90 | (၉က) | ၄၃၀ |
| Toyota MarkII | 92 | (၄ခ) | ၇၅၀ |
| Toyota MarkII | 94 | (၉ခ)ဒီဇယ် | ၉၀၀ |
| Mitsubishi Pajero V46(လေလံ) | 96 | (၃ဂ)လေလံ | ၁၃၀၀ |
| Toyota Hilux Surf S/W(လေလံ) | 97 | (၃ခ) | ၁,၅၈၀ |
| Land Crusier | 2000 | (၉ခ)ဒီဇယ် | ၂,၅၀၀ |
| Parado | 97 | (၃ဂ)လေလံ | ၁,၇၀၀ |

* အထက်ပါကားများသည် အက္ခရာပေါ်မူတည်၍ စျေးအတက်အကျရှိသည်။
* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ စျေးကွာခြားသည်။
* အဝယ်နည်းပါးသည့်အတွက် ခေါ်စျေးများသာဖြစ်သည်။



www.foreverspace.com.mm



## တီဗီရောင်စုံ

(၂၅-၆-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | အရွယ် | နှုန်း(ကျပ်) |
|---|---|---|---|
| SONY | KLV 22Bx300 | 22" | ၂၉၉,၀၀၀ |
| SONY | KLV 26Bx300 | 26" | ၃၆၉,၀၀၀ |
| SONY | KLV 32Bx300 | 32" | ၄၇၉,၀၀၀ |
| SONY | KLV 32Ex400 | 32" | ၅၆၉,၀၀၀ |
| SONY | KLV 40Bx300 | 32" | ၅၄၉,၀၀၀ |
| SONY | KLV 40Bx400 | 40" | ၇၉၉,၀၀၀ |
| SONY | KLV 40Ex400 | 40" | ၉၉၉,၀၀၀ |
| SONY | KLV 40Ex500 | 40" | ၁,၂၅၀,၀၀၀ |
| SONY | KLV 40Nx500 | 40" | ၁,၂၂၀,၀၀၀ |
| T-Home | SA2127 | 21" | ၁၀၂,၀၀၀ |
| LG | 42PJ250 (Plasma) | 42" | ၅၉၉,၀၀၀ |
| LG | 42LD460 (LCD) | 42" | ၇၄၉,၀၀၀ |
| LG | 42LD650 | 42" | ၁၀၄,၉၀၀၀ |
| LG | 32LH20R | 32" | ၃၉၉,၀၀၀ |

## ရေခဲသေတ္တာ

(၂၅-၆-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| LG | GN.V191SL (1 door) | ၁၈၅,၀၀၀ |
| LG | GN.V231SL (1 door) | ၂၀၅,၀၀၀ |
| LG | GN.V212RL (2 door) | ၂၇၉,၀၀၀ |
| Samsung | RA20F17 | ၁၉၀,၀၀၀ |
| Panasonic | NR.BT222 | ၂၈၀,၀၀၀ |

## DVD ပြစက်

(၂၅-၆-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| Panasonic (Home Theater System) | SC-PD570/750W | ၅၁၀,၀၀၀ |
| Panasonic (Home Theater System) | SD-PD870/750W | ၆၅၀,၀၀၀ |
| Toshiba | DV380 | ၃၅,၀၀၀ |
| DAEWOO | 1400S | ၄၉,၀၀၀ |
| Sukura | DVK75 | ၃၅,၀၀၀ |

## လေအေးစက်

(၂၅-၆-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| LG | HS.CO96Q2A3(1hp) | ၂၃၉,၀၀၀ |
| LG | Co964 SA3(1hp) | ၂၄၉,၀၀၀ |
| Panasonic | PC9 (1hp) | ၃၃၈,၀၀၀ |
| Panasonic | PC612 (1.5 hp) | ၄၄၀,၀၀၀ |
| Panasonic | S10 (1hp) | ၄၂၀,၀၀၀ |

## အဝတ်လျှော်စက်

(၂၅-၆-၂၀၁၀)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| LG(Fully Auto) | WF-T6515(7kg) | ၂၁၅,၀၀၀ |
| LG(Fully Auto) | WF-T7017(7.5kg) | ၂၃၉,၀၀၀ |
| LG(Semi) | WP-900R (6.5kg) | ၁၇၉,၀၀၀ |
| LG(Semi) | WP-1460 (10.5kg) | ၂၄၅,၀၀၀ |
| Daewoo | DW 900C | ၁၇၉,၀၀၀ |
| Daewoo | DW 172C | ၁၉၉,၀၀၀ |

## ဟောလစ်၊ မာတိုဘာ၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီမစ်(လက်လီ)

(၂၅-၆-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Horlick (900g) | ၅,၈၀၀ |
| Horlick (200g) (အိန္ဒိယ) | ၁,၇၀၀ |
| Junior Horlick (400g) | ၂,၉၅၀ |
| Milo (285g) ခဲထုပ် | ၁,၈၅၀ |
| Milo (400g) (ပုလင်း) | ၂,၈၅၀ |
| Ovaltine (400g) နီ | ၂,၉၀၀ |
| Ovaltine (200g) နီ | ၉၀၀ |
| Ovaltine 400g (ဖြူ) | ၃,၃၅၀ |
| Ovaltine 200g (ဖြူ) | ၁,၆၅၀ |
| Ovaltine 400g (စက္ကူဘူးနီ) | ၂,၈၀၀ |

## နိုင်ငံခြားအရက်

(၂၅-၆-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| J&BJet(20Cl) (12YearsOld) | ၄,၈၀၀ |
| Jonnie Walker (Red)(75Cl) | ၁၂,၂၀၀ |
| Jonnie Walker (Red)(1Liter) | ၁၄,၈၀၀ |
| Jonnie Walker (Black)(37.5Cl) | ၁၄,၂၀၀ |
| Jonnie Walker (Black)(75Cl) | ၂၁,၉၀၀ |
| Jonnie Walker(Black)(1Liter) | ၂၇,၄၀၀ |
| High Commisioner (1.5L) | ၁၀,၈၀၀ |
| High Commisioner (1L) | ၈,၂၀၀ |
| High Commisioner (175ml) | ၃,၀၅၀ |
| Grand Royal 175 ml | ၁,၂၀၀ |

www.foreverspace.com.mm

| | |
|---|---|
| Grand Royal 700ml | ၁၉၀၀ |
| SPY(CLASSIC)(Red) (Wine) | ၁,၁၀၀ |
| Mekhong (75CL) | ၅,၈၀၀ |
| Grand Royal (380ml) | ၂,၄၀၀ |

## မုန့်ပုံးသံဘူး

(၂၅-၆-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| မိသားစု | ၅,၅၀၀ |
| Cream Crackers(Hup Seng) | ၅,၃၀၀ |
| (KHOAN GUAN) Top Choice | ၅,၆၀၀ |
| (HWA TA) Choice | ၄,၁၀၀ |
| Asia Biskit MARI | ၆,၉၀၀ |
| Apilo Wafe 2 in1 | ၄,၀၀၀ |
| Summer Biscuit Assorties | ၄,၁၀၀ |
| Lucky Love | ၄,၂၀၀ |

## ခေါက်ဆွဲခြောက်

(၂၅-၆-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Yum Yum (ကြက်ပေါင်) | ၁၅၀ |
| Yum Yum ချဉ်စပ်(ပုစွန်) | ၁၅၀ |
| Yum Yum (ဘဲသားဆီချက်) | ၁၅၀ |
| Yum Yum (သီးစုံခေါက်ဆွဲ) | ၁၅၀ |
| MAMEE ကြာဆံ | ၁၅၀ |
| MAMEE (ရိုးရိုး)(ဆီချက်) | ၁၅၀ |
| MAMEE (ပုဇွန်ချဉ်စပ်) | ၁၅၀ |
| MAMEE (ကြက်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MAMEE (ကြက်သားဆီချက်ခေါက်ဆွဲ) | ၁၅၀ |
| MAMEE (သက်သတ်လွတ်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MA MA (ချဉ်စပ်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| Wai Wai (ကြာဆံ) (ပြာ) | ၂၀၀ |
| Shin Shin (ကြာဆံ) | ၂၀၀ |
| Yum Yum ပုစွန်မလိုင်ချဉ်စပ် | ၁၅၀ |
| Yum Yum ကြက်သားချဉ်စပ် | ၁၅၀ |
| MA MA ကြက်သားခေါက်ဆွဲ(စိမ်း) | ၁၅၀ |
| MA MA ကြက်ကင်ခေါက်ဆွဲ(နီ) | ၁၅၀ |

## သွားတိုက်ဆေး

(၂၅-၆-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Fresh Up ဘူးကြီး ရိုးရိုး/ Gel | ၇၀၀/ ၇၅၀ |
| Best-T (125g) Gel | ၆၅၀ |
| Colgate (40g) Double Cool Stripe | ၄၀၀ |
| Colgate (160g) Double Cool Stripe | ၁,၂၅၀ |
| Close-Up (New)(18 g) | ၁၅၀ |
| Close-Up (160g) ပြာ | ၁,၂၀၀ |
| Colgate Fresh Cool Mint 200g | ၁,၂၅၀ |
| Colgate Great Regular 200 g | ၁,၂၅၀ |
| Colgate Whitening 160g | ၂,၁၅၀ |
| Colgate gel (စိမ်း) 160g | ၁,၅၅၀ |

## ကိုယ်တိုက်ဆပ်ပြာ

(၂၅-၆-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Imperial Leather (65g) | ၂၅၀ |
| Imperial Leather (125g) | ၄၅၀ |
| Fashion | ၂၅၀ |
| Miss | ၂၅၀ |
| Family Care 125g | ၄၀၀ |
| ASEPSO | ၆၀၀ |
| CAMAY | ၄၅၀ |
| Spa | ၂၅၀ |
| E-Lan | ၂၅၀ |
| LUX 100g | ၃၀၀ |
| KAO | ၃၅၀ |
| Parrot | ၂၀၀ |
| Paris 135g | ၄၀၀ |
| A21 (နက်)70g | ၂၅၀ |
| A21 (နက်)125g | ၄၀၀ |
| DG Soap 100g | ၃၀၀ |

## ခေါင်းလျှော်ရည်

(၂၅-၆-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Head and Shoulder 400g | ၃,၇၀၀ |
| Head and Shoulder 200g | ၁,၉၅၀ |
| Head and Shoulder 90ml | ၇၀၀ |
| Pantene 400g | ၃,၅၅၀ |
| Pantene 200g | ၁,၉၀၀ |
| Pantene 90ml | ၆၀၀ |
| Clinic Clear 380g | ၃,၉၀၀ |
| Clinic Clear 200g | ၁,၉၀၀ |
| Palmolive 100ml | ၉၀၀ |
| Palmolive 200 ml | ၂,၀၀၀ |
| Rejoice 360ml | ၃,၁၀၀ |
| Rejoice 90ml | ၄၅၀ |

## ခြင်ဆေးခွေ

(၂၅-၆-၂၀၁၀)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Jumbo (12)coils | ၃၅၀ |
| Rainger | ၃၅၀ |
| Raid | ၄၀၀ |
| Fuji | ၃၀၀ |
| FIGHTER | ၂၅၀ |
| MOSFLY | ၂၅၀ |
| ဂေါ်ဇီလာ | ၃၅၀ |
| Baby Care(ယိုးဒယား) | ၅၀၀ |

www.foreverspace.com.mm





# ကွန်ပျူတာ ဈေးနှုန်းများ

( ၂၄-၆-၂၀၁၀)

### ❑ Lucky Bird P4 Home & Office PC 775

- Intel Pentium 4-775 Dual Core 2.6 GHz
- Memory 1 GB DDR2 800
- MSI Motherboard
- 250 GB HDD SATA
- AOPEN PS2 Keyboard & Optical Mouse & PAD
- P4 ATX Tower Casing
- Speaker

Price 229 US$

### ❑ Lenovo ideapad V 460 Notebook

- Intel Dual Core i5-430M Processor P 7550(2.26 GHz/ 1066 MHz/3MB L2 Cache)
- 2 G DDR 3 RAM
- 14.1" WXGA LED Back Light Display
- 320 GB HDD SATA
- Dual Layer Multiburner Drive (DVD-RW)
- nVidia GeForce GT310M 512 MB graphic
- Intel Wifi Link 5100 agn
- e-SATA, HDMI, IMR (Palm Rest)
- Bluetooth, 1.3 M Pixel Web Cam
- 2.1 Dolby, 6 in 1 Card Reader
- Yo-Safe Technology, Finger Print
- One Key Rescue System . 6 Cells Battery. Free DOS
- One Year Int'l Warranty

Price 819 US$

### ❑ KMD Classic Model

- Intel Pentium Dual Core 2 Duo 2.93 GHz, E 7500 (3MB L2 Cache, 1066 MHz)
- Intel GM-45 Chipset Motherboard (775/DDR2/1333) with PCIE + Sound + LAN
- 320 GB HDD (Seagate, 7200 RPM) SATA
- 1GB DDR2 RAM (PC 800 MHz, Kingston)
- 18.5" LCD Color Digital Monitor (Acer, Wide View)
- Dual Layer Multiburner Drive (DVD-RW)
- Intel Graphics Media Accelerator X 4500
- Prolink Combo Super Slim Keyboard, Optical Mouse and Pad
- P4 Casing (Handle High)

Price 468,000 Ks

### ❑ TOSHIBA Satellite L510 (PSLF8L-017001) Notebook

- Intel Dual Core 2 Duo T4400 2.2 GHz Processor
- 14.0" WXGA HD 200 CSV Super Shine View screen
- Blacklight TFT Display, (Resolution 1, 366x768)
- 1GB DDR3 SDRAM
- 250GB HDD [SATA]
- DVD-RW Super Multi Double Layer Drive
- Wireless LAN 802.11 b/g, Bluetooth,
- Intel Graphics Media Accelerator 4500 M
- 56 k Fax Modem & Intergrated Bluetooth 2.1
- International Warranty
- Web Cam, Card Reader, Mouse, Headphone

Price 539 US$

### ❑ Lucky Bird P4 Accelerator PC 775

- Intel Pentium 4-775 Core i3 530 2.93 GHz 4MB/ 1366MHz (775 CPU)
- ASUS 512MB PCI Express Graphic
- 2GB DDR 2 RAM
- 500 GB HDD SATA
- ASUS/MSI GIGABYTE Core i3 Motherboard
- Aopen PS2 Keyboard
- Optical Mouse & Mouse Pad

www.foreverspace.com.mm

- P4 ATX Tower Casing

Price 444 US$

## ❑ KMD Innovator Model

- Intel Pentium Core i3 2.93 GHz E 7400 (4 MB L2 Cache)
- Intel H55 Express Chipset Motherboard (1156/ DDR2/ 1333) (with PICE, Sound + LAN)
- 2GB DDR3 RAM (PC 1333 MHz) Kingston
- DVD-RW Multi-Layer Drive (SATA)
- 320 GB HDD SATA
- nVidia Geforce GT 310 PCIE 512 MB Graphic
- 20" LCD Color Monitor (Prolink) (Wide View)
- Prolink Combo Super Slim Keyboard & Mouse (Myanmarsar)
- Optical Mouse Pad
- P4 Casing (Light High)

Price 555,000 Ks

(အထက်ပါဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေးသော ကွန်ပျူတာတစ်လုံး၏ ၂၀၁၀ ပြည့်နှစ် ဇွန်လ ၂၄ ရက်နေ့ ဈေးနှုန်းဖြစ်သည်။ ပစ္စည်းတစ်မျိုးချင်းစီ ထပ်ဖြည့်လဲလှယ်လိုပါက ဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။ အချိန်ကာလအလိုက် အပြောင်းအလဲရှိနိုင်ပါသည်။)

## ❑ Multimedia

| | |
|---|---|
| 22 x DVD Writer (Samsung) SATA | 25,000 KS |
| 24 x DVD Writer (Sony) SATA | 29,000 Ks |
| 24 x DVD Writer (ASUS) SATA | 32,000 Ks |
| 24 x DVD Writer (Samsung) SATA External | 63,000 Ks |
| Microlab M 223 Speakers with sub woofer | 26,000 Ks |
| Microlab M 900 Speakers with sub woofer | 38,000 Ks |
| Microlab M 666 Speakers with sub woofer | 32,000 Ks |
| Microlab M-200 Speakers with sub woofer | 29,000 Ks |

## ❑ Memory

| | |
|---|---|
| 1GB (DDR 2 RAM) 800 MHz (Kingston) | 26,000 Ks |
| 2GB (DDR 2 RAM) 800 MHz (Kingston) | 46,000 Ks |
| 2GB (DDR 3 RAM) 1333 MHz (Kingston) | 51,000 Ks |
| 2GB (DDR 2 RAM) 800 MHz (Kingston) Notebook RAM | 53,000 Ks |

## ❑ Storage Device

| | |
|---|---|
| 250 GB (Seagate) SATA | 43,000 Ks |
| 320 GB (Seagate) SATA | 47,000 Ks |
| 500 GB (Seagate) SATA | 50,000 Ks |
| 750 GB (Seagate) SATA | 64,000 Ks |
| 160 GB (Hitachi/Seagate) Notebook SATA | 43,000 Ks |
| 250 GB (Hitachi/Seagate) Notebook SATA | 49,000 Ks |
| 320 GB (Seagate) Notebook SATA | 55,000 Ks |

## ❑ Monitor

| | |
|---|---|
| 16" LCD Color Monitor (Prolink, Wide View) | 104,000 Ks |
| 17" LCD Color Monitor (Samsung) Square View | 117,000 Ks |
| 19" LCD Color Monitor (View Sonic) Wide View 1932 wm | 151,000Ks |
| 20" LCD Color Monitor (Prolink) Wide View 2012 w with DVI | 129,000Ks |
| 18.5" LCD Color Monitor Samsung Wide View | 123,000 Ks |
| 18.5" LCD Color Monitor (Acer)Wide View | 121,000 Ks |
| 22" LCD Monitor (Prolink) 2213W with TV and Speakers | 18,000 Ks |

## ❑ Printer

| | |
|---|---|
| Canon BJC- iP 1980 Printer (USB) | 45 US$ |
| Canon PIXMA-iP6320 Printer (USB) | 47,000 Ks |
| Canon Laserjet 3050 Printer (USB) | 98,000 Ks |
| HP Laserjet 1215 Printer (USB) | 360,000 Ks |
| HP Desk Jet 2410 Printer | 60,000 Ks |
| HP Laserjet 1522N AIO Printer With Cable (3 in 1) | 400,000 Ks |
| EPSON Stylus T11 Printer With Cable | 47,000 Ks |
| EPSON Dot Matrix Printer-LQ 300+ | 196,000 Ks |
| Star Receipt Printer | 225,000 Ks |
| HP Laserjet M 1319F AIO Printer with cable (USB (4in1) | 330,000 Ks |
| Fuji Xerox Colour Laser DPC 1110B | 420US$ |
| Fuji Xerox Multifunction WC PE 220 | 350US$ |

## ❑ Toner

| | |
|---|---|
| HP 1100/ 1200/ 5L / 6L Toner | 57,000 Ks |
| HP 1010/ 1320/ 1300 Toner | 65,000 Ks |
| HP 2015/ 1522 Toner | 72,000 Ks |
| Canon 2900 Toner/Canon 3050 Toner | 53,000 Ks |
| Canon 1120 Toner | 53,000 Ks |
| HP 2055 Toner | 77,000 Ks |

## ❑ Scanner

| | |
|---|---|
| EPSON Perfection V30 Scanner | 103US$ |
| Canon Scanner Lide 100 | 53,000 Ks |
| HP 2410 Scanner (USB) | 83,000 Ks |

## ❑ UPS

| | |
|---|---|
| 650 VA (Power Tree/ Prolink) Basic | 41,000 Ks |
| 1250 VA (Power Tree/ Prolink) | 72,000 Ks |
| IPS 1000 Long Time Inverter UPS (Prolink) | 75,000 Ks |

**မှတ်ချက်။ ။ ဖော်ပြပါဈေးနှုန်းများကို Lucky Bird Co., Ltd. နှင့် KMD Computer Centre တို့မှ ရယူထားပါသည်။**

**အယ်ဒီတာ**

www.foreverspace.com.mm

# တစ်ဦးတည်းကိုယ်စားလှယ်

| စဉ် | ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့် နိုင်ငံ | ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ပဏီနှင့် လိပ်စာ | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | အထက်မြန်မာပြည် ကိုယ်စားလှယ် |
|---|---|---|---|---|
| ၁။ | SUZUKI Portable Speaker ဂျပန် | CYBER CITY CO., LTD.<br>အမှတ်–၇၈/၈၂၊ အခန်း–၁၀၂၊ ပထမထပ်၊ ဗိုလ်တထောင်ဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၃၉၁၇၄၂၊ ၀၉–၅၀၆၄၇၃၁ | ဦးပြည့်စုံ (Marketing Manager) | CYBER CITY CO., LTD.<br>အမှတ် – C(3)၊ R(23) ၊ ပထမထပ်၊ ၇၇ × ၇၈ လမ်းကြား၊ ၃၂ လမ်း၊ မန္တလေး။<br>ဖုန်း–၀၉–၅၀၆၃၉၁၆ |
| ၂။ | Canon iR-2500 ဘက်စုံသုံးမိတ္တူကူးစက် (ဂျပန်) | ACCEL INTERNATIONAL CO., LTD.<br>အမှတ်–၄၂၂/၄၂၆၊ ဆဋ္ဌမထပ်၊ သစ်တောဖက်စပ်ကူးသန်းရောင်းဝယ်ရေးအဆောက်အအုံ၊ ဗိုလ်တထောင်ဘုရားလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၂၀၂၀၉၂၊ ၂၀၂၀၉၆ | ဒေါ်နော်မာနေထူး (Marketing Manager) | ACCEL INTERNATIONAL CO., LTD.<br>အမှတ်–၄၅၊ SY အဆောက်အအုံ၊ ၇၈ လမ်း၊ ဘူတာကြီးနှင့် မျက်နှာချင်းဆိုင်၊ မန္တလေး။<br>ဖုန်း–၀၂–၃၆၀၁၄၊ ၃၉၈၁၆၊ ၃၉၈၅၇ |
| ၃။ | Caesar ရေချိုးခန်းသုံးပစ္စည်းများ (ဗီယက်နမ်) | THANLWIN INTERNATIONAL CO., LTD.<br>အမှတ်–၁၀၃၃၊ (A)၊ ပြည်လမ်း၊ ၁၀ မိုင်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၆၄၆၆၃၀၊ ၆၄၆၆၃၃<br>လိုင်းခွဲ–(၁၀၈၊ ၁၀၉)<br>၀၉–၅၁၉၇၀၉၁ | ဒေါ်လေးလေးခိုင် (Sales Manager) | မရှိ |
| ၄။ | AUX Air-con (တရုတ်) | UNITED ASIA CO., LTD.<br>အမှတ်–၂၂၅၊ အနော်ရထာလမ်း၊ ၁၁ လမ်းနှင့် လှည်းတန်းလမ်းကြား၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၂၁၀၈၃၄၊ ၂၁၈၀၂၁၊ ၀၉–၅၅၀၅၆၅၀ | ဦးတင်ထွန်း (General Manager) | မရှိ |
| ၅။ | Brother Printer (စင်ကာပူ) | ALLIANCE STARS CO., LTD.<br>အမှတ်–၉၀/၉၂၊ B-2၊ ၅၁ လမ်း(အလယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၂၉၅၆၆၁၊ ၂၉၆၈၃၆၊ ၃၉၇၈၃၃ | ဒေါ်အေးအေးဇော် (Sales & Marketing Manager) | မရှိ |

ဤတစ်ဦးတည်းကိုယ်စားလှယ်ကဏ္ဍကို ဈေးကွက်အတွင်းရှိ စားသုံးသူများနှင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအကြား အခမဲ့ (အခမဲ့) ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်ရရှိထားသူများအနေနှင့် သတင်းအချက်အလက်များ ပေးပို့ပါက အခမဲ့ထည့်သွင်းဖော်ပြပေးမည် ဖြစ်ပါသည်။

www.foreverspace.com.mm



ဤကဏ္ဍတွင် . . . . .

၁၂၄ ကျွန်တော်သိသော အောင်ဆန်းသူရိယလှသောင်း
၁၂၈ သူ့ခေတ်နဲ့တော့ သူတွင်ကျယ်ကြသည်
၁၃၂ ဘာသာစကားတန်ဖိုး
၁၃၆ သူတို့ဆီက သတင်းစာများ
၁၄၂ မြို့ပတ်ရထား တောလား
၁၄၈ ကျွန်တော့်အတွေး၊ ကျွန်တော့်စကားနှင့် ကျွန်တော့်လုပ်ဆောင်ချက်များ (၁၂)
၁၅၄ သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၃၄)

# ကျွန်တော်သိသော အောင်ဆန်းသူရိယလှသောင်း

ကိုကိုအေး (မြို့မ)

**ယခုနှစ်ပူပြင်းလှသည့် နွေရာသီရဲ့အပူဒဏ်ကို လူးလိမ့်ခံစားရင်း အိမ်ထဲမှာပဲ အချိန်ကုန်ခဲ့ရသည်။ အပတ်စဉ်ထုတ်ဂျာနယ်၊ မဂ္ဂဇင်းတွေလည်း အတော်ကွက်ပြည့်နှင်းပြီးဖတ်၍ ကုန်သလောက်ဖြစ်နေပြီမို့ စာအုပ်အဟောင်းတွေသိမ်းထားသည့် စက္ကူဂျပ်ပုံးထဲက မဂ္ဂဇင်းတစ်အုပ်ကို ထုတ်ယူလိုက်ပါသည်။ လက်ထဲပါလာသည့်စာအုပ်က ၂၀၀၈ ခုနှစ် နိုဝင်ဘာလထုတ် Living Color မဂ္ဂဇင်းတစ်အုပ်ပါ။ မဂ္ဂဇင်းထဲမှာပါသည့်ဆောင်းပါးအချို့မှာ ဖတ်ပြီးသားဖြစ်နေသမို့ စာမျက်နှာများကိုတစ်ခုပြီးတစ်ခု ကျော်လာရာက တွေ့ပါပြီ ကျွန်တော့် Favourite စာရေးဆရာကြီး သခင်တင်မြ။ ဆရာကြီးသခင်တင်မြရေးသောဆောင်းပါးမှန်သမျှ ကျွန်တော် မလွတ်တမ်းဖတ်ခဲ့ပါသည်။ ဆရာကြီးရေးတဲ့စာအုပ်မှန်သမျှ အတော်များများလည်း ကျွန်တော်ဝယ်ခဲ့ပြီး ကိုယ်ပိုင်စာကြည့်တိုက်မှာ သိမ်းထားပါသည်။ ယခုဆရာကြီးရေးသော 'တောင်ကြီးသို့နောက်တစ်ခေါက်' ခရီးသွားမှတ်တမ်းဆောင်းပါးကို ကျွန်တော် မဖတ်ရသေးပါ။ ကျွန်တော် စိတ်ပါဝင်စားစွာ ဖတ်ရှုလိုက်ပါသည်။**

ဆရာကြီးရဲ့ဆောင်းပါးက ခရီးသွားမှတ်တမ်းဆောင်းပါးဆိုသော်လည်း ရေးရိုးရေးစဉ် ခရီးစဉ်တစ်လျှောက် အတွေ့အကြုံတွေကို မှတ်တမ်းတင်ထားသောဆောင်းပါးမဟုတ်ပါ။ ခရီးစဉ်တစ်လျှောက် ရန်ကုန်ကထွက်လာပြီး ပဲခူးတိုင်းထဲဝင်လာချိန်ကစပြီး တောင်ကြီးရောက်သည်အထိ တစ်လမ်းလုံးဖြတ်ကျော်လာရသည့်မြင်ကွင်းထဲက ကျေးရွာတွေ၊ မြို့တွေ၊ ထင်ရှားတဲ့ Land mark တွေကိုကြည့်ပြီး ဒီနေရာဟောင်းတွေမှာ လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော် ၆၀ ခန့်က ဘုံဘဝကြုံတွေ့ခဲ့သမျှ ဇာတ်လမ်းတွေကို ပြန်လည်နောက်ကြောင်းပြန်ပြီး Flash Back ရေးသားတင်ပြသွားပါသည်။ အလွန်စိတ်ဝင်စားမိပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း ဒီနေရာတွေရောက်ဖူးခဲ့သည့်အတွက် ပိုပြီးစိတ်ဝင်စားခဲ့သလို ရုပ်ရှင်ပြန်ကြည့်နေရသလို ခံစားခဲ့ပါသည်။




ဒါပေမဲ့ ဆရာကြီးရဲ့ဆောင်းပါးအစမှာပဲ 'အောင်ဆန်းသူရိယလှသောင်း' ဆိုတဲ့ခေါင်းစဉ်ငယ်အောက်မှာ ဆရာကြီးရေးသားဖော်ပြခဲ့တဲ့ 'အောင်ဆန်းသူရိယလှသောင်း' နှင့် 'ကျွန်တော်သိသော အောင်ဆန်းသူရိယလှသောင်း' မှာ ဇာတ်ကောင်ကွဲလွဲနေရုံသာမက ဖြစ်စဉ်၊ နေ့ရက်၊ အချိန်မှစပြီး ကွဲလွဲနေသည်ကို တွေ့ရပါသည်။

ဒါကြောင့် ကျွန်တော် ဒီကိစ္စကိုပြန်လည်ဆွေးနွေးတင်ပြလိုတဲ့ဆန္ဒရှိခဲ့ပါသည်။ ဆရာကြီးလိုပဲ ကျွန်တော့်မိတ်ဆွေ ဆရာမောင်ဆွေသက်လည်း မှားယွင်းဖော်ပြခဲ့ဖူးပါသည်။ ဆရာကြီးသခင်တင်မြအနေဖြင့် အသက်အရွယ်အားဖြင့် ထောက်လာပြီဆိုတော့ မှတ်ဉာဏ်တွေ ယိုယွင်းကောင်း ယိုယွင်းလာနိုင်ပြီမို့ ဖြစ်တတ်တဲ့သဘာဝကို ကျွန်တော် သဘောပေါက်မိပါသည်။ ကျွန်တော်ကိုယ်တိုင် ဆရာကြီးထက် အသက် ၁၀ နှစ်ခန့်ငယ်သော်လည်း ဇရာထဲဝင်လာ

www.foreverspace.com.mm





တော့ သဘာဝကြီးရဲ့ ယိုယွင်းဖောက်ပြန်မှုကို လက်တွေ့ခံစားနေရပါပြီ။ ဒါကြောင့် ဆရာကြီးရေးထားတဲ့ ပထမမူရင်းအပိုဒ်စာသားအတိုင်း ဖော်ပြလိုပါသည်။ ပြီးမှ ဘာတွေကွဲလွဲနေသည်၊ မှားနေသည်ကို တင်ပြပါမည်။

"ကတ္တရာလမ်းက ဘေးနှစ်ဖက်လယ်ကွက်များထက် တဖြည်းဖြည်းမြင့်လာသည်။ ဒီသင်္ကေတက ဒိုက်ဦးမြို့ကို ရောက်တော့မည့်အမှတ်အသား ဖြစ်သည်။ လေးအိမ်စုမရောက်မီ ညာဘက်ချောင်း အကွေ့မှာစိုက်ထူထားသည့် ကျောက်တိုင်ကို ကြည့်လိုက်သည်။ သစ်ပင်များကွယ်နေသဖြင့် မမြင်ရပါ။ ဒီကျောက်တိုင်ကို ၁၉၄၉ ခုနှစ် ဇန်နဝါရီလက ကရင်သူပုန်တို့ကို ခုခံတိုက်ခိုက်ရင်း ဗမာ့သေနတ်ကိုင်တပ်ရင်း (၃) က တပ်စုမှူး ဗိုလ်လှသောင်းသည် ပြည်ထောင်စုတည်မြဲရေးအတွက် အသက်ပေးလှူခဲ့သည့်နေရာ။ ဤသို့တိုင်းပြည်အတွက် အသက်ပေးစွန့်လွှတ်ခဲ့သဖြင့် 'အောင်ဆန်းသူရိယဘွဲ့' ကို ဗိုလ်လှသောင်း ဆွတ်ခူးရရှိခဲ့သည်။ ဗိုလ်လှသောင်းသည် အောင်ဆန်းသူရိယဘွဲ့ကို မြန်မာနိုင်ငံတွင် ပထမဆုံးရရှိခဲ့သူဖြစ်သည်။ 'အောင်ဆန်းသူရိယလှသောင်း' ၏ ထူးချွန်လှသည့် ဂုဏ်သတင်းသည် မြန်မာတည်သရွေ့ လန်းဆန်းနေမည်မှာ သေချာပါသည်"

ကျွန်တော့်အနေဖြင့် ဆရာကြီးရဲ့ ဆောင်းပါးတစ်ခုလုံးကို မဝေဖန်၊ မဆွေးနွေးလိုပါ။ ကျွန်တော် ဆွေးနွေးလိုတာကတော့ အထက်ဖော်ပြထားသည့် အပိုဒ်တစ်ခုသာ သုံးသပ်ဝေဖန်သွားပါမည်။ ဘာကြောင့် ဝေဖန်သုံးသပ်ရပါသလဲဆိုရင် သမိုင်းဖြစ်ရပ်မှာ လုံးဝကွဲလွဲမှားယွင်းနေသောကြောင့် ဖြစ်ပါသည်။

အကယ်၍ ဆရာကြီးသခင်တင်မြက ကျွန်တော့်ကို "မောင်ရင်က ဘာကြောင့်မှားတယ်လို့ပြောနိုင်သလဲ၊ ဘယ်လိုအထောက်အထားရှိလို့လဲ"လို့ မေးလာခဲ့ရင် ကျွန်တော် ဖြေပါမည်။

ဒီတိုက်ပွဲမှာ ကျွန်တော်နှင့် တိုက်ရိုက်ပတ်သက်နေခြင်းမရှိသော်လည်း သွယ်ဝိုက်သောအားဖြင့် ပတ်သက်ဆက်နွှယ်နေပါသည်။ ဗမာ့သေနတ်ကိုင်တပ်ရင်း (၃)–သနက (၃) သည် ကျွန်တော့်မိခင်တပ်ရင်းဖြစ်ပါသည်။ ထိုတပ်ရင်းသို့ OTS ကျောင်းဆင်းဆင်းချင်း ၁၉၅၉ ခုနှစ် ဇွန်လတွင် ရောက်ရှိခဲ့ပါသည်။ တစ်နည်းဆိုရပါက ထိုတိုက်ပွဲဖြစ်ပြီး ၁၀ နှစ်ကြာမှ ရောက်ခဲ့သူဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော်တို့တပ်ရင်းမှူးကြီးမှာ ဒုတိယဗိုလ်မှူးကြီးမောင်ကျော် ဖြစ်သည်။ ထိုတိုက်ပွဲကြီးဖြစ်ပွားခဲ့စဉ်က ဗိုလ်မှူးကြီးမောင်ကျော်သည် သနက (၃) ၏ (B-eoy)'ခ' တပ်ခွဲ–တပ်ခွဲမှူး ဗိုလ်မှူးကြီးမောင်ကျော် ဖြစ်ပါသည်။ အောင်ဆန်းသူရိယလှသောင်းမှာ ထိုစဉ်က ဗိုလ်ကြီးမောင်ကျော်တပ်ခွဲမှ (Bren Gumner One) စက်ကလေး (၁) တပ်သားလှသောင်း ဖြစ်ပါသည်။

ထိုတိုက်ပွဲအကြောင်းကို ဦးစွာဖော်ထုတ်ရေးသားခဲ့သူမှာ သနက(၆) မှ ဗိုလ်ကြီးခင်မောင်သောင်း(ယခု ဒုတိယဗိုလ်မှူးကြီးခင်မောင်သောင်း(ငြိမ်း) စာရေးဆရာမိုးမိုးတာရောစန် ဖြစ်ပါသည်။ ဗိုလ်မှူးကြီးခင်မောင်သောင်းက မြဝတီမဂ္ဂဇင်းတွင် 'အမေ့မြေမှသားကောင်းများ' ဆိုသည့် ခေါင်းစဉ်ဖြင့် ယင်းတိုက်ပွဲစဉ်ကို ရေးသားတင်ပြခဲ့သည်။ သူ့ဆောင်းပါးထဲတွင် တိုက်ပွဲတစ်ခုလုံး အပြည့်အစုံဖော်ပြခဲ့သည့်အပြင် ထိုကျောက်တိုင်စေတီကလေးမှာ နှစ်ပရိစ္ဆေဒများစွာကြာပြီဖြစ်သဖြင့် ယိုယွင်းပျက်စီးနေသောကြောင့် ဗိုလ်မှူးကြီးမောင်ကျော်အား ပြုပြင်သင့်ကြောင်း အကြံပြုခဲ့ပါသည်။ ထို့ကြောင့် ဗိုလ်မှူးကြီးမောင်ကျော် မကွယ်လွန်မီက ကျွန်တော့်ကို "မင်းပဲ ကျန်တဲ့တပ်ရင်း (၃) က လူဟောင်းတပ်မှူးကြီးတွေနဲ့တိုင်ပင်ပြီး ပြုပြင်လိုက်ပါ"လို့ တာဝန်ပေးခဲ့သဖြင့် ကျွန်တော်ကိုယ်တိုင် လူကြီးများကိုတင်ပြပြီး သက်ဆိုင်ရာနယ်မြေ (ဒိုက်ဦး) မှ မြို့နယ်အာဏာပိုင်များနှင့် ညှိနှိုင်းအကူအညီယူကာ ပြုပြင်ခဲ့ပါသည်။

ဆရာကြီးသခင်တင်မြ ရေးသားထားသလို ထိုကျောက်တိုင်နေရာမှာ လေးအိမ်စုရွာမရောက်မီ ညာဘက်ချောင်း

www.foreverspace.com.mm

အခကွဲ့မှာ မဟုတ်ပါ။ ဖောင်တော်သီကျေးရွာလမ်းခွဲ ပေါက်တစ်ပင်တာဆုံကို ဖြတ်ကျော်ပြီး ညောင်ပင်သာရှမ်းစုရွာမရောက်မီ နှစ်ဖာလုံခန့်အလို မိုင်တိုင် ၈၀ မှ အရှေ့ဘက်ကိုက် ၅၀ ခန့်တွင် တည်ရှိပါသည်။ တိုက်ပွဲဖြစ်ပွားသည့်ကာလမှာ ၁၉၄၉ ခုနှစ် ဇန်နဝါရီလမဟုတ်ပါ။ ဧပြီလ ၂၉ ရက်ဖြစ်ပါသည်။ တိုက်ပွဲအမှန်တကယ်စဖြစ်သည့်အချိန်မှာ ဧပြီလ ၂၈ ရက်နေ့ ည ၁၁ နာရီခန့်တွင် ဖြစ်သည်။ ရန်သူက လမ်းမကြီးအနောက်ဘက်မှဝင်လာပြီး လျှပ်တစ်ပြက်ဝင်ရောက်တိုက်ခိုက်ခြင်း ဖြစ်သည်။

၁၉၄၉ ခုနှစ် ဧပြီလ ၂၉ ရက်နေ့ နံနက် ၂ နာရီခန့်တွင် သနက (၃) ရှေ့တန်းဌာနချုပ်စခန်းမှ ဆုတ်ခွာပေးလိုက်ရသည်။ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးချစ်မြိုင်နှင့် တပ်ခွဲနှစ်ခွဲ၊ ဗိုလ်မှူးတင်ဦးခေါင်းဆောင်သော သနက (၆) မှ တပ်ခွဲများအားလုံး ကတုတ်ဘုရားကြီးအထိဆုတ်ခွာ၍ ဒုတိယခံစစ်ကြောင်းကို အခိုင်အမာတည်ဆောက်၍ ကရင်သနက(၁)နှင့် အင်အားစုကို ဦးကျိုးသွားအောင် ချေမှုန်းနိုင်ခဲ့သည်။ ကရင်တပ်ပေါင်းစုလည်း တပ်ပျက်ပြီး ဒိုက်ဦးသို့ အကျအဆုံးများစွာဖြင့် ဆုတ်ခွာသွားခဲ့ပါသည်။ (မှတ်ချက်-တိုက်ပွဲဖြစ်စဉ်ကို အကျဉ်းချုံး၍ဖော်ပြရခြင်း ဖြစ်ပါသည်။ တိုက်ပွဲဖြစ်စဉ်အသေးစိတ်ကို သိရှိလိုပါက မိုးမိုးတာရောစန်၏ 'ပန်းခင်းသောလမ်းမဟုတ်ပါ' စာအုပ်တွင် လေ့လာနိုင်ပါသည်။)

ဆရာကြီးသခင်တင်မြ အမိကကွဲလွဲခဲ့ရသောအကြောင်းမှာ ကျဆုံးသွားသူ အောင်ဆန်းသူရိယလှသောင်းကို တပ်စုမှူးဗိုလ်လှသောင်းဟု ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။ ဒိုက်ဦးမြို့တောင်ဘက် ညောင်ပင်ရှမ်းစုတိုက်ပွဲ (အချို့က ဖောင်တော်သီရှမ်းစုလို့လည်း ခေါ်ကြသည်) တွင် ကျဆုံးခဲ့သူ လှသောင်းမှာ သနက (၃) တပ်ခွဲ (၂) က အမှတ် ၈၈၈၆၅ တပ်သားလှသောင်း ဖြစ်ပြီး ဗိုလ်ကြီးမောင်ကျော်၏တပ်ခွဲမှ ဖြစ်သည်။ ထိုတိုက်ပွဲတွင် သနက (၃) မှ အရာရှိနှစ်ဦးအပါအဝင် အင်အား ၃၆ ယောက်ကျဆုံးခဲ့ သည်။ စွမ်းရည်ဘွဲ့ရသူများမှာ-

(၁) ကြည်း ၃၃၃၂ ဗိုလ်ကြီးမွန်ထော်သက်ညွှန့် RMO-တပ်ရင်းဆေးမှူး သူရဘွဲ့ရခဲ့သည်။

(၂) အမှတ် ၈၈၈၉၉ တပ်ကြပ်ခင်မြင့် ထလရ/တကက သီဟသူရဘွဲ့ ရသည်။

(၃) အမှတ် ၈၈၈၆၅ တပ်သားလှသောင်း တပ်ခွဲ (၂) စက်ကလေး (၁) အောင်ဆန်းသူရိယဘွဲ့ ရသည်။

ဆရာကြီး သခင်တင်မြရေးသားဖော်ပြခဲ့သော ဗိုလ်လှသောင်းမှာ သနက (၅) (ဗမာ့သေနတ်ကိုင်တပ်ရင်း-၅) မှဖြစ်ပြီး အင်းစိန်-မင်းဓမ္မကုန်းတိုက်ပွဲတွင် ကျဆုံးသွားသူ ဗိုလ်မှူးလှသောင်းနှင့် အမည်တူနေသဖြင့် မှားယွင်းကြောင်း ယူဆမိပါသည်။ ဗိုလ်မှူးလှသောင်းကို နိုင်ငံတော်က 'သူရ'ဘွဲ့ ချီးမြှင့်ခဲ့သည်။ သူ့အကြောင်းကို မှူးသမိန် (ဗိုလ်မှူးကြီးစောမြင့်-ငြိမ်း) က သူရေးသည့် '၁၉၄၉ ကြုံတွေ့ရဇာတ်လမ်းများ' စာအုပ်၌ (ရန်ကုန်အစိုးရခေတ်အင်းစိန်ရယ်၊ တပ်ရင်း ၅ ရယ်) ဆောင်းပါး၌ ဖော်ပြခဲ့ပါသည်။

နောက်တစ်ချက်က ကျွန်တော်လေ့လာမှတ်သားမိသမျှ အောင်ဆန်းသူရိယဘွဲ့ ရသူ ခြောက်ယောက် ရှိပါသည်။

(၁) ကြည်း ၅၁၈၀ ဗိုလ်မှူးအေးချိုပြည်ထောင်စုစစ်ရဲတပ်ရင်း (၂၁) တပ်ရင်းမှူး၊ ၁၉၄၈ ခုနှစ် ဩဂုတ်လတွင် နတ္တလင်းမြို့အနီး ဖိုးသာအောင်ကုန်းတံတားတိုက်ပွဲ၌ သောင်းကျန်းသူဗကပများနှင့် တိုက်ခိုက်ရင်း ကျဆုံးသည်။ (ပထမဆုံးဘွဲ့ရသူ)

(၂) အမှတ် ၈၈၈၆၅ တပ်သားလှသောင်း သနက (၃) မှ ဖြစ်သည်။ ဒိုက်ဦးအနီး ဖောင်တော်သီရှမ်းစုရွာတိုက်ပွဲတွင် KNDO များနှင့် တိုက်ခိုက်ရင်း ကျဆုံးခဲ့သည်။ (ဒုတိယ ဖြစ်သည်)

(၃) ကြည်း ၇၂၈၈ ဗိုလ်ကြီးတိုက်ချွန်း ချင်းသနက (၁) အင်းစိန်တိုက်ပွဲ ဦးစက်ကိန်ကျောင်းကို နေ့ခင်းတွင် ကွန်မန်ဒိုနည်းဗျူဟာသုံး၍ အလစ်ဝင်တိုက်ခိုက်ခဲ့သည်။ အခြားတိုက်ပွဲများလည်း ပါသည်။ ၁၉၅၀ ပြည့်နှစ်တွင် ဘွဲ့ရခဲ့သည်။ အသက်ရှင်သူတစ်ဦးလည်း ဖြစ်သည်။

(၄) အမှတ် ၀၁၉၁၄ တပ်သားစွတ်မဟာဒူးရိုင်း (ကျဆုံး) ခလရ (၄) ဂေါ်ရခါးတပ်ရင်း အမှတ်စဉ် (၅) နှင့် (၆) မှာ အရပ်သား စောဘရီနှင့် တပ်သားစောမြင့် (ကျဆုံး) တို့ ဖြစ်သည်။ ရေသိုးကြီးတွင် KNDO များဖမ်းဆီးထားသော တပ်မတော်အကြီးအကဲများကို သွားရောက်ကယ်တင်သော စစ်ဆင်ရေးတွင် ကျဆုံးခဲ့သည်။ ၁၉၉၅ ခုနှစ် တပ်မတော်ရွှေရတုအထိမ်းအမှတ်စာစောင်တွင် ဖော်ပြထားပါသည်။

ယခုကဲ့သို့ ရေးသားတင်ပြရခြင်းမှာလည်း ဆရာကြီးသခင်တင်မြအား ကျွန်တော့်အနေဖြင့် မိကျောင်းမင်းကို ရေခင်းပြလို၍မဟုတ်ပါ။ လွန်ခဲ့သောနှစ်ပေါင်း ၆၀ ခန့်က အဖြစ်အပျက်တို့မှာ ရာစုနှစ်တစ်ခုပင်မပြည့်တတ်သေးသောကာလတွင် သမိုင်းအဖြစ်အပျက်အထောက်အထားများ မှားယွင်းမှတ်သားမှုများမဖြစ်စေလို၍တစ်ကြောင်း၊ မျိုးဆက်သစ်လူငယ်များ၊ တပ်မတော်သားလူငယ်များအတွက် သမိုင်းဖြစ်ရပ်မှန်များကို သိရှိစေလိုသောစေတနာဖြင့် တစ်ကြောင်း ယခုကဲ့သို့ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ထိုကျောက်တိုင်စေတီကလေး၏ နောက်ခံသမိုင်းကြောင်းအဖြစ်အပျက်များကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာသိရှိလိုပါက ပြည့်စုံစာပေမှထုတ်သော မျက်မှောက်ရေးရာမဂ္ဂဇင်း အတွဲ (၁) အမှတ် (၆) နှင့် (၇) ၂၀၀၇ ခုနှစ် စက်တင်ဘာလတွင် စာရေးသူက 'ရန်ကုန်-မန္တလေးကားလမ်းဘေးက သူရဲကောင်းတို့ရဲ့ ကျောက်တိုင်ကလေး' ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ် ရေးသားဖော်ပြခဲ့ပါသည်။ လေ့လာဖတ်ရှုနိုင်ပါကြောင်း အကြံပြုတင်ပြလိုက်ပါသည်။

**ကိုကိုအေး (မြို့မ)**
**၁၄-၅-၂၀၁၀**

■

**ကျွန်တော် ဆောင်းပါးတွေရေးနေမိသည်မှာ ကိုယ်တွေ့အဖြစ်အပျက်များကိုသာ အခြေခံ၍ရေးနေမိပါသည်။ ဤသို့ရေးနေသောဆောင်းပါးများတွင် ကျွန်တော့်လုပ်ငန်းအကြောင်း၊ ကျွန်တော့်အဖေ၏ဆန္ဒများအကြောင်းသာ အဓိကပါဝင်ပါသည်။ ယခုနောက်ပိုင်းဆောင်းပါးများတွင် ခရီးသွားအတွေ့အကြုံများပါလာပြီး နောက်ဆက်၍ရေးလိုသည့်အကြောင်းအရာများလည်း ကျွန်တော့်စိတ်ကူးစိတ်သန်းတွင်ရှိနေပြီဖြစ်သည်။ သို့ရာတွင် မမျှော်လင့်သည့်စိတ်ဝင်စားဖွယ်ကောင်းသောအကြောင်းအရာတစ်ခုကို ရုတ်တရက်တွေ့ရပါသည်။ သို့ဖြစ်၍ ယခင်ဆောင်းပါးများနှင့် ကွဲပြားခြားနားသော အတွေ့အကြုံဆောင်းပါးတစ်ခုကို ရေးလိုက်ရပါသည်။**

# သူ့ခေတ်နဲ့တော့ သူတွင်ကျယ်ကြသည်

**မောင်မောင်တင်**

ကျွန်တော့်တွင် သားသမီးများ၊ မြေးများ၊ တူ၊ တူမများဝိုင်းရံ၍ ပျော်ရွှင်ဖွယ်ကောင်းသော လူမှုရေးနှင့် လူနေမှုစနစ်ကို ကြုံးစားထူထောင်ခဲ့ပါသည်။ မျှော်မှန်းသလောက်မအောင်မြင်သော်လည်း ကျေနပ်စရာကောင်းသောဘဝတစ်ခုကိုတော့ ရနေပါသည်။ သို့ဖြစ်၍ မိသားစုခရီးသွားခြင်း၊ တူ၊ တူမများနှင့် ခရီးသွားခြင်းအပြင် ကျွန်တော့်လုပ်ငန်းတွင်းမှ တပည့်၊ တပည့်မများနှင့် ခရီးသွားခြင်းများကို နှစ်စဉ်နှစ်တိုင်း စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ ဤသို့ခရီးသွားမှုတစ်ခုစီစဉ်တိုင်း အချိန်ကိုတိတိကျကျအသုံးပြုကြဖို့ ကြိုတင်မှာကြားရပါသည်။ ခရီးစဉ်တစ်ခုကို နာရီအတိအကျထွက်ခွာနိုင်အောင်စီစဉ်တတ်၍ သားသမီး၊ တပည့်၊ တပည့်မများ အလွန်လေးစားကြပါသည်။ "အချိန်မီမရောက်ရင် တို့ကိုထားခဲ့မှာ၊ နောက်ကျလို့မဖြစ်ဘူး" ထိုစကားကို အားလုံးလက်ကိုင်ထားကြပါသည်။ သို့ဖြစ်၍လည်း စုပေါင်းသွားလာသောခရီးလမ်းများ သာယာဖြောင့်ဖြူးပြီး ပျော်စရာ၊ ချမ်းမြေ့စရာကောင်းလှပါသည်။



ဤတစ်ကြိမ်တော့ ရန်ကုန်–ပဲခူး ခရီးတိုလေးတစ်ခုကို နေ့ချင်းပြန်သွားဖို့စီစဉ်ရာ သူစိမ်းတစ်ဦးတစ်ယောက်မျှမပါဘဲ တူမများ၊ မြေးများဖြင့် မိသားစုခရီးထွက်ရန်စီစဉ်လိုက်ပါသည်။ "မနက် ၆ နာရီ ထွက်မယ်။ ၅ နာရီမှာအားလုံးအိပ်ရာကထ ပြင်ဆင်ကြပေ့"ကြိုတင်၍ပြောထားလိုက်ပါသည်။ နံနက် ၅ နာရီ ကျွန်တော်အိပ်ရာမှနိုးပါသည်။ နောက် တူတော်မောင်တစ်

www.foreverspace.com.mm




ယောက်နိုးပါသည်။ ၅ နာရီ ၁၅ မိနစ်တွင် နောက်ထပ်တစ်ယောက်မှ မနိုး၍ နှိုးရပါသည်။ အားလုံးအိပ်ရာမှထကြသည်။ ယောက်ျားကလေးများအားလုံး ၅ နာရီခွဲကျော်တွင် အဆင်သင့်ဖြစ်နေသော်လည်း တူမများ၊ မြေးများမှာတော့ အဆင်သင့်မဖြစ်ကြသေးပါ။ ကျွန်တော်ခေါ်သော်လည်း သူတို့ ဆင်းမလာကြပါ။ ဆင်းမလာ၍ သူတို့ကိုထားခဲ့လို့လည်းမဖြစ်ပါ။ ခရီးသွားမည့်အုပ်စုတွင် သူတို့က လူအများစုဖြစ်ပါသည်။ ကျွန်တော်တို့ချည်းသွားလျှင် အလွန်ပျင်းစရာကောင်းသောခရီးဖြစ်သွားလိမ့်မည်။ သို့ဖြစ်၍ အိမ်ပေါ်တက်ပြီး "သမီးတို့ ဘာလို့မပြီးကြသေးတာလဲ။ အားလုံးကားပေါ်ရောက်နေကြပြီ"ဟု ပြောသောအခါ "ပြီးပါပြီဘဘရဲ့ ဒီမှာသိမ်းနေရလို့ပါ" ပြောသံကြား၍ အခန်းဝသို့ကဲကြည့်မိရာ ကြမ်းပေါ်တွင်ချထားသော တိုလီမုတ်စ အလှပြင်ပစ္စည်းပုံကြီးကိုတွေ့ရပါသည်။ ကျွန်တော့်အထင် အမျိုးပေါင်း ၂၀၊ ၃၀ ထက်နည်းမည်မထင်ပါ။ "ကဲ ကဲ မြန်မြန်ထည့် သွားမယ်" ပြောလိုက်မှ ကြမ်းပေါ်ချထားသော ပစ္စည်းအားလုံးကို အိတ်ထဲကျုံးထည့်ပြီး အိမ်ပေါ်မှဆင်း ကားပေါ်တက်၍ ခရီးထွက်ခဲ့ကြပါသည်။

ခရီးထွက်လာခဲ့သော်လည်း ကျွန်တော့်တူမများ၊ မြေးများ၏ ခရီးသွားရာတွင် ကြန့်ကြာပုံကို စိတ်ထဲတွင်ဖျောက်၍မရပါ။ မိန်းကလေးတိုင်း အလှပြင်ရာတွင် ကြာသည်ကို သတိပြုမိပါသည်။ သို့ရာတွင် ဒီလိုအလှပြင်တိုင်း ပစ္စည်းအမြောက်အမြားသုံးပြီး ပြင်ဆင်ရသည်ကိုတော့ မသိပါ။ ဘာအတွက်တွေသုံးတဲ့ပစ္စည်းလဲဟု တွေးတောနေမိပါသည်။ ပဲခူးသို့ နံနက် ၈ နာရီရောက်ရှိပြီး သူငယ်ချင်းတစ်ယောက်၏ ခြံဝင်းကျယ်ကြီးတစ်ခုတွင် ဝင်ရောက်နားလိုက်ပါသည်။ ထိုခြံကြီးထဲတွင် သန့်ရှင်းသပ်ရပ်ပြီး ကျယ်ဝန်းသောနှစ်ထပ်အိမ်ကြီးရှိပါသည်။ အိမ်အပေါ်ထပ်၊ အောက်ထပ်တွင် အသီးသီးနေရာယူကြပြီးနောက် အခြေကျသွားသောအခါ ပဲခူးမြို့ရှိ တန်ခိုးကြီးဘုရားများသို့သွား၍ ဘုရားဖူးခြင်း၊ ဒေသန္တရဗဟုသုတရှာဖွေခြင်းများပြုလုပ်ရန် ကားအသီးသီးနှင့် ထွက်ခွာ၍ နေ့လယ်စာကို တည်းခိုသောအိမ်တွင်စားရန် စီစဉ်လိုက်ပါသည်။

ကျွန်တော်တို့အဖွဲ့ ပဲခူးမြို့အတွင်းရှိ ဘုရားစုံဖူးပြီး၍ ပဲခူးဈေးအတွင်းသို့ ဝယ်လိုရာဝယ်နိုင်ရန် ဈေးအနီးကားရပ်နိုင်သောနေရာတွင် ရပ်ထားလိုက်ပါသည်။ တူတွေ၊ မြေးမတွေ ဈေးထဲသို့ အသီးသီးဝင်သွားကြသည်။ မြေးယောက်ျားလေးများက ဈေးဝယ်မလိုက်ဘဲ "ဖေကြီး သားတို့မုန့်စားမယ်"၊ ထမင်းစားချိန်နီးလာပြီဖြစ်ကြောင်း ဖျောင်းဖျရာ "ဒီအဖွဲ့ဈေးသွားတာ တစ်နာရီလောက်နောက်ကျမှာ သေချာတယ်၊ ဒါကြောင့် သားတို့မုန့်စားမယ်" ပြော၍ လက်ဖက်ရည်ဆိုင်တွင် မုန့်ကျွေးလိုက်ရပါသည်။ မြေးများပြောသည့်အတိုင်း ကျွန်တော်တို့ လက်ဖက်ရည်သောက်ပြီး လိပ်ပြာကန်ဘက်သို့ လမ်းလျှောက်သွားပါသည်။ လိပ်ပြာကန်ရောက်တော့ "ဒါပေါ့ကွ၊ ပဲခူးမြို့ရဲ့လိပ်ပြာကန်ဆိုတာ" ပြောတော့ တက္ကသိုလ်တက်နေသောတူတော်မောင်က "ဖေကြီး ဟိုသီချင်းထဲက လိပ်ပြာကန်လား"၊ "ဘယ်သီချင်းထဲကလဲသား"၊ "အဆိုတော်ကြီးဦးသန်းလှိုင်ဆိုတဲ့ သီချင်းထဲမှာပါတယ်လေ 'လိပ်ပြာကန်ပြေးကြည့်အရိပ်ပမာ ထပ်လောင်းကာပြင်' ဆိုတာ သားကြားရတယ်ဖေကြီး"၊ "အေးအေး ကိုသန်းလှိုင်ဆိုတာ အလွမ်းတေးတွေဆိုတဲ့နေရာမှာ တစ်ချိန်တုန်းက အလွန်နာမည်ကြီးတဲ့အဆိုတော်ပဲကွ။ ခုထက်ထိကို အဖေကြီးတို့ ကိုသန်းလှိုင်သီချင်းတွေကို ညည်းနေကြရသေးတယ်"၊ "ဒီလိပ်ပြာကန်ဆိုတာလည်း အလွမ်းသီချင်းပဲလား"ဟု တူတော်မောင်က ထပ်၍မေးပြန်၍ ရှင်းပြလိုက်ရပါသည်။

"ဒီလိုသားရဲ့ ကိုသန်းလှိုင်သီချင်းက ပဲခူးသူ ချမ်းသာကြွယ်ဝတဲ့ မိန်းမချောလေးကို ချစ်ပြီး သူတို့နှစ်ဦးသား သွားလာလည်ပတ်ခဲ့တဲ့အခါ လိပ်ပြာကန်ကို မကြာခဏရောက်ကြတယ်။ နောက်ကျတော့ ချစ်သူက ကြွယ်ဝချမ်းသာတဲ့ ဂုဏ်ပကာသနရှိတဲ့လူနောက်ပါသွားပြီး သူ့ကိုထားခဲ့တယ်။ အဲဒီတော့ ကောင်လေးလွမ်းဆွေးပြီး လိပ်ပြာကန်ကို သတိတရသွားကြည့်တယ်၊ သွားကြည့်တဲ့အခါ သူတို့ချစ်သူနှစ်ဦး တွေ့



ဆုံခဲ့တဲ့နေရာလေးတွေကို သတိရမြင်ယောင်လာတယ်ဆိုတာကို ဖွဲ့နွဲ့ရေးထားတဲ့သီချင်းပဲ။ ဟိုခေတ်ကတော့ ပဲခူးရောက်တိုင်း လိပ်ပြာကန်ကို သတိတရသွားကြည့်တယ်။ ချစ်သူနှစ်ဦး ကြည်နူးပျော်ရွှင်ခဲ့တဲ့ နေရာလေးပေါ့ သွားရယ်"။ ကျွန်တော့်တူတော်မောင်သည် ငြိမ်သွားပြီး သီချင်းထဲက ချစ်သူနှစ်ဦး အကြောင်းကို တွေးတောစဉ်းစားနေဟန်ရှိပါသည်။ ပြီးတော့မှ "ဇာတ်လမ်းလေးက စိတ်ဝင်စားစရာလေး၊ ဒါပေမဲ့ ညားတော့ မညားဘူးနော်" တဲ့။

ပဲခူးမြို့ဈေးတွင်းမှ ပြန်ထွက်လာ၍ နန်းတော်ကုန်းသို့သွားကြပါသည်။ နန်းတော်ကုန်းတွင် လှည့်လည်ကြည့်ရှုကြ၊ ဓာတ်ပုံရိုက်ကြနှင့် တော်တော်နှင့်မပြီးကြပါ။ နန်းတော်တွင်းမှ ပြန်ထွက်လာသောအခါ မွန်းတည့် ၁၂ နာရီ ထိုးနေပါသည်။ တည်းခိုသောအိမ်သို့ပြန်၍ နေ့လယ်စာစားရာ ၁ နာရီတွင် အားလုံးစားပြီးသွားပါသည်။ နေ့လယ်စာစားပြီး၍ နာရီဝက်ခန့်နားပြီးသောအခါ ပဲခူးမြို့မှပြန်ထွက်လာပါသည်။ ပဲခူးမြို့မှထွက်သောအခါ မွန်းလွဲ ၂ နာရီကျော်နေပြီဖြစ်ပါသည်။ ဆောင်းနေသည် ၂ နာရီကျော်သော်လည်း နေလို့ထိုင်လို့ကောင်းရုံသာ ပူနေပါသည်။

ကျွန်တော်တို့အဖွဲ့ ၃ နာရီကျော်တွင် ထောက်ကြန့်မြို့သို့ ရောက်လာပါသည်။ မြေးမတစ်ယောက်က "လှော်ကားဥယျာဉ် ဝင်ချင်တယ်" ပြောလာပါသည်။ ကားပေါ်ပါသူအားလုံး "ထောက်ခံတယ်၊ ထောက်ခံတယ်" အော်ကြသည်။ သို့ဖြစ်၍ ယာဉ်မောင်းအား လှော်ကားဥယျာဉ်သို့ မောင်းစေပါသည်။ လှော်ကားဥယျာဉ်သို့ ရောက်သွားသည်နှင့် အရိပ်ကောင်းကောင်းမြက်ခင်းပြင်ဘေးတွင် ကားရပ်၍ မြက်ခင်းပေါ်တွင် အခင်းခင်းကာ ထိုင်ကြပါသည်။ ကလေးများ ကားပေါ်မှဆင်းသည်နှင့် တိရစ္ဆာန်များ ကြည့်သူကြည့်၊ ရေစပ်ဆင်းသူဆင်း၊ ဟိုလည်ဒီလည်နှင့် တော်တော်နှင့် စုရပ်ပြန်မလာကြပါ။ ညနေ ၄ နာရီကျော်တွင် စုရပ်သို့ပြန်ရောက်၍ ကော်ဖီဘူးနှင့် အသားညှပ်ပေါင်မုန့်များ ဝေငှကျွေးမွေးပြီးသောအခါ ရန်ကုန်ပြန်ရန်အချိန်သို့ ရောက်လာပါသည်။ ဤတွင် မြေးမများပါလာသည့် လက်ကိုင်အိတ်ကြီး၊ ငယ်ကိုဖွင့်၍ အလှပြင်ကြပြန်သည်။ ကျွန်တော်သည် အသွားတုန်းကကြန့်ကြာမှု အတွေ့အကြုံရပြီးဖြစ်၍ စိတ်ရှည်စွာ ထိုင်၍ကြည့်နေပါသည်။ မြေးမနှင့်တူမများသည် ခေါင်းဖြီးသူဖြီး၊ ပေါင်ဒါရိုက်သူရိုက်၊ နှုတ်ခမ်းဆိုးသူဆိုး၊ သူ့အလုပ်နှင့်သူ ရှုပ်နေကြပါသည်။ ဤတွင် ကျွန်တော်စိတ်ဝင်စားနေသော သူတို့လက်ကိုင်အိတ်တွင်းမှပစ္စည်းများ ဘာတွေလဲဆိုသည်ကို မေးမြန်းစူးစမ်းမိပါတော့သည်။

ကျွန်တော်က ကျွန်တော့်တူမ မိတူးကို "ဟေ့မိတူး လာစမ်း၊ သမီးလက်ကိုင်အိတ်ယူလာ" ပြောပြီး လက်ကိုင်အိတ်ထဲတွင် ဘာတွေပါသလဲမေးလိုက်ရာ မိတူးက လက်ကိုင်အိတ်ကို အခင်းပေါ်သို့သွန်ချလိုက်ပြီး "ဒါတွေပေါ့ ဘဘရဲ့၊ စုံနေတာပဲ" ပြောပါသည်။ သူပြော၍ ကျွန်တော်ကြည့်လိုက်သောအခါ ပစ္စည်းအချို့ကိုသိ၍ ပစ္စည်းအချို့ကို မြင်ဖူးပါသည်။ သို့သော် ဘယ်လိုခေါ်၍ ဘယ်လိုအသုံးပြုသလဲ မသိပါ။ "အဲဒါတွေက ဘယ်လိုခေါ်သလဲ၊ ဘယ်လိုသုံးတာလဲ" မေးတော့မှ ဤသို့ပြောပြပါတော့သည်။ မိတူးက "ဒါက ထီး၊ ဒါက ဘီး၊ ဒါက ခေါင်းစည်းကြိုး၊ ဒါက ခေါင်းလိမ်းဆီ၊ ဒါက ဆံညှပ်၊ ဒါက နှုတ်ခမ်းနီ၊ ဒါက လက်သည်းညှပ်၊ ဒါက ကတ်ကြေး" ဟု ပြောရာ "ကတ်ကြေး ဘာလုပ်တာလဲ" မေးရာ "ဘဘက မသိပါဘူး၊ သမီးတို့မိန်းကလေးတွေ လိုတဲ့အခါသုံးဖို့ အစုံထည့်ထားတာ" ပြောပါသည်။ ကျွန်တော်က "ဟိုဟာတွေကကော" မေးတော့– "ဒါက ချိတ်၊ ဒါက အပ်၊ ဒါက ရင်ထိုး၊ ဒါက ခြေကလော်တံ၊ ဒါက ပိုက်ဆံအိတ်ကလေး၊ ဒါက ဘောပင်၊ ဒါက သော့၊ ဒါက မျက်နှာသစ်ဆပ်ပြာ၊ ဒါက သွားတိုက်တံ၊ ဒါက သွားပွတ်တံ၊ ဒါက ရေမွှေး၊ ဒါက မျက်တောင်ကော့တံ၊ ဒါက ဖုန်းစာအုပ်၊ ဒါက MP-4၊ ဒါက လက်ကိုင်ဖုန်း၊ ဒါက ပီကေ၊ ဒါက သကြားလုံး၊ ဒါက မျက်နှာသုတ်ဖို့ Tissue" ပြောနေစဉ် "တော်ပါပြီ၊ တော်ပါပြီ ဘဘ သိသွားပြီ။ ဒီလောက်များတဲ့ပစ္စည်းတွေနဲ့ အလှပြင်နေလို့ နံနက်စောစောက ကားပေါ်တက်ခိုင်းတော့ နောက်ကျနေတာကိုး"။ "ဘဘကလည်း သူများတွေ ဒီထက်စုံသေးတယ်။ သမီးတို့က မဝယ်နိုင်လို့" မြေးမများသည် အလျှော့မပေး၊ ကျွန်တော်ကသာ အလျှော့ပေးလိုက်ရပါသည်။

ကျွန်တော်တို့ခေတ်က ယောကျ်ားလေးများ အိတ်ထဲတွင် ဘီးတစ်ချောင်း၊ မိန်းကလေးများတွင် Cream Puff နှင့် နှုတ်ခမ်းဆိုးဆီလောက်သာ တွေ့ဖူးသည်ထင်ပါသည်။ ယခု မြေးမလေးအိတ်ထဲမှ ထွက်လာသော တိုလီမိုလီအလှပြင်ပစ္စည်းများမှာ အမျိုး ၃၀ ခန့် ရှိပါသည်။ ဤကိစ္စအတွက် ကျွန်တော် သူတို့ကို အပြစ်တင်၍မဖြစ်ပါ။ မြို့နှင့် ခုနစ် မိုင်ဝေးသော ကျွန်တော့်ရွာမှ လယ်သူမကြီး ဒေါ်စိန်မှုင်၏ မြေးမသည် ဂျင်းဘောင်းဘီနှင့် ဆံပင်အရောင်နှင့်လုပ်နေသည်ကို တွေ့ခဲ့ရပါသည်။ ဤခေတ်သည် ကျွန်တော်တို့ခေတ် မဟုတ်တော့။ သူတို့ခေတ်၊ ကွန်ပျူတာခေတ်၊ Internet ခေတ်ဖြစ်နေပြီကို သတိပြုရပါတော့မည်။

ကျွန်တော်အိမ်ပြန်ရောက်၍ စားသောက်ပြီးနားနေသောအခါ ဒေါ်မာမာအေးသီဆိုခဲ့သော သီချင်းတစ်ပုဒ်၏ စာသားတစ်ပိုဒ်ကို သတိရလိုက်ပါသည်။ ဒေါ်မာမာအေးက "သူ့ခေတ်နဲ့တော့သူတွင်ကျယ်၊ သူတို့ကိုလည်း ပြိုင်ဖို့မလိုဘူးထင်တယ်" လို့ ဆိုခဲ့ပါတယ်။ ကျွန်တော်လည်း မြေးတွေ၊ တူတွေ၊ တူမတွေ အရေးကိစ္စတွေအားလုံးတွင် ပါဝင်၍မဖြစ်၊ တားမြစ်၍မဖြစ် လမ်းကြောင်းမှန်ပေါ်တွင် တည့်မတ်စွာသွားဖို့အတွက် တိုင်ပင်၊ ဆွေးနွေးပညာပေး၍သာနေထိုင်ဖို့ ဆုံးဖြတ်လိုက်ရပါသည်။ သူတို့လေးတွေသည် သူ့ခေတ်သူ့အခါနှင့် လိုက်လျောညီထွေဖြစ်အောင် နေကြသည်ဟုသာ မှတ်သားလိုက်ရပါသည်။

**မောင်မောင်တင်**

■

www.foreverspace.com.mm


www.foreverspace.com.mm

# ဘာသာစကား တန်ဖိုး

မြသန်းသန်းနု

**အိန္ဒိယ နိုင်ငံ နယူးဒေလီမြို့တော်ကို အလုပ်တာဝန်အရ နိုင်ငံရပ်ခြားတိုင်းပြည်တွေက လာရောက်နေထိုင်ကြသူ အတော်များများနဲ့ ကျွန်မတို့ သိကျွမ်းခင်မင်ခဲ့ဖူးပါတယ်။**

အိန္ဒိယနိုင်ငံကို အဘက်ဘက်က စိတ်ဝင်စားမှုရှိပြီး ငွေရေးကြေးရေးကအစ မတောင့်မတ မကြောင့်ကြရလို့ "ဒီမှာအားလုံးအဆင်ပြေပါတယ်။ ပျော်ဖို့လည်းကောင်းပါတယ်" လို့ ပြောသူတွေရှိသလို လူအများစုက "စိတ်ပျက်လိုက်တာ" လို့ ညည်းညူကြပါတယ်။ ကျွန်မတို့ မိသားစုအကြောင်းကို သိပြန်တဲ့အခါမှာလည်း "နှစ်ပေါင်းနှစ်ဆယ်ကျော် ဘယ်လိုနေကြသလဲ။ စိတ်မပျက်ဘူးလား" လို့ မေးလေ့ရှိကြပါတယ်။ ကျွန်မတို့မိသားစု အိန္ဒိယနိုင်ငံမှာ 'နေချင်လို့' နေကြတာမဟုတ်ဘဲ 'မနေမဖြစ်လို့' နေကြရတာဖြစ်တာကြောင့် နေထိုင်ခဲ့ရတဲ့ကာလအတောအတွင်း အကျိုးအရှိဆုံးဖြစ်အောင် နေခဲ့ပါတယ်။ ကျွန်မတို့သားနှစ်ယောက်စလုံး သူတို့ခြေထောက်ပေါ်သူတို့ မားမားမတ်မတ်ရပ်တည်နိုင်အောင် မြေတောင်မြှောက်ပေးနိုင်ခဲ့ခြင်းဟာ အကျိုးအရှိဆုံးပဲ ဖြစ်ပါတယ်။



အိန္ဒိယနိုင်ငံမှာ နိုင်ငံခြားသားကလေးတွေ ကျောင်းအပ်တဲ့အခါ ဟိန္ဒီဘာသာရပ်သင်ကြားလိုမှုရှိ၊ မရှိ ရွေးချယ်နိုင်ပါတယ်။ ကျွန်မတို့သားကြီးအတွက် ဟိန္ဒီဘာသာသင်ခိုင်းရင် ကောင်း၊ မကောင်း စဉ်းစားရုံရှိသေးတယ်၊ သားကြီးက ဟိန္ဒီဘာသာရပ်သင်မယ်လို့ သူ့အတန်းပိုင်ဆရာမကိုပြောပြီးဖြစ်နေပါတယ်။ ကျောင်းထားခါစ လေးနှစ်သားအရွယ် ဟိန္ဒီဘာသာရပ်ဆိုတာ ဘယ်လိုမှ နားမလည်နိုင်သေးပေမယ့် အသစ်အဆန်းတစ်ခုသင်ယူလိုတဲ့ဆန္ဒရှိတာ ကျွန်မတို့မိဘတွေအဖို့ ကျေနပ်ဝမ်းသာစရာပါ။ ဟိန္ဒီစာ သေသေချာချာ မရေးတတ်၊ မဖတ်တတ်ခင်မှာပဲ သားကြီး ဟိန္ဒီလို ရေရေလည်လည်ပြောနိုင်နေပြီ ဖြစ်ပါတယ်။

တစ်ခါတလေ အိမ်လာလည်တဲ့ မိတ်ဆွေတွေက တစ်ခုခုမေးလိုက်ရင် 'အရပ်စကား' နဲ့ မဖြေဘဲ 'စာသံပေသံ' နဲ့ ပြန်ဖြေတတ်လို့လည်း လူကြီးတွေက "စကားတတ် မြန်လိုက်တာ" ဆိုပြီး ချီးကျူးကြပါတယ်။ အိန္ဒိယနိုင်ငံမှာ ကျွန်မတို့ ပထမဆုံးအခြေစိုက်ခဲ့တဲ့ မဒရာပရာဒက်ရှ် (Madhya Pradesh) ပြည်နယ်ဟာ ဟိန္ဒီဘာသာစကားဦးစားပေး ပြောကြားတဲ့ဒေသ (Hindi Belt) တွေထဲမှာ တစ်ခုအဖြစ်ပါဝင်ပါတယ်။ ဒီဒေသတွေမှာ ဟိန္ဒီဘာသာစကားကို အဆင်မြင့်မြင့် ပြောကြတာများပါတယ်။ သားကြီးက အိမ်မှာခန့်ထားပေးတဲ့ အလုပ်သမားတွေ၊ ယာဉ်မောင်းတွေ၊

www.foreverspace.com.mm



ဖေဖေ့အတွက်ထားပေးတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ အိပ်ချိန်၊ ကျောင်းသွားချိန်ကလွဲပြီး လူစေ့အောင် စကားပြောလေ့ရှိပါတယ်။ အဲဒီအချိန်က လေးနှစ်သား ဗမာကလေးတစ်ယောက် ဟိန္ဒီလိုကျွမ်းကျွမ်းကျင်ကျင်ပြောနေတော့လည်း အားလုံးက ဝိုင်းပြီးချစ်ကြ၊ သဘောကျကြပါတယ်။ "သား ဘယ်သွားသွား ဟိန္ဒီလို စကားပြောမယ်" လို့လည်း မကြာခဏ ပြောပါတယ်။ သူငယ်ချင်းတွေနဲ့စကားပြောလည်း သားကြီးက ပိုသွက်နေပါတယ်။

သားကြီးနဲ့ ခုနစ်နှစ်ကွာတဲ့သားငယ်လည်း သူ့ဆုံးဖြတ်ချက်နဲ့သူ ကျောင်းမှာ ဟိန္ဒီဘာသာသင်ယူခဲ့ပါတယ်။ ဆယ်တန်းရောက်တဲ့အခါ သင်္ကရိုက်ဘာသာအတွက် စကောလားရှစ်ပေးတဲ့စနစ်ရှိတာကြောင့် ဝင်ရောက်ဖြေဆိုတဲ့အခါ ထူးထူးချွန်ချွန်အောင်မြင်ခဲ့ပါတယ်။ အိန္ဒိယက ကျောင်းတွေမှာ ပဥ္စမတန်းကနေ နဝမတန်းအထိ ဟိန္ဒီနဲ့ အင်္ဂလိပ်စာဘာသာရပ်အပြင် တတိယဘာသာစကားတစ်ခုသင်ကြားကြရပါတယ်။ အဓိကအားဖြင့် အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းအသိအမှတ်ပြုထားတဲ့ ဒေသန္တရဘာသာစကားတွေဖြစ်ပါတယ်။ ဒီဘာသာစကားတွေထဲမှာ ရှေးအကျဆုံးဖြစ်တဲ့ သင်္ကရိုက်ဘာသာစကားလည်းပါဝင်ပြီး သားငယ်က အဲဒီ ဘာသာရပ်ကို သင်ယူခဲ့ပါတယ်။ သားငယ်က သားကြီးလောက် ဟိန္ဒီလို အပြောမများတာကြောင့် ဘာသာစကားလေ့လာမှုမှာ စိတ်ပါဝင်စားမှု အားနည်းတယ်လို့ ကျွန်မတို့ယူဆမိပါတယ်။ ဒသမတန်းအရောက် သင်္ကရိုက်ဘာသာအတွက် စကောလားရှစ်ဆုရရှိဖို့ စာမေးပွဲဝင်ရောက်ဖြေဆိုမယ့်အကြောင်းပြောပြမှပဲ သားငယ်ဘာသာစကားလေ့လာမှုအားကောင်းတယ်ဆိုတာ သိရှိရပါတယ်။

အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေမှာ လူနည်းစုတိုင်းရင်းသားတွေရဲ့ ဘာသာစကားတွေ တိမ်ကောပျောက်ကွယ်ခြင်းမရှိရလေအောင် အကာအကွယ်ပေးနိုင်မယ့် နည်းလမ်းကောင်း အတည်ပြုပြဋ္ဌာန်းပေးထားပါတယ်။ အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၃၅၀ (က) မှာ လူနည်းစု တိုင်းရင်းသားဘာသာစကားတစ်ခုခု ပြောကြားတဲ့ကလေးသူငယ်တွေဟာ မူလတန်းပညာသင်ယူတဲ့အခါ မိမိတို့နဲ့သက်ဆိုင်တဲ့ဘာသာစကားကို အခြေခံသင်ယူနိုင်အောင် နိုင်ငံတော်က တာဝန်ယူကြိုးပမ်းဆောင်ရွက်ပေးရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အိန္ဒိယနိုင်ငံတော်သမ္မတက အိန္ဒိယနိုင်ငံရဲ့ ဘယ်ပြည်နယ်မှာမဆို လူမျိုးစုတိုင်းရင်းသားဘာသာစကား တိမ်ကောပျောက်ကွယ်မယ့် အနေအထားရှိလာရင်ဖြစ်စေ၊ ဒါမှမဟုတ်



www.foreverspace.com.mm


လိုအပ်တယ်လို့ယူဆရင်ဖြစ်စေ၊ မူလတန်းပညာရေးမှာ လူမျိုးစုတိုင်းရင်းသားဘာသာစကားသင်ကြားဖို့ညွှန်ကြားနိုင်တဲ့ အာဏာတစ်ရပ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားပြီး ဖြစ်ပါတယ်။

အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၃၄၇ မှာ လူအများစုအသုံးပြုတဲ့ဘာသာစကားကို ရုံးသုံးစကားအဖြစ် ပြဋ္ဌာန်းထားပါတယ်။ ဒါ့အပြင် ပြည်နယ်တစ်ခုမှာ အသုံးများနေတဲ့ဘာသာစကားတစ်ခုခုကို အဲဒီပြည်နယ်အတွင်း ရုံးသုံးစကားအဖြစ် အသုံးပြုပေးစေလိုတဲ့ဆန္ဒရှိကြောင်း ပြည်နယ်လူဦးရေအများစုက ဖော်ပြလာပြီး သမ္မတကလည်း လက်ခံနိုင်မယ်ဆိုရင် အဲဒီပြည်နယ်က ဒေသန္တရဘာသာစကားဟာ ရုံးသုံးစကား ဖြစ်လာပါတယ်။

အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၃၅၀ မှာ အိန္ဒိယနိုင်ငံသား ဘယ်သူပဲဖြစ်ဖြစ် မိမိမကျေနပ်ချက်တွေ၊ နစ်နာဆုံးရှုံးမှုတွေကို သက်ဆိုင်ရာအရာရှိ ဒါမှမဟုတ် အာဏာပိုင်ဆီမှာ စာရေးတိုင်တန်းတဲ့အခါမှာလည်း အိန္ဒိယတစ်နိုင်ငံလုံးမှာ ပြောဆိုအသုံးပြုနေတဲ့ ဘယ်ဘာသာစကားကိုမဆို ရေးသားတိုင်တန်းနိုင်တယ်လို့ ပြဋ္ဌာန်းထားပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၃၅၀ (ခ) လူမျိုးစုတိုင်းရင်းသားဘာသာစကား ပြောကြားသူတွေအားလုံးရဲ့အရေးကိစ္စမှန်သမျှ ဖြေရှင်းပေးဖို့ အထူးအရာရှိတစ်ယောက်ခန့်အပ်နိုင်တဲ့အာဏာတစ်ရပ် သမ္မတကို ပေးအပ်ထားပါတယ်။ အဲဒီအထူးအရာရှိက လူမျိုးစုတိုင်းရင်းသားဘာသာစကားပြောကြားသူတွေရဲ့ ပြဿနာအရပ်ရပ်ကို စုံစမ်းစစ်ဆေးပြီး သမ္မတထံ တိုက်ရိုက်တင်ပြအစီရင်ခံရပါတယ်။ သမ္မတက ပါလီမန်အထက်လွှတ်တော်၊ အောက်လွှတ်တော်နဲ့ ပြဿနာရှိနေတဲ့ သက်ဆိုင်ရာ ပြည်နယ်အစိုးရတွေ အရေးယူဆောင်ရွက်နိုင်အောင် အစီရင်ခံစာပြင်ဆင်ပြီး ဆက်လက်တင်ပြရပါတယ်။

သားငယ်က အိန္ဒိယနိုင်ငံရဲ့ လူနည်းစု တိုင်းရင်းသားဘာသာစကားနဲ့ပတ်သက်ပြီး အိန္ဒိယအစိုးရက ဘယ်လောက်ထိ အရေးယူဆောင်ရွက်ပေးနေတယ်ဆိုတဲ့ အကြောင်း ကျွန်မကို စိတ်ရှည်လက်ရှည်ရှင်းပြနေပါတယ်။ ဒီလိုရှင်းပြတာ အကြောင်းရှိပါတယ်။ သားငယ်ကဆက်ပြီး အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေမှာ အသိအမှတ်ပြုထားတဲ့ဘာသာစကားပေါင်း ၂၂ ခုရှိတယ်လို့ ပြောပြပါတယ်။ အဲဒါတွေကတော့ အာသံ၊ ဘင်္ဂါလီ၊ ဘိုဒို၊ ဒိုဂရီ၊ ဂူဂျရတ်တီ၊ ဟိန္ဒီ၊ ကာနာဒါ၊ ကက်ရှ်မီရီ၊ ကုန်ကာနီ၊ မေသလီ၊ မာလာ ယာလမ်၊ မဏိပူရီ၊ မာရာသီ၊ နေပါလီ၊ အိုးရိယ၊ ပန်ဂျာဘီ၊ သဿကရိုက်၊ စံသာလီ၊ စင်ဒီ၊ တမီလ်၊ တေလဂူ၊ အူရဒူဘာသာ စကားတွေပဲ ဖြစ်ပါတယ်။ ဒီဘာသာစကားတွေထဲမှာ တစ်နိုင်ငံလုံးအတွက် ရုံးသုံးဘာသာစကားအဖြစ် သတ်မှတ်ထားတဲ့ ဟိန္ဒီဘာသာစကားပြောဆိုသူ လူဦးရေဟာ အိန္ဒိယလူဦးရေစုစုပေါင်းရဲ့ ၅၀ ရာခိုင်နှုန်းအောက်ရောက်နေပေမယ့် လူများစုပြောတဲ့ဘာသာစကား ဖြစ်နေပါတယ်။



အလားတူပဲ တခြားဘာသာစကားတွေဖြစ်တဲ့ မဏိပူရီ၊ ဘိုဒို စတာတွေဟာလည်း အဲဒီဘာသာစကားပြောသူလူဦးရေဟာ စုစုပေါင်းလူဦးရေရဲ့ ၁ ရာခိုင်နှုန်းဝန်းကျင်သာရှိတာ တွေ့ရပါတယ်။ နေပါလီဘာသာစကားကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အသိအမှတ်ပြုဘာသာစကားအဖြစ် ထည့်သွင်းထားပါတယ်။ နီပေါနိုင်ငံနဲ့ ထိစပ်နေတဲ့ အိန္ဒိယနိုင်ငံမြောက်ပိုင်းက အူတာပရာဒက်ရှ်ပြည်နယ် (Uttar Pradesh State) နဲ့ ဘီဟာပြည်နယ် (Bihar State) မြောက်ဘက်ဒေသတွေမှာ နေပါလီလူမျိုး အများအပြားလာရောက်အခြေစိုက် အလုပ်လုပ်ကိုင်ကြတဲ့အပြင် ဒေသခံတွေကိုယ်၌က နေပါလီစကားအသုံးပြုနေတာ တွေ့ရပါတယ်။ ဒီအချက်တွေကိုကြည့်ရင် အိန္ဒိယအစိုးရက လူနည်းစုဘာသာစကားတွေကို အရေးပေးတာဟာ ဘာသာစကားတိမ်ကောပျောက်ကွယ်မသွားအောင် ကာကွယ်ပေးတဲ့သဘောအပြင် နိုင်ငံအနှံ့ တိုင်းရင်းသားအချင်းချင်း ခွဲရော

www.foreverspace.com.mm

ယှက်တင်၊ ဆက်ဆံရေးလွယ်ကူအောင်လည်း ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အသိအမှတ်ပြုထားတဲ့ သာသာစကား ၂၂ မျိုးထဲက တစ်မျိုးမျိုးကို ကျောင်းတွေမှာ သင်ကြားပို့ချဖို့လည်း အစိုးရက ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ဟိန္ဒီဘာသာစကားပြောမိဘများက မွေးဖွားလာတဲ့ ကလေးဟာ ဟိန္ဒီဘာသာစကားအပြင် တခြားဒေသန္တရဘာသာစကား တစ်မျိုး၊ နှစ်မျိုးမှာလည်း ကျွမ်းကျင်ကြတာ တွေ့ရပါတယ်။

အခုလို လူနည်းစုတိုင်းရင်းသား ဘာသာစကားတွေကို အိန္ဒိယနိုင်ငံမှာ အားပေးနေခြင်းဟာ အထူးအဆန်းတော့မဟုတ်ပါ။ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့လူ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးအပိုင်းမှာ 'ကလေးသူငယ်များဟာ မိမိတို့ရဲ့ ဘာသာစကားကို ကျောင်းတွေမှာ သင်ယူပိုင်ခွင့်ရှိသည်' ဆိုတဲ့အပိုဒ် ပါရှိပါတယ်။ ဥရောပနိုင်ငံတွေမှာ သုတေသနပြုလုပ်ချက်အရ မူလတန်းပညာရေးကစပြီး မိရိုးဖလာဘာသာစကားနဲ့ ပညာသင်ယူရတဲ့ ကလေးဟာ တခြားဘာသာစကားတစ်ခုခုနဲ့ ပညာသင်ယူရတဲ့ကလေးထက်ပိုပြီး ဉာဏ်ရည်မြင့်တယ်၊ သွက်လက်ချက်ချာတယ်လို့ ဆိုကြပါတယ်။

**အခုလို လူနည်းစုတိုင်းရင်းသား ဘာသာစကားတွေကို အိန္ဒိယနိုင်ငံမှာ အားပေးနေခြင်းဟာ အထူးအဆန်းတော့မဟုတ်ပါ။ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့လူ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးအပိုင်းမှာ 'ကလေးသူငယ်များဟာ မိမိတို့ရဲ့ဘာသာစကားကို ကျောင်းတွေမှာ သင်ယူပိုင်ခွင့်ရှိသည်' ဆိုတဲ့အပိုဒ် ပါရှိပါတယ်။ ဥရောပနိုင်ငံတွေမှာ သုတေသနပြုလုပ်ချက်အရ မူလတန်းပညာရေးကစပြီး မိရိုးဖလာဘာသာစကားနဲ့ ပညာသင်ယူရတဲ့ ကလေးဟာ တခြားဘာသာစကားတစ်ခုခုနဲ့ ပညာသင်ယူရတဲ့ကလေးထက်ပိုပြီး ဉာဏ်ရည်မြင့်တယ်၊ သွက်လက်ချက်ချာတယ်လို့ ဆိုကြပါတယ်။**

ကျွန်မသားငယ်က စူးစမ်းလေ့လာမှုမှာ ဝါသနာကြီးပါတယ်။ ပညာသင်ယူရတာကိုလည်း အားမရနိုင်အောင်ဖြစ်နေပါတယ်။ ၁၂ တန်းအောင်ပြီး (အထက်တန်းကျောင်း) ဆေးကောလိပ်တက်ခွင့်ရခဲ့ပေမယ့် သုံးလလောက်သာတက်ပြီး သူသိချင်လှတဲ့ အဏုဇီဝဗေဒပညာရပ်သင်ယူဖို့ ဩစတြေးလျနိုင်ငံကို ထွက်ခွာသွားပါတယ်။ အစကတည်းက ပညာသင်ထောက်ပံ့မှု စကောလားရှစ်မရရင် ကျွန်မတို့မိဘတွေအနေနဲ့ သားငယ်အတွက် ပညာသင်စရိတ်မတတ်နိုင်ကြောင်း ရှင်းပြထားရပါတယ်။ သားငယ်လည်း သဘောပေါက်ပါတယ်။ ကံကောင်းချင်တော့ စကောလားရှစ် အပြည့်အဝရရှိခဲ့ပါတယ်။ သားငယ် အဏုဇီဝဗေဒပညာရပ်မှာ B.Sc ဂုဏ်ထူးတန်းအောင်မြင်ပြီးတဲ့အခါ အမှတ်ကောင်းလို့ Ph.D ပါရဂူတန်းကို တိုက်ရိုက်တက်ခွင့်ရရှိပါတယ်။ Ph.D တက်ပြန်တော့လည်း အဏုဇီဝဗေဒပညာရပ်အတွက်မဟုတ်ဘဲ Neuro Science ဦးနှောက်နဲ့သက်ဆိုင်တဲ့ သိပ္ပံပညာရပ်အတွက် ဖြစ်ပါတယ်။

သားငယ်ဆီက ကျောင်းဆက်တက်နေပြန်ပြီလို့ အကြောင်းကြားရင် ထူးခြားမှုတစ်ခုခုတော့ရှိပါတယ်။ Ph.D ဘွဲ့ရပြီး တက္ကသိုလ်မှာပဲ သုတေသီအဖြစ်အလုပ်လုပ်နေရာက တစ်နေ့မှာ အလုပ်က တစ်နှစ်အနားယူပြီး ဘာသာစကားနဲ့ပတ်သက်တဲ့ ဒီပလိုမာသင်တန်းတက်မယ်လို့ အကြောင်းကြားပါတယ်။ "စာသင်လို့မပြီးတော့ဘူးလား"လို့မေးတဲ့အခါ သားငယ်က "ဘာသာစကားပညာရပ်ဟာ သိပ်ပြီးစိတ်ဝင်စားဖို့ကောင်းပါတယ်"လို့ ပြောပြပါတယ်။ အဲဒါနဲ့ တစ်ဆက်တည်း သူဘာသာစကား စိတ်ဝင်စားတာ "ဖေဖေနဲ့မေမေ အသံလွှင့်ရုံမှာ ဘာသာပြန်၊ အသံလွှင့်တာဝန်ယူခဲ့ကြတာကြောင့် ပထမဆုံးလွှမ်းမိုးမှု ဖြစ်ပါတယ်" လို့ ပြောပြပါတယ်။ နောက်ပိုင်း အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေကိုလေ့လာတဲ့အခါ ဘာသာစကားပညာရပ်ဟာ ပိုပြီးစိတ်ဝင်စားဖို့ကောင်းလာပါတယ်။ အိန္ဒိယနိုင်ငံမှာ ကြီးပြင်းခဲ့လို့ပဲ ဘာသာစကားပညာရပ်တန်ဖိုးကို ပိုပြီးနားလည်လာပါတယ်။

အမေရိကန်ပြည်ထောင်စုလိုနိုင်ငံကြီးတွေမှာတောင် လူနည်းစု ဘာသာစကားတွေကို အားပေးရမှာ လူများစုတွေက စိုးရိမ်မကင်းဖြစ်ကြပါတယ်။ ဥပမာ–မက္ကဆီကိုနိုင်ငံက အမေရိကန်ပြည်ထောင်စုမှာ သွားပြီး အခြေစိုက်အလုပ်လုပ်ကြတဲ့ အလုပ်သမားတွေကို တချို့အလုပ်ရုံတွေမှာ သူတို့ရဲ့ ဘာသာစကားဖြစ်တဲ့ စပင်းနစ်ရှ် (Spanish) စကားပြောခွင့်ပေးပေမယ့် လူများစုက တစ်ချိန်ချိန်မှာ လူနည်းစုတွေအားကောင်းလာပြီး လူများစုတွေရဲ့ အကျိုးစီးပွားဆုံးရှုံးလေမလားဆိုတဲ့ အခြေအမြစ်မရှိတဲ့ အတွေးအခေါ်တွေ ဝင်လာတတ်ပါတယ်။

ဘာသာစကားပညာရပ်ဟာ လေ့လာလေ စိတ်ဝင်စားစရာကောင်းလေပါပဲလို့ ကျွန်မကိုရှင်းပြရင်း ထုံးစံအတိုင်း သားငယ်က သူလေ့လာချင်တဲ့ ဘာသာစကားပညာရပ်ကို နက်နက်ရှိုင်းရှိုင်း လေ့လာဆဲပါ။

**မြသန်းသန်းနု**

■

www.foreverspace.com.mm

# သူတို့ဆီက သတင်းစာများ

ကိုဝမ်း

**သ** **တင်းစာဆိုသည်က နိုင်ငံတစ်နိုင်ငံနှင့် လူမျိုးတစ်မျိုး၏ သမိုင်းပင်ဖြစ်သည်။ ထို့ကြောင့်ပင် ဆရာဦးလှက သတင်းစာများသည် သမိုင်းကိုပြောနေကြသည် စာအုပ်နှင့်သတင်းစာများပြောသည့် စစ်ပြီးစမြန်မာပြည်စာအုပ်တို့ကို ထုတ်ဝေခဲ့သည်။ သတင်းစာတစ်စောင်ကို ဖတ်သော် ယင်းခေတ်၏ပုံရိပ်များ ထင်ဟပ်နေသည်ကို မြင်တွေ့ရမည်။**

စာပေကို 'ခေတ်တစ်ခေတ်၏ ကြေးမုံပြင်' ဟု ဆိုရိုးစကားရှိသည်။ ကြေးမုံပြင်/သဘာဝကြေးမုံပြင်ရှိ ပုံရိပ်ကမူ ပြင်ပသဏ္ဍာန်၏ ပြောင်းပြန်ပုံရိပ်ကို ထင်ဟပ်ခြင်းပါ။ ကြေးမုံပြင်ရှေ့ရပ်နေသူ၏ ညာသည် ကြေးမုံပြင်ထဲတွင် ဘယ်ဖြစ်ကာ ဘယ်သည် ညာဖြစ်လို့ နေပါသည်။ ဒါဖြင့်လျှင် စာပေကြေးမုံပြင်ကရော အတည့်ပေါ်သည့်အခါပေါ်၍ ပြောင်းပြန်ပေါ်သည့်အခါပေါ်လေသည်။ ပြောင်းပြန်ပေါ်သည့်အခါမတော့ စာဖတ်သူက 'အမှန်က ဤသို့ပါလား' ဟု တွေးတောမှန်းဆရလေသည်။ အချို့သတင်းစာကျတော့ ဆန့်ကျင်ဘက်ကို အမှန်ယူရ၏။

တစ်ခါက ကျွန်တော်သည် သုတေသနဌာနကြီးတစ်ခုတွင် သုတေသီတစ်ဦးအဖြစ် အမှုထမ်းခဲ့ဖူးသည်။ ယင်းဌာနကြီးတွင်က နိုင်ငံခြားသတင်းစာများစုံလှသည်။ Bangkok Post, Bangkok World, The Straits-Times (Singapore), Hongkong Standard, London Times, Washington Post, Indian Observer, Ceylon Observer, Bangladesh Observer, Japan Times, Asahi Shimbun, Jerusalem Post စသည်တို့ ဖြစ်သည်။ ယင်းသတင်းစာများကို သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများက ဝယ်ယူကာ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပို့ပေးသည်။ နိုင်ငံခြားရေးဝန်ကြီးဌာနက တစ်ဖန်ကျွန်တော်တို့ရုံးသို့ ဆက်လက်ပေးပို့သည်။

ယခု ကျွန်တော်ရေးသားတင်ပြမည့် 'သူတို့ဆီကသတင်းစာများ' မှာ ဖော်ပြပါသတင်းစာများထဲက တစ်စောင်နှစ်စောင်သာ ပါဝင်ပြီး မပါဝင်သော သတင်းစာများအကြောင်းလည်း ပါဝင်ပါသည်။ ၁၉၉၀ ပြည့်နှစ် ဇန်နဝါရီတွင် ဘန်ကောက်မြို့ကို ရောက်တော့ Bangkok Post အပြင် ကျွန်တော်မမြင်ဖူးသော ထိုင်းနိုင်ငံထုတ် အင်္ဂလိပ်စာသတင်းစာတစ်စောင်ကို တွေ့ရှိရသည်။ ယင်းက The Nation ဖြစ်သည်။ အဆိုပါထိုင်းအင်္ဂလိပ်သတင်းစာနေးရှင်းသည် တစ်ခေတ်တစ်ခါက မြန်မာ–အင်္ဂလိပ်သတင်းစာနေးရှင်း၏ အရွယ်အစားဖြစ်သည်။ ထိုင်းနိုင်ငံသို့ ရောက်သွားသော တစ်ခါက မြန်မာနိုင်ငံသားတစ်ဦးက ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ သို့သော် ၁၉၉၀ ပြည့်နှစ်အချိန်မှာဖြင့် ဤကုမ္ပဏီသည် အခြားထိုင်းလူမျိုးတစ်ဦးအောက်တွင်းသို့ ရောက်လို့နေပါပြီ။ သို့သော် အယ်ဒီတာအဖွဲ့ဝင်ထဲမှာတော့ မူလထူထောင်သော ပုဂ္ဂိုလ်၏ မျိုးရိုးနာမည်နှင့် ပုဂ္ဂိုလ်တစ်ဦးရှိနေဆဲဖြစ်



www.foreverspace.com.mm



သည်ကိုတွေ့ရသည်။

Bangkok World သတင်းစာကမူ မရှိတော့ပါ။ ဘန်ကောက်ပို့စ်သတင်းစာနှင့် ပူးပေါင်းလိုက်ပြီဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်တွင် ဘန်ကောက်ပို့စ်ရော နေးရှင်းပါ တစ်စောင်လျှင် ၁၀ ဘတ်ဖြစ်ပြီး ယင်းဈေးနှုန်းက ၁၉၉၇ မတိုင်မီအထိ တည်ငြိမ်နေခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် ထိုင်းစီးပွားပျက်ကပ်ဆိုက်ရာ ၁၅ ဘတ်ဖြစ်သွားသည်။ ထိုင်းတွင် အင်္ဂလိပ်ဘာသာရော ထိုင်းဘာသာနှင့်ထုတ်ဝေသော သတင်းစာအားလုံးမှာ လွတ်လပ်သည်။ ၁၉၉၁ ခုနှစ်တွင် ကျွန်တော် မလေးရှားကပြန်လာချိန်၌ ဂျင်နရယ်ဆူချင်ဒါဦးဆောင်၍ အာဏာသိမ်းသည်။ ယင်းသတင်းတွေကို လွတ်လပ်စွာဖတ်ရှုရသည်။ ထို့နောက် ၁၉၉၂ မတ်လတွင်ပင် ရွေးကောက်ပွဲလုပ်ပြီး ဂျင်နရယ်ဆူချင်ဒါက ဝန်ကြီးချုပ် လုပ်သည်။

၁၉၉၀ ပြည့်နှစ်ဧပြီလတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့အပြင်ဘက်က သစ်စက်တစ်ခုတွင် ဝင်ရောက်အလုပ်လုပ်ကိုင်သည်။ ရရှိသောဝင်ငွေက တစ်နေ့လျှင် ၁၄ ရင်းဂစ်သာမို့ သတင်းစာကို နေ့တိုင်းဝယ်မဖတ်နိုင်ပါ။ မလေးရှားတွင် သတင်းစာက ဆင့် ၅၀ သာဖြစ်၍ ဈေးမကြီးပါ။ လက်ဖက်ရည်တစ်ခွက်ဈေးနှင့် အတူတူဖြစ်သည်။ ဘန်ကောက်နှင့် ကေအယ်လ်တွင် သတင်းစာဈေးနှုန်းက ကေအယ်လ်ကပင် သက်သာလို့နေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုအချိန် တရားဝင်ငွေလဲနှုန်းက ၁၀ ဘတ်ကို တစ်ရင်းဂစ် ဖြစ်ပေရာ ဆင့် ၅၀ သတင်းစာတစ်စောင်ဆိုလျှင် ဘတ်ငွေနှင့်ဆိုပါက ငါးဘတ်ပဲရှိ၍ ဖြစ်သည်။

“ငါကွာ နိုင်ငံခြားရောက်ရင်တော့ ဖတ်ချင်တဲ့စာအုပ်တွေ ဝယ်ဖတ်လိုက်မယ်လို့ အားခဲထားတာ”ဟု စကားစမိရာ ကိုဌေးဦးက “ခုတော့ သတင်းစာတောင် နပ်မမှန်ဘူးမဟုတ်လား” ဟု ကျွန်တော့်စကားကို အဆုံးသတ်ပေး၏။ အင်မတန်ဖတ်ချင်

**၁၉၉၀ ပြည့်နှစ် ဧပြီလတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့အပြင်ဘက်က သစ်စက်တစ်ခုတွင် ဝင်ရောက်အလုပ်လုပ်ကိုင်သည်။ ရရှိသောဝင်ငွေက တစ်နေ့လျှင် ၁၄ ရင်းဂစ်သာမို့ သတင်းစာကို နေ့တိုင်းဝယ်မဖတ်နိုင်ပါ။ မလေးရှားတွင် သတင်းစာက ဆင့် ၅၀ သာဖြစ်၍ ဈေးမကြီးပါ။ လက်ဖက်ရည်တစ်ခွက်ဈေးနှင့် အတူတူဖြစ်သည်။ ဘန်ကောက်နှင့် ကေအယ်လ်တွင် သတင်းစာဈေးနှုန်းက ကေအယ်လ်ကပင် သက်သာလို့နေသည်။**

တော့လည်း တစ်ပတ်ကို နှစ်ခါခန့် သစ်စက်ဂိတ်ဝက လုံခြုံရေးကုလားမကြီးကို ပိုက်ဆံပေးထားသည်။ သူက သတင်းစာသမား နေ့စဉ် လာပို့ချိန်ဝယ်ထားပေးသည်။ ဒါ့အပြင် တနင်္ဂနွေနေ့ မြို့ထဲထွက်တော့ ချောင်းကစ်မြို့လယ်၌ သတင်းစာ ဝယ်ဖတ်ဖြစ်သည်။

ကေအယ်လ်က သတင်းစာသည် 'The New Straits Times' သတင်းစာဖြစ်သည်။ စင်ကာပူနှင့် မလေးရှားမခွဲမီက The Straits Time ဖြစ်သော်လည်း စင်ကာပူခွဲထွက်ရာသို့ ယင်းသတင်းစာပါသွားခဲ့ရာမှ ရှေ့က 'New' တပ်၍ အသစ်ထုတ်ရခြင်းဖြစ်သည်။ တစ်ခါက ကေအယ်လ်ဆင်ခြေဖုံးတွင် ဓားပြမှုဖြစ်သည်။ မလေးရဲက ဓားပြကိုဖမ်းလျှင် အသေပစ်ဖမ်းသော သတင်းမျိုးကိုသာ ဖတ်ရသည်။ မလေးရှား ပီးရက်ပြည်နယ်အသင်းတွင် မြန်မာဘောလုံးသမားကြည်လွင် လာရောက်ကစားနေကြောင်း ယင်းသတင်းစာပါ အားကစားသတင်းအရ သိရသည်။ ကြည်လွင်က ဘယ်နှဂိုးသွင်းသော သတင်းကိုဖတ်ရက ကျွန်တော်တို့သဘောကျသည်။ တစ်ခါသော် တစ်ဖက်အသင်းက ဘောလုံးကစားရင်း လဲကျသွားသောကြည်လွင်၏လက်ပေါ်တက်နင်းရာမှာ ကြည်လွင်၏ လက်ချောင်းလေးများ ကျိုးသွားသောသတင်းကို ဖတ်ရသည်။

၁၉၉၁ ခုနှစ် မတ်လတွင် မကာအိုသို့ ရောက်သွားခဲ့သည်။ မကာအိုတွင် ထိုစဉ်က အင်္ဂလိပ်သတင်းစာမရှိပါ။ ပေါ်တူဂီသတင်းစာနှင့် တရုတ်သတင်းစာပဲရှိသည်။ မကာအိုတရုတ်သတင်းစာသည် ပြည်မကြီးကိုလိုလားသောသတင်းစာများ ဖြစ်သည်။ တစ်စောင်ကို နှစ်ပါတာကပ်မို့ လက်လုပ်လက်စားလည်း ဝယ်ဖတ်နိုင်သည်။ သို့သော် လူကြိုက်နည်းသည်။ လူကြိုက်များတာက ဟောင်ကောင်ထုတ် တရုတ်သတင်းစာ ‘တုံးဖောင်း’ဖြစ်သည်။ သူက အင်္ဂလိပ်သတင်းစာနှင့် ဈေးပြိုင် ခြောက်ပါတာကပ် ဖြစ်သည်။

၁၉၉၄ ခုနှစ်လောက်အထိ မိတ်ဆွေဒေါက်တာသိန်းထွတ် ဖတ်ပြီးသား အကျသတင်းစာများကိုသာ တောင်းဖတ်ခဲ့ရသည်။ ၁၉၉၅ ခုနှစ်တွင် လစာအတော်အသင့်ကောင်းမွန်ရာမှ ပြန်လာချိန် ၂၀၀၃ ခုနှစ်အထိ ဝယ်ဖတ်ခဲ့သည်။ ၁၉၉၁ ခုနှစ် မကာအိုသို့ ကျွန်တော်ရောက်ကာစတုန်းက South China Morning Post ရော Hongkong Standard ပါ တစ်စောင်ကို လေးပါတာကပ်ဖြစ်သည်။ နောက် သိပ်မကြာလိုက်။ တစ်စောင်ကို ငါးပါတာကပ်ဖြစ်သည်။ ၁၉၉၆ ခန့်တွင် ခြောက်ပါတာကပ် ဖြစ်သည်။ ကျွန်တော်က စိတ်ဆိုးပြီး ‘ဘန်ကောက်တွင် သတင်းစာတစ်စောင်ကို ၁၀ ဘတ်ဈေးနှုန်းသည် ၁၉၉၅ အထိ အပြောင်းအလဲမရှိ ဆော့သ်ချိုင်းနားမောနင်းပို့စ်က ခဏခဏ ဈေးတက်သည်။ ဝယ်မဖတ်တော့’ ဟု စာရေးပို့လိုက်သည်။

www.foreverspace.com.mm

အထွေထွေကုန်ကျစရိတ်များ ကြီးမြင့်လာသဖြင့် ဈေးတက်ရခြင်းဖြစ်ပါကြောင်း၊ တနင်္ဂနွေထုတ်ကို ဝယ်ဖတ်ဖြစ်မည်ဟု မျှော်လင့်ပါကြောင်း စာပြန်လာသည်။

၁၉၉၂ ခုနှစ်တွင် ဟောင်ကောင်၌ ဗြိတိသျှဘုရင်ခံ အပြောင်းအလဲဖြစ်သည်။ မာဂရက်သက်ချာ၏ ကွန်ဆာဗေးတစ်ပါတီက ခရစ္စပက်တန်ကို ဟောင်ကောင်ဘုရင်ခံအသစ်ခန့်သည်။ ဟောင်ကောင်တွင် ဒီမိုကရေစီပုံစံပုံသွင်းဖို့အတွက် ကွန်ဆာဗေးတစ်ပါတီက တိုက်စစ်မှူး ခရစ္စပက်တန်ကို လွှတ်လိုက်ခြင်း ဖြစ်သည်။ ခရစ္စပက်တန်က သူ့အစိုးရအဖွဲ့သစ်၏ အာဘော်အဖြစ် Eastern Express အင်္ဂလိပ်သတင်းစာကို ထုတ်ဝေသည်။ ထို့ကြောင့် ဟောင်ကောင်ထုတ်အင်္ဂလိပ်သတင်းစာသုံးစောင်ဖြစ်လာသည်။ ခရစ္စပက်တန်သည် သူ၏ဟောင်ကောင်နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်း မအောင်မြင်ခဲ့သလို သူ၏သတင်းစာ 'အိစတင်းအိပ်စ်ပရက်စ်' လည်း ၁၉၉၅ ခုနှစ်ခန့်တွင် ရပ်စဲလိုက်ရလေတော့သည်။

ဟောင်ကောင်ထုတ်သတင်းစာများသည် လွတ်လပ်စွာရေးသားတင်ပြနိုင်ကြပါသည်။ ၁၉၉၇ ဇူလိုင် ၁ ရက်နေ့မတိုင်မီ ဗြိတိသျှကိုလိုနီဘဝနှင့် ၁၉၉၇ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့နောက်ပိုင်း တရုတ်ပြည်၏ အထူးစီမံခန့်ခွဲရေးဒေသ (Special Administrative Region-SAR Hongkong) ဘဝတွင်ပါ လွတ်လပ်စွာ ရေးသားခွင့်ရှိကြသည်။ လွတ်လပ်စွာ ရေးသားခွင့်ရှိပေမယ့် ဤသတင်းစာတွေကလည်း သတင်းစာကျင့်ဝတ်နှင့်အညီ ရေးသားသည်ဖြစ်၍ ပြဿနာတစ်စုံတစ်ရာမပေါ်ပါ။

အမေရိကန်သမ္မတ ကလင်တန်က တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ်သည်။ ဆော့သ်ချိုင်းနားမောနင်းပို့စ် သတင်းစာကာတွန်းပညာရှင် 'Best' က 'ကလင်တန်သည် ရှေးဟောင်းအရုပ်တွေကြည့်နေသောပုံ' ကို ကာတွန်းဆွဲသည်။ ဟောင်ကောင်စတင်းဒတ် ကာတွန်းပညာရှင် (သူ့နာမည်တော့ မေ့သွားပါပြီ) ကလည်း 'ကလင်တန်သည် ဤအရုပ်တွေကိုပဲ ကြည့်နေသည့်ပုံ' ရေးဆွဲသည်။ ကလင်တန် တရုတ်နိုင်ငံသွားရာ အရုပ်တွေပဲမြင်ရသည်ဟု ကာတွန်းပညာရှင်များက ဆိုလိုသည်။ တိုင်ပင်ထားသည်မဟုတ်ဘဲ ကာတွန်းပညာရှင်များ၏ အတွေးတစ်ထပ်တည်းကျနေပုံက အံ့ဩစရာကောင်းလှသည်။

ဟောင်ကောင်ထုတ်တရုတ်သတင်းစာတွေတွင် အညှီအဟောက်သတင်းတွေ အသားပေးဖော်ပြသည်။ ဤကိစ္စကို လူငယ်တစ်ဦးအား တက္ကသိုလ်သုတေသနကျောင်းသားကမေးမြန်းရာ 'ဒီသတင်းစာပါရေးသားချက်တွေဖတ်ရတာ စိတ်ကိုနှိုးဆွစေပါတယ်။ အမှုသာမဖြစ်ဘူးဆိုရင် အဓမ္မမှုကျူးလွန်မိချင်စိတ်ပေါက်လောက်အောင်ပါပဲ' ဟု ယင်းလူငယ်က ဖြေကြားသည်။

တရုတ်စာကလည်း မတတ်တော့ စာရေးချင်သော ကျွန်တော်က အင်္ဂလိပ်



www.foreverspace.com.mm



သတင်းစာတွင် ဆောင်းပါးရေးရန် ကြံစည်မိသည်။ ကျွန်တော်၏ ချိုကျိုးနားရွက်ပဲ့ အင်္ဂလိပ်စာအရည်အချင်းက ပွဲမတိုးနိုင်ပါ။ ဟောင်ကောင်အင်္ဂလိပ်သတင်းစာတွင် ပါဝင်ရေးသားသူမှာ ဥပဒေပြုလွှတ်တော် (Legislative Council) အမတ်များ၊ တက္ကသိုလ်က ကထိကများ၊ ပါမောက္ခများ ဖြစ်သည်။ ဥပဒေပြုလွှတ်တော်အမတ်များသည် အင်္ဂလိပ်စာတတ်ရုံမက လန်ဒန်က၊ ဝါရှင်တန်က၊ မဲလ်ဘုန်းက၊ အုတ်ကလင်းက ဘွဲ့လွန်တန်းအောင်ပြီးသား အရည်အချင်းရှိသူတွေဖြစ်သည်။ ဆောင်းပါးရေးရန် ပွဲမတိုးနိုင်သော ကျွန်တော်က အယ်ဒီတာ့ထံပေးစာတွင် ရေးသည်။ ဒါတော့ပါသည်။ ဟောင်ကောင်စတင်းဒတ်တွင် ၁၀ စောင်ခန့်ပါပြီး ဆော့သ်ချိုင်းနားမောနင်းပို့စ်တွင် '၂၀၀၃ ခုနှစ် မေလ ၃၀ ရက်နေ့' နောက်ပိုင်း ငါးစောင် ခြောက်စောင်ခန့် ပါခဲ့သည်။ သူတို့ အယ်ဒီတာ့ထံပေးစာက နိုင်ငံရေး၊ လူမှုရေးများဖြစ်ပြီး ယင်းသတင်းစာနှစ်စောင်လုံးက တနင်္ဂနွေအထူးထုတ် မဂ္ဂဇင်းအချပ်ပို ထုတ်သည်။ ကဏ္ဍစုံ၍ ဖတ်လို့ကောင်းသည်။ ဒါ့အပြင် နေ့စဉ်ထုတ်သတင်းစာတွေ၌လည်း လူမှုရေးနှင့်ပတ်သက်သောဆောင်းပါးတွေကိုဖတ်ရတာ စိတ်ဝင်စားဖို့ကောင်းသည်။ အထူးသဖြင့် လူငယ်ပြဿနာ၊ ပြည့်တန်ဆာပြဿနာ၊ အမဲဂိုဏ်းပြဿနာ စသည်မျိုးတွေ ဖြစ်သည်။ လူငယ်တွေကို အမဲဂိုဏ်းတွေက အသုံးချပုံ၊ အချို့အိမ်ပြေးလေးတွေကို အသက်ကြီးကြီးကောင်မလေးက ခြိမ်းခြောက်ခေါ်သွားပြီး ပိုက်ဆံတောင်းခိုင်း၊ ရသည့်ပိုက်ဆံနှင့် သူ့ရည်းစားကောင်လေးကို ဆေးဝယ်ပေးဆိုတာမျိုးတွေ ဖြစ်သည်။ အမဲဂိုဏ်းနှင့်စပ်လျဉ်း၍ ကျောင်းတွေ၌ မည်သို့စိမ့်ဝင်နေပုံ၊ အမဲဂိုဏ်းအဖွဲ့ဝင်ကျောင်းသူက ဂိုဏ်းဝင်များအောင်စည်းရုံးပုံ၊ ပြီးတော့ ကျောင်းတွင်း၌ မူးယစ်ဆေးဝါးဖြန့်ချိပုံများ ပါဝင်သည်။ ပြည့်တန်ဆာကိစ္စတွင် အရီဆိုသော ထိုင်းမလေးသည်

**ဟောင်ကောင်ထုတ် တရုတ်သတင်းစာတွေတွင် အညှီအဟောက်သတင်းတွေ အသားပေး ဖော်ပြသည်။ ဤကိစ္စကို လူငယ်တစ်ဦးအား တက္ကသိုလ်သုတေသနကျောင်းသားကမေးမြန်းရာ "ဒီသတင်းစာပါ ရေးသားချက်တွေ ဖတ်ရတာ စိတ်ကိုနှိုးဆွစေပါတယ်။ အမှုသာမဖြစ်ဘူးဆိုရင် အဓမ္မမှုကျူးလွန်မိချင်စိတ်ပေါက်လောက်အောင်ပါပဲ" ဟု ယင်းလူငယ်ကဖြေကြားသည်။**

နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖောက်သည် ၄၀ ခန့် လက်ခံပုံ၊ ဒီအထဲက အမဲဂိုဏ်းကို ဆက်ကြေးမည်မျှပေးရပုံ၊ အချို့အိမ်ရှင်မတွေသည် မာကျောက်သွားကစားမည်ဟု အိမ်ကိုပြောလာကာ အချိန်ပိုင်းပြည့်တန်ဆာလုပ်ပုံများ ပါဝင်သည်။ တစ်ခါကတော့ သူခိုးနှင့်အင်တာဗျူးပြီး သတင်းထောက်က ဆောင်းပါးရေးသည်။ အဖိုးတန်ပစ္စည်းတွေကို မထင်မှတ်တဲ့ဆန်အိုးတို့၊ ခတ်ဘူးတို့ထဲမှာ မသိမသာ ဖွက်ထားတာ အလကားပဲ။ တကယ်လုံခြုံချင်ရင် အာမခံသေတ္တာနဲ့ထား၊ ပြီးတော့ အာမခံသေတ္တာကို အုတ်နံရံမှာ ဘိလပ်မြေနဲ့ အသေကိုင်ထား၊ ဒါတောင် တစ်ရက်နှစ်ရက်လောက်ပဲထားလို့ရမယ်။ တစ်လကိုးသတင်းမထားခဲ့နဲ့' ဟု သူခိုးက အကြံပေးတာကိုလည်း ဖတ်ရလေသည်။ ဤဟောင်ကောင် အင်္ဂလိပ်သတင်းစာဖြတ်ပိုင်းများကို စုဆောင်းပြီး အမဲဂိုဏ်း၊ ပြည့်တန်ဆာ၊ လူငယ်ပြဿနာ၊ ရာဇဝတ်မှု၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍပေါင်းစုံအားကိုလိုနီနယ်မြေများကိုဖြတ်သန်းခြင်း' စာအုပ် ကျွန်တော်ရေးသားပြုစုခဲ့သော်လည်း အကြောင်းမသင့်သေးသဖြင့် ပုံနှိပ်ထုတ်ဝေခန်းသို့ မရောက်သေးပါ။

မကာအို တရုတ်ဘာသာသတင်းစာ ကြော်ငြာခန်းက တယ်လီဖုန်းနံပါတ်တစ်ခုကို ကျွန်တော်နှင့်တာဝန်ကျဖက် အင်ဒိုနီးရှားပြန် တရုတ်အမျိုးသားချန်မိုယိန်းက ဆက်ပြီး မေးမြန်းလို့နေသည်။ "ချွင်ပိုပေါင်းနိုင်–ကေချေးနား" (အားလုံး အပြီးအစီးဆိုရင် ဈေးနှုန်းက ဘယ်လောက်လဲ)။

ရေချိုးခန်းတစ်ခုသို့ သူမေးနေခြင်းဖြစ်သည်။ မကာအိုသတင်းစာများတွင် 'Heart to Heart' တို့၊ 'Love to Love' တို့ 'Sweet Heart' တို့ ဆိုသောခေါင်းစဉ်တပ်ပြီး မိန်းမငယ်လှလှပုံလေးတွေနှင့် ကြော်ငြာများပါရှိသည်။ ရေချိုးတာက ကြေးသတ်သတ်၊ ကျန်သောကိစ္စက ကြေးသတ်သတ်၊ ဒါကြောင့်ပဲ ချန်မိုယိန်းက အားလုံးအပြီးအစီး ဘယ်လောက်လဲလို့ မေးနေခြင်းပါ။

သူတို့ဆီကသတင်းစာတွေဖတ်ရတာက 'အတည့်' အတိုင်း မြင်ရသည်။ ဖတ်ခဲ့ရသည့်အထဲ ဘယ်သတင်းစာကိုအကြိုက်ဆုံးလဲဟုမေးလာလျှင်တော့ ဘန်ကောက်ပို့စ်နှင့် ဆော့သ်ချိုင်းနားမောနင်းပို့စ်ဟု ဖြေရပါလိမ့်မည်။ ၁၉၉၇ ခုနှစ် ဇွန်လ ၃၀ ရက်နေ့ မိုးလင်းသည်နှင့် ဟောင်ကောင်သတင်းစာ၊ မကာအိုသတင်းစာတို့မှာ အင်္ဂလိပ်ဘာသာရော တရုတ်ဘာသာတွေဖြင့်ပါ ရှုပ်နေကြသည်။ ယောက်ယက်ခတ်နေကြသည်။ ဇွန်လ ၃၀ ရက်နေ့ ည ၁၂ နာရီတိတိတွင် ဗြိတိသျှကိုလိုနီအစိုးရက တရုတ်ပြည်သို့ ဟောင်ကောင်အား တရားဝင်ပြန်လည်ပေးအပ်မှာမို့ ဖြစ်သည်။ လက်ရှိ ဗြိတိသျှဥပဒေပြုကောင်စီကိုဖျက်သိမ်း၊ တရုတ်ပြည်က ကြိုတင်ဖွဲ့စည်းထားသော ဟောင်ကောင်ဥပဒေပြုကောင်စီ (Provisional Legislative Council) က စတင်လက်ခံတာဝန်ယူမည်။ 'Through Train' ဟုခေါ်၏။ ဗြိတိသျှကိုလိုနီအစိုးရကိုဖျက်သိမ်း၊ အမှုဆောင်ချုပ် (Chief Executive) တုန်

www.foreverspace.com.mm

ချီး၀ါ ဦးဆောင်သော ဟောင်ကောင်အထူး စီမံခန့်ခွဲရေးဒေသ Special Administrative Region-SAR(H-K)အစိုးရက ဟောင်ကောင်၏အုပ်ချုပ်ရေးကို စတင်တာဝန်ယူမည်။ တရုတ်ပြည်ကိုယ်စား သမ္မတကျန်ဇီမင်း လာရောက်လက်ခံ၍ ဗြိတိန်နိုင်ငံ၏ ကိုယ်စား အိမ်ရှေ့မင်းသားချားလ်စ်က လာရောက်လွှဲပြောင်းပေးသည်။ ဗြိတိန်နိုင်ငံတော်သီချင်းနှင့် ဗြိတိသျှအလံ၊ ကိုလိုနီအစိုးရအလံချ၊ တရုတ်နိုင်ငံတော်သီချင်းနှင့်အတူ စီမံခန့်ခွဲရေးအလံနှင့် တရုတ်ပြည်အလံတို့ကို တင်သည်။

**ဒီလိုသမိုင်းဝင် အရေးကြီးသော အခမ်းအနားတွေကို တစ်ကွက်လေးမှ မလွတ်ရလေအောင် သတင်းသမားတို့ အလုပ်ရှုပ်နေသည်။ သတင်းထောက်တစ်ဦးက တိုက်အိုတစ်လုံး၏နံရံကိုဖွင့် ခြေထောက်နှစ်ချောင်းဆင်း၊ ပေါင်ပေါ်မှာက လက်ပ်တော့ကွန်ပျူတာတင်၍ တဖြောင်းဖြောင်းရိုက်ကာ တိုက်သို့ အီးမေးလ်ကနေ သတင်းပို့နေသည်။ အင်မတန်မှလှပလှသော မြင်ကွင်းတစ်ခုပါ။**

ဒီလိုသမိုင်းဝင် အရေးကြီးသော အခမ်းအနားတွေကို တစ်ကွက်လေးမှမလွတ်ရလေအောင် သတင်းသမားတို့ အလုပ်ရှုပ်နေသည်။ သတင်းထောက်တစ်ဦးက တိုက်အိုတစ်လုံး၏တံခါးကိုဖွင့် ခြေထောက်နှစ်ချောင်းဆင်း၊ ပေါင်ပေါ်မှာက လက်ပ်တော့ကွန်ပျူတာတင်၍ တဖြောင်းဖြောင်းရိုက်ကာ တိုက်သို့ အီးမေးလ်ကနေ သတင်းပို့နေသည်။ အင်မတန်မှလှပလှသော မြင်ကွင်းတစ်ခုပါ။ လိုအပ်သောသတင်းကို လိုအပ်သည့်အချိန်တွင် အံဝင်ခွင်ကျပြည်သူ့ထံပေးပို့ရန် လုံးပန်းနေသော သတင်းထောက်တစ်ဦးဓာတ်ပုံကလည်း ဒစ်ဂျစ်တယ်ကင်မရာနှင့်ရိုက်ထားကာ ကူးဖို့မလို၊ ဆေးဖို့မလို၊ ကင်မရာကို လက်ပ်တော့နှင့်ချိတ်ဆက်၍ တိုက်သို့ ပေးပို့ရုံသာ။

ဇွန် ၃၀၊ ဇူလိုင် ၁၊ ဇူလိုင် ၂ ဆိုသော သုံးရက်ကို ဟောင်ကောင်မှာ ရုံးပိတ်သည်။ ဟောင်ကောင်ဘဏ်ပိတ်တာမို့ မကာအိုဘဏ်လည်းပိတ်သည်။ မကာအိုတွင်သာမန်ဘဏ်ပိတ်ရက်ဆိုက ကျွန်တော်က မကာအိုမော်ကွန်းတိုက် နေ့ဂျူတီအချိန်ပိုင်းဝင်ရသည်။ သို့သော် ဖော်ပြပါသုံးရက်တွင် မကာအိုဘဏ်သာပိတ်ပြီး မကာအိုရုံးမပိတ်ပေရာ ကျွန်တော် အချိန်ပိုင်းမရှိပါ။ အချိန်ပိုင်းမရှိ၍ ပိုက်ဆံရတာနည်းသွားပြီဆိုပြီး ကျွန်တော်က ဓောကပ်၍ပူမနေနိုင်။ ဒီထက်ပူရသော 'ဓော' တစ်ခု ကျွန်တော့်မှာရှိသည်။

ယင်းမှာ ဇူလိုင် ၁ ရက်နေ့ နံနက်ထုတ် ဆော့သ်ချိုင်းနားမောနင်းပို့စ်သတင်းစာနှင့် ဟောင်ကောင် စတင်းဒက်သတင်းစာတွေကို ဝယ်ယူရရှိရေးပဲ ဖြစ်သည်။ ည ၁၂ နာရီကျော်အခမ်းအနားဖြစ်စဉ်တွေကို နံနက်တွင် ပြည်သူသို့တင်ဆက်ရမှာမို့ သတင်းစာတိုက်တွေမှာလည်း အတော်ကသီလင်တဖြစ်ရရှာသည်။ သာမန်သတင်းဆိုလျှင် ည ၈ နာရီ ဖောင်ပိတ်မည်။ သို့သော် ယခုဟာက အထူးသတင်း၊ သမိုင်းဝင်သတင်း၊ ဖောင်ပိတ်၍မရ။ နောက်နေ့နံနက်မသိရလျှင် သတင်းစာတိုက်တွေ မီးပင်တင်ရှို့တာခံရကောင်းခံရနိုင်သည်။

၁၉၉၇ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့ နံနက်စောစောကို ကျွန်တော်က ကောင်းစွာမှတ်မိလို့နေသည်။ နံနက်စာ ပေါင်မုန့်ထောပတ်သုတ်နှင့် လက်ဖက်ရည်မစားသောက်ရသေး။ ကိစ္စမရှိ၊ သတင်းစာရပြီး ဘယ်အချိန်စားစားရတာပဲ။ မိုးက တဖွဲဖွဲရွာနေသည်။ ဖွဲရာမှ သည်းလာသည်။ ကျွန်တော်သည် မကာအိုမြို့လယ် သတင်းစာရောင်းသောဆိုင်တွေမှာ ဟိုပြေးလိုက်ဒီပြေးလိုက်ဖြစ်နေသည်။ သတင်းစာတွေက ရှေ့ကဟာနောက်ရောက်၊ နောက်ကဟာ ရှေ့ရောက်ကမောက်ကမဖြစ်နေသည်မို့ မစုံဟုထင်ရသည်။ သို့သော် စုံပါသည်။ ဒီဆိုင်သွားလိုက် မစုံဘူးထင်ကာ ဟိုဆိုင်ပြေးလိုက်၊ ဟိုဆိုင်ကျတော့လည်း အလားတူ။ ဒီတော့မကျေနပ်သေး၊ မူလဆိုင် ပြန်ပြေးလိုက်။ ခေါင်းဆောင်းမပါ၍ လူတစ်ကိုယ်လုံးလည်းရွှဲရွှဲစိုနေပြီ။ ဒါကို ဂရုမစိုက်နိုင်၊ စိုပစေ။ သတင်းစာရဖို့ရာဓော ကျွန်တော့်မှာကပ်နေသည်။ ဆိုင်နှစ်ဆိုင်ပေါင်း၍ သတင်းစာနှစ်စောင်ကို အစုံအလင်ရတော့မှ ကျွန်တော့်မှာ 'ဟင်း' ကျလို့သွားသည်။ လူတစ်ကိုယ်လုံးလည်း ရွှဲရွှဲစိုလို့နေပါပကောလား။

ဆော့သ်ချိုင်းနားမောနင်းပို့စ်က မွေ့ကွိုင်းဟူသော ကွမ်တုန်အသံထွက်ကို တရုတ်စာလုံးအကြီးကြီးဖြင့် တစ်မျက်နှာပြည့်အောင်တင်ထားသည်။ 'မွေ့ကွိုင်း' ဆိုတာက အင်္ဂလိပ်လို 'Hand Over' တာဝန်လွှဲပြောင်းပေးအပ်ခြင်းဟူ၍ဖြစ်သည်။ ဟောင်ကောင်စတင်းဒတ်ကလည်း 'မွေ့ကွိုင်း' ဆိုသော တရုတ်စာနှင့် Hand Over ဆိုသော အင်္ဂလိပ်စာလုံးတို့ဖြင့် မျက်နှာဖုံးတန်ဆာဆင်ထားသည်။ ဇွန်လ ၃၀ ရက်နေ့တစ်နေ့လုံး ဇူလိုင် ၁ ရက်နေ့ အထူးသတင်းများ၊ ဓာတ်ပုံများ အပြည့်အစုံပါသည်။ ဘုရင်ခံအိမ်တော်က ဗြိတိသျှအလံကိုသိမ်း၍ ဘုရင်ခံ ခရစ္စပက်တန်ထံအပ်တော့ ပက်တန်က ဤအလံခေါက်ကိုလက်ခံရင်း မျက်ရည်တွေဝဲ၍နေသည်။

နောက်တစ်နေ့သတင်းစာမှာတော့ ဗြိတိသျှစစ်သင်္ဘောနှင့် ချားလ်စ်မင်းသားနှင့်အတူ ဘုရင်ခံဟောင်းတို့က ဟောင်ကောင်ဆိပ်ကမ်းကနေထွက်ခွာသွားသော ဓာတ်ပုံ ပါရှိခဲ့သည်။ ဗြိတိသျှကိုလိုနီ ဟောင်ကောင်မှာ နိဂုံးချုပ်လို့သွားခဲ့ပြီ။

**ကိုဝမ်း**

www.foreverspace.com.mm

**ရှေ့က ဖြတ်သွားသော ကွန်ပျူတာတက္ကသိုလ်စာတန်းဆွဲ ကားရထားကိုကြည့်ရင်း ကျွန်တော့်စိတ်တွေ အတိတ်သို့ ရောက်သွား၏။ ကျွန်တော် ကွန်ပျူတာတက္ကသိုလ်မှာ ဘွဲ့လွန်ဒီပလိုမာတက်နေတုန်းက ယခုလို သွားလမ်းလာလမ်း မသာသေး။ ယခုပြေးဆွဲနေသော မ.ထ.သ (၂၁၂) ကားကြီးတွေကလည်း အားကိုးလောက်အောင် များများစားစားမရှိသေး။ ဒီတော့ မြို့စွန်မှာရှိသော တက္ကသိုလ်အသစ်ကြီးဆီသို့ ရန်ကုန်တိုင်း မြို့နယ်အသီးသီးမှ ဆိုင်ရာဆိုင်ရာ ကျောင်းသား၊ ကျောင်းသူတို့မှာ ကိုယ်နှင့်အဆင်ပြေရာ အစီအစဉ်ဖြင့် လာကြသည်ကများသည်။ တချို့တလေကတော့ ကျောင်းကားစီးကြသည်။ တချို့ကျတော့ ကားအဆင့်ဆင့်ပြောင်းစီးကြရင်း တစ်ခါတလေ ကျောင်းသစ်ကြီးရှိရာ လှော်ကားသို့မရောက်ဘဲ မင်္ဂလာဒုံဥယျာဉ်ရောက်လိုရောက်၊ သာခုကန်ဘုရားရောက်လိုရောက်နှင့် အချို့များကျတော့ သဘာဝပတ်ဝန်းကျင်ကို နှစ်ခြိုက်စွာလေ့လာလို၍များလားမသိ တစ်ပတ်ကို သုံးရက်လောက် လှော်ကားသဘာဝဥယျာဉ်သို့ ရောက်သွားတတ်ကြသည်။**

ကျွန်တော်တို့ကျတော့ သိပ်လိမ္မာနေ၍တော့မဟုတ်။ အရွယ်ကလည်း ကျောင်းတက်နေဆဲကလေးတွေနှင့်ဆိုလျှင် အသက်က တော်တော်ကွာနေသည့်အပြင် ကျောင်းလခကလည်း တစ်လ တစ်သောင်းနှုန်းဆိုတော့ တော်ရုံတန်ရုံမျိုးနှင့်တော့ အတန်းမပျက်ကြ။ ပြီးတော့ လွန်လေပြီးသော တက္ကသိုလ်ကျောင်းသားဘဝကို တစ်ဖန်ပြန်ရောက်ရခြင်းဖြစ်၍ ဘေးအပျော်ထက် တက္ကသိုလ်ကျောင်းသားဘဝအပျော်က ပို၍ဆွဲဆောင်လွန်းအားကြီးမားနေ၍ဖြစ်သည်။ ကျွန်တော်တို့ ကျောင်းစတက်တော့ ကျောင်းကြီးတောင် တရားဝင်မဖွင့်ရသေး။ သို့သော် အတော်များများကတော့ ကျောင်းသစ်ကြီးမှာ လူသစ်စိတ်သစ်နှင့် လန်းနေကြလေပြီ။

လူကလန်းသော်လည်း ငွေကမလန်း။ ထိုတုန်းက ၂၀၀၄ ခုနှစ် ကျောင်းလခကြေး တစ်သောင်းကျပ်ဆိုသည်မှာ ယခုလိုမဟုတ်၊ တော်တော်လေး တန်ဖိုးရှိသေးသည်။ ပြီးတော့ ကျောင်းစာအုပ်တွေ၊ အဆိုးဆုံးက နေ့စဉ်အသုံးစရိတ်ပင်။ ကျွန်တော်နှင့်ပေါင်းသော သူငယ်ချင်းသုံးယောက်ထဲတွင် တစ်ယောက်က ကလောမြို့မှလာတက်ရသူ၊ နောက်တစ်ယောက်က မြို့ထဲက ထမင်းဆိုင်ပိုင်ရှင်၊ နောက်တစ်ယောက်က အင်းစိန်မြို့နယ်က သဘော်သား၊ ကျွန်တော်က လှိုင်က။ ကျွန်တော်တို့ ရန်ကုန်အခြေစိုက်သမားတွေအတွက် နေ့စဉ်စရိတ်က မထောင်းသာလှသော်လည်း ရပ်ဝေးကလာတက်ရသူ ကလောသားကတော့ အဆောင်စရိတ်၊ နေ့စဉ်စရိတ်နှင့် တော်တော်လေး စိစိစစ်စစ် သုံးရသည်။

တစ်နေ့ကျတော့ ကျောင်းကန်တင်းမှာထိုင်ရင်း ကလောသားက လကုန်ဖို့ တစ်ပတ်လောက်လိုသေးသည်။ သူ့မှာ ငွေငါးထောင်ပဲရှိတော့သည်ဟု ပြော၏။ သူပြောသည့်ပုံက ကျွန်တော်တို့သုံးယောက်ဆီက ငွေလှည့်ချင်၍မဟုတ်။ ထိုကျန်ငွေနှင့် တစ်ပတ်ခံအောင် ဘယ်လိုသုံးမလဲဆိုသော ပြဿနာပင်။ ထိုကလောသားကား မာနခဲပင်။ ဘယ်သူ့ဆီမှလည်း ငွေအကူအညီယူချင်ဟန်မတူ။ ဒီတော့ ကျွန်တော်တို့သုံးယောက်စဉ်းစားရပြီ။ ဒီမှာ ကျွန်တော့်ခေါင်းထဲဝင်လာတာက သူငယ်ချင်းတစ်

# မြို့ပြတ်ရထား တောလား

ဂျီအောင်ဘန်း



www.foreverspace.com.mm

ယောက်ပြောသောစကားပင်။ "မင်းတို့ဆီမှာ ငွေတစ်ရာ ဘာမှအသုံးမခံပေမယ့် ငါတို့လှိုင်သာယာ၊ အခုငါစီးလာတဲ့ မြို့ပတ်ရထားတွေ၊ ဘူတာတွေမှာတော့ လူတစ်ယောက် တစ်နပ်စာတော့ အသာလေးဖြေရှင်းနိုင်ပါတယ်" ဟု။ ဒီကောင်မှာ ကျန်တာငါးထောင်ဆိုတော့ ပိုတောင်ပိုဦးမည်ဟု။

ကျွန်တော် သူငယ်ချင်းတွေကို ပြောပြလိုက်သည်။ ဒီလိုစရိတ်သက်သာတယ်ဆိုတာကို သူတို့သိပ်ယုံပုံမရ။ ကလောသားက မယုံတာထားဦး။ ရန်ကုန်မှာနေသည့် ဟိုနှစ်ယောက်ကပါ သွားလေ့သွားထမရှိ၍ ကျွန်တော့်ကို အပိုပြောတယ်ထင်နေ၏။ ဒီတော့ ကျွန်တော်က မခံချင်စိတ်ဖြင့် "ကဲ ဒီညနေကျောင်းကအပြန် မြို့ပတ်စီးပြန်မယ် ဘယ်လိုလဲ၊ စားချင်တာစား ငါအကုန်ခံမယ်" ဟု။ ထိုသို့ဖြင့် ကျွန်တော်တို့ အသက်သုံးဆယ်ဝန်းကျင် ဘွဲ့လွန်ကျောင်းသားလေးယောက်၏ မြို့ပတ်ရထားစီးစွန့်စားခန်း ဖြစ်လာခဲ့သည်။

ပထမဦးဆုံးကျောင်းလွှတ်ချိန်တွင် ကျွန်တော်တို့လေးယောက်မြို့ထဲတက်သည့် ကားမစီးဘဲ လှော်ကားဘူတာဘက်သို့ ဆင်းသည့်ကားကို တက်စီးကြ၏။ ကားပေါ်မှာကား ငါးအိုင်ပက်ပြီး ပြန်လာသူ၊ စပါးစိုက်ပြီး ပြန်လာသူ၊ ဈေးဝယ်ပြီးပြန်လာသူ၊ အလုပ်ခွင်မှ ပြန်လာသူတွေနှင့် ပြည့်ကျပ်လို့။ ကျွန်တော်တို့ လေးယောက် ကားပေါ်ရောက်အောင် မတက်နိုင်သဖြင့် လက်တစ်ဝါးစာ အဆင်းအတက်တန်းပေါ် တွယ်စီးရင်း လိုက်ခဲ့ရ၏။ တစ်ယောက်ကို တစ်ယောက်သိသိ မသိသိ ပြုတ်ကျမှာစိုး၍ ဖက်ထားရသဖြင့် ကားပေါ်မှဆင်းတော့ ကျွန်တော်တို့အင်္ကျီမှာ ငါးညှီနံ့တွေ၊ ချွေးနံ့တွေစွဲလို့။

ဘူတာရောက်တော့ ရထားပြန်ထွက်ဖို့ အချိန်လိုသေးသဖြင့် ကျွန်တော်တို့လေးယောက် ဘူတာစင်္ကြံပေါ် လမ်းသလားကြ၏။ ဘူတာစင်္ကြံပေါ်မှာလည်း ကိုယ့်လိုရန်ကုန်ပြန်တက်ကြမယ့်သူတွေ များနေ၍ ခေတ္တထိုင်ဖို့နေရာတောင်မရှိသဖြင့် ကန်းထရီး

**"မင်းတို့ဆီမှာ ငွေတစ်ရာ ဘာမှအသုံးမခံပေမယ့် ငါတို့ လှိုင်သာယာ၊ အခုငါစီးလာတဲ့ မြို့ပတ်ရထားတွေ၊ ဘူတာတွေမှာတော့ လူတစ်ယောက် တစ်နပ်စာတော့ အသာလေးဖြေရှင်းနိုင်ပါတယ်"**

စတိုင်ဟုဆိုကာ ရထားသံလမ်းပေါ် ခပ်ရဲရဲပင် ထိုင်ချလိုက်၏။ ထိုင်ပြီး အတန်ကြာသော် နှာခေါင်းထဲဝင်လာသည့် အနံ့အသက်ကြောင့် လေးယောက်သား တစ်ယောက်ကိုတစ်ယောက် သင်္ကာမကင်းဟန်ဖြင့် ဘေးပတ်ပတ်လည်ကြည့်တော့ ရထားသံလမ်းတစ်လျှောက် မစင်ပုံလေးတွေစီလို့။ ဒီလိုနဲ့ပဲ လေးယောက်သား စင်္ကြံပေါ် ပြန်တက်ခဲ့ရသည်။ မကြာမီ ရထားရောက်လာသည်။

အတန်ကြာတော့ ရထားစထွက်၏။ ရထားပေါ်မှာကား လှော်ကားအပြန်ဈေးသည်တွေနှင့်။ ဒီမှာ ကျွန်တော်တို့ ပွဲစပါပြီ။ ပထမဆုံး တစ်နေ့လုံးရောင်း၍ မကုန်သဖြင့် ကျန်နေသေးသော ပဲပလာတာသည်လာ၏။ သုံးချပ်ကို တစ်ရာနှင့်။ ကျွန်တော်တို့ နှစ်ရာဖိုးဝယ်ပြီး လေးယောက်ခွဲစား၏။ အကျန်ဆိုသော်လည်း သီးခြားစီဖြစ်သဖြင့် စားရသည်မှာ မာတောင့်နေသည်မှလွဲ၍ ပြဿနာမရှိ။ ပြဿနာရှိသည်ကား တွဲပေါက်ဝမှာ ခိုစီးနေသည့်ကလေးငယ်သုံးယောက်ပင်။ ကျွန်တော်တို့စားနေသည်ကို တစ်ချက်တစ်ချက် လှမ်းမျှော်ကြည့်နေသဖြင့် မျိုမကျတော့။ ပိုနေသည့် နှစ်ချပ်ကို ခေါ်ပေးလိုက်၏။ ထိုကလေးငယ် သုံးယောက်လက်ထဲရောက်သွားသည်။ ပလာတာမှာ သရဲလက်ထဲ အမဲသားတွဲရောက်သွားသလိုပင်။ ရှေ့ဘူတာရောက်တော့ ထိုကလေးငယ်သုံးယောက် ဆင်းသွား၏။ ပေကျံဂျီးစွဲနေသော ထိုကလေးငယ်သုံးယောက် ဘယ်ကလာပြီး ဘယ်ကိုသွားမလဲ၊ ဘယ်မှာအိပ်ပြီး ဘယ်မှာစားကြမလဲဆိုတာတွေးပြီး ကျွန်တော်တို့ သက်ပြင်းကိုယ်စီချမိကြ၏။

လေးယောက်သား အတွေးကိုယ်စီဖြင့် ပြတင်းပေါက်ကနေတစ်ဆင့်မြင်ရသည့် ရိုးပြတ်တွေ၊ ကွင်းတွေကိုကြည့်ရင်း ရေငတ်လာပြန်သဖြင့် ရေသည်ကို မျှော်မိ၏။ ရေသည်လာပါပြီ။ ရေခဲရေရောင်းသည့်ကလေးငယ်ကား သူ့အရပ်တစ်ဝက်လောက်ရှိသည့် ရေပုံးကို ခါးတစ်ခြမ်းစောင်းမျှဆွဲရင်း ကျွန်တော်တို့ရှေ့ ရောက်လာ၏။ "တစ်ခွက်ဘယ်လောက်လဲ" ဟု ကျွန်တော်တို့ မေး၏။ တစ်ဆယ်ဟု ဖြေသည်။ ပြီးတော့ ကျွန်တော်တို့ဝတ်ထားသည့်အဝတ်အစားနှင့် ကျောင်းစာအုပ်ကြီးတွေကို အားကျသလို တမေ့တမောကြီးကြည့်ကာ လေသံတိုးတိုးနှင့် "ဦးတို့က ကျောင်းသားတွေလား" ဟု။ ကျွန်တော်တို့က ပြီးစလွယ် "အေး" ဟုဖြေတော့ ထိုကလေးက "ကျွန်တော်လည်း အရင်က ကျောင်းသားပဲ" ဟု ခပ်တိုးတိုးရေရွတ်ရင်း ကျွန်တော်တို့ပေးသော ပိုက်ဆံကိုယူပြီး အပေါက်ဝဘက်သို့ပြန်ထွက်သွား၏။ အိတ်တစ်ဖက်ပြဲကာ ဖားဥစွဲနေသော ကျောင်းအင်္ကျီအဖြူလေးနှင့် ကလေးငယ်ကား အပေါက်ဝသံတန်းကို မြဲမြဲဆုပ်ကိုင်ရင်း ရထားဖြတ်သန်းသည့် မြင်ကွင်းတစ်လျှောက်ကို ငေးမိငေးရာငေးနေရင်း သူ့အနာဂတ်ကို စိတ်ကူးယဉ်နေပေလိမ့်မည်။ ထိုကလေးငယ်၏အနာဂတ်သည် ကျောင်းပြန်တက်ရမှဆိုသည့် အဓိကအချက်ပေါ် မူတည်နေသည်ကိုသာ ထိုကလေးငယ် သတိထားမိခဲ့လျှင် ထိုကလေးငယ် ယခုလို စိတ်ကူးယဉ်နိုင်ပါဦးမလားဟု။

ရထားကား ရွှေပြည်သာဘူတာ၊ စက်မှုဇုန်တို့ကို ကျော်ဖြတ်ပြီး တညင်းကုန်းဘူတာထဲသို့ ရောက်ရှိခဲ့လေပြီ။ သူငယ်ချင်းထမင်းဆိုင်ပိုင်ရှင်က ပျားပန်းခပ်မျှလှုပ်ရှားနေသည့် ကုန်စိမ်းဈေးကိုကြည့်ပြီး နာရီတစ်ချက်ကြည့်ကာ "ဈေးဝင်ဝယ်ရအောင်" ဟု


www.foreverspace.com.mm

အဖော်ညှို၏။ ကျွန်တော်တို့လည်း ရထားပေါ်မှ ကြုံလာခဲ့ရသည့် အတွေးမောတို့ကြောင့် ရထားပေါ်မှ ဆင်းချင်နေပြီ။ လေးယောက်သား ရထားပေါ်မှ တက်ညီလက်ညီ ဆင်းလိုက်ကြ၏။ တည်းကုန်းဘူတာမှာ ဆင်းလိုက်ကြပြီး လေးယောက်သား မတိုင်ပင်ဘဲ ခုနကဖြတ်သန်းလာခဲ့သည့် ချောင်းထဲမှ ပုပ်ပွနေသော ရေသိုးတွေအကြောင်း ပြောမိကြ၏။ ထိုရေတွေ ဘယ်လိုဖြစ်လို့များ ညစ်ညမ်းပုပ်သိုးနေပါလိမ့်ဟု။ အဖြေကို ကျွန်တော်တို့ စဉ်းစားလို့မရခိုက် ဓာတုဗေဒဖြင့်ကျောင်းပြီးခဲ့သည့် အင်းစိန်သား သဘော်ာသားသူငယ်ချင်းက "ဒါ အရက်ချက်စက်ရုံတွေက စွန့်ပစ်ရေဆိုးတွေကြောင့် ဖြစ်တာလေ" ဟု လူတတ်ကြီးလုပ်၍ ဖြေလေသည်။ ထိုဖြေသံကြားတော့ တစ်ခါက ဖတ်ရှုခဲ့ဖူးသော ရုပ်ပြဇာတ်လမ်းတစ်ခုဖြစ်သည့် ဒီရဲဂျာ၏ 'ကင်ဆာဖြူ' ဆိုသောဇာတ်လမ်းကို သွားပြီးသတိရမိ၏။ ထိုဇာတ်လမ်းထဲတွင် ဓာတုဗေဒစက်ရုံတစ်ခုမှထွက်သောရေဆိုး မြို့ကိုဖြတ်စီးနေသောချောင်းထဲစွန့်ထုတ်သဖြင့် ကလေးငယ်တွေ ကင်ဆာရောဂါဖြစ်ကာ သေဆုံးကြရသည့်အကြောင်းကိုပင်။

ကျွန်တော်ပြန်ပြောပြသည့် ဇာတ်လမ်းကိုနားထောင်ပြီး သူငယ်ချင်းတစ်ယောက်က "တော်သေးတာပေါ့ ဒီလိုမျိုးအဖြစ်တွေ ဒီမှာမရှိလို့" ဟု ဖော့တွေးပြီးပြော၏။ သို့သော် အရာရာကို သေသေချာချာစိစစ်တွေးတတ်သည့် ကလောသားသူငယ်ချင်းက "မင်းက မရှိဘူးလို့ပြောရအောင် စက်မှုဇုန်ပေါင်းစုံ တစ်နိုင်ငံလုံးလိုက်စစ်ထားလို့လားကွ" ဟု ဟောက်ဟမ်းကာ စကားကိုထောက်၏။ ကျွန်တော်တို့သုံးယောက်လည်း ဒီကောင်၏ စကားကြောင့် စိတ်ထဲ မအီမလည်ဖြစ်သွား၏။ သို့သော် ဒီအဖြစ်တွေရှိလည်း ငါတို့ ဘာလုပ်နိုင်ပါမလဲဟုတွေးရင်း ကိုယ့်စိတ်ကိုယ်ဖြေရင်း လှည့်စားလိုက်၏။

တည်းကုန်းဘူတာစင်္ကြံပေါ်မှဈေးကား စည်ကားနေလေပြီ။ ခြေချစရာမရှိလောက်အောင် ဘူတာစင်္ကြံပေါ်မှာ ဈေးသည်တို့ဖြင့် ပြည့်နှက်နေလေ၏။ အသုပ်တစ်ပွဲ ၅၀ ကျပ်၊ ဒံပေါက်တစ်ပွဲ ၁၀၀ ကျပ်၊ အခြား ရိုးရာအစားအစာများမှာလည်း မဖြစ်နိုင်သော ဈေးနှုန်းချိုသာသောနှုန်းတွေနှင့် အခြေအနေမဲ့လူတန်းစားနှင့် လက်လုပ်လက်စား အောက်ခြေလူတန်းစားအလွှာမှ စားသုံးသူတို့ တိုးဝှေ့စားသုံးနေကြ၏။ ကျွန်တော်တို့လည်း ဆိုင်ကြီးကန္နားကြီးမှာ တစ်ပွဲတစ်ထောင်လောက်ပေးရသော ဒံပေါက်ကို ယခု တစ်ရာဆိုတော့ စိတ်ဝင်စားသွားပြီး ဒံပေါက်သည်ရှေ့ ဝင်ထိုင်လိုက်ကြ၏။ ကျွန်တော်တို့လက်ထဲရောက်လာသော တစ်ရာတန်ဒံပေါက်တစ်ပွဲကား သောက်ရေအိုးအဖုံးသာသာ ကော်ပန်းကန်ပြားတစ်ပြားစာနှင့် ကြက်သားလား၊ ခိုသားလား မသိရသည့် အသားတုံးသေးသေးလေးတစ်ခု။ ဘာပဲဖြစ်ဖြစ် အသားဓာတ်မမှီဝဲနိုင်သည့် လူတန်းစားအဖို့ ဒီလို တစ်ရာတန်ဒံပေါက်တစ်ပွဲက ချဉ်ခြင်းတပ်ခြင်းကို အထိုက်အလျောက်တော့ ဖြေပေးနိုင်ပေလိမ့်မည်။ ဒံပေါက်စားပြီးတော့ ကျွန်တော်တို့ ရွှံ့ဗွက်တွေပြည့်နှက်နေသည့် ဈေးရုံအတွင်းလမ်းကိုဝင်ဖို့ ကြိုးစားကြည့်ကြ၏။ ရန်ကုန်သား ကျောင်းတော်ကြီးသားတွေပီပီ ရွှံ့ဗွက်ကြောက်သော ကျွန်တော်တို့ ဈေးရုံအတွင်းထဲသို့ မဝင်တော့ဘဲ အပြင်တန်း မခြောက်တခြောက်နေရာကနေ ဟင်းရွက်အသီးအနှံအချို့ကို ဝယ်လိုက်ကြသည်။

ရပ်ကွက်ထဲမှာ ကိုယ်လိုချင်ပြီဆိုလျှင် တစ်စည်းတစ်ရာလောက်ပေးဝယ်ရသော ကန်စွန်းရွက်တို့၊ မုန်ညင်းတို့၊ ကိုက်လန်တို့ လို ဟင်းရွက်များနှင့် ဘူးသီး၊ ခဝဲသီးစသည့်သီးနှံတို့မှာ တည်းကုန်းဘူတာဈေးအတွင်း တစ်ရာဖိုးလောက်ဝယ်လျှင် မိသားစုအတော်များများရှိသော အိမ်ထောင်စုပင် လေးရက်လောက် စားလောက်အောင်ပေါများစွာရလေ၏။ မြို့ထဲမှာထမင်းဆိုင်ဖွင့်ထားသော သူငယ်ချင်းမှာ တန်လွန်းလှသဖြင့် စိတ်ရှိတိုင်းဝယ်ချင်စိတ်ကို ချုံးနှိမ်ထားရဟန်ဖြင့် မချင့်မရဲဖြစ်ကာ ဘူတာစင်္ကြံပေါ်သို့ ဟင်းသီးဟင်းရွက် ကျန်ကျောင်းအိတ် (ကြွပ်ကြွပ်အိတ်ဆိုဒ်ကြီး) တစ်လုံးစာနှင့် ပြန်တက်လာ၏။ ကျွန်တော်တို့ကတော့ ဘာမှမဝယ်ဖြစ်ဘဲ သူငယ်ချင်းနောက်က တကောက်ကောက်လိုက်ရုပ်ရုံသာ။ စင်္ကြံပေါ်ရောက်တော့ ရထားလာ/မလာကြည့်ရင်း ဖလူဒါတစ်ခွက် ၅၀ ဟူသော ဆိုင်းဘုတ်တွေ့သဖြင့် တစ်ဦးကိုတစ်ဦး အဓိပ္ပာယ်ပါ



www.foreverspace.com.mm



ပါကြည့်လိုက်ကြ၏။ ထိုအကြည့်၏နောက်မှာ လေးယောက်သား ဖာလူဒါဆိုင်ရှေ့ ရောက်သွားတော့သည်။ ဖာလူဒါဆိုင်ရှေ့မှာကား မြို့ထဲကဆိုင်တွေလိုပင် ဝယ်သူရှင်းလင်းလို့။ ကျွန်တော်တို့ လေးယောက်ကိုမြင်တော့ ဆိုင်ရှင်မှာ ယခုမှ ဈေးဦးပေါက်ဟန်ဖြင့် မတ်ခွက်သာသာ ဖန်ခွက်အပြည့်ထည့်ပေး၏။ ဖာလူဒါကား တစ်ဝက်တစ်ပျက်ဖာလူဒါပင်။ တကယ့်အစစ်အမှန်နားမကပ်နိုင်သည့် လူတန်းစားအဖို့ ထိုဖာလူဒါကား စွဲဆောင်မှုအတန်အသင့်တော့ ရှိပေလိမ့်မည်။

ဖာလူဒါသောက်ပြီးနောက် မကြာမီ မြို့ပတ်ရထားဝင်လာ၏။ သံလမ်းပေါ်မှ ဈေးသည်တို့ ကသုတ်ကရက်ထကြလေ၏။ အချို့အတင့်ရဲတာလား၊ မထီလေးစားလုပ်သည်လားမသိ။ ဘေးကကြည့်နေသူအသည်းတယားယားဖြစ်အောင် နှေးတိနှေးကွေး လေးကန်စွာဖြင့်။ ဘေးကကြည့်နေသူများသာ အန္တရာယ်ကင်းသွားသည်မြင်မှ ဘုရားဘုရားဟု ရင်ဘတ်ဖိ၍ ဘုရားတနေရသော်လည်း သူတို့ကတော့ ဘာမှမထူးဆန်းသလိုနှင့် ရထားပြန်ထွက်သွားလျှင် ကိုယ့်နေရာကိုယ်ပြန်မရမှာကို စိုးလေဟန်ဖြင့် ရပ်ထားသည့်ရထားကိုပင် တွန်းဖယ်လို့ရလျှင် တွန်းဖယ်ကြလေမလားမသိ။ စိတ်ထဲမှာတော့ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် ရှာကြတာချင်းအတူတူ ဒီလူတွေအတွက်ကျတော့ နေ့စဉ်အသက်နှင့်ရင်းရလောက်အောင် ခက်လှချည်လားလို့ တွေးမိလိုက်သေးသည်။

အတွေးစကိုဖြတ်ပြီး ကုန်စိမ်းရထားနီးနီးဖြစ်နေသော မြို့ပတ်ရထားပေါ်သို့ ကုန်စိမ်းလာဝယ်သူတို့နှင့်အပြိုင် အဝင်ပေါက်ဝမှာ ဆိုင်ရာဆိုင်ရာပိုင်သူတို့ တင်ထားသည့် အထုပ်ကြီးငယ်တွေကို ကျော်လွှား၍ လေးယောက်သား ကမန်းကတန်းတက်ရ၏။ စိတ်ထဲမှာတော့ ဒီလောက် လူရော၊ ကုန်ရော အများအပြား တင်ကြ၊ တက်ကြသည့် ဒီဘူတာကျမှပဲ ရထားရပ်သည့်အချိန်က တိုတောင်းလွန်းလေသလားလို့။ မတော် တင်နေ၊ တက်နေရင်း တန်းလန်း ရထားထွက်သွားလျှင် မခက်ပါလောဟု ကြားကနေစိတ်ပူမိ၏။ သို့သော် သူ့အရပ်နှင့်သူ့ဇာတ်က ဟုတ်လို့။ ကျွန်တော်တို့တက်မိသောတွဲကား လူနှင့်ကုန်ပါ ပြည့်ကျပ်နေသဖြင့် သူငယ်ချင်းတစ်ယောက်ကတွဲပြောင်းစီးရန် ပြော၏။ သို့သော် အခြားတွဲတွေမှာလည်း ဒီတွဲနည်းတူ ပြည့်ကျပ်နေတာမြင်တော့ နှုတ်ဆိတ်သွား၏။ ရထားကအောင်ဆန်းဘူတာသို့ ဝင်လေပြီ။ ရထားလမ်းတစ်လျှောက်မြင်ရသော ကန်စွန်းခင်းတွေကိုကြည့်ပြီး ကျွန်တော်တို့သူငယ်ချင်းတစ်သိုက် ပြောမိကြ၏။ တကယ်စိုက်ကြပျိုးကြတဲ့သူတွေ ဝမ်းဝလောက်အောင်ရကြရဲ့လားလို့။ မရလျှင်ကော ကျွန်တော်တို့ ဘာလုပ်ပေးနိုင်မှာမည်နည်း။

**တညင်းကုန်းဘူတာစကြံပေါ်မှ ဈေးကား စည်ကားနေလေပြီ။ ခြေချစရာမရှိလောက်အောင် ဘူတာစကြံပေါ်မှာ ဈေးသည်တို့ဖြင့် ပြည့်နှက်နေလေ၏။ အသုပ်တစ်ပွဲ ၅၀ ကျပ်၊ ဒံပေါက်တစ်ပွဲ ၁၀၀ ကျပ်၊ အခြား ရိုးရာအစားအစာများမှာလည်း မဖြစ်နိုင်သောဈေးနှုန်းချိုသာသောနှုန်းတွေနှင့် အခြေအနေမဲ့လူတန်းစားနှင့် လက်လုပ်လက်စားအောက်ခြေလူတန်းစားအလွှာမှ စားသုံးသူတို့ တိုးဝှေ့စားသုံးနေကြ၏။ ကျွန်တော်တို့လည်း ဆိုင်ကြီးကန္နားကြီးမှာ တစ်ပွဲတစ်ထောင်လောက်ပေးရသော ဒံပေါက်ကို ယခု တစ်ရာဆိုတော့ စိတ်ဝင်စားသွားပြီး ဒံပေါက်သည်ရှေ့ ဝင်ထိုင်လိုက်ကြ၏။**

အောင်ဆန်းဘူတာမှ တက်လာသော ဖရဲသီးသည်လေးမှာ တောင်းတွေ၊ အထုပ်တွေ၊ ခြင်းတွေကို ခွကာ ကျော်ကာဖြင့် ကျွန်တော်တို့နားရောက်လာ၏။ ရွက်ထားသည့်လင်ပန်းထဲမှာလည်း ဖရဲသီးနီနီရဲရဲ၊ အချို့မှာ ဈေးသည်နှင့်အပြိုင် နွမ်းလျလို့နေလေသည်။ ကျွန်တော်တို့ သနားသဖြင့် ဝယ်စားကြ၏။ ဖရဲသီးတို့ကား အချိန်လွန်၍ထင့်၊ ထင်သလောက် အရည်မရွှမ်းတော့ဘဲ ချိုလည်းမချိုနိုင်ရှာတော့။ ကျွန်တော်တို့ကို ရောင်းပြီးထွက်သွားသည့် ဖရဲသီးသည်မလေး၏ နောက်ကျောကိုကြည့်ရင်း ကျွန်တော်တို့ သက်ပြင်းချမိလိုက်ကြ၏။ ဒီ ဖရဲသီးသည်မလေး နောက် ၂ နှစ်၊ သုံးနှစ်လောက်ဆို အပျိုဖော်ဝင်အရွယ်သို့ ရောက်ပေတော့မည်။ ဒီလိုပဲ ရထားပေါ်မှာ ရာသီစာတွေရောင်းရင်း ဘဝကို အန္တရာယ်ကင်းကင်း ဖြတ်သန်းနိုင်ပါ့မလား။ မတော်လို့ ဖရဲသီးမကုန်လို့ နေ့တွက်မကိုက်သည့် ရက်မျိုးနှင့်များ ကြိမ်ဖန်များစွာကြုံလာခဲ့ရင် . . . ဘယ်လိုများ ဒီကလေးမလေး ဖြေရှင်းပါလိမ့်မည်နည်းဟု စိတ်မောနေလေသည်။

တွေးတွေးငေးငေးဖြင့် ဖော့ကန်ဘူတာ၊ ရွာမဘူတာတို့ကို မျက်ခွံလေးလေး၊ ငိုက်တိုက်တိုက်ဖြင့် ကျော်ဖြတ်လာခဲ့၏။ အင်းစိန်ဘူတာရောက်တော့ ခရီးသည်အချို့ဆင်းပြီး အချို့ ပြန်တက်လာကြသည်။ ကျွန်တော်တို့တွဲကိုတက်လာသော ခရီးသည်တွေထဲမှာ ပေါက်ဖော်မကြီး သားအမိနှစ်ဦး တက်လာ၏။ ကလောသားက လောကဝတ်ပြုကာ သူ့နေရာကိုချို့၍ ပေါက်ဖော်မကြီးကို ထိုင်ရန်နေရာပေး၏။ ပေါက်ဖော်မကြီးကား သူတို့ အမျိုးသမီးဗီဇကို မစွန့်။ ကိုယ့်အတွက်ကြံဖန်ပြီး ကုတ်ကတ် နေရာပေးသည့်လူ၏မျက်နှာကိုတောင်မထောက်ဘဲ ကြီးကောင်ကြီးမား သူ့သား ဝင်ထိုင်ရန် နေရာကို အတင်းချဲ့၍ သူမဘေးက ကျွန်တော့်ကို နည်းနည်းတိုးပေးဖို့ ပြော၏။ ကလောသားလောက် သဘောထားမကြီးသည့်ကျွန်တော်က ဝင်ထိုင်ဖို့ ပြင်နေသည့်

ပေါက်ဖော်မကြီးသားကို ခပ်တည်တည်ကြည့်ကာ ခပ်ရွှဲရွှဲဖြင့် ကျွန်တော့်ပေါင်ပေါ်လာထိုင်၊ လာတက်ထိုင်ဖို့ ပေါင်ကို ပုတ်ပြ၏။ ခရီးသည်တွေလည်း ပြုံးစိပြုံးစိ ဖြစ်သွားကြ၏။ စိတ်ထဲက "မှတ်ပြီလား နယ်ချဲ့ချင်ဦးလေ" ဟု။ ထိုပေါက်ဖော်ငတိလည်း ရှက်ရှက်နှင့် အပေါက်ဝဘက်သို့ ရွှေ့သွား၏။

သို့နှင့် ကြို့ကုန်းဘူတာရောက်တော့ ရွှေရင်အေး၊ မုန့်လက်ဆောင်းသည်တွေ တက်လာကြ၏။ တစ်ပွဲ ၅ဝ၊ နှစ်ပွဲဝယ်ရင် တစ်ပွဲလက်ဆောင်ဆိုတော့ ကျွန်တော်တို့ လေးယောက် ခေါင်းထောင်လာကြ၏။ ယိမ်းထိုးခါနေသော ရထားတွဲပေါ်မှာပင် မဖိတ်အောင် ကျွန်တော်တို့ မနည်းထိန်းကာ တစ်ယောက်တစ်ပွဲတစ်ဝက်စီ သောက်လိုက်ကြ၏။ ရွှေရင်အေးသောက်ပြီးသည့်အခါ ပါးစပ်ထဲမှာ စွဲပြီးကျန်နေခဲ့သည့် ဆေးသကြား (ဆရာကြီး) ဒဏ်တော့ ခံရပြန်၏။ ရွှေ့ဘူတာရောက်လျှင် ငါတို့တွဲပေါ် ရေခဲရေသည်တက်လာပါစေဟု ဆုတောင်းရပြန်၏။ သမိုင်းမြို့သစ်ဘူတာရောက်သော်လည်း ရေသည်က တက်မလာဘဲ ဆေးလိပ်၊ ကွမ်းယာသည်နှင့် ပန်းသီးသည် တက်လာ၏။ ဆေးလိပ်ဝယ်ရန်ပြင်စဉ် စီးကရက်နှစ်ဘူးတစ်ရာဆိုသော အသံကြား၍ ဆေးလိပ်မဝယ်သေးဘဲ စောင့်ကြည့်မိ၏။ စီးကရက်သည်ရောက်လာ၍ ကြည့်လိုက်တော့ တစ်ခါမှ မကြားဖူး၊ မမြင်ဖူးသည့် တံဆိပ်တွေ။ ဘာပဲဖြစ်ဖြစ် သောက်လို့ရရင် တန်သည်ဆိုပြီး တစ်ယောက်တစ်ဘူးစီ ဝယ်လိုက်ကြ၏။ စီးကရက်ဝယ်နေတုန်း ပန်းသီးသည်က အတင်းလာထိုးရောင်း၏။ မဝယ်မချင်း ကျွန်တော်တို့နားကခွာမည့်ပုံမမြင်။ အားနာနာဖြင့် အပြင်မှာ တစ်လုံးနှစ်ရာလောက်ပေးရမည့် (၂ဝဝ၄ ခုနှစ်တုန်းက) ခေါင်သီးသာသာလေးလုံးကို တစ်ရာဖြင့် ဝယ်လိုက်၏။ သမိုင်းဘူတာမှာ ရေသည်တက်လာ၍ ရေဝယ်သောက်ကာ ပန်းသီးကို ရေနှင့်ဆေးလိုက်ကြသည်။ ရထားပြတင်းပေါက်မှ ပန်းသီးဆေးနေသည့် ကျွန်တော်တို့ကို ဘူတာပလက်ဖောင်းပေါ်မှ ပလတ်စတစ်ကောက်ရာမှအပြန် ရထားစီးဖို့စောင့်နေကြသည့်ကလေးငယ်များက အားကျသည့်အကြည့်တွေဖြင့် မက်မက်မောမောကြည့်နေကြလျက် ရထားထွက်သွားသည့်တိုင် ကလေးငယ်တို့၏မျက်လုံးတွေက ပန်းသီးကိုက်စားနေသည့် ကျွန်တော်တို့ဆီမှာ ကပ်လိုက်ပါလို့။

ကျွန်တော်တို့လည်း လှော်ကားဘူတာကနေ ဘူတာစဉ်တောက်လျှောက် ကြုံသလို ပါးစပ်သရမ်းခဲ့ကြသဖြင့် ဝမ်းကတောင့်နေလေပြီ။ ငွေငါးထောင်ဖြင့် ရက်သတ္တတစ်ပတ်ကို ဘယ်လိုကျော်ဖြတ်ရမလဲဆိုသော ကလောသားလည်း မပြောဘဲပြသည့် ကျွန်တော့်လုပ်ရပ်ကြောင့် အဖြေတစ်ခုကိုရှာတွေ့သွားသည့်နှယ် မနက်ကလို စိတ်လေးနေဟန်မရှိတော့။ ထမင်းအဝစား တစ်ရာ့ငါးဆယ်ဆိုသည့် သမိုင်းဘူတာက ထမင်းဆိုင်လေးမှာ ရေးထားသည့် ဆိုင်းဘုတ်လေးက သူရင်လေးနေသည့် ရက်သတ္တပတ်ကို အာမခံချက်ပေးလိုက်သလိုပင်။ ယခုလို ခရီးစဉ်တစ်လျှောက် ကျွန်တော်တို့လေးယောက် စိတ်ထင်သလို ဝယ်စားခဲ့သည့် ကုန်ကျစရိတ်က ကျောင်းကန်တင်းက စိုးမြင့်ကျော်ဆိုသည့် ထမင်းနှင့်တွဲသည့် အကြော်အလှော်တစ်ပွဲစာလောက်တောင် မကုန်ကျ။ ဒီတော့ ဒီလူတွေ သဘောကျကြမှာ မြေကြီးလက်ခတ်မလွဲပင်။

သီရိမြိုင်ဘူတာရောက်တော့ ကျွန်တော့်အိမ်နှင့်နီး၍ ကျွန်တော်ဆင်းလိုက်၏။ အင်းစိန်သားကတော့ ကလောသားနေထိုင်ရာ လှည်းတန်းအဆောင်သို့ လိုက်အိပ်မည်ဖြစ်၍ လှည်းတန်းဘူတာမှာ ဆင်းပေလိမ့်မည်။ ထမင်းဆိုင်ပိုင်ရှင်ကတော့ ဟင်းသီးဟင်းရွက်တစ်ပွေ့တစ်ပိုက်၊ ကျောင်းစာအုပ်အထုပ်ပိုက်ကာ ဘူတာကြီးကနေ ကုန်သည်လမ်းဘက် လျှောက်ပေလိမ့်မည်။ နောက်နေ့နံနက်ကျလျှင် ယခင်ကလို အင်းစိန်လမ်းမကြီးကနေ ၂၁၂ ကားကို စီးမလာဘဲ မြို့ပတ်ရထားစီးကာ လာကြမည်ဟု တိုင်ပင်ကာ ရထားအချိန်စာရင်းကို ကြည့်ထားလျက်။

တွေ့ကရာများဝယ်စားခဲ့ပြီးသကာလ ထိုနေ့ညတွင် ကျွန်တော်ဝမ်းတွေသွား၏။ ဓာတ်ဆားရည်သောက်တာတောင် ဝမ်းကားတော်တော်နှင့်မရပ်။ မိုးလင်းခါနီးမှ ဝမ်းကားစဲလေသည်။ လူကား အိပ်ရာပေါ်မှာဖျော့ဖျော့လေး။ တစ်လ တစ်သောင်း၊ တစ်ရက်လျှင် သင်ကြားစရိတ် ငါးရာကျပ်ဖိုးပေးချေထားရသည့် ပြန့်ပြုံးကျယ်လွင်သော လယ်ကွင်းပြင်ထဲက တက္ကသိုလ်သို့ နံနက်ကျတော့ ကျွန်တော် သွားမတက်နိုင်တော့။ ငါကျောင်းမတက်တာသိလျှင် ဒီကောင်တွေလာကြမှာပဲဟု နောက်နေ့တွေ နောက်နေ့တွေအထိ ကျွန်တော်မျှော်နေမိသည်။ သို့သော် သူတို့သုံးယောက်လုံး တစ်ရက်လည်းပေါ်မလာ၊ နှစ်ရက်လည်း ပေါ်မလာနှင့် သုံးရက်မြောက်လို့ ကျွန်တော်ကျောင်းပြန်တက်မှ သူတို့သုံးယောက်ကို ကျောင်းမှာပြန်တွေ့ရ၏။ သူတို့လည်း ဒီနေ့မှ ကျောင်းပြန်တက်ဖြစ်တာတဲ့။ မျက်နှာလေးတွေက လေးယောက်စလုံး ခပ်ချောင်ချောင်လေးတွေ။ ရထားစီးပြန်ကြသည့်ညက သူတို့လည်း ကျွန်တော့်လိုပင် ဝမ်းတော်လားကြသည်တဲ့။ ဒီတော့မှ ကျွန်တော်တို့လည်း ကိုယ့်ကိုယ်ကိုယ် "ငါတို့ဝမ်းတွေဟာ မြန်မာပြည်က ဆင်းရဲသားကလေးငယ်တွေလောက်တောင် ဒုပေနာပေမခံနိုင်။ ကျင့်သားလည်းမရသေးပါလားလို့" ဟု။ ဝမ်းပဲနည်းရမလိုလို၊ ဝမ်းပဲသာရမလိုလို ဖြစ်ခဲ့ရလေသည်။ ဤသည်မှာ ကျွန်တော်တို့ နောက်ဆုံးကျောင်းသားဘဝက ကြီးကောင်ကြီးမား အရူးထခဲ့ကြသည့် 'မြို့ပတ်ရထားတောလား' ပင် ဖြစ်သည်။ တောလားဖြစ်လား၊ မဖြစ်လားတော့မသိ၊ ဝမ်းတော်လားခဲ့သည်မို့ ကလောသား သူငယ်ချင်းနှင့် ကျွန်တော်တို့အဖို့ နောင်ဘယ်တော့မှ ချွေတာရေးကျင့်စဉ် မကျင့်ဝံ့တော့ပါကြောင်း။

**ဂျီအောင်ဘန်း**

ပြခင်လမှအဆက်

www.foreverspace.com.mm

# ကျွန်တော့်အတွေး ကျွန်တော့်စကားနှင့် ကျွန်တော့်လုပ်ဆောင်ချက်များ

## (ဆူဟာတိုပြောသည့် သူ့သမိုင်း)

**အခန်း (၁၂)**

**တင်ညွန့်**

### စည်းရုံးရေးဆင်းရခြင်း

စစ်ဦးစီးချုပ် ဆိုဒါမင်သည် ယိုဂျာသို့ ပြန်မလာခြင်းမှာ စိုးရိမ်ဖွယ်ရာအနေအထား ဖြစ်သည်။ သူက လက်ရှိ အမိန့်အာဏာ ထုတ်ပြန်ပိုင်ခွင့်ရှိသူဖြစ်နေသောကြောင့် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် ပြည်သူ့သမ္မတနိုင်ငံတော်ကိုထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသလို ဆက်လက်တိုက်ပွဲဝင်ရေးအတွက်လည်း သူ့အမိန့်ကို စောင့်နေကြရသည်။

ယိုဂျာရှိ စုလ်တန်ဘုရင်က သူ့ကို မြို့တော်သို့ပြန်လာရန် ဖျောင်းဖျနေသည်။ ဗိုလ်မှူးကြီးဂါတော့ဆိုဘရိုတိုသည် စစ်ကောင်စီတွင် တတိယအဆင့်လောက်ရှိသူဖြစ်ပြီး ပတ်ဒါမင် (ဆိုဒါမင်) ၏လေးစား



www.foreverspace.com.mm



ခြင်းကို ခံရသူလည်း ဖြစ်သည်။ ထို့ကြောင့် ဗိုလ်မှူးကြီးထံ စာရေးရတော့သည်။ သို့သော် ပြန်ကြားချက် တစ်စုံတစ်ရာမရရှိပေ။

ထိုစဉ်တွင် နဝမမြောက် စူလ်တန် ဘုရင် ဟာမန်ကူဘူဝိုနိုက ပူးတွဲဝန်ကြီးချုပ် အနေဖြင့် ဗိုလ်ချုပ်ဆိုဒါမင်ကို အစောင့်အရှောက်ဖြင့်သွားပြန်ခေါ်ရန် ကျွန်တော့်ကို တာဝန်ပေးလိုက်သည်။ ကျွန်တော်သည် ဆိုဒါမင်နှင့် သိပ်ပြီးမနီးစပ်။ အရေးပေါ် အခြေအနေဖြင့် တစ်ကြိမ်လောက်သာ တွေ့ဖူးကြသည်။ သို့သော် ကျွန်တော် သွားခေါ်ရန် ထူးဆန်းစွာဖြင့် လက်ခံလိုက်မိသည်။

ပတ်ဒါမင်သည် ကရန်မိုဂျိုအရပ်တွင် ရှိနေသည်။ ထိုအရပ်သို့ ကျွန်တော် မြင်းစီးသွားရသည်။ လမ်းတွေကလည်း ပျက်စီးနေသည်။ ပီယန်ဂျန်းနှင့် ပါသွတ်ဒေသများကိုဖြတ်ပြီး နောက်ဆုံးမှ ကျွန်တော် ဦးတည်ရပ်သို့ ရောက်လာသည်။ ကျွန်တော့်ကိုလာတွေ့သူမှာ ဒေါက်တာအာဆင်ဖြစ်သည်။ အမှတ် ၁၀ တပ်၏ ဆေးမှူးကြီးလည်းဖြစ်သည်။ နောက်တစ်ယောက်က သတင်းဂျာနယ်လစ် ရိုဆင်ဟာန်အန်ဝါ ဖြစ်သည်။ ပတ်ဒါမင်နှင့်တွေ့ဆုံဆွေးနွေးရန် နေရာပြောင်းရွှေ့ကြသည်။ ဒတ်ချ်တို့ကို အတူလက်တွဲတိုက်ခိုက်ခဲ့ကြသူအချင်းချင်း မဆွေးနွေးနိုင်စရာအကြောင်းမရှိ။

သူက ကျွန်တော့်ကို ရိုးရိုးလေးပဲ စတင်နှုတ်ဆက်လိုက်သည်။ "နေကောင်းလားဟာတို" ဟူ၍ ဖြစ်သည်။ အရေးပါသူတစ်ဦးဦးနှင့်တွေ့ဆုံချိန်၌ ထိုစကားလုံးလေးလောက်ကိုသာ နှုတ်ဆက်ကြလျှင် တစ်ခုခုလိုနေသလို ဟာတာတာ ခံစားရသည်။ ကျွန်တော်က သူ့ကို . . .

"ဗိုလ်ချုပ်စစ်တပ်က ဗိုလ်ချုပ်နောက်မှာ အမြဲရှိတယ်" ဟု ပြောလိုက်သည်။

ကျွန်တော်တို့ အကောင်းဆုံးဖြစ်စေနိုင်သည့်နည်းလမ်းများကို ဆွေးနွေးကြသည်။ ပတ်ဒါမင်က ယိုဂျာသို့ပြန်လာရန် ပြတ်ပြတ်သားသား ငြင်းဆိုခြင်းမပြုသေး။ သူ့မှာတစ်ခုခုလုပ်ရန် တွေးထားပုံရသည်။

သူထွက်သွားလျှင် တိုက်ပွဲအသွင်က တစ်မျိုးပြောင်းသွားမည်ကို သူသိနေပုံရသည်။ တစ်နိုင်ငံလုံးတွင် တိုက်ပွဲတွေက ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ အကယ်၍ ယိုဂျာသို့ သူပြန်လာလျှင် ရာထူးမှ ထုတ်ပယ်ခြင်းခံရမည်လားဆိုသည့်မေးခွန်းက သူ့ကို နှိပ်စက်ခြောက်လှန့်နေပုံရသည်။

"ငါ့တပ်ကိုစွန့်ပြီး ဘယ်လိုလုပ် ယိုဂျာကို လိုက်နိုင်မှာလဲ။ မင်းရော ဘယ်လိုထင်သလဲဟာတို" ဟု သူက ကျွန်တော့်ကို ပြန်မေးလိုက်သည်။ ကျွန်တော်က သူ့ကို

"ပထမအချက်က ယိုဂျာကို ကျွန်တော်တို့လက်ထဲပြန်ရပြီဖြစ်လို့ အင်ဒိုနီးရှားသမ္မတနိုင်ငံအစိုးရကို ထူထောင်ရတော့မယ်။ ဒါကြောင့် အမျိုးသားရေးတိုက်ပွဲကို ဦးဆောင်ဖို့လိုနေပြီ" ဟုပြောလိုက်သည်။

ထင်ရှားသည်က သူ့သွင်ပြင်ဖြစ်သည်။ အတော်လေး ပုံပျက်ပန်းပျက်



www.foreverspace.com.mm

ပိန်ချုံးနေသည်။ ယိုဂျာသို့ပြန်ရောက်လျှင် သူ့ကိုဆေးကုရဦးမည်။

နောက်ဆုံးတွင် ပတ်ဒါမင်သည် ယခုနေရာမှထွက်ခွာရန် သဘောတူလိုက်သည်။ ယာယီထမ်းစင်တစ်ခုလုပ်ပြီး သူ့ကို ထမ်းခေါ်ရသည်။

ကျွန်တော်တို့ ယိုဂျာတွင် တွေ့ဆုံဆွေးနွေးပွဲလုပ်ရန် စီစဉ်ရမည်။ သို့သော် တစ်နာရီလောက်ခရီးကို ခက်ခဲပင်ပန်းစွာ သွားနေကြရသည်။ တပ်နောက်မှ အစောင့်စစ်သားများနှင့်အတူလျှောက်လာရင်း ပတ်ဒါမင်က ထမ်းစင်ကိုရပ်ခိုင်းလိုက်ပြီး ထမ်းစင်ပေါ်မှ ဆင်းလိုက်သည်။

သူက ကျွန်တော့်ကို ခေါ်လိုက်သဖြင့် အနီးသို့ကပ်သွားချိန်တွင် သူ့လက်ကို ကျွန်တော့်ပခုံးပေါ်တင်ပြီး မျက်ရည်တွေနှင့် ကျွန်တော့်ကို . . .

"ငါ့လုံခြုံရေးအတွက် မင်းလက်ထဲကို အပ်ပါတယ်ကွာ။ ငါ့ဘဝသာမဟုတ်ပါဘူး နိုင်ငံအတွက်ပါ မင်းကိုအပ်ပါတယ်ဟာတိုရာ" ဟု ပြောလိုက်သည်။

ကျွန်တော် ဘာမျှပြန်မပြောနိုင်လောက်အောင်ဖြစ်သွားသည်။ ကျွန်တော် ဘာလုပ်လိုက်မိသည်ကို မေ့နေသည်။ သို့သော် စကားတစ်ခွန်းတော့ တုံ့ပြန်လိုက်မိသည်။

"အရှင်မြတ်ရဲ့ အလိုတော်အတိုင်းပေါ့"

ပတ်ဒါမင်က နှုတ်ဆိတ်နေသည်။ ပြီးတော့ ထမ်းစင်ပေါ်ပြန်တက်လိုက်ပြီး ခရီးဆက်ခဲ့ကြသည်။ လွန်ခဲ့သည့်ညက ကျွန်တော်တို့ စကားပြောခဲ့ကြရာတွင် သူ့ဘဝ၏မရေရာမှုများကို ဖွင့်ဟသွားခဲ့သည်။ သူက ဒတ်ချ်တို့ မရိုးသားမှု၊ လှည့်စားမှုတို့အတွက် အံ့အားသင့်နေသည်။ ပြီးတော့ ၁၉၄၈ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်နေ့တွင် ဒတ်ချ်တို့ထံလက်နက်ချလိုက်သည့် နိုင်ငံရေးသမားခေါင်းဆောင်တွေကိုလည်း သံသယဖြစ်နေသည်။

ထိုနေ့ညတွင် မတ်လ ၁ ရက်နေ့ ကျွန်တော်တို့ဆင်နွှဲခဲ့သည့် အထွေထွေထိုးစစ်ကို သူနားလည်သဘောပေါက်သွားသည်။ စူလ်တန်ဘုရင်နှင့် ယိုဂျာမှ ဒတ်ချ်တို့ ဆုတ်ခွာစဉ် ပြောခဲ့သည်ကိုလည်း သူက ထောက်ခံသည်။

ယိုဂျာသို့အပြန်လမ်းတွင် ဗိုလ်ချုပ်ကို မြို့ထဲသို့ဝင်လျှင် စစ်ဝတ်စုံပြည့်ဖြင့်ဝင်ရန် တစ်ဦးက အကြံပြုသည်။ ကာကွယ်ရေးဦးစီးချုပ် ပတ်စီမာတူပန်က ယူနီဖောင်းအတွက် ပြင်ဆင်ရသည်။ ပီယန်ဂျန်အရောက်တွင် ကျွန်တော်တို့ ခေတ္တရပ်နားလိုက်ပြီး ကားနှင့်ယူနီဖောင်းကို သွားစီစဉ်ရသည်။ အစီအစဉ်မှာ ပတ်ဒါမင်အရောက်တွင် ယူနီဖောင်းကိုလဲပြီး ကားဖြင့်ဆက်သွားရန် ဖြစ်သည်။

ဤနေရာတွင် ယူနီဖောင်းကိစ္စက ဝင်လာသည်။ ပတ်ဒါမင်က ကျွန်တော့်အကြံဉာဏ်ကိုတောင်းသည်။ ကျွန်တော်က "လူပုဂ္ဂိုလ်အရကြည့်ရင်တော့ ဗိုလ်ချုပ်က ပြဿနာမရှိပါဘူး" ဟုပြောလိုက်သည်။ ကျွန်တော်ဆိုလိုသည်က ယူနီဖောင်းလဲရန် မလိုဆိုသည့်သဘောဖြစ်သည်။ "ကျွန်တော်ပြောချင်တာက ဘာဝတ်ဝတ် ပြဿနာမရှိဘူး။ ဒီအတိုင်းဝတ်ထားတာကမှ ပြောက်ကျားခေါင်းဆောင်ပုံ ပေါက်နေသေးတယ်" ဟုဆိုလိုက်သည်။ နောက်ပိုင်း မြို့ပေါ်ရောက်မှ အဝတ်အစားလဲလိမ့်မည်ဟု ကျွန်တော်ထင်သည်။



www.foreverspace.com.mm



သို့သော် သူက အဝတ်အစားကို မလဲရုံမျှမက ဩစတေးလီးယန်းကုတ်အင်္ကျီရှည်ကြီးကို အပေါ်မှထပ်ဝတ်လိုက်သည်။ သူက အတော်လေးပိန်သည်။ ကုတ်အင်္ကျီရှည်ကြီးဝတ်လိုက်သဖြင့် ပိုပြီးတော့ လူကောင်ကြီးသွားသယောင် ထင်ရသည်။

ပီယန်ဂျန်းတွင် ကျွန်တော်တို့ ကြာရှည်မနေ။ စစ်ဦးစီးချုပ်ကို ဂျစ်ကားနှင့်ခေါ်သွားရသည်။ မြို့သို့ရောက်သည့်အခါတွင် လူတွေက ကျွန်တော်တို့ကို လမ်းတစ်လျှောက် ကြိုဆိုနေကြသည်။ ပတ်ဒါမင်က "ဘယ်ကိုသွားရမှာလဲ။ တပ်ကို တည့်တည့်သွားရမှာလား" ဟု မေးသည်။

စစ်တပ်က အသင့်ဖြစ်နေပြီ။ သို့သော် ကျွန်တော်က "စိတ်မကောင်းပါဘူး ပတ်။ ဒီလိုလုပ်တာ မှန်ကောင်းမှ မှန်မယ်။ သူတို့က ကျွန်တော်တို့ကြားမှာ ပဋိပက္ခဖြစ်မယ်လို့ ထင်ထားကြတာ။ (သူတို့က နန်းတော်တွင်စောင့်နေကြသည်)။ ကျွန်တော်တို့အတွက် အကောင်းဆုံးကတော့ နန်းတော်ကို အရင်သွားပြီးမှ သမ္မတကို သွားပြီး သတင်းပို့ရင် ပိုကောင်းမယ်ထင်တယ်" ဟု ပြောလိုက်သည်။

ကျွန်တော်က ပတ်ဒါမင်ကို နန်းတော်သို့ ဂျစ်ကားမောင်းပြီး ခေါ်သွားသည်။ သမ္မတကလည်း ကျွန်တော်တို့ကို အခြားအဖွဲ့ဝင်များနှင့် စောင့်နေကြသည်။ နန်းတော်သို့ အရောက်တွင် ပတ်ဒါမင်နှင့် ဘန်ကာနိုတို့ တစ်ဦးနှင့်တစ်ဦး ဖက်လှဲတကင်း နှုတ်ဆက်ကြသည်။ ပထမတော့ စစ်ဦးစီးချုပ်က ထိုသို့လုပ်ချင်ပုံမပေါ်ပေ။ သို့သော် တစ်ဖက်က အမူအရာပြလာသည်ကို မတုံ့ပြန်လျှင် ရိုင်းရာကျတော့မည်။ စိတ်ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ အသွင်သဏ္ဌာန်ကတော့ အားလုံးအဆင်ပြေနေသည်။

ထိုအချိန်တွင် ပတ်ဒါမင်၏ အစောင့်တပ်သည် သူနေထိုင်ရန်အတွက် အိမ်တစ်အိမ်ကို သွားပြီးပြင်ဆင်နေသည်။ သမိုင်းဝင်မည့် ထမ်းစင်ကိုလည်း သူတို့နှင့်အတူ ယူဆောင်သွားကြသည်။

နန်းတော်အရောက်တွင် ပတ်ဒါမင်သည် စူလ်တန်ဘုရင် နန်းတော်ရှေ့ ကွက်လပ် (alun-alun) သို့သွားပြီး ဘုရင့်ဂုဏ်ပြုတပ်ဖွဲ့၏ ကြိုဆိုဂုဏ်ပြုမှုကို ခံယူခဲ့သည်။

သူ့ဘဝတွင် ဤကြိုဆိုဂုဏ်ပြုခံခြင်းသည် နောက်ဆုံးဖြစ်လိမ့်မည်ဟု ကျွန်တော် မတွေးမိပေ။ အရှင်မြတ်က သူ့ကို တာဝန်များထမ်းဆောင်ရန် ခွန်အားတွေပေးသနားခြင်းမပြုပေ။ သို့သော် ကျွန်တော်တို့က သူခေါင်းဆောင်မှုကိုသာ မျှော်လင့်တောင့်တနေကြသည်။

သူ့ကျန်းမာရေးအခြေအနေက ပိုပြီးဆိုးရွားလာသည်။ သူ့ကို မာဂီလန်းသို့ လေကောင်းလေသန့်များရလျှင် ကျန်းမာလာလေမလားထင်ပြီး ပို့ကြသည်။ သူကလည်း တာမင်ဘဒါကန်ရှိ စစ်တပ် နာလန်ထဆေးရုံတွင်တက်ရောက်ရန် လက်ခံလိုက်သည်။ ထိုနေရာကို သူသဘောကျသည်။ သို့သော် ကံမကောင်းသည်က သူ့ကို



www.foreverspace.com.mm




မကယ်တင်နိုင်တော့ခြင်းဖြစ်သည်။

၁၉၅၀ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ဒတ်ချ်တို့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံကို အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုလိုက်ကြရသည်။ အနီ၊ အဖြူနှင့် အပြာရောင် ဒတ်ချ်အလံကိုချပြီး အနီနှင့်အဖြူရောင်ခြယ်သထားသည့်အလံကိုတင်လိုက်ကြသည်။ ထိုအချိန်တွင် ကျွန်တော်တို့၏စစ်ဦးစီးချုပ်က ကျွန်တော်တို့ကို ထာဝရခွဲခွာသွားတော့သည်။

နေသာသောနေ့တစ်နေ့တွင် တစ်ချိန်က ကျောင်းဆရာဖြစ်ခဲ့ဖူးသော ပတ်ဒါမင်သည် သူ့ကလေးများ၏ ပညာရည်မှတ်တမ်းကတ်တွေကို ကြည့်နေသည်။ အခြေအနေက ဆိုးရွားလာသဖြင့် ပညာရည်မှတ်တမ်းကတ်များကို လက်မှတ်ပင် ထိုးနိုင်စွမ်းမရှိတော့။ သူ့ကို အခြေအနေဆိုးမှ ပြန်လည်ကယ်တင်နိုင်ခြင်း မရှိနိုင်တော့ပါ။

ညနေ ၆ နာရီခွဲခန့်တွင် သူကွယ်လွန်သွားပါသည်။ သူ့ဇနီး၊ သားသမီးခုနစ်ယောက်တို့သာမက တပ်မတော်သားအားလုံးနှင့် တပ်မတော်အတွက်ပါ ခေါင်းဆောင်ကောင်းတစ်ယောက် ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။ ကျွန်တော့်စိတ်ထဲတွင် အတော်လေးခံစားလိုက်ရသည့် ဝမ်းနည်းစရာအဖြစ်အပျက်တစ်ခု ဖြစ်ခဲ့ရသည်။ သို့သော် အရှင့်အလိုတော်အတိုင်းသာဟု ကျွန်တော်က မှတ်ယူလိုက်ပါသည်။

ယိုဂျာရှိ ကျွန်တော့်တပ်ကို အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ပိုပြီးထင်ရှားစေရန် ပြသလိုသည်။ သို့ဖြစ်ရာ ပတ်ဒါမင်၏ အသုဘအခမ်းအနားကို မာဂီလန်းမှ ယိုဂျာသို့ယူပြီး ကျင်းပရန် ဇန်နဝါရီ ၃၀ ရက်နေ့ကို သတ်မှတ်လိုက်သည်။

တပ်မတော်တပ်ဖွဲ့ဝင်များအားလုံးကို တစ်ပတ်တိတိ ဝမ်းနည်းဖွယ်အထိမ်းအမှတ်အဖြစ်သတ်မှတ်ပြီး RIS (အင်ဒိုနီးရှားပြည်ထောင်စုသမ္မတနိုင်ငံ) အလံကို တိုင်တစ်ဝက်လွှင့်ထူရန် အမိန့်ထုတ်လိုက်သည်။ အစိုးရကလည်း စစ်ဦးစီးချုပ်ကွယ်လွန်သည့်နေ့ကို အမျိုးသားနေ့အဖြစ် ဂုဏ်ပြုသတ်မှတ်လိုက်ကြောင်း ကြေညာခဲ့သည်။

RIS ဝန်ကြီးချုပ် မိုဟာမက် ဟတ္တာကလည်း ပတ်ဆိုဒါမင်ကို ဒုဗိုလ်ချုပ်ရာထူးမှ ဗိုလ်ချုပ်ရာထူးသို့ တိုးမြှင့်ပေးလိုက်ကြောင်း ကြေညာခဲ့သည်။

ယိုဂျာရှိ မက်စ်ဂျစ် အော်ဂန်းဗလီက အသုဘအခမ်းအနားကို တာဝန်ယူဆောင်ရွက်ပေးသည်။ ဆီမာကီရှိ သူရဲကောင်းဗိမာန်တွင် စစ်အခမ်းအနားဖြင့် ဂုဏ်ပြုကာ၊ ကွယ်လွန်သွားခဲ့ပြီးဖြစ်သည့် သူ့လက်ထောက် ဒုဗိုလ်ချုပ် ယူရစ် ဆူမိုဟာ့ဂျိုဘေးတွင် မြှုပ်နှံသင်္ဂြိုဟ်ရန် ဖြစ်သည်။

ဆူကာနိုသည် အင်ဒိုနီးရှားပြည်ထောင်စုသမ္မတနိုင်ငံတော်၏ သမ္မတအဖြစ်ခန့်အပ်ခြင်းခံရသဖြင့် ဂျာကာတာတွင် နေထိုင်ရပြီး ထိုစဉ်က အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်နေချိန်ဖြစ်သည်။ ဒီဇင်ဘာလကုန်လောက်တွင် သူက ဗိုလ်ချုပ် ဆိုဒါမင်ထံ စာတစ်စောင်ရေးလိုက်သည်။ စာထဲတွင် သူပြုလုပ်ခဲ့သမျှအမှားတွေကို ခွင့်လွှတ်ပါရန် တောင်းပန်ထားသည်။ ထာဝရခွဲခွာရတော့မည့်ရှေ့ပြေးနိမိတ်များ ဖြစ်လေမလား။

"အရှင်မြတ်ထံဆုတောင်းပါအစ်ကို၊ ရာထူးသစ်ကို စွမ်းအားအပြည့်နဲ့ ထမ်းဆောင်နိုင်ခွင့် ပေးသနားပါလို့ပေါ့။ လူသားမှာ အစွမ်းဆိုတာမရှိပါဘူး။ အရှင်မြတ်က သတ်မှတ်ပေးရတာပါ" ဟု သူ့စာတွင် ဖော်ပြထားသည်။

အင်ဒိုနီးရှားသမ္မတနိုင်ငံတော်ကိုယ်စား ယာယီသမ္မတ အာဆက်က ချီးကျူးဂုဏ်ပြုစကားပြောကြားသည်။ ဒေါက်တာ ဂျေလေမီနာက အစိုးရကိုယ်စား အလေးပြုပြီး ဗိုလ်ချုပ်ဆူဟာ့ဒ်ဂျိုက တပ်မတော်ကိုယ်စား အလေးပြုခဲ့သည်။

သူရဲကောင်းဗိမာန်တွင် ကြေကွဲဝမ်းနည်းမှုတွေ လွှမ်းနေသည်။ ဂုဏ်ပြုတပ်ဖွဲ့မှ သေနတ်သံတွေထွက်ပေါ်လာသည်။ အားလုံး တိတ်ဆိတ်ငြိမ်သက်ပြီး မတ်တတ်ရပ်နေကြသည်။ အခေါင်းကို ကျင်းထဲသို့ ဖြည်းညင်းစွာ ချလိုက်ကြသည်။


အဘူဒါမင်က ပထမဦးဆုံး မြေကြီးခဲကို အခေါင်းပေါ်သို့ ပစ်ချလိုက်သည်။ ပြီးတော့ ယာယီသမ္မတ အာဆက်၊ စူလ်တန်စော်ဘွား နဝမမြောက် ဘူဝိုနို၊ ဗိုလ်ချုပ်ဆူဟာ့ဒ်ဂျို၊ ဗိုလ်မှူးကြီး ဂါတော့ ဆိုဘရိုတို၊ လေမီနာနှင့် အခြားသူများ တစ်ဦးပြီးတစ်ဦး မြေစိုင်မြေခဲများကို လာပစ်ချကြသည်။

ကျွန်တော်က အခြားအရာရှိများနှင့်အတူ မြေပုံကိုပြီးစီးသည်အထိ ရင်နင့်စွာဖြင့် ဖုံးလွှမ်းပေးကြသည်။ အရှင်မြတ်က သူ့ဝိညာဉ်ကို စောင့်ရှောက်ပါစေသား။

**တင်ညွန့်**

www.foreverspace.com.mm

ယခင်လမှအဆက်



အိန္ဒိယသံမဏိသူဌေးကြီး Dhirubhai Ambani

# သူဌေးဖြစ်နည်း လျှို့ဝှက်ချက် ၃၄

ဦးလှဝင်း (လေသူရဲတစ်ဦး)

ဒီနေ့အိန္ဒိယနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းကြီးတွေကို ဆန်းစစ်ကြည့်ရင် သုံးမျိုးတွေ့ရပါတယ်။

ပထမတစ်ခုကတော့ နိုင်ငံပိုင်ပေါ့ခင်ဗျာ။ ဒီစီးပွားရေးလုပ်ငန်းတွေကတော့ အစိုးရအရာရှိကြီးတွေက ဦးဆောင်နေကြတဲ့ စီးပွားရေးလုပ်ငန်းတွေပါ။

ဒုတိယအမျိုးအစားကတော့ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းတွေ။ အိန္ဒိယနိုင်ငံသားတစ်ဦးထဲပိုင်တာ မဟုတ်ဘူး။ နိုင်ငံခြားသားတွေနဲ့ ပူးတွဲပိုင်ပြီး ပူးတွဲဦးဆောင်ပြီး လုပ်ကိုင်နေကြရတဲ့ လုပ်ငန်းမျိုး။ အင်္ဂလိပ်လိုတော့ multinational affiliates တွေပေါ့ခင်ဗျာ။

တတိယအမျိုးအစားကတော့ ပုဂ္ဂလိကပိုင်။ အဲ . . . ကုမ္ပဏီရဲ့ အရင်းငွေအများစုကို မိသားစုတစ်ခုထဲကပိုင်ထားတဲ့ လုပ်ငန်းတွေ။ Tata Group ဟာလည်း အဲဒီစီးပွားလုပ်ငန်းမျိုးမှာပါတယ်။ အဲဒီစီးပွားလုပ်ငန်းတွေကို အရင်းငွေ အများစုပိုင်တဲ့မိသားစုကပဲ ခြယ်လှယ်ကြပါတယ်။ အင်္ဂလိပ်လိုတော့ Family Dynastiesကြီးတွေက ဥက္ကဋ္ဌလို ရာထူးကြီးလိုနေရာမျိုးကို အမြဲယူထားပါတယ်။

တာတာစီးပွားရေးအုပ်စုကတော့ အဲဒီလိုမဟုတ်ဘူးခင်ဗျာ။ သူတို့စီးပွားရေးအုပ်စုထဲမှာ Tata မိသားစုဝင်မဟုတ်ပေမယ့် အလွန့်အလွန်တော်နေသူဖြစ်ခဲ့ရင် ဥက္ကဋ္ဌနေရာ ဥက္ကဋ္ဌရာထူးကိုလည်းပေးဖို့ အမြဲ လမ်းဖွင့်ထားပါတယ်။

ဒါပေမဲ့ တာတာမိသားစုဝင်တွေက သူဌေးကြီး ဂျေအာဒီတာတာလိုပါပဲ။ အလွန်တော်သူထက်သူတွေ များပါတယ်။

ဒီနေ့အထိ Tata Group ရဲ့ ဥက္ကဋ္ဌရာထူးကိုရခဲ့ဖူးတဲ့ ပုဂ္ဂိုလ်ငါးဦးမှာ တာတာမိသားစုဝင်မဟုတ်တဲ့ပုဂ္ဂိုလ် တစ်ဦးပဲရှိခဲ့ဖူးပါတယ်။

သူဌေးကြီး ဂျေအာဒီတာတာ ဘာကြောင့် အောင်မြင်ရသလဲဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ဝေဖန်ကြတဲ့အခါ ပုဂ္ဂိုလ်တချို့ကတော့ ဂျေအာဒီတာတာဟာ မိခင်ပြင်သစ်လူမျိုးဖြစ်နေပြီး သူ့အတွေးသူ့အမြင်တွေက အရှေ့တိုင်းသားကုလားတွေရဲ့ အတွေးတစ်ခုထဲမဟုတ်ဘဲ ဥရောပအတွေးအခေါ်တွေနဲ့ပေါင်းစပ်နေတဲ့အတွက် ပိုပြီးအမြင်ကျယ်တယ်၊ ပိုပြီးခေတ်မီတယ်၊ ပိုပြီးလက်တွေ့ကျတယ်လို့ မြင်ကြပါတယ်။

ဖြစ်တော့လည်း ဖြစ်နိုင်တယ်ခင်ဗျာ။

သူလေယာဉ်ပျံမောင်းတဲ့အလုပ်ကို ဝါသနာပါခဲ့တာ သူကလေးဘဝ ပြင်သစ်နိုင်ငံမှာနေတဲ့ အချိန်ကတည်းက ခင်ဗျာ။

အဲဒီအချိန်က အင်္ဂလိပ်ရေလက်ကြားကို ပထမဆုံးဖြတ်သန်းပျံနိုင်ခဲ့တဲ့ ပြင်သစ်လေသူရဲ Louis Bleriot ဆိုတဲ့ ပုဂ္ဂိုလ်က အလွန်နာမည်ကြီးပါတယ်။ ပြင်သစ်လူမျိုးသူရဲကောင်းပေါ့။ သူငယ်စဉ်က ဒီပုဂ္ဂိုလ်

www.foreverspace.com.mm

မောင်းတဲ့လေယာဉ်ပျံနှင့် တစ်ကြိမ်အပျော်လိုက်စီးခဲ့ဖူးတယ်။ သူအိန္ဒိယနိုင်ငံမှာသာကြီးပြင်းခဲ့တယ်ဆိုရင် ဒီလိုအခွင့်အရေးမျိုးကို မရနိုင်ပါဘူး။

နောက် ပြင်သစ်တပ်မတော်မှာ တစ်နှစ် အမှုထမ်းခဲ့ဖူးတာလည်း သူ့ကျန်ဘဝကို စည်းစနစ်နဲ့နေတတ်အောင်၊ သွားတတ်၊ လာတတ်၊ စားတတ်အောင် လုပ်ပေးခဲ့သလိုပါပဲ။

ပြင်သစ်ခြေလျင်တပ်က ကမ္ဘာမှာအလွန်နာမည်ကြီးတဲ့စစ်တပ်ခင်ဗျာ။

စည်းကမ်းအလွန်ကြီးပါတယ်။

စွန့်ရဲ၊ တိုက်ရဲ၊ သေရဲတဲ့ဆီမှာလည်းပြိုင်စံရှားတဲ့တပ်တွေပါ။ တစ်ကမ္ဘာလုံးရဲ့ချီးကျူးတာကို သမိုင်းတစ်လျှောက်လုံးမှာခံခဲ့ရတဲ့စစ်တပ်။

ဒီလိုတပ်မတော်မျိုးမှာ တာဝန်တစ်နှစ်ထမ်းဆောင်ပြီးမှ စီးပွားရေးလောကကိုသူဝင်ခဲ့တာလည်း သူ့ကို ပိုပြီးတော့ထူးကဲတဲ့ အောင်မြင်မှုတွေကို ရစေပါတယ်။ ဒီပုဂ္ဂိုလ်ကြီးရဲ့ ဆန်းကျယ်တဲ့သူ့အလုပ်သမားတွေအပေါ်ချစ်တဲ့စိတ်၊ သူ့အလုပ်သမားအခွင့်အရေးတွေကို ကာကွယ်ပေးချင်စိတ်တွေဟာ သူတပ်မှာ တာဝန်ထမ်းဆောင်စဉ်ကရှိခဲ့တဲ့ ရဲဘော်စိတ်ကြောင့်ပါပဲ။

မှန်တယ်ခင်ဗျာ။

ပြင်သစ်လူမျိုးတွေဟာ အနုပညာကိုမြတ်နိုးစိတ်ရှိတဲ့ဆီမှာ ကမ္ဘာမှာ အလွန်နာမည်ကြီးပါတယ်။

ဂျေအာဒီတာတာမှာလည်း ဒီစိတ်တွေအပြည့်ရှိပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ယဉ်ကျေးမှုအနုပညာလုပ်ငန်းတွေကို သူ ဘက်ပေါင်းစုံက ပံ့ပိုးပေးခဲ့ပါတယ်။

အထူးသဖြင့် ပန်းချီပေါ့ခင်ဗျာ။

သူပန်းချီကားတွေ အများကြီးဝယ်ခဲ့တယ်။ စုခဲ့တယ်။ သူ့ခေတ်မှာ သူဟာ ပန်းချီကားအများဆုံးစုနိုင်ခဲ့တဲ့ ကုလားသူဌေးကြီးပါ။ Arts Collector ကြီးပါ။

အဲဒီလိုအနုပညာကို မြတ်နိုးချင်တဲ့စိတ်တွေကလည်း သူ့မိခင်ပြင်သစ်နိုင်ငံသူဆီက အမွေဆက်ခံခဲ့တဲ့စိတ်တွေလို့ ယူဆနိုင်ပါတယ်။

လွန်ခဲ့တဲ့ ၂ နှစ် အဲ . . . တိတိကျကျပြောရရင်တော့ ၂၀၀၈ ခုနှစ်လောက်စပြီး ကမ္ဘာမှာ ဘဏ်ကြီးတွေ ပြဿနာပေါ်ပါတယ်။ ကမ္ဘာ့ငွေကြေးကပ်ဆိုးကြီးစဖြစ်ပါတယ်။

စီးပွားရေးကပ်ဆိုးကြီးလို့ နာမည်ခံလောက်တဲ့အဆင့်မရောက်ခဲ့ပေမယ့် သူဌေးကြီးတွေ တော်တော်ခံလိုက်ရတယ်ခင်ဗျာ။

အဲဒီလိုခံလိုက်ရတဲ့ပုဂ္ဂိုလ်ကြီးတွေအထဲမှာ အချမ်းသာဆုံးကုလားသူဌေးကြီးတွေလည်း ပါခဲ့တာပေါ့ခင်ဗျာ။



ညီဖြစ်သူ **Anil Ambani**

အဲဒီကုလားကြီးတွေအထဲကမှ အခံလိုက်ရဆုံးကတော့ ကျွန်တော်ဖော်ပြခဲ့ပြီးဇာတ်ကောင်တွေဖြစ်ကြတဲ့ သံမဏိသူဌေးကြီးမစ်တယ် (Lakshmi Mittal) နှင့် ဒီရုပ်ဟေး(Dhirubhai Ambani) ရဲ့ သားတွေပါပဲ။

သံမဏိသူဌေးကြီးမစ်တယ်ခံလိုက်ရတာကတော့ သူပိုင်တဲ့စည်းစိမ်ချမ်းသာ

www.foreverspace.com.mm

စုစုပေါင်းအကုန်လုံးရဲ့ တစ်ဝက်ကျော်ပြုတ်သွားတယ်။ ကမ္ဘာမှာ ငွေကြေးဂယက်ဆိုးကြီးမပေါ်လာခင်က အဲ . . . တိတိကျကျဆိုရင်တော့ ၂၀၀၈ ခုနှစ်ကုန်တဲ့အထိ မစ်တယ်ဟာ ကမ္ဘာမှာ နံပါတ်လေးယောက်မြောက်အချမ်းသာဆုံး သူဌေးကြီးပါ။ Fourth richest man in the world တဲ့ ခင်ဗျာ။ ဒီနေ့ သူနံပါတ်လေးအဆင့်က နံပါတ်ရှစ်အဆင့်ကို ဆင်းသွားပါတယ်။

ဒီရုပ်ဟေး (Dhirubhai Ambani) ရဲ့ သားနှစ်ယောက်အကြောင်း ပြောပြရရင်တော့ ဒီရုပ်ဟေးလေဖြတ်ပြီး နောက်ဆုံးကွယ်လွန်သွားတဲ့အချိန်မှာ သူ့နေရာကို ဘယ်သူရထိုက်သလဲဆိုပြီး အကြီးအကျယ်ပြဿနာပေါ်ပါတယ်။


အိန္ဒိယတစ်နိုင်ငံတည်းမဟုတ်ပါဘူး။ တစ်ကမ္ဘာလုံး စိတ်ဝင်စားခဲ့ကြတဲ့ အမွေလုကြတဲ့ပြဿနာကြီးပါ။

ဒီရုပ်ဟေးရဲ့ Reliance Group ဆိုတဲ့ စီးပွားရေးအုပ်စုကြီးက အင်မတန်ကြီးလှတဲ့ စီးပွားရေးအုပ်စုကြီးခင်ဗျာ။

ကျွန်တော်တင်ပြခဲ့ပြီးပါပြီ။ ကမ္ဘာမှာ ရှယ်ယာဝင်အများဆုံးရှိတဲ့ ကုမ္ပဏီကြီး။ အိန္ဒိယစီးပွားရေးတစ်ခုလုံးကို ကိုင်လှုပ်နိုင်တဲ့ ကုမ္ပဏီကြီး။

ဒါကြောင့် အိန္ဒိယအစိုးရကလည်း ညီအစ်ကိုနှစ်ယောက် အမွေလုကြတဲ့

ပြင်သစ်လေသူရဲ Louis Bleriot



ပြဿနာကို လက်ပိုက်မကြည့်နေနိုင်ဘူး။ ဘဏ္ဍာရေးဝန်ကြီးကိုယ်တိုင် ဒီရုပ်ဟေး သားနှစ်ယောက်ကိုခေါ်ပြီး "မင်းတို့ပြဿနာက မင်းတို့မိသားစုတစ်ခုတည်းရဲ့ပြဿနာမဟုတ်ဘူး။ မင်းတို့စီးပွားအုပ်စုကြီးအောက်မှာရှိတဲ့ လက်ခွဲကုမ္ပဏီကြီးတွေ၊ စက်ရုံကြီးတွေ၊ ဆိုင်တွေ၊ နောက် အစုရှယ်ယာဝင်တွေ သိန်းချီရှိတယ်။ မင်းတို့ညီအစ်ကိုပြဿနာကြောင့် တို့အိန္ဒိယနိုင်ငံမှာ စီးပွားရေးပြဿနာတွေ အဖြစ်မခံနိုင်ဘူး။ ဒါကြောင့် ငါ့ရဲ့ဆုံးဖြတ်ချက်ကို မင်းတို့နှစ်ယောက်လက်ခံမယ်ဆိုရင်လည်း ငါရှင်းပေးမယ်။ ဒါမှမဟုတ် တခြားလူကြီးတစ်ယောက်ယောက်ရဲ့ဆုံးဖြတ်ချက်ကို ခံယူမယ်ဆိုရင်လည်း အဲဒီ မင်းတို့ခံယူမယ်ဆိုတဲ့ပုဂ္ဂိုလ်ကိုထုတ်ပြော။ ငါကိုယ်တိုင်သွားညှိပြီး မင်းတို့ပြဿနာကို အဆုံးအဖြတ်ပေးခိုင်းမယ်"

နောက်ဆုံး ညီအစ်ကိုနှစ်ယောက်က သူတို့နှစ်ယောက်လုံး သူတို့အမေအပေါ်မှာ ယုံကြည်တယ်။ သူတို့အမေရဲ့ အဆုံးအဖြတ်ကို ခံယူမယ်လို့ပြောကြလို့ သူတို့အမေရဲ့ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်ခိုင်းခဲ့ရပါတယ်။

အဲဒီအခါမှာ သားအကြီး Mukesh Ambani ကို ရီလိုင်ရင့် စီးပွားရေးအုပ်စုရဲ့ စက်ရုံ၊ အလုပ်ရုံလုပ်ငန်း၊ အဲ Reliance Industries တွေကို ပေးလိုက်ပြီး သားငယ် Anil Ambani ကိုတော့ ဆက်သွယ်ရေး (Telecoms) လုပ်ငန်းနဲ့ ငွေကြေး (Finance) လုပ်ငန်းတွေကို ခွဲပေးလိုက်ပါတယ်။

ချက်ချင်းပဲ ညီအစ်ကိုနှစ်ယောက်လုံးက အိန္ဒိယနိုင်ငံမှာ သံမဏိသူဌေးကြီးမစ်တယ် (Mittal) ပြီးရင် အချမ်းသာဆုံး သူဌေးကြီးတွေ ဖြစ်လာပါတယ်။

ဒီရုပ်ဟေး အာဗာနိရဲ့သားအကြီး မြူကစ်အာဗာနီ (Mukesh Ambani) က အိန္ဒိယနိုင်ငံမှာ ဒုတိယအချမ်းသာဆုံးပုဂ္ဂိုလ် ဖြစ်လာပါတယ်။ ကမ္ဘာ့အဆင့်မှာတော့ နံပါတ်ငါးမြောက် အချမ်းသာဆုံးပုဂ္ဂိုလ်ပါ။ သံမဏိသူဌေးကြီးမစ်တယ်ပြီးရင် သူအချမ်းသာဆုံးပါပဲ။ သူ့ညီ

www.foreverspace.com.mm



အနဲ အာဗာနီ (Anil Ambani) ကတော့ အိန္ဒိယနိုင်ငံမှာ စတုတ္ထမြောက် အချမ်းသာဆုံးပုဂ္ဂိုလ်။ ကမ္ဘာ့အဆင့်မှာတော့ နံပါတ်ခြောက်မြောက်အချမ်းသာဆုံးပုဂ္ဂိုလ်ဖြစ်ခဲ့ပါတယ်။

ကမ္ဘာ့ငွေကြေးပြဿနာကြီးဖြစ်လာခဲ့ပြီး ၂၀၀၉ ခုနှစ်အတွင်းရောက်တဲ့အခါကျတော့ ဒီရပ်ဟေးသားတွေရဲ့ စီးပွားကလည်း သံမဏိသူဌေးကြီးမစ်တယ်ခံရသလို စီးပွားပျက်သလို ခံလိုက်ရပါတယ်။

ဒီရပ်ဟေးရဲ့သားအကြီး မြူကစ် အာဗာနီ (Mukesh Ambani) က သူ့ပိုင်ဆိုင်မှုရဲ့တစ်ဝက်ကျော်ကျော်ဆုံးရှုံးသွားပါတယ်။ မူလက သူ့ရဲ့ပိုင်ဆိုင်မှုစုစုပေါင်း ပမာဏက အမေရိကန်ဒေါ်လာ ၄၃ ဘီလီယံ ရှိပါတယ်။

ဒီနေ့ ၁၉ ဒသမ ၅ ဘီလီယံပဲ ကျန်တော့တယ်။ တစ်နှစ်ကျော်ကျော်အတွင်းမှာ ဒေါ်လာငွေ ၂၃ ဒသမ ၅ ဘီလီယံကျော် ဆုံးရှုံးသွားတာပေါ့ခင်ဗျာ။

ကမ္ဘာ့ချမ်းသာမှုအဆင့်နဲ့ကြည့်ရင်လည်း အချမ်းသာဆုံးအဆင့် ၅ ကနေပြီး အဆင့် ၇ ကို ဆင်းသွားပါတယ်။

သူ့ညီဖြစ်တဲ့ အနဲအာဗာနီ (Anil Ambani) ကတော့ ပိုတောင်ခံရသေးတယ်ခင်ဗျာ။

ဘာကြောင့်လဲဆိုတော့ သူက ငွေကြေးစီးပွားလုပ်ငန်း Finance လုပ်ငန်းတွေကို အဓိကထားလုပ်တော့ အကြီးအကျယ်ခံရတာပေါ့။ သူ့ကို အိန္ဒိယနိုင်ငံမှာ ငွေကြေးဈေးကွက်ရဲ့ ကဝေကြီး (Financial Wizard) လို့ ခေါ်ကြပါတယ်။ ငွေကြေးစီးပွားအလုပ်တွေကို လုပ်တာတော်လွန်းလို့ ပေးထားတဲ့နာမည်ပါ။ ဒါပေမဲ့ ဒီနေ့ ကမ္ဘာ့ဘဏ်ကြီးတွေ ဒုက္ခရောက်ကြပြီး ငွေကြေးပြဿနာကြီးပေါ်လာပြီဆိုတော့ သူလည်း စုတ်ပြတ်သွားလောက်အောင်ခံလိုက်ရတာပေါ့။ သူ့ရဲ့ ကမ္ဘာ့ချမ်းသာမှုအဆင့်က နံပါတ် ၆ အဆင့်ကနေ နံပါတ် ၃၄ အဆင့်ကိုရောက်သွားပြီတဲ့။

၂၈ ဆင့်ပြုတ်ကျသွားတယ်။

သံဝေဂယူစရာတွေပါပဲ။



**သံမဏိသူဌေးကြီးနောက်တစ်ဦး Lakshmi Mittel**

ဒီနေ့ပေါ်လာတဲ့ ကမ္ဘာ့ငွေကြေးပြဿနာကြီးက ချမ်းသာတဲ့လူတွေ ပိုခံကြရတယ်ခင်ဗျာ။

ဆင်းရဲတဲ့လူတွေ၊ အလယ်အလတ်တန်းစားလူတွေအတွက်ကတော့ အလုပ်ပြုတ်တာတို့၊ ငွေကိုအရင်သုံးသလို မသုံးနိုင်တာတို့၊ ချွေတာပြီး ကုပ်နေကြတာတို့လောက်ပဲရှိပါတယ်။ ဘဝပျက်သွားလောက်အောင်ခံရတဲ့လူမျိုးက အလွန်ရှားပါတယ်။

အဲ . . . ကမ္ဘာ့အချမ်းသာဆုံးလူတွေ အဲဒီအလွှာနားမှာ ကပ်နေတဲ့ပုဂ္ဂိုလ်တွေအတွက်ကျတော့ လူးလိမ့်နေအောင် ခံလိုက်ကြရပါတယ်။

ယေဘုယျဆုံးရှုံးတာ။ ပျမ်းမျှ (On Average) ဆုံးရှုံးတာကို တွက်လိုက်ရင် အဲဒီအလွှာရဲ့ သူဌေးစာရင်းဝင်လူပေါင်း ၇၉၃ ဦးက သူတို့ ပိုင်ဆိုင်မှုစုစုပေါင်းရဲ့ ၂၃ ရာခိုင်နှုန်းဆုံးသွားပါတယ်။ တစ်နည်းအားဖြင့်တော့ မိမိပိုင်ဆိုင်တာရဲ့ လေးပုံတစ်ပုံလောက်ဆုံးရှုံးကုန်တာပေါ့ခင်ဗျာ။

ကုလားသူဌေးကြီး ဒီရပ်ဟေးရဲ့ သားနှစ်ယောက်ကလည်း သူ့ဖခင် ဒီရပ်ဟေးနေထိုင်ခဲ့သလို လိမ်လိမ်မာမာမနေကြဘူး။ ကြွားချင်ဝါချင်တဲ့စိတ်တွေ သိပ်များနေခဲ့ပါတယ်။

ဒီရပ်ဟေးရဲ့သားအကြီး မြူကစ်အာဗာနီဆိုရင် ဘုံဘေမြို့မှာ ဘယ်သူဌေးကြီးတွေမှ မနေဖူးတဲ့၊ အလွန်ကြီးကျယ်တဲ့ အိမ်ကြီးတစ်လုံးကို ဆောက်နေပါတယ်။

အဲဒီအိမ်က ဘယ်လောက်တောင်ကြီးတယ်လို့ထင်ပါသလဲ။

သူ့အိမ်ကြီးရဲ့အမြင့်က ပုံမှန်အထပ်ပေါင်း ၆၀ ရှိတဲ့အဆောက်အအုံရဲ့အမြင့်။ နောက်အိမ်ဆောက်တဲ့ဆီမှာ သုံးဖြစ်မယ့်ငွေကလည်း အမေရိကန်ဒေါ်လာ နှစ်ဘီလီယံ အဲ . . . သန်းပေါင်း ၂၀၀၀ . . .။

(ဆက်လက်ဖော်ပြပါမည်)

**ဦးလှဝင်း (လေသူရဲတစ်ဦး)**